http://www.dhammadownload.com

ယော်ဒယတိုက်ကြီး
အနက်ထေးစာအုပ်များ

၁။ ဒွေမာတိကာပါဠိ
၂။ အာဘိဓမ္မတ္ထသင်္ဂဟပါဠိ
၃။ ကစ္စည်းသဒ္ဒါကြီး
၄။ အာဘိဓာန်
၅။ အလင်္ကာဆန်းပါဠိ
၆။ ဋီကာကျော်ပါဠိ
၇။ ပဒရူပသိဒ္ဓိ
၈။ ကခ်ိဝိတရဏီအဋ္ဌကထာ
၉။ အဂယ်တန်းဇာတ်
၁၀။ အလတ်တန်းဇာတ်
၁၁။ အကြီးတန်းဇာတ်

သာမဏေကျော်စာမေးပွဲအတွက်

၁။ ဓမ္မပဒအဋ္ဌကထာ (ပ-တွဲ)

* ၁။ ပရိတ် (၄)မျိုးတွဲ
* ၂။ ဝတ်ရွတ်စဉ်

ယော်ဒယတိုက်ကြီး
ပါဠိစာအုပ်များ

၁။ ဒွေမာတိကာပါဠိ
၂။ အာဘိဓမ္မတ္ထသင်္ဂဟပါဠိ
၃။ ကစ္စည်းသဒ္ဒါကြီး
၄။ အာဘိဓာန်အလင်္ကာဆန်းပါဠိ
၅။ သဒ္ဒါကြီးပုဒ်စစ်စုံ

စီစဉ်ဆဲစာအုပ်များ

ဝိနည်းမေးဖြေ
သဒ္ဒါမေးဖြေ
သင်္ကြိတ်မေးဖြေ
ဓမ္မပဒအဋ္ဌကထာ (၃-တွဲ)

* ဖြန့်ချိရေး *
ဖုန်း - ၀၁ ၅၅၂၀၉၈၊
၀၁ ၈၆၀၃၁၃၅၅၊
၀၉၅၁ ၃၆၃၃၃၊
၀၉၈၆ ၃၆၃၃၃။

ဖွဲ့စည်းပြုစုသူ

မ-ကာရရလောပ ပိဋကအကျော်
တောင်တွင်းကြီးဆရာတော်
ဘဒ္ဒန္တဉာဏဝရ (ခင်ကြီးပျော်)
စီရင်ရေးသားတော်မူသော

သဒ္ဒါကြီးပုဒ်စစ်စုံ

သဲအင်းသာသနာပိုင် ဆရာတော်ကြီး
စီရင်ရေးသားတော်မူသော


ဉာဏ်ကောက်ကျမ်းနှင့်
ဓာတ္တတ္ထဒီပနီ

မော်လူး

http://www.dhammadownload.com

မ-ကာရလောပ ပိဋကအကျော်
တောင်တွင်းကြီးဆရာတော်
ဘဒ္ဒန္တဉာဏဝရ (ခင်ကြီးပျော်)
စီရင်ရေးသားတော်မူသော

သဒ္ဒါကြီးပုဒ်စစ်စုံ



သံအင်းသာသနာပိုင် ဆရာတော်ကြီး
စီရင်ရေးသားတော်မူသော

ဉာဏ်ကောက်ကျမ်းနှင့်
ဓာတ္တတ္ထဒီပနီ

မော်လှေ

http://www.dhammadownload.com

ရှေးဆရာမြတ်တို့၏ အဆိုအမိန့်

သဒ္ဒါကိုးခေါက် စာပြိုးပြောက်
သဒတ်မတာ စတ်မတာ
သဒတ်တာမှ စတ်တာသည်
သဒတ်တာ စာပေါ။

သဒတ်မတာ စတ်မတာ
(သဒ္ဒါမတတ်လျှင် စာမတတ်ပါ)
သဒတ်တာမှ စတ်တာသည်
(သဒ္ဒါတတ်မှ စာတတ်သည်)
သဒတ်တာ စာပေါ။
(သဒ္ဒါတတ်က ကြည့်စရာစာပေ ပေါများသည်။)

http://www.dhammadownload.com

နိဒါန်း

မကာရလောပ တောင်တွင်းကြီး ဆရာတော်ခင်ကြီးပျော်သည် သဒ္ဒါကျမ်းကို သင်ယူဘူးသူများအတွက် သဒ္ဒဝေါဟာရကြွယ်ဝစေရန် သဒ္ဒါကြီးပုဒ်စစ်စုံဟူသော အမည်ဖြင့် မြန်မာသဒ္ဒါကျမ်းကို ရေးသားစီရင်မူခဲ့လေသည်။

ဆရာတော်သည် တောင်တွင်းကြီးမြို့တွင် သက္ကရာဇ် ၁၀၀၄-ခု တွင် အဖဦးကဲ့ဘော်- အမိ ဒေါ်ကြာတို့မှ ဖွားမြင်တော်မူသည်။ ငယ်မည်မှာ မောင်ပျော်ဟူ၏။ ၁၀-နှစ် အရွယ်မှသည် စာပေများကို သင်ကြားကာ အသက် ၂၀-တွင် တူရွင်းတိုင်တောင် ဘုန်းတော်ကြီးထံ ရဟန်းဘောင်ကို တက်ရောက်တော်မူသည်။ ဘွဲ့တော်မှာ ဉာဏဝရ ဟူသတည်း၊ လောကီလောကုတ္တရာတွင် ထက်မြက်တော်မူလှသဖြင့် စစ်ကိုင်းမြို့ နန်းတည် နောင်တော်မင်းတရားကြီး ပင့်လျှောက်ချက်အရ ရွှေမြို့တော်သို့ရောက်လျှင် သုမင်္ဂလာရပ်တွင် ဆရာတော်ကြီးများက ပိဋကတ်တော်များ အဘယ်မျှသင်ကြားခဲ့ဘူးသနည်းဟု မေးမြန်းစစ်ဆေးတော်မူရာ ပိဋကတ်တော်၌ မသင်ဘူးသည့်ကျမ်း မရှိပါ၊ မေးလိုရာလျှောက်ထားပါမည်ဟု ရဲရဲဝံ့ဝံ့ဖြေဆိုကာ ဆရာတော်ကြီးများ၏ မေးမြန်းချက်ကို ဖြေဆိုလေသည်။ ဆရာတော်ကြီးများက "ပေလေးပင် ရှင်လေးပါး ထွန်းကားသည့်မြို့မှာ ယခု ပေတစ်ပင် ရှင်တစ်ပါး ထွန်းကားပြန်သည်"ဟု ချီးကျူးတော်မူကြသည်။

ထို့နောက် နောင်တော်မင်းတရားက ဉာဏာဘိမဟာလင်္ကာရ မဟာမဂ္ဂရာဇဂုရု တံဆိပ်နာမံကို ကပ်လှူ၍ သာသနာပြု သာသနာပိုင် တင်မြှောက်ကာ မင်္ဂလာဘုံသာကျောင်းတော်ကို တင်လှူလျက် ကိုးကွယ်တော်မူသည်။

ဆရာတော်သည် လောကုတ္တရာတွင်သာမက လောကီရေးရာ၌လည်း တတ်ကျွမ်းတော်မူလှသည်။ တစ်ခါသော် မင်းတရားကြီးက ဆရာတော်၏ပညာကို စမ်းလိုသဖြင့် ဆိုင်းသမားများကို ကျောင်းသို့စေလွှတ်၍ တီးမှုတ်စေရာ

http://www.dhammadownload.com

ဆရာတော်က ဤအလုံးနှင့် ဤအလုံးပေါင်း၊ ဤအလုံးကိုခွဲ စသည်ဖြင့် တီးပုံ, တီးနည်းကိုပါ ပြသပေးလိုက်လေသည်။

ဆရာတော် ညွှန်ကြားချက်အတိုင်း တီးမှုတ်ကြရာ ရှေးအစဉ်အဆက်က မကြားဖူးသည့် ကောင်းသောတီးရိုးများကို ရရှိကြလေသည်။ ယင်းသို့ လောကီလောကုတ္တရာတို့၌ မတတ်သော ပညာ, မသိသော အရာဟူ၍ မရှိသဖြင့် တောင်တွင်းဆရာတော်သည် မတစ်လုံး ကျေသည်ဟု ယနေ့တိုင်အောင် ပြောစမှတ် ပြုကြလေသည်။ ဆရာတော်သည် လောကီ လောကုတ္တရာ ကျမ်းပေါင်း ၃၇-ကျမ်း ပြုစုရေးသားကာ သက်တော် ၃၉-ခုနှစ်၊ ဝါတော် ၂၉-ဝါ ၁၀၄၂-ခုနှစ်တွင် ပျံလွန်တော်မူလေသည်။

သဒ္ဒါကြီးပုဒ်စစ်ကျမ်းသည် မြန်မာဘာသာဖြင့် ပြုစုထားရာ သင်ယူကျက်မှတ်သူများအဖို့ အနက်အဓိပ္ပါယ်သဘောကို ကွင်းကနဲ ကွင်းကနဲ ပေါ်လွင်စေရကား ဆရာတော် အစဉ်အဆက်များကလည်း သဒ္ဒါသင်ယူသူ တပည့်များကို ပုဒ်စစ်နှင့်တွဲပြီး ညဝါအဖြစ် သင်ကြားစေကာ ပထမပြန်ငယ်, လတ်, ကြီးတွင် အပိုင်း ၃-ပိုင်း ခွဲလျက် မသင်မနေရအဖြစ် ပြဋ္ဌာန်းပြီး ရန်ကုန် စေတိယင်္ဂဏ၊ မန္တလေး သကျသီဟ စာမေးပွဲကြီးများတွင် အရေးတကြီး ဘာသာတစ်ရပ် အနေဖြင့် ပြဋ္ဌာန်းထားလေသည်။

ယင်းသို့ သဒ္ဒါဥာဏ် ပေါက်မြောက်စေရေးအတွက် များစွာအကျိုးကျေးဇူးရှိလှသော သဒ္ဒါကြီးပုဒ်စစ်စုံကျမ်းကို ပဓာနအဖြစ်ထားကာ အထက်တန်းစာသင်သားများအတွက် ဉာဏ်ကောက်နည်း၌ လိမ္မာရေးခြားရှိစေရန် သဲအင်းသာသနာပိုင် ဆရာတော်၏ ဉာဏ်ကောက်ကျမ်းနှင့် ဓာတ်အရာ၌ ကျွမ်းကျင်လိမ္မာစေရန် ဓာတ္တထ္ထဒီပနီပါဠိကို ပူးတွဲကာ ပုံနှိပ်ဖြန့်ချီရပါသည်။ ။

http://www.dhammadownload.com

၁-သဒ္ဒါကြီး ပုဒ်စစ်

မာတိကာ စာမျက်နှာ

၁-သန္ဓိပုဒ်စစ်

အက္ခရာမည်ပုံ၊ ဌာန် ၅-ပါး ၁
ကရိဏ်း ၄-ပါး၊ ပယတ် ၄-ပါး ၃
သရမည်ပုံ၊ ရဿမည်ပုံ ၄
ဒီဃမည်ပုံ၊ ဗျည်းမည်ပုံ၊ ဗျည်း ၂-မျိုး ၅
ဝဂ်နှင့် အဝဂ်၊ နိဂ္ဂဟိတ် ၆
ယောသ၊ အယောသ ၇
ပကရဏပရိစ္ဆေဒ၊ သန္ဓိ ၃-ပါး ၈
သန္ဓိ ၇-ပါး၊ လောပသန္ဓိ ၃-ပါး ၉
သရလောပသန္ဓိ ၂-ပါး၊ အာဒေသသန္ဓိ ၃-ပါး ၁၀
အာဂမသန္ဓိ ၃-ပါး၊ ဝိကာရသန္ဓိ ၂-ပါး ၁၁
ပကတိသန္ဓိ ၂-ပါး၊ ဒီဃသန္ဓိ ၂-ပါး ၁၂
တစ်နည်း ဒီဃသန္ဓိ ၂-ပါး၊ ရဿသန္ဓိ ၂-ပါး၊ အသန္ဓိ ၂-ပါး ၁၃
ပုဗ္ဗလောပသရ ၆၄-လုံး၊ ပရလောပသရ ၅၂-လုံး ၁၄
ဝိကာရသရ ၄-လုံး၊ ပရဒီဃသရ ၂၄-လုံး ၁၆
ပုဗ္ဗဒီဃသရ ၁၈-လုံး ၁၇
အာဂမ ၆၄-လုံး ၁၈

၂-နာမ်ပုဒ်စစ်

ပုဒ်၊ သျာဒျန္တစသော ပုဒ် ၂-ပါး ဧကတ္တရစသော ပုဒ် ၃-ပါး ... ၁၉
နာမ်စသော ပုဒ် ၄-ပါး ၂၀
ကြိယာစသော နာမ် ၄-ပါး ၂၁
သာမညစသောနာမ် ၄-ပါး ၂၂

http://www.dhammadownload.com

မာတိကာ စာမျက်နှာ

အာဝတ္ထိကစသော နာမ် ၄-ပါး ၂၃
လိင်္ဂိက, နေမိတ္တိကနာမ် ၂-ပါး အထူး ၂၄
နာမနာမ် စသော နာမ် ၅-ပါး ၂၄
သုဒ္ဓနာမ် ၄-ပါး ၂၅
သာမူဟိကစသော နာမ် ၆-ပါး ၂၆
သံယောဂိကသမ္မန္ဓိကနာမ် ၂-ပါးအထူး ၂၈
သဗ္ဗနာမ် ၁၀-ပါး ၂၈
လိင်၊ လိင် ၆-ပါး ၃၀
ဣတ္ထိလိင် အန္တ ၇-ပါး ၃၁
ပုလ္လိင်အန္တ ၉-ပါး ၃၃
နပုံလိင်အန္တ ၇-ပါး ၃၄
ဒွိလိင် ၃-ပါး၊ တိလိင် ၂-ပါး၊ ဂိုဏ်း ၃-ပါး ၃၆
မနောဂိုဏ်း လက္ခဏာ ၃-ပါး ၃၇
မနောဂဏာဒိဂိုဏ်း လက္ခဏာ ၂-ပါး၊ အမနောဂိုဏ်း ၁၁-ပါး ၃၇
ဥပသာရပုဒ် ၃-ပါး၊ ဥပသာရပုဒ် ၂-ပါး ၄၀
နိပါတ်ပုဒ် ၂-ပါး ၄၁

၃-ကာရကပုဒ်စစ်

ကာရက၊ သဗ္ဗကြိယာဗျာပီ စသော ကာရက ၂-ပါး ၄၂
ကတ္တုစသော ကာရက ၆-ပါး ၄၃
မုချ, ဥပစာကာရက ၂-ပါး ၄၄
ဝုတ္တ, အဝုတ္တ ကတ္တား ၂-ပါး၊ သယံကတ္တား စသော ကတ္တား ၃-ပါး ၄၅
သပ္ပဓာနစသော ကတ္တား ၂-ပါး၊ ပယောဇက စသော ကတ္တား ၃-ပါး ၄၆
တစ်နည်း ကတ္တား ၂-ပါး၊ ဝုတ္တ, အဝုတ္တ ကံ ၂-ပါး ၄၇

http://www.dhammadownload.com

မာတိကာ	စာမျက်နှာ
အဘိဟိတစသော ကံ ၂-ပါး၊ ပဓာနစသော ကံ ၂-ပါး ...	၄၈
ကထိတကံနှင့် အထကထိကကံ၊ ကာရိုက်ကံနှင့် ဓာတ်ကံ ...	၄၉
ပကတိကံနှင့် ဝိကတိကံ၊ ဣစ္ဆိတစသော ကံ ၃-ပါး	၄၉
နိပ္ပတ္တိစသော ကံ ၃-ပါး	၅၀
နိပ္ပတ္တိကံ ၂-ပါး၊ တစ်နည်း နိပ္ပတ္တိကံ ၂-ပါး၊ဝိကတိကံ ၂-ပါး ...	၅၁
တစ်နည်း ဝိကတိကံ ၂-ပါး၊ ပတ္တိကံ ၂-ပါး	၅၂
ကရိုဏ်း ၂-ပါး၊ တစ်နည်း ကရိုဏ်း ၂-ပါး၊ သမ္ပဒါန် ၂-ပါး	၅၃
တစ်နည်း သမ္ပဒါန် ၂-ပါး၊ သမ္ပဒါန် ၃-ပါး	၅၄
တစ်နည်း သမ္ပဒါန် ၃-ပါး	၅၅
အပါဒါန် ၂-ပါး	၅၆
တစ်နည်း အပါဒါန် ၂-ပါး၊ အပါဒါန် ၃-ပါး	၅၇
တစ်နည်း အပါဒါန် ၃-ပါး	၅၈
အာဓာရ ၄-ပါး	၅၉
ဗျာပိကာဓာရ ၂-ပါး၊ ဩပသိလေသိကာဓာရ ၂-ပါး ...	၆၀
ဝေသယိကာဓာရ ၂-ပါး၊ တစ်နည်း အာဓာရ ၄-ပါး	၆၁
ကာရက အကာရက လက္ခဏာ	၆၂
သမ္ပန်၊ သံ သမ္ပန် စသော သမ္ပန်အပေါင်း	၆၃
လိင်္ဂ	၆၅
လိင်္ဂ ၂-ပါး၊ အာလုပ် ၂-ပါး	၆၆
သဟာဒိယောဂ ၃-ပါး	၆၇
သမဝါယ ၃-ပါး	၆၈
ဟိတ်၏ဝစနတ္ထ၊ ဟိတ် ၃-ပါး၊ တစ်နည်း ဟိတ် ၃-ပါး ...	၆၉
ဥပကဟိတ် ၃-ပါး	၇၀
တစ်နည်း ဟိတ် ၃-ပါး	၇၁

http://www.dhammadownload.com

မာတိကာ				စာမျက်နှာ
ကထိန်မူတလက္ခဏ၊ ဝိသေသန၊ ဝိသေသန ၂-ပါး	...	...		၇၂
ဘိန္နာဓိကရဏဝိသေသန ၃-ပါး	...	...	...	၇၃
တုလျာဓိကရဏဝိသေသန ၆-ပါး	...	...	...	၇၄
တစ်နည်း ဝိသေသန ၂-ပါး	...	...	...	၇၅
ကြိယာဝိသေသန ၂-ပါး၊ အဇဟိဒ္ဓကြိယာဝိသေသန ၄-ပါး			...	၇၆
ကြိယာဝိသေသနအမည်ထူး	...	...	...	၇၇
အစ္စန္တသံယောဂ ၂-ပါး၊ ကာလအစ္စန္တသံယောဂ ၃-ပါး			...	၇၈
အဒ္ဓါအစ္စန္တသံယောဂ ၃-ပါး၊ ကမ္မပ္ပဝစနီယ		...	...	၇၉
လက္ခဏအနက်၊ ကထိန်မူတာချာနအနက်	...	...	...	၈၀
ဝိစ္ဆာအနက်	...	...	...	၈၁
ဘာဂအနက်၊ သဟအနက်	...	...	...	၈၂
ဟီနအနက်၊ ဂရဟာအနက်၊ နိဒ္ဓါရဏ ၄-ပါး		...	...	၈၃
နိဒ္ဓါရဏအစိတ် ၄-ပါး	...	...	...	၈၄
အနာဒရ၊ အနာဒရ ၂-ပါး	...	...	...	၈၅
လက္ခဏ၊ လက္ခဏအစိတ် ၄-ပါး	...	...	...	၈၆

၄-သမာသ်ပုဒ်စစ်

သမာသ်၊ ယုတ္တ, အယုတ္တသမာသ် ၂-ပါး	...	...	...	၈၇
လုတ္တ, အလုတ္တသမာသ်-၂ပါး၊ နိစ္စ, အနိစ္စသမာသ် ၂-ပါး			...	၈၈
သဒ္ဒိစသော သမာသ် ၃-ပါး	...	...	...	၈၉
အာဒိပဒလောပ စသော သမာသ် ၃-ပါး	...	...	...	၉၀
ပုဗ္ဗပဒတ္ထပ္ပဓာနစသော သမာသ် ၄-ပါး	...	...	...	၉၀
သမာသ် ၆-ပါး	...	...	...	၉၁
ဧကတ္ထီဘော လက္ခဏာ	...	...	...	၉၄

http://www.dhammadownload.com

မာတိကာ	စာမျက်နှာ
အဗျယီဘောနှင့် ဧကတ္ထီဘော၊ ကမ္မဓာရည်းနှင့် ဧကတ္ထီဘော	၉၅
ဒိဂုနှင့် ဧကတ္ထီဘော	၉၅
တပ္ပုရိသ်နှင့် ဧကတ္ထဘော၊ ဗဟုဗ္ဗိဟိနှင့် ဧကတ္ထီဘော ...	၉၆
ဒွန်နှင့် ဧကတ္ထီဘော၊ အဗျယီဘော ၇-ပါး	၉၇
ကမ္မဓာရည်း ၉-ပါး	၉၉
ဒိဂုသမာသ် ၂-ပါး	၁၀၁
တစ်နည်း ဒိဂု ၂-ပါး၊ တပ္ပုရိသ် ၂-ပါး၊ မိဿကတပ္ပုရိသ် ၂-ပါး	၁၀၂
သုဒ္ဓတပ္ပုရိသ် ၆-ပါး	၁၀၃
ဗဟုဗ္ဗိဟိ ၂-ပါး၊ တစ်နည်း ဗဟုဗ္ဗိဟိ ၂-ပါး	၁၀၅
တစ်နည်း ဗဟုဗ္ဗိဟိ ၂-ပါး၊ တဂ္ဂါဏာသံဝိညာဏာဗဟုဗ္ဗိဟိ ၂-ပါး	၁၀၆
ဗဟုဗ္ဗိဟိ ၃-ပါး	၁၀၇
ဗဟုဗ္ဗိဟိ ၇-ပါး	၁၀၈
ဗဟုဗ္ဗိဟိ ၁၀-ပါး	၁၀၉
ဒွန် ၄-ပါး	၁၁၀
ဒွန် ၄-ပါးနှင့် သမာသ်၊ စယာသိတ, အဂီါသိတ သန်ဿ ၂-ပါး	၁၁၂
သမာသ်ဝါစက ၉-ပါး	၁၁၃
အသမာသ်လက္ခဏာ	၁၁၄
ဂမကသမာသ်	၁၁၅

၅-တဒ္ဓိတ်ပုဒ်စစ်

တဒ္ဓိတ်၊ တဒ္ဓိတ် ၃-ပါး	၁၁၆
သာမညတဒ္ဓိတ် ၁၅-ပါး	၁၁၇
ဘာဝတဒ္ဓိတ် ၅-ပါး	၁၂၀
တဒ္ဓိတ် ၅-ပါး၊ ဧကသိသ်, ဝိစ္ဆာ, အာမေဍိတ်	၁၂၂

http://www.dhammadownload.com

မာတိကာ				စာမျက်နှာ
ဧကသိသ် ၂-ပါး၊ သရူပေကသိသ် ၂-ပါး	...	...	...	၁၂၃
သရူပေကသိသ် ၃-ပါး	...	...	...	၁၂၄
ဝိရူပေကသိသ် ၂-ပါး၊ ဝိစ္ဆာ ၃-ပါး	...	...	...	၁၂၅
သန်္ဂာ ၅-ပါး	...	...	...	၁၂၆
တဒ္ဓိတ်ဝါစက ၈-ပါး	...	...	...	၁၂၇
၆-အာချာတ်ပုဒ်စစ်				
အာချာတ်၊ အာချာတ်ဝိဘတ် ၈-သွယ်	...	...	...	၁၃၁
ပရဿပုဒ်	...	...	...	၁၃၃
အတ္တနောပုဒ်၊ ပရဿပုဒ်၌ ပုရိသ် ၃-ပါးနှင့် ဝုစ် ၆-ပါး			...	၁၃၄
ပရဿပုဒ်၌ ပရောပုရိသ် ၅-ပါး	...	...	...	၁၃၆
အတ္တနောပုဒ်၌ ပုရိသ် ၃-ပါး, ဝုစ် ၆-ပါး	...	...	...	၁၃၇
အတ္တနောပုဒ်၌ ပရောပုရိသ် ၅-ပါး	...	...	...	၁၃၈
ဓာတ်	...	...	...	၁၃၉
ဓာတ် ၂-ပါး, တစ်နည်း ဓာတ် ၂-ပါး	...	...	...	၁၄၀
ဓာတ် ၃-ပါး	...	...	...	၁၄၁
ကာရိုက်ပစ္စည်းနှင့် ယှဉ်သောဓာတ်	...	...	...	၁၄၂
ဧကကမ္မကစသော ဓာတ်တို့၏ ဝုတ္တကံ	...	...	...	၁၄၂
ဓာတ် ၅-ပါး	...	...	...	၁၄၃
ဧကဂဏိကစသော ဓာတ် ၄-ပါး၊ ဧကဂဏိကဓာတ် ၈-ပါး			...	၁၄၅
ဒွိဂဏိကဓာတ် ၁၁-ပါး	...	...	...	၁၄၇
တိဂဏိကဓာတ် ၇-ပါး	...	...	...	၁၄၈
စတုဂ္ဂဏိကဓာတ် ၂-ပါး	...	...	...	၁၄၉

http://www.dhammadownload.com

မာတိကာ စာမျက်နှာ

၇-ကိတ်ပုဒ်စစ်

ကိတ်၊ ကိတ် ၂-ပါး၊ ကိတ် ၃-ပါး ၁၅၀
သာဓန ၇-ပါး ၁၅၁
ဝုတ္ထ, အဝုတ္ထကတ္ထုသာဓန ၂-ပါး၊ သုဒ္ဓ, ဟေတုကတ္ထုသာဓန ၂-ပါး ၁၅၅
ဝုတ္ထ, အဝုတ္ထ ကမ္မသာဓန ၂-ပါး၊ သုဒ္ဓ, ဟေတု ကမ္မသာဓန ၂-ပါး ၁၅၆
ဝိဂြိုဟ်၊ ဝိဂြိုဟ် ၂-ပါး၊ တစ်နည်း ဝိဂြိုဟ် ၂-ပါး ၁၅၇
တစ်နည်း ဝိဂြိုဟ် ၂-ပါး ၁၅၈

၂-သဒ္ဒါကြီး သုတ်စစ်

သုတ်၊ သုတ် ၄-ပါး ၁၅၉
သညာသုတ် ၂-ပါး ၁၆၀
အဓိကာရသုတ် ၃-ပါး၊ ပရိဘာသာသုတ် ၂-ပါး ၁၆၁
ပရိဘာသာသုတ် ၃-ပါး၊ ဝိဓိသုတ် ၈-ပါး ၁၆၂
ဝိဓိသုတ် ၂-ပါး ၁၆၃
တစ်နည်း ဝိဓိသုတ် ၂-ပါး ၁၆၄
၃-သဒ္ဒါကြီး သဒ္ဒါစစ် ၁၆၅
၄-သဒ္ဒါကြီး နည်းစစ် ၁၈၉
၅-သံဝဏ္ဏနာစစ် ၂၁၉
၆-ဂါထာသံဝဏ္ဏနာ ၆-ပါး ၂၃၆
၇-ဉာသ်ကောက်ကျမ်း ၂၄၁
၈-ဓာတွတ္ထဒီပနီပါဠ် ၂၆၆

မာတိကာပြီး၏။ ။

http://www.dhammadownload.com

သဒ္ဒါကြီးပုဒ်စစ်စုံ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

၁-သန္ဓိပုဒ်စစ်

အက္ခရာ မည်ပုံ

အ အစ နိဂ္ဂဟိတ် အဆုံးရှိသော လေးဆယ့်တစ်လုံးသော ဝဏ္ဏတို့သည် "ပိဋကတ္တယံပိ ပတ္တာ နက္ခရန္တိ နာ ဒီယန္တီတိ အက္ခရာ"ဟူသော ဝစနတ္ထကြောင့် **အက္ခရာ** မည်ကုန်၏။

ယေဝဏ္ဏာ၊ အကြင်လေးဆယ့်တစ်လုံးသော ဝဏ္ဏတို့သည်။ ပိဋကတ္တယံပိ၊ ပိဋကတ်သုံးပုံသို့လည်း။ ပတ္တာ၊ ရောက်၍။ နက္ခရန္တိ နာ ဒီယန္တိ၊ မကုန်နိုင်ကုန်။ ဣတိ တသ္မာ၊ ထိုသို့ မကုန်နိုင်သော သတ္တိကြောင့်။ တေ ဝဏ္ဏာ၊ ထိုလေးဆယ့် တစ်လုံးသော ဝဏ္ဏတို့သည်။ အက္ခရာ၊ အက္ခရာ မည်ကုန်၏။

ဌာန် ၅ပါး

ထိုလေးဆယ့် တစ်လုံးသော အက္ခရာတို့၏ ဖြစ်ရာအရပ်ဟု ဆိုအပ်သော ဌာန်တို့သည်–

၁။ ကဏ္ဌဌာန် ၂။ တာလုဌာန်
၃။ မုဒ္ဓဌာန် ၄။ ဒန္တဌာန်
၅။ သြဋ္ဌဌာန် အားဖြင့် ငါးပါးအပြားရှိကုန်၏။

http://www.dhammadownload.com

ထိုငါးပါးတို့တွင်–

၁။ လည်ချောင်းအရပ်သည် ကဏ္ဌဌာန် မည်၏။
၂။ အာစောက်အရပ်သည် တာလုဌာန် မည်၏။
၃။ လျှာထိပ်အရပ်သည် မုဒ္ဓဌာန် မည်၏။
၄။ သွားအရပ်သည် ဒန္တဌာန် မည်၏။
၅။ နှုတ်ခမ်းအရပ်သည် သြဋ္ဌဌာန် မည်၏။

ထိုလေးဆယ့်တစ်လုံးသော အက္ခရာတို့တွင်–

အ-ဝဏ်နှစ်လုံး, က-ဝဂ်ငါးလုံး, ဟ-အက္ခရာ ဤရှစ်လုံးသော အက္ခရာတို့သည် လည်ချောင်းအရပ်၌ ဖြစ်တတ်သောကြောင့် **ကဏ္ဌဇ**အက္ခရာမည်ကုန်၏။

ကဝဂ်ငါးလုံးတို့တွင် က-သည် ပဌမက္ခရာ, ခ-သည် ဒုတိယက္ခရာ, ဂ-သည် တတိယက္ခရာ, ဃ-သည် စတုတ္ထက္ခရာ, င-သည် ပဉ္စမက္ခရာ မည်၏။

ဣ-ဝဏ်နှစ်လုံး, စ-ဝဂ်ငါးလုံး, ယ-အက္ခရာ၊ ဤရှစ်လုံးသောအက္ခရာတို့သည် အာစောက်အရပ်၌ ဖြစ်တတ်သောကြောင့် **တာလုဇ** အက္ခရာမည်ကုန်၏။

ဥ-ဝဂ်ငါးလုံး, ရ-အက္ခရာ, ခုနစ်လုံးမြောက် ဥ-အက္ခရာ ဤခုနစ်လုံးသော အက္ခရာတို့သည် လျှာထိပ်အရပ်၌ ဖြစ်တတ်သောကြောင့် **မုဒ္ဓဇ** အက္ခရာ မည်ကုန်၏။

တ-ဝဂ်ငါးလုံး, သုံးလုံးမြောက် လ-အက္ခရာ, သ-အက္ခရာ ဤခုနစ်လုံးသော အက္ခရာတို့သည် သွားအရပ်၌ဖြစ်တတ်သောကြောင့် **ဒန္တဇ**အက္ခရာမည်ကုန်၏။

ဥ-ဝဏ်နှစ်လုံး, ပ-ဝဂ်ငါးလုံး ဤခုနစ်လုံးသော အက္ခရာတို့သည် နှုတ်ခမ်းအရပ်၌ ဖြစ်တတ်သောကြောင့် **သြဋ္ဌဇ**အက္ခရာ မည်ကုန်၏။

ပ-ဝဂ်ငါးလုံးတို့တွင် ပ-သည် ပဌမက္ခရာ, ဖ-သည် ဒုတိယက္ခရာ, ဗ-သည် တတိယက္ခရာ၊ ဘ-သည် စတုတ္ထက္ခရာ, မ-သည် ပဉ္စမက္ခရာမည်၏။

http://www.dhammadownload.com

၈-အက္ခရာသည် လည်ချောင်းအရပ်၌ဥ၄်း၊ အာစောက်အရပ်၌ဥ၄်း ဖြစ်တတ်သောကြောင့် **ကဏ္ဌတာလုဇ** အက္ခရာမည်၏။

ဩ-အက္ခရာသည် လည်ချောင်းအရပ်၌ဥ၄်း၊ နှုတ်ခမ်းအရပ်၌ဥ၄်း ဖြစ်တတ်သောကြောင့် **ကဏ္ဌဩဋ္ဌဇ** အက္ခရာမည်၏။

ဝ-အက္ခရာသည် သွားအရပ်၌ဥ၄်း၊ နှုတ်ခမ်းအရပ်၌ဥ၄်း ဖြစ်တတ်သောကြောင့် **ဒန္တဩဋ္ဌဇ** အက္ခရာမည်၏။

ကရိဏ်း ၄-ပါး

ထိုလေးဆယ့်တစ်လုံးသော အက္ခရာတို့၏ ဖြစ်ကြောင်းဟု ဆိုအပ်သော ကရိဏ်းတို့သည် ဇိဝှါမဇ္ဈ, ဇိတ္ဂေါပဂ္ဂ, ဇိဝှဂ္ဂ, သကဋ္ဌာနအားဖြင့် လေးပါးအပြားရှိကုန်၏။ ထိုလေးပါးတို့တွင်–

၁။ လျှာလယ်အရပ်သည် ဇိဝှါမဇ္ဈ မည်၏။
၂။ လျှာဖျား၏အနီးအရပ်သည် ဇိတ္ဂေါပဂ္ဂ မည်၏။
၃။ လျှာဖျားအရပ်သည် ဇိဝှဂ္ဂ မည်၏။
၄။ မိမိတို့၏ဌာန်သည် သကဋ္ဌာန မည်၏။

ထိုလေးပါးတို့တွင်–

ဇိဝှါမဇ္ဈသည် တာလုဇ အက္ခရာ ရှစ်လုံးတို့၏ ကရိဏ်းမည်၏။
ဇိတ္ဂေါပဂ္ဂသည် မုဒ္ဓဇ အက္ခရာ ခုနစ်လုံးတို့၏ ကရိဏ်းမည်၏။
ဇိဝှဂ္ဂသည် ဒန္တဇ အက္ခရာ ခုနစ်လုံးတို့၏ ကရိဏ်းမည်၏။
သကဋ္ဌာနသည် ကြွင်းသောအက္ခရာတစ်ဆယ့်ကိုးလုံးတို့၏ ကရိဏ်းမည်၏။

ပယတ် ၄-ပါး

ထိုလေးဆယ့်တစ်လုံးသော အက္ခရာတို့ကို ရွတ်ဆိုခြင်းဌါ အားထုတ်ခြင်းဟုဆိုအပ်သော ပယတနတို့သည် သံဝုဠ, ဝိဝဋ, ဖုဋ, ဤသံဖုဋအားဖြင့် လေးပါးအပြား ရှိကုန်၏။ ထိုတွင်–

http://www.dhammadownload.com

၁။ နှုတ်ခမ်းတို့၏ ပိတ်ခြင်းသည် သံဝုဠ မည်၏။
၂။ နှုတ်ခမ်းတို့၏ ဖွင့်ခြင်းသည် ဝိဝဋ မည်၏။
၃။ နှုတ်ခမ်းတို့၏ ထိခြင်းသည် ဖုဋ္ဌ မည်၏။
၄။ နှုတ်ခမ်းတို့၏ စဉ်းငယ်ထိခြင်းသည် ဣသံဖုဋ္ဌ မည်၏။

ထိုလေးပါးတို့တွင်–

သံဝုဠသည် အ-သရ၏ ပယတန မည်၏။

ဝိဝဋသည် အာ-အစရှိသော ခုနစ်လုံးသော သရ, သ-အက္ခရာ, ဟ-အက္ခရာ ဣကိုးလုံးတို့၏ ပယတနမည်၏။

ဖုဋ္ဌသည် ဝဂ်အက္ခရာ နှစ်ဆယ့်ငါးလုံးတို့၏ ပယတန မည်၏။

ဣသံဖုဋ္ဌသည် ယ, ရ, လ, ဝ ဣလေးလုံးတို့၏ ပယတန မည်၏။

သရ မည်ပုံ

ထိုလေးဆယ့်တစ်လုံးသော အက္ခရာတို့တွင် အ-အစ ဩ-အဆုံးရှိသော ရှစ်လုံးသော အက္ခရာတို့သည် "ပရံ အနိဿာယ သရန္တီ ဂစ္ဆန္တီ ပဝတ္တန္တီတိ သရာ" ဟူသော ဝစနတ္ထကြောင့် **သရ**မည်ကုန်၏။

ယေ အက္ခရာ၊ အကြင်ရှစ်လုံးသော အက္ခရာတို့သည်။ ပရံ၊ သူတစ်ပါးကို။ အနိဿာယ၊ မမှီမူ၍။ သရန္တီ ဂစ္ဆန္တီ ပဝတ္တန္တိ၊ ဖြစ်တတ်ကုန်၏။ ဣကို တသွား၊ ထိုသို့ သူတစ်ပါးကို မမှီမူ၍ ဖြစ်တတ်သောသတ္တိကြောင့်။ တေအက္ခရာ၊ ထိုရှစ်လုံးသော အက္ခရာတို့သည်။ သရာ၊ သရ မည်ကုန်၏။

ရဿ မည်ပုံ

ထိုရှစ်လုံးသော သရတို့တွင် အ, ဣ, ဥ-ဟူသော သုံးလုံးသော သရတို့သည် "ရဿကာလေ နိယုတ္တာတိ ရဿာ" ဟူသော ဝစနတ္ထကြောင့် ရဿမည်ကုန်၏။ ထိုရဿတို့သည် လက်ဖျစ်တစ်တွက် လျှပ်တစ်ပြက်ဟု ဆိုအပ်သော တစ်မတြာကာလ ရှိကုန်၏။

http://www.dhammadownload.com

ယေ သရာ၊ အကြင်သုံးလုံးသော သရတို့သည်။ ရဿကာလေ၊ တိုသော ကာလ၌။ နိယုတ္တာ၊ ယှဉ်တတ်ကုန်၏။ ဣတိ တသ္မာ၊ ထိုသို့ တိုသောကာလ၌ ယှဉ်တတ်သော သတ္တိကြောင့်။ တေသရာ၊ ထိုသုံးလုံး သော သရတို့သည်။ ရဿာ၊ ရဿ မည်ကုန်၏။

ဒီဃ မည်ပုံ

အာ, ဤ, ဦ, ဧ, ဩ-ဟူသော ငါးလုံးသော သရတို့သည် "ဒီဃကာလေ နိယုတ္တာတိ ဒီဃာ"ဟူသော ဝစနတ္ထကြောင့် **ဒီဃ** မည်ကုန်၏။ ထိုဒီဃတို့သည် လက်ဖျစ်နှစ်တွက် လျှပ်နှစ်ပြက်ဟု ဆိုအပ်သော နှစ်မတြာကာလ ရှိကုန်၏။

ယေ သရာ၊ အကြင်ငါးလုံးသော သရတို့သည်။ ဒီဃကာလေ၊ ရှည် သော ကာလ၌။ နိယုတ္တာ၊ ယှဉ်တတ်ကုန်၏။ ဣတိတသ္မာ၊ ထိုသို့ရှည် သော ကာလ၌ ယှဉ်တတ်သော သတ္တိကြောင့်။ တေသရာ၊ ထိုငါးလုံး သော သရတို့သည်။ ဒီဃာ၊ ဒီဃ မည်ကုန်၏။

ဗျဉ်း မည်ပုံ

ထိုလေးဆယ့်တစ်လုံးသော အက္ခရာတို့တွင် က-အစ နိဂ္ဂဟိတ်-အဆုံးရှိ သော သုံးဆယ့်သုံးလုံးသော အက္ခရာတို့သည် "ဗျဉ္ဇီယတိ အတ္ထော ဧတေဟီတိ ဗျဉ္ဇနာ" ဟူသော ဝစနတ္ထကြောင့် **ဗျဉ်း**မည်ကုန်၏။ ထိုဗျည်းတို့သည် သက်သက် သောအခါ မတြာခွဲကာလရှိကုန်၏။ ရဿ သရနှင့်ယှဉ်သောအခါ တစ်မတြာခွဲ ကာလ ရှိကုန်၏။ ဒီဃသရနှင့် ယှဉ်သောအခါ နှစ်မတြာခွဲကာလ ရှိကုန်၏။

ဗျည်း ၂မျိုး

ထိုဗျည်းတို့သည် ပုဗ္ဗာသယဗျည်း, ပရာသယဗျည်းအားဖြင့် နှစ်ပါးအပြား ရှိကုန်၏။ ထိုတွင်–

၁။ နိဂ္ဂဟိတ်သည် မှီရာသရ ရှေးရှိသောကြောင့် **ပုဗ္ဗာသယဗျည်း** မည်၏။

http://www.dhammadownload.com

၂။ က-အစ ဋ-အဆုံးရှိသော သုံးဆယ့်နှစ်လုံးသော ဗျည်းတို့သည် မှီရာသရနောက်ရှိသောကြောင့် **ပရာသယဗျည်း** မည်ကုန်၏။

ဧတေဟိ အက္ခရေဟိ၊ ထိုသုံးဆယ့်သုံးလုံးသော အက္ခရာတို့သည်။ အတ္ထော၊ အနက်ကို။ ဗျဉ္ဇီယတိ၊ ပြအပ်၏။ ဣတိတသ္မာ၊ ထိုသို့ပြတတ်သောသတ္တိကြောင့်။ တေ အက္ခရာ၊ ထိုသုံးဆယ့်သုံးလုံးသော အက္ခရာတို့သည်။ ဗျဉ္ဇနာ၊ ဗျည်းမည်ကုန်၏။

ဝဂ်နှင့် အဝဂ်

ထိုသုံးဆယ့်သုံးလုံးသော ဗျည်းတို့တွင် က-အစ မ-အဆုံးရှိသော နှစ်ဆယ့်ငါးလုံးသော ဗျည်းတို့သည် "ဂုမ္ဗံ ဂုမ္ဗံ ကတ္တာ ဝဂ္ဂီယန္တေ ဥစ္စာရီယန္တေတိ ဝဂ္ဂါ"ဟူသော ဝစနတ္ထကြောင့် **ဝဂ်**မည်ကုန်၏။ ယ-အစ နိဂ္ဂဟိတ်-အဆုံးရှိသော ရှစ်လုံးသောဗျည်းတို့သည် "န ဝဂ္ဂါ အဝဂ္ဂါ"ဟူသော ဝစနတ္ထကြောင့် **အဝဂ်**မည်ကုန်၏။

ယေဗျဉ္ဇနာ၊ အကြင်နှစ်ဆယ့်ငါးလုံးသော ဗျည်းတို့ကို။ ဂုမ္ဗံ ဂုမ္ဗံ၊ အစုအစု။ ကတ္တာ၊ ပြု၍။ ဝဂ္ဂီယန္တေ ဥစ္စာရီယန္တေ၊ ရွတ်အပ်ကုန်၏။ ဣတိတသ္မာ၊ ထိုသို့ ရွတ်အပ်သော သတ္တိကြောင့်။ တေဗျဉ္ဇနာ၊ ထိုနှစ်ဆယ့်ငါးလုံးသော ဗျည်းတို့သည်။ ဝဂ္ဂါ၊ ဝဂ်မည်ကုန်၏။ ယေဗျဉ္ဇနာ၊ အကြင် ရှစ်လုံးသော ဗျည်းတို့သည်။ ဝဂ္ဂါ၊ ဝဂ်တို့သည်၊ န၊ မဟုတ်ကုန်။ ဣတိတသ္မာ၊ ထိုသို့ ဝဂ်မဟုတ်သော သတ္တိကြောင့်။ တေ ဗျဉ္ဇနာ၊ ထိုရှစ်လုံးသော ဗျည်းတို့သည်။ အဝဂ္ဂါ၊ အဝဂ်မည်ကုန်၏။

နိဂ္ဂဟိတ်

သုံးဆယ့်သုံးလုံးသော ဗျည်းတို့တွင် အသရကိုမှီ၍ ရွတ်အပ်သောနိဂ္ဂဟိတ်သည် "ကရဏံ နိဂ္ဂဟိတ္တာ အဝိဝဋ္ဌေန မုခေန ဂယ္ဟတိ ဥစ္စာရီယတီတိ နိဂ္ဂဟီတံ"ဟူသော ဝစနတ္ထကြောင့် **နိဂ္ဂဟိတ်**မည်၏။

http://www.dhammadownload.com

ယံ ဗိန္ဒု၊ အကြောင်ဗိန္ဒုကို။ ကရဏ်၊ ကရိဏ်းကို။ နိဂ္ဂဟိတ္တာ၊ နှိပ်၍။ အဝိဝဋ္ဌေန၊ မဖွင့်သော။ မုခေန၊ ခံတွင်းဖြင့်။ ဂယ္ဟတိ ဥစ္စာရီယတိ၊ ရွတ်အပ်၏။ ဣတိတသ္မာ၊ ထိုသို့ရွတ်အပ်သော သတ္တိကြောင့်။ တံဗိန္ဒု၊ ထိုဗိန္ဒုသည်။ နိဂ္ဂဟိတံ၊ နိဂ္ဂဟိတ် မည်၏။

ယောသ

သုံးဆယ့်သုံးလုံးသော ဗျည်းတို့တွင် တတိယက္ခရာ ငါးလုံး, စတုတ္ထက္ခရာ ငါးလုံး, ပဉ္စမက္ခရာ ငါးလုံး, ယ, ရ, လ, ဝ, ဟ, ဠ ဤနှစ်ဆယ့်တစ်လုံးသော အက္ခရာတို့သည် "ယောသော ဧတေသံ အတ္ထိတိ ယောသာ"ဟူသော ဝစနတ္ထကြောင့် **ယောသ**မည်ကုန်၏

အယောသ

ပဌမက္ခရာငါးလုံး, ဒုတိယက္ခရာငါးလုံး, သအက္ခရာ ဤတစ်ဆယ့်တစ်လုံးသော အက္ခရာတို့သည် "နတ္ထိ ယောသော ဧတေသန္တိ အယောသာ" ဟူသော ဝစနတ္ထကြောင့် **အယောသ**မည်ကုန်၏။

ဧတေသံ အက္ခရာနံ၊ ထိုနှစ်ဆယ့်တစ်လုံးသော အက္ခရာတို့အား။ ယောသော၊ ပြင်းပြင်းရွတ်အပ်သော အသံသည်။ အတ္ထိ၊ ရှိ၏။ ဣတိတသ္မာ၊ ထိုသို့ပြင်းပြင်းရွတ်အပ်သော အသံရှိသော သတ္တိကြောင့်။ တေ အက္ခရာ၊ ထိုနှစ်ဆယ့်တစ်လုံးသော အက္ခရာတို့သည်။ ယောသာ၊ ယောသမည်ကုန်၏။

ဧတေသံ အက္ခရာနံ၊ ထိုတစ်ဆယ့်တစ်လုံးသော အက္ခရာတို့အား။ ယောသော၊ ပြင်းပြင်းရွတ်အပ်သော အသံသည်။ နတ္ထိ၊ မရှိ။ ဣတိတသ္မာ၊ ထို့ကြောင့်။ တေ အက္ခရာ၊ ထိုတစ်ဆယ့်တစ်လုံးသောအက္ခရာတို့သည်။ အယောသာ၊ အယောသ မည်ကုန်၏။

http://www.dhammadownload.com

ပကရဏပရိစ္ဆေဒ

နတ်နှင့်တကွသော လူတို့ကို ဆုံးမတော်မူတတ်သော မြတ်စွာဘုရား ပါဠိတော်၏ အနက်မြတ်တို့ကို ကောင်းစွာသိစိမ့်သောငှါ အရှင်ကစ္စည်းဆရာ မဟာထေရ်မြတ်သည် စီရင်အပ်သော ကစ္စည်းကျမ်းသည်ကား ပကရဏပရိစ္ဆေဒ အားဖြင့် သန္ဓိ, နာမ်, ကာရက, သမာသ်, တဒ္ဓိတ်, အာချာတ်, ကိတ်, ဥဏာဒ် ဟူ၍ ရှစ်ပါးအပြားရှိ၏။

သန္ဓိ ၃ပါး

ထိုတွင် "ဒွိန္နံ ပဒါနံ အန္တရံ အဒဿေတွာ သမ္မာ ဓိယတီတိ သန္ဓိ"ဟူသော ဝစနတ္ထနှင့်အညီ ပုဒ်နှစ်ပါးတို့၏ အကြားကို မမြင်စေမူ၍ ကောင်းစွာ စပ်အပ်သောကြောင့် **သန္ဓိ** မည်၏။ ထိုသန္ဓိသည်လည်း "ဒွိန္နံ ပဒါနံ အန္တရံ အဒဿေတွာ သမ္မာ ဓိယတီတိ သန္ဓိ"ဟူသော ဝစနတ္ထနှင့်အညီ ပုဒ်နှစ်ပါးတို့၏ အကြားကို မမြင်စေမူ၍ ကောင်းစွာ စပ်အပ်သော သာမညလက္ခဏာအားဖြင့် တစ်ပါးသာ၊ ဝိသေသလက္ခဏာအားဖြင့်သော်ကား သရသန္ဓိ, ဗျဉ္ဇနသန္ဓိ, ဝုတ္တ သန္ဓိဟူ၍ သုံးပါးအပြားရှိ၏။ ထိုသုံးပါးတို့တွင်–

၁။ သရနှောင်းရာ၌ စီရင်အပ်သော သန္ဓိသည် သရသန္ဓိမည်၏။ တစ်နည်းကား- သရကို စီရင်အပ်သော သန္ဓိသည် သရသန္ဓိမည်၏။ ပြယုဂ်ကား "သဒ္ဒိမ" အစရှိသည်တည်း။ ဤ "သဒ္ဒိမ"ဟူသော သန္ဓိသည် ဣသရနှောင်းရာ၌ စီရင်အပ်သောကြောင့် **သရသန္ဓိ** မည်၏။

၂။ ဗျည်းနှောင်းရာ၌ စီရင်အပ်သော သန္ဓိသည် ဗျဉ္ဇနသန္ဓိ မည်၏။ တစ်နည်းကား ဗျည်းကို စီရင်အပ်သော သန္ဓိသည် ဗျဉ္ဇနသန္ဓိမည်၏။ ပြယုဂ်ကား "တဋ္ဋိ" အစရှိသည်တည်း။ ဤ"တဋ္ဋိ"ဟူသော သန္ဓိသည် ဟ-ဗျည်း နှောင်းရာ၌ စီရင်အပ်သောကြောင့် ဗျဉ္ဇနသန္ဓိမည်၏။ တစ်နည်းကား ရှေ့ တ-ထက်၌ရှိသော နိဂ္ဂဟိတ်တည်းဟူသော ဗျည်းကို စီရင်အပ်သောကြောင့် **ဗျဉ္ဇနသန္ဓိ** မည်၏။

http://www.dhammadownload.com

၃။ ဆန်းဂိုဏ်းကို စောင့်ခြင်းဌာနကြင်း, စကားကို ပြေပြစ်စိမ့်သောဌာနကြင်း ချေ၍ လာ၍စီရင်အပ်သော သန္ဓိသည် ဝုတ္တသန္ဓိ မည်၏။ ပြယုဂ်ကား "ပဒမတော" အစရှိသည်တည်း။ ဤ "ပဒမတော"ဟူသော သန္ဓိသည် အက္ခရပဒမတောဟု ဆိုအပ်လျက် မဆိုမူ၍ ဆန်းဂိုဏ်းကို စောင့်ခြင်းဌာ အက္ခရသဒ္ဒါကို ချေ၍ စီရင်အပ်သောကြောင့် **ဝုတ္တသန္ဓိ** မည်၏။

သန္ဓိ ၇-ပါး

တစ်နည်းကား လောပသန္ဓိ, အာဒေသသန္ဓိ, အာဂမသန္ဓိ, ဝိကာရသန္ဓိ, ပကတိသန္ဓိ, ဒီဃသန္ဓိ, ရဿသန္ဓိအားဖြင့် ခုနစ်ပါးအပြား ရှိ၏။ ထိုခုနစ်ပါးတို့တွင်–

၁။ ကျသောသန္ဓိသည် **လောပသန္ဓိ** မည်၏။
၂။ သရကိုဗျည်း, ဗျည်းကို သရပြုသောသန္ဓိသည် **အာဒေသသန္ဓိ** မည်၏။
၃။ လာသောသန္ဓိသည် **အာဂမသန္ဓိ** မည်၏။
၄။ သရကို သရ, ဗျည်းကို ဗျည်းပြုသော သန္ဓိသည် **ဝိကာရသန္ဓိ** မည်၏။
၅။ ရှေးအတိုင်းပကတိပြုသော သန္ဓိသည် **ပကတိသန္ဓိ** မည်၏။
၆။ ဒီဃပြုသောသန္ဓိသည် **ဒီဃသန္ဓိ** မည်၏။
၇။ ရဿပြုသောသန္ဓိသည် **ရဿသန္ဓိ** မည်၏။

လောပသန္ဓိ ၃-ပါး

ထိုခုနစ်ပါးတို့တွင် လောပသန္ဓိသည်လည်း သရလောပသန္ဓိ, ဗျဥ္ဇနလောပသန္ဓိ, နိဂ္ဂဟိတလောပသန္ဓိ အားဖြင့် သုံးပါးအပြားရှိ၏။ ထိုသုံးပါးတို့တွင်–

၁။ သရကိုချသော သန္ဓိသည် သရလောပသန္ဓိ မည်၏။ ပြယုဂ်ကား "ယသိန္ဒြိယာနိ" တည်း။ ဤ "ယသိန္ဒြိယာနိ"ဟူသော သန္ဓိသည် အသရကို ချသောကြောင့် **သရလောပသန္ဓိ** မည်၏။

http://www.dhammadownload.com

၂။ ဗျည်းကိုချေသော သန္ဓိသည် **ဗျဥ္ဇနလောပသန္ဓိ** မည်၏။ ပြယုဂ်ကား "အဂ္ဃဂါရံ"တည်း။ ဤ "အဂ္ဃဂါရံ" ဟူသော သန္ဓိသည် ဂ-ဗျည်းကို ချေသောကြောင့် **ဗျဥ္ဇနလောပသန္ဓိ** မည်၏။

၃။ နိဂ္ဂဟိတ်ကို ချေသောသန္ဓိသည် **နိဂ္ဂဟိတလောပသန္ဓိ** မည်၏။ ပြယုဂ်ကား "တာသာဟံ"တည်း။ ဤ "တာသာဟံ"ဟူသော သန္ဓိသည် သ-ထက်၌ရှိသောနိဂ္ဂဟိတ်ကို ချေသောကြောင့် **နိဂ္ဂဟိတလောပသန္ဓိ** မည်၏။

သရလောပသန္ဓိ ၂-ပါး

ထိုသုံးပါးတို့တွင် သရလောပသန္ဓိသည်လည်း ပုဗ္ဗသရလောပသန္ဓိ, ပရသရလောပသန္ဓိအားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုတွင်–

၁။ ရှေ့သရကို ချေသောသန္ဓိသည် ပုဗ္ဗသရလောပသန္ဓိမည်၏။ ပြယုဂ်ကား "ယသိန္ဒြိယာနိ"တည်း။ ဤသန္ဓိသည် ရှေ့ အသရကို ချေသောကြောင့် **ပုဗ္ဗသရ လောပသန္ဓိ** မည်၏။

၂။ နောက်သရကို ချေသောသန္ဓိသည် ပရသရလောပသန္ဓိမည်၏။ ပြယုဂ်ကား "စတ္တာရောမေ" တည်း။ ဤသန္ဓိသည် နောက် ဣသရကို ချေသောကြောင့် **ပရသရ လောပသန္ဓိ** မည်၏။

အာဒေသသန္ဓိ ၃-ပါး

အာဒေသသန္ဓိသည်လည်း သရာဒေသသန္ဓိ, ဗျဥ္ဇနာဒေသသန္ဓိ, နိဂ္ဂဟီတာဒေသသန္ဓိအားဖြင့် သုံးပါးအပြားရှိ၏။ ထိုတွင်–

၁။ သရကို ဗျည်းပြုသော သန္ဓိသည် သရာဒေသသန္ဓိမည်၏။ ပြယုဂ်ကား "မျာယံ"တည်း။ ဤသန္ဓိသည် ဧ-သရကို ယ-ဗျည်းပြုသောကြောင့် **သရာဒေသ သန္ဓိ** မည်၏။

http://www.dhammadownload.com

၂။ ဗျည်းကို သရပြုသောသန္ဓိသည် ဗျဥ္ဇနာဒေသသန္ဓိမည်၏။ ပြယုဂ်ကား "သြနဒ္ဓေါ"တည်း။ ဤသန္ဓိသည် အဝဗျည်းကို သြသရပြုသောကြောင့် **ဗျဥ္ဇနာဒေသ သန္ဓိ** မည်၏။

၃။ နိဂ္ဂဟိတ်ကို ဗျည်းပြုသော သန္ဓိသည် နိဂ္ဂဟိတာဒေသ သန္ဓိမည်၏။ ပြယုဂ်ကား "တမဟံ"တည်း။ ဤသန္ဓိသည် တ-ထက်၌ရှိသော နိဂ္ဂဟိတ်ကို မ-ဗျည်းပြုသောကြောင့် **နိဂ္ဂဟီတာဒေသသန္ဓိ** မည်၏။

အာဂမသန္ဓိ ၃-ပါး

အာဂမသန္ဓိသည်လည်း သရာဂမသန္ဓိ, ဗျဥ္ဇနာဂမသန္ဓိ, နိဂ္ဂဟီတာဂမသန္ဓိ အားဖြင့် သုံးပါးအပြားရှိ၏။ ထိုတွင်–

၁။ သရလာသောသန္ဓိသည် သရာဂမသန္ဓိမည်၏။ ပြယုဂ်ကား "အတိပ္ပဓေါ" တည်း။ ဤသန္ဓိသည် သြသရလာသောကြောင့် **သရာဂမသန္ဓိ** မည်၏။

၂။ ဗျည်းလာသောသန္ဓိသည် ဗျဥ္ဇနာဂမသန္ဓိမည်၏။ ပြယုဂ်ကား "ယထယိဒံ" တည်း။ ဤသန္ဓိသည် ယဗျည်းလာသောကြောင့် **ဗျဥ္ဇနာဂမသန္ဓိ** မည်၏။

၃။ နိဂ္ဂဟိတ်လာသောသန္ဓိသည် နိဂ္ဂဟီတာဂမသန္ဓိမည်၏။ ပြယုဂ်ကား "စက္ခုံ ဥဒပါဒိ"တည်း။ ဤသန္ဓိသည် ကွာထက်၌ နိဂ္ဂဟိတ်လာသောကြောင့် **နိဂ္ဂဟီတာဂမသန္ဓိ** မည်၏။

ဝိကာရသန္ဓိ ၂-ပါး

ဝိကာရသန္ဓိသည်လည်း သရဝိကာရသန္ဓိ, ဗျဥ္ဇနဝိကာရသန္ဓိအားဖြင့် နှစ်ပါး အပြားရှိ၏။ ထိုတွင်–

၁။ သရကို သရပြုသောသန္ဓိသည် သရဝိကာရသန္ဓိမည်၏။ ပြယုဂ်ကား "နောပေတိ"တည်း။ ဤသန္ဓိသည် ဥသရကို သြသရပြုသောကြောင့် **သရဝိကာရသန္ဓိ** မည်၏။

http://www.dhammadownload.com

၂။ ဗျည်းကို ဗျည်းပြုသော သန္ဓိသည် **ဗျဥ္ဇနဝိကာရသန္ဓိ** မည်၏။ ပြယုဂ်ကား "ဧက မိဒါဟံ" တည်း။ ဤသန္ဓိသည် ဓဗျည်းကို ဒဗျည်းပြုသောကြောင့် **ဗျဥ္ဇနဝိကာရသန္ဓိ** မည်၏။

ပကတိသန္ဓိ ၂-ပါး

ပကတိသန္ဓိသည်လည်း သရပကတိသန္ဓိ, ဗျဥ္ဇနပကတိသန္ဓိအားဖြင့် နှစ်ပါး အပြားရှိ၏။ ထိုတွင်–

၁။ သရနှောင်းရာ၌ ရှေးအတိုင်းပကတိပြုသောသန္ဓိသည် သရပကတိသန္ဓိ မည်၏။ ပြယုဂ်ကား "ကော ဂ္ဂမံ"တည်း။ ဤသန္ဓိသည် ဂ္ဂသရနှောင်းရာ၌ ဩကို ဩဟု ရှေးအတိုင်း ပကတိပြုသောကြောင့် **သရပကတိသန္ဓိ** မည်၏။

၂။ ဗျည်းနှောင်းရာ၌ ရှေးအတိုင်း ပကတိပြုသောသန္ဓိသည် ဗျဥ္ဇနပကတိ သန္ဓိမည်၏။ ပြယုဂ်ကား "မနောပုဗ္ဗင်္ဂမာ ဓမ္မာ"တည်း။ ဤသန္ဓိသည် ပဗျည်း နှောင်းရာ၌ ဩကို ဩဟု ရှေးအတိုင်းပကတိပြုသောကြောင့် **ဗျဥ္ဇနပကတိသန္ဓိ** မည်၏။

ဒီဃသန္ဓိ ၂-ပါး

ဒီဃသန္ဓိသည်လည်း ပုဗ္ဗသရဒီဃသန္ဓိ, ပရသရဒီဃသန္ဓိအားဖြင့် နှစ်ပါး အပြားရှိ၏။ ထိုတွင်–

၁။ ရှေ့သရကို ဒီဃပြုသောသန္ဓိသည် ပုဗ္ဗသရဒီဃသန္ဓိမည်၏။ ပြယုဂ်ကား "ကိံသုဓ"တည်း။ ဤသန္ဓိသည် ရှေ့ဥသရကို ဦဒီဃပြုသောကြောင့် **ပုဗ္ဗသရ ဒီဃသန္ဓိ** မည်၏။

၂။ နောက်သရကို ဒီဃပြုသောသန္ဓိသည် ပရသရဒီဃသန္ဓိမည်၏။ ပြယုဂ် ကား "သဒ္ဓိဓ"တည်း။ ဤသန္ဓိသည် နောက်ဣသရကို ဤဒီဃပြုသောကြောင့် **ပရသရဒီဃသန္ဓိ** မည်၏။

http://www.dhammadownload.com

တစ်နည်း ဒီယသန္ဓိ ၂-ပါး

တစ်နည်းကား သနိဒ္ဒေသဒီယသန္ဓိ, အနိဒ္ဒေသဒီယသန္ဓိအားဖြင့် နှစ်ပါး အပြားရှိ၏။ ထိုတွင်–

၁။ ရှေ့၌ချေခြင်းဟူသော ကာရိယကိုပြု၍ ဒီယပြုသောသန္ဓိသည် သနိဒ္ဒေသ ဒီယသန္ဓိမည်၏။ ပြယုဂ်ကား "သဒ္ဒိမ" တည်း။ ဤသန္ဓိသည် ရှေ့၌ အာသရကို ချေခြင်းတည်းဟူသော ကာရိယကိုပြု၍ ဒီယပြုသောကြောင့် **သနိဒ္ဒေသဒီယ သန္ဓိ** မည်၏။

၂။ ရှေ့၌ချေခြင်းတည်းဟူသော ကာရိယကိုမပြု၍ ဒီယပြုသောသန္ဓိသည် အနိဒ္ဒေသဒီယသန္ဓိမည်၏။ ပြယုဂ်ကား "မုနိစရေ"တည်း။ ဤသန္ဓိသည် ရှေ့၌ ချေခြင်းတည်းဟူသော ကာရိယကိုမပြု၍ ဒီယပြုသောကြောင့် **အနိဒ္ဒေသဒီယ သန္ဓိ** မည်၏။

ရဿသန္ဓိ ၂-ပါး

ရဿသန္ဓိသည်လည်း သနိဒ္ဒေသရဿသန္ဓိ, အနိဒ္ဒေသရဿသန္ဓိအားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုတွင်–

၁။ ရှေ့၌ ကာရိယကိုပြု၍ ရဿပြုသော သန္ဓိသည် သနိဒ္ဒေသရဿသန္ဓိ မည်၏။ ပြယုဂ်ကား "ယထရိဝ"တည်း။ ဤသန္ဓိသည် ရှေ့၌ ရိပြုခြင်းတည်းဟူ သော ကာရိယကိုပြု၍ ရဿပြုသောကြောင့် **သနိဒ္ဒေသရဿသန္ဓိ** မည်၏။

၂။ ရှေ့၌ ကာရိယကိုမပြု၍ ရဿပြုသော သန္ဓိသည် အနိဒ္ဒေသရဿသန္ဓိ မည်၏။ ပြယုဂ်ကား "ဘောဝါဒိ နာမ သော"တည်း။ ဤသန္ဓိသည် ရှေ့၌ ကာရိယကို မပြုမူ၍ ရဿပြုသောကြောင့် **အနိဒ္ဒေသရဿသန္ဓိ** မည်၏။

အသန္ဓိ ၂-ပါး

"သရာသရေ လောပံ "ဟူသော သုတ်၌ သရေဟူသော နိမိတ်၏ အစွမ်း ကြောင့် ကာလခြားရာ, ဝဏ္ဏခြားရာ ဤနှစ်ပါးတို့၌ သန္ဓိ မဖြစ်။ ထိုနှစ်ပါးတို့တွင်–

http://www.dhammadownload.com

ကာလခြားရာ

၁။ ဂါထာတို့၌ ဒုတိယပါဒ၏အဆုံးနှင့် တတိယပါဒ၏ အစသည် **ကာလ** ခြားသည် မည်၏။

ပြယုဂ်ကား "သဗ္ဗေ သခီါရာ အနိစ္စာ၊ ယဒါ ပညာယ ပဿတိ။ အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊ ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ"တည်း။ ဤပြယုဂ်၌ ပဿတိ၌ တိ-ဟူသော ဒုတိယပါဒ၏အဆုံးနှင့် အထ၌ အဟူသော တတိယပါဒ၏အစသည် ကာလခြားသောကြောင့် ပဿတျာထဟု သန္ဓိ မဖြစ်။

ဝဏ္ဏခြားရာ

၂။ နိဂ္ဂဟိတ်ခြားခြင်းသည် **ဝဏ္ဏ**ခြားသည်မည်၏။ ပြယုဂ်ကား "သကိံ ဧဝ" တည်း။ ဤသကိံဧဝ ဟူသောပြယုဂ်၌ နိဂ္ဂဟိတ်တည်းဟူသော ဝဏ္ဏခြားသော ကြောင့် သကေဝဟု သန္ဓိမဖြစ်။

ပုဗ္ဗလောပသရ ၆၄-လုံး

"သရာသရေ လောပံ" ဟူသော သုတ်ဖြင့် ချေအပ်သော သရတို့သည် ခြောက်ဆယ့်လေးလုံးတို့တည်း။ ခြောက်ဆယ့်လေးလုံးဟူသော်ကား အနောင်းရာ၌ ရှစ်လုံး။ ပ။ သြနောင်းရာ၌ ရှစ်လုံး။ ဤသို့လျှင် ခြောက်ဆယ့်လေးလုံးဖြစ်သတည်း။ အနောင်းရာ၌ ရှစ်လုံးဟူသော်ကား အ, အာ, ဣ, ဤ, ဥ, ဦ, ဧ, သြ ဤသို့ရှစ်လုံး ဖြစ်သတည်း။ပ။ သြနောင်းရာ၌ ရှစ်လုံးဟူသော်ကား အ, အာ, ဣ, ဤ, ဥ, ဦ, ဧ, သြ ဤသို့ ရှစ်လုံးဖြစ်သတည်း။ ဤသို့လျှင် ခြောက်ဆယ့်လေးလုံး ဖြစ်သတည်း။

ပရလောပသရ ၅၂-လုံး

"ဝါ ပရော အသရူပါ" ဟူသော သုတ်ဖြင့် ချေအပ်သောသရ တို့သည် ငါးဆယ့်နှစ်လုံးတို့တည်း။

http://www.dhammadownload.com

ထိုငါးဆယ့်နှစ်လုံးဟူသော်ကား အ-နောင် ခြောက်လုံး, အာ-နောင် ခြောက်လုံး, ဣ-နောင် ခြောက်လုံး, ဤ-နောင် ခြောက်လုံး, ဥ-နောင် ခြောက်လုံး, ဦ-နောင် ခြောက်လုံး, ဧ-နောင် ခြောက်လုံး, ဩ-နောင် ခြောက်လုံး, ဪ-နောင် ခြောက်လုံး, ဤသို့လျှင် ငါးဆယ့်နှစ်လုံး ဖြစ်သတည်း။

အ-နောင်ခြောက်လုံးဟူသော်ကား က္ကသရတစ်လုံး, ဤသရတစ်လုံး, ဥသရတစ်လုံး, ဦသရတစ်လုံး, ဧသရတစ်လုံး, ဩသရတစ်လုံး ဪသို့ခြောက်လုံး ဖြစ်သတည်း။

အာ-နောင် ခြောက်လုံး ဟူသော်ကား က္ကသရ တစ်လုံး, ဤသရ တစ်လုံး, ဥသရ တစ်လုံး, ဦသရတစ်လုံး, ဧသရတစ်လုံး, ဩသရတစ်လုံး ဪသို့ ခြောက်လုံးဖြစ်သတည်း။

က္က-နောင် ခြောက်လုံး ဟူသော်ကား အသရ တစ်လုံး, အာသရ တစ်လုံး, ဥသရတစ်လုံး, ဦသရတစ်လုံး, ဧသရတစ်လုံး, ဩသရတစ်လုံး ဪသို့ခြောက်လုံး ဖြစ်သတည်း။

ဤ-နောင် ခြောက်လုံး ဟူသော်ကား အသရ တစ်လုံး, အာသရ တစ်လုံး, ဥသရ တစ်လုံး, ဦသရတစ်လုံး, ဧသရတစ်လုံး, ဩသရတစ်လုံး ဪသို့ခြောက်လုံး ဖြစ်သတည်း။

ဥ-နောင် ခြောက်လုံး ဟူသော်ကား အသရ တစ်လုံး, အာသရ တစ်လုံး, က္ကသရ တစ်လုံး, ဤသရတစ်လုံး, ဧသရတစ်လုံး, ဩသရတစ်လုံး ဪသို့ခြောက်လုံး ဖြစ်သတည်း။

ဦ-နောင် ခြောက်လုံး ဟူသော်ကား အသရ တစ်လုံး, အာသရ တစ်လုံး, က္ကသရတစ်လုံး, ဤသရတစ်လုံး, ဧသရတစ်လုံး, ဩသရတစ်လုံး ဪသို့ခြောက်လုံး ဖြစ်သတည်း။

ဧ-နောင် ရှစ်လုံးဟူသော်ကား အသရတစ်လုံး, အာသရ တစ်လုံး, က္ကသရ

http://www.dhammadownload.com

တစ်လုံး, ဤသရတစ်လုံး, ဥသရတစ်လုံး, ဦသရတစ်လုံး, ဧသရတစ်လုံး, ဩသရ တစ်လုံး ဤသို့ရှစ်လုံး ဖြစ်သတည်း။

ဩ-နောင် ရှစ်လုံးဟူသော်ကား အသရတစ်လုံး, အာသရတစ်လုံး, ဣသရ တစ်လုံး, ဤသရတစ်လုံး, ဥသရတစ်လုံး, ဦသရတစ်လုံး, ဧသရတစ်လုံး, ဩသရ တစ်လုံး ဤသို့ရှစ်လုံး ဖြစ်သတည်း။ ဤသို့လျှင် ဂါးဆယ့်နှစ်လုံး ဖြစ်သတည်း။

ဝိကာရသရ ၄-ပါး

"ကွစာသဝဏ္ဏံ လုတ္တော"ဟူသောသုတ်ဖြင့် အသဝဏ်ပြုအပ်သော သရတို့ သည် လေးလုံးတို့တည်း။ လေးလုံးဟူသော်ကား အကျေရာ၌ နှစ်လုံး, အာကျေ ရာ၌ နှစ်လုံး ဤသို့သျှင် လေးလုံးဖြစ်သတည်း။

အကျေရာ၌ နှစ်လုံးဟူသော်ကား ဩအသဝဏ်ပြုအပ်သော ဥသရတစ်လုံး, ဧအသဝဏ်ပြုအပ်သော ဣသရတစ်လုံး ဤသို့ နှစ်လုံးဖြစ်သတည်း။

အာကျေရာ၌ နှစ်လုံးဟူသော်ကား ဩအသဝဏ်ပြုအပ်သော ဥသရ တစ် လုံး, ဧအသဝဏ်ပြုအပ်သော ဣသရတစ်လုံး ဤသို့နှစ်လုံးဖြစ်သတည်း။ ဤသို့ လျှင် လေးလုံးဖြစ်သတည်း။

ပရဒီဃသရ ၂၄-လုံး

"ဒီဃံ"ဟူသောသုတ်ဖြင့် ဒီဃပြုအပ်သော သရတို့သည် နှစ်ဆယ့်လေးလုံး တို့တည်း။ နှစ်ဆယ့်လေးလုံး ဟူသော်ကား အကျေရာ၌ သုံးလုံး, အာကျေရာ၌ သုံးလုံး, ဣကျေရာ၌သုံးလုံး, ဤကျေရာ၌သုံးလုံး, ဥကျေရာ၌သုံးလုံး, ဦကျေရာ ၌သုံးလုံး ဧကျေရာ၌သုံးလုံး, ဩကျေရာ၌သုံးလုံး ဤသို့လျှင် နှစ်ဆယ့်လေးလုံး ဖြစ်သတည်း။

အကျေရာ၌ သုံးလုံးဟူသော်ကား အာဒီဃပြုအပ်သော အသရ တစ်လုံး, ဤဒီဃ ပြုအပ်သော ဣသရတစ်လုံး, ဦဒီဃပြုအပ်သော ဥသရတစ်လုံး ဤသို့ သုံးလုံးဖြစ်သတည်း။

http://www.dhammadownload.com

အာ ကျေရာ၌ သုံးလုံးဟူသော်ကား ။ပ။
ကွ ကျေရာ၌ သုံးလုံးဟူသော်ကား ။ပ။
ဤ ကျေရာ၌ သုံးလုံးဟူသော်ကား ။ပ။
ဥ ကျေရာ၌ သုံးလုံးဟူသော်ကား ။ပ။
ဦ ကျေရာ၌ သုံးလုံးဟူသော်ကား ။ပ။
ဧ ကျေရာ၌ သုံးလုံးဟူသော်ကား ။ပ။

ဩကျေရာ၌ သုံးလုံးဟူသော်ကား အာဒီယပြုအပ်သော အသရ တစ်လုံး, ဤဒီယ ပြုအပ်သော ကွသရတစ်လုံး, ဦဒီယပြုအပ်သော ဥသရတစ်လုံး ဤသို့ သုံးလုံးဖြစ်သတည်း။ဤသို့လျှင် နှစ်ဆယ့်လေးလုံးဖြစ်သတည်း။

ပုဗ္ဗဒီယသရ ၁၈-လုံး

"ပုဗ္ဗော စ "ဟူသော သုတ်ဖြင့် ရှေ့သရကို ဒီယပြုအပ်သော သရတို့သည် တစ်ဆယ့်ရှစ်လုံးတို့တည်း။ တစ်ဆယ့်ရှစ်လုံးဟူသော်ကား အ ကျေရာ၌နှစ်လုံး, အာ ကျေရာ၌ နှစ်လုံး, ကွ ကျေရာ၌ နှစ်လုံး, ဤ ကျေရာ၌နှစ်လုံး, ဥ ကျေရာ၌ နှစ်လုံး, ဦ ကျေရာ၌နှစ်လုံး ဧ ကျေရာ၌သုံးလုံး, ဩ ကျေရာ၌သုံးလုံး ဤသို့လျှင် တစ်ဆယ့်ရှစ်လုံး ဖြစ်သတည်း။

အ ကျေရာ၌ နှစ်လုံးဟူသော်ကား ဤဒီယပြုအပ်သော ကွသရတစ်လုံး, ဦဒီယပြုအပ်သော ဥသရတစ်လုံး ဤသို့လျှင် နှစ်လုံးဖြစ်သတည်း။

အာ ကျေရာ၌ နှစ်လုံးဟူသော်ကား ဤဒီယပြုအပ်သော ကွသရတစ်လုံး, ဦဒီယပြုအပ်သော ဥသရတစ်လုံး ဤသို့လျှင် နှစ်လုံးဖြစ်သတည်း။

ကွ ကျေရာ၌ နှစ်လုံးဟူသော်ကား အာဒီယ ပြုအပ်သော အသရတစ်လုံး, ဦဒီယပြုအပ်သော ဥသရတစ်လုံး ဤသို့လျှင် နှစ်လုံးဖြစ်သတည်း။

ဤ ကျေရာ၌ နှစ်လုံးဟူသော်ကား ။ပ။ ဤသို့နှစ်လုံးဖြစ်သတည်း။

http://www.dhammadownload.com

ဥ ကျေရာ်၌ နှစ်လုံးဟူသော်ကား အာဒီယ ပြုအပ်သော အသရတစ်လုံး, ဤဒီယပြုအပ်သော ဣသရတစ်လုံး ဤသို့လျှင် နှစ်လုံးဖြစ်သတည်း။

ဦ ကျေရာ်၌ နှစ်လုံးဟူသော်ကား ။ပ။ ဤသို့လျှင် နှစ်လုံးဖြစ်သတည်း။

ဧ ကျေရာ်၌ သုံးလုံးဟူသော်ကား အာဒီယ ပြုအပ်သော အသရတစ်လုံး, ဤဒီယပြုအပ်သော ဣသရတစ်လုံး, ဦဒီယပြုအပ်သော ဥသရတစ်လုံး ဤသို့လျှင် သုံးလုံးဖြစ်သတည်း။

ဩ ကျေရာ်၌ သုံးလုံးဟူသော်ကား ။ပ။ ဤသို့လျှင် သုံးလုံးဖြစ်သတည်း။

ဤသို့လျှင် တစ်ဆယ့်ရှစ်လုံးဖြစ်သတည်း။

အာဂမ ၆၄-လုံး

"ယ-ဝ-မ-ဒ-န-တ-ရ-လာ-စာဂမာ"ဟူသော သုတ်ဖြင့်လာသော အက္ခရာတို့သည် ခြောက်ဆယ့်လေးလုံးတို့တည်း။ ခြောက်ဆယ့်လေးလုံး ဟူသော်ကား အ နှောင်းရာ၌ ရှစ်လုံး, အာ နှောင်းရာ၌ ရှစ်လုံး, ဣ နှောင်းရာ၌ ရှစ်လုံး, ဤ နှောင်းရာ၌ ရှစ်လုံး, ဥ နှောင်းရာ၌ ရှစ်လုံး, ဦ နှောင်းရာ၌ ရှစ်လုံး, ဧ နှောင်းရာ၌ ရှစ်လုံး, ဩ နှောင်းရာ၌ ရှစ်လုံး, ဤသို့လျှင် ခြောက်ဆယ့်လေးလုံးဖြစ်သတည်း။

အ နှောင်းရာ၌ ရှစ်လုံးဟူသော်ကား ယ ဝ မ ဒ န တ ရ လ ဤသို့ ရှစ်လုံးဖြစ်သတည်း။ ပ။ ဩ နှောင်းရာ၌ ရှစ်လုံးဟူသော်ကား ယ ဝ မ ဒ န တ ရ လ ဤသို့ ရှစ်လုံးဖြစ်သတည်း။

ဤသို့လျှင် ခြောက်ဆယ့်လေးလုံး ဖြစ်သတည်း။

သန္ဓိပုဒ်စစ်ပြီး၏။ ။

http://www.dhammadownload.com

၂-နာမ်ပုဒ်စစ်

ပုဒ်

ခပ်သိမ်းသော သဒ္ဒါသည် "ပဇ္ဇတေ ဉာယတေ အတ္ထော ဧတေနာတိ ပဒံ" ဟူသော ဝစနတ္ထနှင့်အညီ အနက်ကို သိခြင်း၏ အကြောင်းဖြစ်သောကြောင့် **ပုဒ်**မည်၏။

သျာဒျန္တစသော ပုဒ် ၂-ပါး

ထိုပုဒ်သည်လည်း "ပဇ္ဇတေ ဉာယတေ အတ္ထော ဧတေနာတိ ပဒံ"ဟူသော ဝစနတ္ထနှင့်အညီ အနက်ကို သိခြင်း၏ အကြောင်းဖြစ်သော သာမညလက္ခဏာ အားဖြင့် တစ်ပါးသာ၊ ဝိသေသလက္ခဏာအားဖြင့်သော်ကား သျာဒျန္တပုဒ်, တျာဒျန္တပုဒ်အားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတို့တွင်–

၁။ သိ အစရှိသော နာမ်ဝိဘတ် အဆုံးရှိသောပုဒ်သည် **သျာဒျန္တပုဒ်**မည်၏။ ပြယုဂ်ကား "အဿော" အစရှိသည်တည်း။

၂။ တိ အစရှိသော အာချာတ်ဝိဘတ် အဆုံးရှိသော ပုဒ်သည် **တျာဒျန္တပုဒ်**မည်၏။ ပြယုဂ်ကား "ဂစ္ဆတိ"တည်း။

ဧကတ္တရစသော ပုဒ် ၃-ပါး

တစ်နည်းကား ဧကတ္တရပုဒ်, အနေကတ္တရပုဒ်, အနေကပဒပုဒ်အားဖြင့် သုံးပါးအပြားရှိ၏။ ထိုသုံးပါးတို့တွင်–

၁။ တစ်လုံးသော အက္ခရာရှိသောပုဒ်သည် **ဧကတ္တရပုဒ်**မည်၏။ ပြယုဂ်ကား "ဂေါ"အစရှိသည်တည်း။

၂။ များသော အက္ခရာရှိသောပုဒ်သည် **အနေကတ္တရပုဒ်**မည်၏။ ပြယုဂ်ကား "ပုရိသော"အစရှိသည်တည်း။

http://www.dhammadownload.com

၃။ များသော ပုဒ်ရှိသောပုဒ်သည် **အနေကပဒပုဒ်**မည်၏။ ပြယုဂ်ကား "ယံကိဉ္စိ" အစရှိသည်တည်း။

နာမ်စသော ပုဒ် ၄-ပါး

တစ်နည်းကား နာမ်ပုဒ်, အာချာတ်ပုဒ်, ဥပသာရပုဒ်, နိပါတ်ပုဒ်အားဖြင့် လေးပါးအပြားရှိ၏။ ထိုတွင်–

နာမ်ပုဒ်

၁။ "အတ္ထေ နမတီတိ နာမံ" ဟူသော ဝစနတ္ထနှင့်အညီ အနက်၌ ညွတ်တတ်သော "အတ္တနိ စတ္ထေ နာမေတီတိ နာမံ" ဟူသော ဝစနတ္ထနှင့်အညီ မိမိသို့ အနက်တို့ကို ညွတ်စေတတ်သော "ဒဗ္ဗဝါစကံ နာမံ" ဟူသော ပရိဘာသာနှင့်အညီ ဒြဗ်ကို ဟောတတ်သော နာမ်ဝိဘတ် အဆုံးရှိသောပုဒ်သည် **နာမ်ပုဒ်**မည်၏။ ပြယုဂ်ကား "အဿော"တည်း။ ဤ၌ အဿသဒ္ဒါသည် မြင်းဒြဗ်ကို မြင်သောအခါ အနက်၌ ညွတ်သည်မည်၏။ အဿသဒ္ဒါကို ကြားသောအခါ မိမိသို့ အနက်တို့ကို ညွတ်စေသည်မည်၏။

အာချာတ်ပုဒ်

၂။ "ကြိယံ အာချာယတီတိ အာချာတံ"ဟူသော ဝစနတ္ထနှင့်အညီ ကြိယာကို ပဓာနအားဖြင့် ဟောတတ်သော အာချာတ်ဝိဘတ် အဆုံးရှိသော ပုဒ်သည် **အာချာတ်ပုဒ်**မည်၏။ ပြယုဂ်ကား "ဂစ္ဆတိ"အစရှိသည်တည်း။

ဥပသာရပုဒ်

၃။ "ဓာတွတ္ထံ ဥပေစ္စ သဇ္ဇေန္တိတိ ဥပသဂ္ဂါ" ဟူသော ဝစနတ္ထနှင့်အညီ ယေဘုယျအားဖြင့် ဓာတ်၏ ရှေ့၌တည်၍ ဓာတ်၏အနက်ကို စီရင်တတ်သော အပွဂအားဖြင့် နာမ်၏ရှေ့၌တည်၍ နာမ်၏ အနက်ကို စီရင်တတ်သော လိင်သုံးပါး, ဝိဘတ်ခုနစ်သွယ်တို့ဖြင့် မပျက်သော နှစ်ဆယ်သောပုဒ်သည် **ဥပသာရပုဒ်**မည်၏။ ပြယုဂ်ကား "ပ, ပရာ, နိ, နီ"အစရှိသည်တည်း။

http://www.dhammadownload.com

နိပါတ်ပုဒ်

၄။ "ပဒါနံ အာဒိမဏ္ဍာဝသာနေသု နိပတန္တိတိ နိပါတာ" ဟူသော ဝစနတ္ထနှင့်အညီ ပုဒ်တို့၏ အစ, အလယ်, အဆုံးတို့၌ကျတတ်သော "ဇောတကမတ္တော နိပါတော"ဟူသော ပရိဘာသာနှင့်အညီ အနက်ကို မဟောတတ် ထွန်းပတတ် ကာမျှဖြစ်သော လိင်သုံးပါး, ဝိဘတ်ခုနစ်သွယ်တို့ဖြင့် မပျက်သော မရေတွက်နိုင် များစွာသောပုဒ်သည် **နိပါတ်ပုဒ်**မည်၏။ ပြယုဂ်ကား "ယထာ တထာ"အစရှိသည်တည်း။

ကြိယာစသော နာမ် ၄-ပါး

ထိုလေးပါးသောပုဒ်တို့တွင် နာမ်ပုဒ်သည်လည်း "အတ္ထေ နမတီတိ နာမံ" ဟူသော ဝစနတ္ထနှင့်အညီ အနက်၌ညွတ်တတ်သော "အတ္ထနိ စတ္ထေ နာမေတီတိနာမံ" ဟူသော ဝစနတ္ထနှင့်အညီ မိမိသို့ အနက်တို့ကို ညွတ်စေတတ်သော "ဒဗ္ဗဝါစကံ နာမံ"ဟူသော ပရိဘာသာနှင့်အညီ ဒြပ်ကို ဟောတတ်သော နာမ်ဝိဘတ်အဆုံးရှိသော သာမညလက္ခဏာအားဖြင့် တစ်ပါးသာ၊ ဝိသေသလက္ခဏာအားဖြင့်သော်ကား ကြိယာနာမ်, ဂုဏနာမ်, ဇာတိနာမ်, ယာဒိစ္ဆကနာမ်အားဖြင့် လေးပါးအပြားရှိ၏။ ထိုတွင်–

ကြိယာနာမ်

၁။ ကြိယာကို စွဲ၍ဖြစ်သော နာမ်သည် **ကြိယာနာမ်**မည်၏။ ပြယုဂ်ကား "ပါစကော"တည်း။ ဤပါစကောဟူသော နာမ်သည် ချက်ခြင်းကြိယာကို စွဲ၍ဖြစ်သောကြောင့် ကြိယာနာမ်မည်၏။

ဂုဏနာမ်

၂။ ဂုဏ်ကိုစွဲ၍ ဖြစ်သောနာမ်သည် **ဂုဏနာမ်**မည်၏။ ပြယုဂ်ကား "တေဝိဇ္ဇော"တည်း။ ဤသည် ဝိဇ္ဇာသုံးပါးတည်းဟူသော ဂုဏ်ကို စွဲ၍ဖြစ်သောကြောင့် ဂုဏနာမ်မည်၏။

http://www.dhammadownload.com

ဇာတိနာမ်

၃။ ဇာတ်ကို စွဲ၍ဖြစ်သော နာမ်သည် **ဇာတိနာမ်**မည်၏။ ပြယုဂ်ကား "အသော"တည်း။ ဤသည် မြင်းတို့၏ တစ်ခုသည် တစ်ခုနှင့်တူသော အခြင်းအရာဟုဆိုအပ်သော ဇာတ်ကိုစွဲ၍ဖြစ်သောကြောင့် ဇာတိနာမ်မည်၏။

ယာဒိစ္ဆကနာမ်

၄။ အကြောင်းကို မစွဲမူ၍ဖြစ်သော နာမ်သည် **ယာဒိစ္ဆကနာမ်**မည်၏။ ပြယုဂ်ကား "တိသော"တည်း။ ဤသည် အကြောင်းကို မစွဲမူ၍ဖြစ်သောကြောင့် ယာဒိစ္ဆကနာမ်မည်၏။

သာမညစသော နာမ် ၄-ပါး

တစ်နည်းကား သာမညနာမ်, ဂုဏနာမ်, ကိတ္တိမနာမ်, သြပပါတိကနာမ် အားဖြင့် လေးပါးအပြားရှိ၏။ ထိုတွင်–

သာမညနာမ်

၁။ သမုတ်၍ဖြစ်သောနာမ်သည် **သာမညနာမ်**မည်၏။ ပြယုဂ်ကား "မဟာသမ္မတော"တည်း။ ဤသည် ကမ္ဘာဦးသူတို့သည် သမုတ်၍ဖြစ်သောကြောင့် သာမညနာမ်မည်၏။ တစ်နည်းကား ဇာတ်ကိုစွဲ၍ဖြစ်သောနာမ်သည် သာမညနာမ်မည်၏။ ပြယုဂ်ကား "အသော" တည်း။ ဤအသောဟူသော နာမ်သည် မြင်းဇာတ်ကို စွဲ၍ဖြစ်သောကြောင့် သာမညနာမ်မည်၏။

ဂုဏနာမ်

၂။ ဂုဏ်ကိုစွဲ၍ ဖြစ်သောနာမ်သည် **ဂုဏနာမ်** မည်၏။ ပြယုဂ်ကား "တေဝိဇ္ဇော"မည်၏ ဤသည်။ ပ။ ဂုဏနာမ်မည်၏။

ကိတ္တိမနာမ်

၃။ ကြား၍ ဖြစ်သောနာမ်သည် **ကိတ္တိမနာမ်** မည်၏။ ပြယုဂ်ကား

http://www.dhammadownload.com

"တေမိယော" တည်း။ ဤသည် အဆွေအမျိုးအပေါင်းတို့သည် ကြား၍ဖြစ်သောကြောင့် ကိတ္တိမနာမ်မည်၏။

ဩပပါတိကနာမ်

၄။ ရှေးပညတ်၌ ကျတတ်သောနာမ်သည် **ဩပပါတိကနာမ်** မည်၏။ ပြယုဂ်ကား 'စန္ဒေါ" တည်း။ ဤသည် ရှေးကမ္ဘာ၌လည်း လ၏စန္ဒဟူသော အမည်သည် ဤကမ္ဘာ၌လည်း လ၏စန္ဒဟူသော အမည်သည်သာဖြစ်၍ ရှေးပညတ်၌ ကျတတ်သောကြောင့် ဩပပါတိကနာမ် မည်၏။

အာဝတ္ထိကစသောနာမ် ၄-ပါး

တစ်နည်းကား အာဝတ္ထိကနာမ်, လိင်္ဂကနာမ်, နေမိတ္တိကနာမ်, အဓိစ္စသမုပ္ပန္နနာမ်အားဖြင့် လေးပါးအပြားရှိ၏။ ထိုတွင်–

အာဝတ္ထိကနာမ်

၁။ အခိုက်အတန့်ကို စွဲ၍ ဖြစ်သော နာမ်သည် **အာဝတ္ထိကနာမ်** မည်၏။ ပြယုဂ်ကား "ဝစ္ဆော"တည်း။ ဝစ္ဆော၊ နွားငယ်၊ ဤသည် ငယ်သောအခိုက်အတန့်ကို စွဲ၍ဖြစ်သောကြောင့် အာဝတ္ထိကနာမ်မည်၏။

လိင်္ဂကနာမ်

၂။ အသွင်ကိုစွဲ၍ ဖြစ်သောနာမ်သည် **လိင်္ဂကနာမ်** မည်၏။ ပြယုဂ်ကား "ဒဏ္ဍီ"အစရှိသည်တည်း။ ဤသည် တောင်ဝှေးတည်းဟူသော အသွင်ကို စွဲ၍ ဖြစ်သောကြောင့် လိင်္ဂကနာမ်မည်၏။

နေမိတ္တိကနာမ်

၃။ အကြောင်းကို စွဲ၍ဖြစ်သောနာမ်သည် **နေမိတ္တိကနာမ်**မည်၏။ ပြယုဂ်ကား "တေဝိဇ္ဇော"တည်း။ ဤသည် ဝိဇ္ဇာ သုံးပါးတည်းဟူသော အကြောင်းကို စွဲ၍ဖြစ်သောကြောင့် နေမိတ္တိကနာမ်မည်၏။

http://www.dhammadownload.com

အဓိစ္စသမုပ္ပန္နနာမ်

၄။ အကြောင်းကို မစွဲမူ၍ဖြစ်သော နာမ်သည် **အဓိစ္စသမုပ္ပန္နနာမ်** မည်၏။ ပြယုဂ်ကား "တိဿော"တည်း။ ဤသည် အကြောင်းကို မစွဲမူ၍ဖြစ်သောကြောင့် အဓိစ္စသမုပ္ပန္နနာမ် မည်၏။

လိင်္ဂိက, နေမိတ္တိကနာမ် ၂-ပါးအထူး

ထိုလေးပါးသောနာမ်တို့တွင် လိင်္ဂိကနာမ်, နေမိတ္တိကနာမ်နှစ်ပါးတို့၏အထူးကား- အပဖြစ်သောဝတ္ထုသည် အသွင်မည်၏။ ထိုအသွင်ကို စွဲ၍ဖြစ်သော နာမ်သည် လိင်္ဂိကနာမ်မည်၏။ အတွင်းဖြစ်သော ဝတ္ထုသည် အကြောင်းမည်၏။ ထိုအကြောင်းကို စွဲ၍ဖြစ်သောနာမ်သည် နေမိတ္တိကနာမ်မည်၏။ တစ်နည်းကား ထင်ရှားရှိသော ဝတ္ထုသည် အသွင်မည်၏။ ထိုအသွင်ကို စွဲ၍ဖြစ်သောနာမ်သည် လိင်္ဂိကနာမ်မည်၏။ ထင်ရှားမရှိသောဝတ္ထုသည် အကြောင်းမည်၏။ ထိုအကြောင်းကို စွဲ၍ဖြစ်သော နာမ်သည် နေမိတ္တိကနာမ် မည်၏။

နာမနာမ်စသော နာမ် ၅-ပါး

တစ်နည်းကား နာမနာမ်, သဗ္ဗနာမ်, သမာသ်နာမ်, တဒ္ဓိတ်နာမ်, ကိတ်နာမ် အားဖြင့် ငါးပါးအပြားရှိ၏။ ထိုတွင်-

နာမနာမ်

၁။ လိင်ဝိသေသနှင့် ယှဉ်၍ အနက်ဝိသေသကို ဟောသောနာမ်သည် **နာမနာမ်**မည်၏။ ပြယုဂ်ကား "တိဿော" တည်း။ ဤသည် ပုလ္လိင်တည်းဟူသော လိင်ဝိသေသနှင့်ယှဉ်၍ တိဿအမည်ရှိသော သူတည်းဟူသော အနက်ဝိသေသကို ဟောသောကြောင့် နာမနာမ်မည်၏။

သဗ္ဗနာမ်

၂။ လိင်သာမညနှင့်ယှဉ်၍ အနက်သာမညကို ဟောသောနာမ်သည် **သဗ္ဗနာမ်**မည်၏။ ပြယုဂ်ကား "ယ"တည်း။ ဤသည် ဣတ္ထိလိင်, ပုလ္လိင်, နပုလ္လိင်တည်း

http://www.dhammadownload.com

ဟူသော လိင်သာမညနှင့်ယှဉ်၍ အကြင်မိန်းမ, အကြင်ယောကျ်ား, အကြင်နပုံး အစရှိသော အနက်သာမညကို ဟောသောကြောင့် သဗ္ဗနာမ် မည်၏။

သမာသ်နာမ်

၃။ ပုဒ်အချင်းချင်းချဉ်း၍ သမာသ်ပြီးလတ်သော် ဝါကျအနက်အတွင်း မဝင်သောနာမ်သည် **သမာသ်နာမ်**မည်၏။ ပြယုဂ်ကား "ရညော ပုတ္တော ရာဇပုတ္တော" တည်း။ ဤသည် ပုဒ်အချင်းချင်းချဉ်း၍ သမာသ်ပြီးလတ်သော် မင်း၏သား တည်းဟူသော ဝါကျအနက်အတွင်း မဝင်သောကြောင့် သမာသ်နာမ် မည်၏။

တဒ္ဓိတ်နာမ်

၄။ ပုဒ်နှင့် ပစ္စည်းချဉ်း၍ တဒ္ဓိတ်ပြီးလတ်သော် ဝါကျအနက်အတွင်း မဝင်သောနာမ်သည် **တဒ္ဓိတ်နာမ်**မည်၏။ ပြယုဂ်ကား "ဝသိဒ္ဓသ အပစ္စံ ဝါသိဒ္ဒေါ" တည်း။ ဤသည် ပုဒ်နှင့် ပစ္စည်းချဉ်း၍ တဒ္ဓိတ်ပြီးလတ်သော် ဝသိဒ္ဓ အမည်ရှိသော သူ၏သားတည်းဟူသော ဝါကျအနက်အတွင်း မဝင်သောကြောင့် တဒ္ဓိတ်နာမ် မည်၏။

ကိတ်နာမ်

၅။ ဓာတ်နှင့်ပစ္စည်းချဉ်း၍ ကိတ်ပြီးလတ်သော် ဝါကျအနက်အတွင်း မဝင်သောနာမ်သည် **ကိတ်နာမ်**မည်၏။ ပြယုဂ်ကား "ပစတီတိ ပါစကော"တည်း။ ဤသည် ဓာတ်နှင့် ပစ္စည်းချဉ်း၍ ကိတ်ပြီးလတ်သော် ချက်တတ်၏ဟူသော ဝါကျအနက် အတွင်းမဝင်သောကြောင့် ကိတ်နာမ် မည်၏။

သုဒ္ဓနာမ် ၄-ပါး

ထိုငါးပါးတို့တွင် နာမနာမ်သည် သုဒ္ဓနာမ်မည်၏။ ထိုသုဒ္ဓနာမ်သည်လည်း ရူဠှိသုဒ္ဓနာမ်, သမာသ်သုဒ္ဓနာမ်, တဒ္ဓိတ်သုဒ္ဓနာမ်, ကိတ်သုဒ္ဓနာမ်အားဖြင့် လေးပါးအပြားရှိ၏။ ထိုတွင်–

http://www.dhammadownload.com

ရုဋ္ဌိသုဒ္ဓနာမ်

၁။ အထင်အားဖြင့် ဆိုအပ်သော နာမ်သည် **ရုဋ္ဌိသုဒ္ဓနာမ်** မည်၏။ ပြယုဂ်ကား "တိသော"တည်း။ ဤသည် တိသအမည်ရှိသော သူဌသာ အထင်အားဖြင့် ဆိုအပ်သောကြောင့် ရုဋ္ဌိသုဒ္ဓနာမ် မည်၏။

သမာသ်သုဒ္ဓနာမ်

၂။ ပုဒ်အချင်းချင်း ချဉ်း၍ သမာသ်ပြီးလတ်သော် ဝါကျအနက်အတွင်း ငုပ်သောနာမ်သည် **သမာသ်သုဒ္ဓနာမ်** မည်၏။ ပြယုဂ်ကား "နံ့သမ္ဗုဏ္ဏံ ဃရံ ဇေတ္ထာတိ နဂရံ"တည်း။ ဤသည် ပုဒ်အချင်းချင်း ချဉ်း၍ သမာသ်ပြီးလတ်သော် ပြည့်သောအိမ်ရှိ၏ဟူသော ဝါကျအနက်အတွင်းငုပ်သောကြောင့် သမာသ်သုဒ္ဓနာမ် မည်၏။

တဒ္ဓိတ်သုဒ္ဓနာမ်

၃။ ပုဒ်နှင့်ပစ္စည်း ချဉ်း၍ တဒ္ဓိတ်ပြီးလတ်သော် ဝါကျအနက်အတွင်း ငုပ်သောနာမ်သည် **တဒ္ဓိတ်သုဒ္ဓနာမ်** မည်၏။ ပြယုဂ်ကား "အဒိတိယာ အပစ္စံ အာဒိစ္စော"တည်း။ ဤသည် ပုဒ်နှင့်ပစ္စည်းချဉ်း၍ တဒ္ဓိတ်ပြီးလတ်သော် အဒိတိအမည်ရှိသော နတ်သမီး၏သားတည်းဟူသော ဝါကျအနက်အတွင်း ငုပ်သောကြောင့် တဒ္ဓိတ် သုဒ္ဓနာမ် မည်၏။

ကိတ်သုဒ္ဓနာမ်

၄။ ဓာတ်နှင့် ပစ္စည်းချဉ်း၍ ကိတ်ပြီးလတ်သော် ဝါကျအနက်အတွင်း ငုပ်သော နာမ်သည် **ကိတ်သုဒ္ဓနာမ်**မည်၏။ ပြယုဂ်ကား "ဂစ္ဆတီတိ ဂေါ"တည်း။ ဤသည် ဓာတ်နှင့် ပစ္စည်းချဉ်း၍ ကိတ်ပြီးလတ်သော် သွားတတ်၏ဟူသော ဝါကျအနက် အတွင်းငုပ်သောကြောင့် ကိတ်သုဒ္ဓနာမ် မည်၏။

သာမူဟိက စသော နာမ် ၆-ပါး

တစ်နည်းကား သာမူဟိကနာမ်, ပစ္စေကနာမ်, ဝိကပ္ပနာမ်, သံယောဂိက

http://www.dhammadownload.com

နာမ်, သမ္မန္ဓိကနာမ်, ပဋိပက္ခနာမ်အားဖြင့် ခြောက်ပါးအပြားရှိ၏။ ထိုတွင်–

သာမူဟိကနာမ်

၁။ အပေါင်းကိုစွဲ၍ ဖြစ်သောနာမ်သည် **သာမူဟိကနာမ်** မည်၏။ ပြယုဂ်ကား "ပဌော"တည်း။ ဤသည် ချည်ချောင်းအပေါင်းကို စွဲ၍ဖြစ်သောကြောင့် သာမူဟိကနာမ် မည်၏။

ပစ္စေကနာမ်

၂။ အစိတ်ကိုစွဲ၍ ဖြစ်သောနာမ်သည် **ပစ္စေကနာမ်** မည်၏။ ပြယုဂ်ကား "ဝဋ္ဋ"တည်း။ ဤသည် ဝါးတည်းဟူသော အစိတ်ကို စွဲ၍ဖြစ်သောကြောင့် ပစ္စေကနာမ် မည်၏။

ဝိကပ္ပနာမ်

၃။ ပရမတ္ထအားဖြင့် မရှိ၊ ကြံစည်အပ်သော အနက်ကို ဟောသော နာမ်သည် **ဝိကပ္ပနာမ်** မည်၏။ ပြယုဂ်ကား "ကာလော"တည်း။ ဤသည် ပရမတ္ထအားဖြင့် မရှိ၊ ကြံစည်အပ်သောအခါ ဟူသောအနက်ကို ဟောသောကြောင့် ဝိကပ္ပနာမ် မည်၏။

သံယောဂိကနာမ်

၄။ ယှဉ်ခြင်းကို စွဲ၍ဖြစ်သောနာမ်သည် **သံယောဂိကနာမ်** မည်၏။ ပြယုဂ်ကား "ကဏ္ဌသပ္ပေါ"တည်း။ ဤသည် မည်းသောဂုဏ်နှင့် ယှဉ်ခြင်းကို စွဲ၍ဖြစ်သောကြောင့် သံယောဂိကနာမ် မည်၏။

သမ္မန္ဓိကနာမ်

၅။ စပ်ခြင်းကို စွဲ၍ဖြစ်သောနာမ်သည် **သမ္မန္ဓိကနာမ်** မည်၏။ ပြယုဂ်ကား "အာဒိစ္စော"တည်း။ ဤသည် အဒိတိအမည်ရှိသော နတ်သမီးနှင့် စပ်ခြင်းကို စွဲ၍ဖြစ်သောကြောင့် သမ္မန္ဓိကနာမ် မည်၏။

http://www.dhammadownload.com

ပဋိပက္ခနာမ်

၆။ ဆန့်ကျင်ဘက်ဖြစ်သောအနက်ကို ဟောသောနာမ်သည် **ပဋိပက္ခနာမ်** မည်၏။ ပြယုဂ်ကား "ကိသော"တည်း။ ဤသည် ဆူသောသူ၏ ဆန့်ကျင်ဘက်ဖြစ်သော ကြုံသောသူ ဟူသောအနက်ကို ဟောသောကြောင့် ပဋိပက္ခနာမ် မည်၏။

သံယောဂိက သမ္မန္ဓိကနာမ် ၂-ပါးအထူး

ထိုခြောက်ပါးတို့တွင် သံယောဂိကနာမ်, သမ္မန္ဓိကနာမ် နှစ်ပါးတို့၏ အထူးကား သံယောဂိကနာမ်ကို သမာသ်ပုဒ်၌ ရအပ်၏။ သမ္မန္ဓိကနာမ်ကို တဒ္ဓိတ်ပုဒ်၌ ရအပ်၏။

သဗ္ဗနာမ် ၁၀-ပါး

သဗ္ဗနာမ်သည်လည်း လိင်သာမညနှင့်ယှဉ်၍ အနက်သာမညကိုဟောသော သာမညလက္ခဏာအားဖြင့် တစ်ပါးသာ၊ ဝိသေသလက္ခဏာအားဖြင့်သော်ကား "ပယောဂဝန္တ သဗ္ဗနာမ်, ဝစန, ဂုဏ, ပုစ္ဆာ, ပမာဏိက, သဗ္ဗ, ဒိသာ, အဝတ္ထာ, သခ်္ခ်ာ, ကာလ သဗ္ဗနာမ်အားဖြင့် ဆယ်ပါးအပြားရှိ၏။ ထိုဆယ်ပါးတို့တွင်–

ပယောဂဝန္တသဗ္ဗနာမ်

၁။ ယှဉ်ဘက်အားဖြင့် အနက်သာမညကို ဟောသော သဗ္ဗနာမ်သည် **ပယောဂဝန္တသဗ္ဗနာမ်** မည်၏။ ပြယုဂ်ကား "ယ"တည်း။ ဤသည် ယာ ဣတ္ထိ, ယော ပုရိသော, ယံ စိတ္တံ အစရှိသော ယှဉ်ဘက်အားဖြင့် အနက်သာမညကို ဟောသောကြောင့် ပယောဂဝန္တသဗ္ဗနာမ် မည်၏။

ဝစနသဗ္ဗနာမ်

၂။ ယှဉ်ဘက်ကင်းသောအားဖြင့် အနက်သာမညကိုဟောသော သဗ္ဗနာမ်သည် **ဝစနသဗ္ဗနာမ်** မည်၏။ ပြယုဂ်ကား "တုမ္ဟ"တည်း။ ဤသည် ဣတ္ထိ, ပုရိသော, စိတ္တံ အစရှိသော ယှဉ်ဘက်ကင်းသောအားဖြင့် အနက်သာမညကို

http://www.dhammadownload.com

ဟောသောကြောင့် ဝစနသဗ္ဗနာမ် မည်၏။

ဂုဏသဗ္ဗနာမ်

၃။ ဂုဏ်အားဖြင့် အနက်သာမညကို ဟောသော သဗ္ဗနာမ်သည် **ဂုဏသဗ္ဗနာမ်** မည်၏။ ပြယုဂ်ကား "နီလော"တည်း။ ဤသည် အညိုဟူသော ဂုဏ်အားဖြင့် အနက်သာမညကို ဟောသောကြောင့် ဂုဏသဗ္ဗနာမ် မည်၏။

ပုစ္ဆာသဗ္ဗနာမ်

၄။ အမေးအားဖြင့် အနက်သာမညကို ဟောသော သဗ္ဗနာမ်သည် **ပုစ္ဆာသဗ္ဗနာမ်** မည်၏။ ပြယုဂ်ကား "ကတမံ"တည်း။ ဤသည် အဘယ်နည်းဟူ အမေးအားဖြင့် အနက်သာမညကို ဟောသောကြောင့် ပုစ္ဆာသဗ္ဗနာမ် မည်၏။

ပမာဏိကသဗ္ဗနာမ်

၅။ အတိုင်းအရှည်အားဖြင့် အနက်သာမညကိုဟောသော သဗ္ဗနာမ်သည် **ပမာဏိကသဗ္ဗနာမ်** မည်၏။ ပြယုဂ်ကား "ထောကံ" တည်း။ ဤသည် အနည်းငယ်တည်းဟူသော အတိုင်းအရှည်အားဖြင့် အနက်သာမညကို ဟောသောကြောင့် ပမာဏိကသဗ္ဗနာမ် မည်၏။

သဗ္ဗသဗ္ဗနာမ်

၆။ အလုံးစုံအားဖြင့် အနက်သာမညကို ဟောသော သဗ္ဗနာမ်သည် **သဗ္ဗသဗ္ဗနာမ်** မည်၏။ ပြယုဂ်ကား "ကတရ" တည်း။ ဤသည် ဆိုအပ်ပြီးသည်မှ တစ်ပါး အလုံးစုံအားဖြင့် အနက်သာမညကို ဟောသောကြောင့် သဗ္ဗသဗ္ဗနာမ် မည်၏။

ဒိသာသဗ္ဗနာမ်

၇။ အရပ်မျက်နှာအားဖြင့် အနက်သာမညကို ဟောသော သဗ္ဗနာမ်သည် **ဒိသာသဗ္ဗနာမ်**မည်၏။ ပြယုဂ်ကား "ပုဗ္ဗ"တည်း။ ဤသည် အရှေ့ဟူသော အရပ်မျက်နှာအားဖြင့် အနက်သာမညကို ဟောသောကြောင့် ဒိသာသဗ္ဗနာမ်မည်၏။

http://www.dhammadownload.com

အဝတ္ထာသဗ္ဗနာမ်

၈။ အခိုက်အတန့်အားဖြင့် အနက်သာမညကို ဟောသော သဗ္ဗနာမ်သည် **အဝတ္ထာသဗ္ဗနာမ်** မည်၏။ ပြယုဂ်ကား "ဒီယော"တည်း။ ဤသည် ရှည်သော အခိုက်အတန့်အားဖြင့် အနက်သာမညကို ဟောသောကြောင့် အဝတ္ထာ သဗ္ဗနာမ် မည်၏။

သခ်္ခာသဗ္ဗနာမ်

၉။ အရေအတွက်အားဖြင့် အနက်သာမညကို ဟောသော သဗ္ဗနာမ်သည် **သခ်္ခာသဗ္ဗနာမ်** မည်၏။ ပြယုဂ်ကား "ဒွိ" တည်း။ ဤသည် နှစ်ခုဟူသော အရေအတွက်အားဖြင့် အနက်သာမညကို ဟောသောကြောင့် သခ်္ခာသဗ္ဗနာမ် မည်၏။

ကာလသဗ္ဗနာမ်

၁၀။ အခါအားဖြင့် အနက်သာမညကို ဟောသော သဗ္ဗနာမ်သည် **ကာလသဗ္ဗနာမ်** မည်၏။ ပြယုဂ်ကား "အတီတော"တည်း။ ဤသည် လွန်လေပြီးသော အခါအားဖြင့် အနက်သာမညကို ဟောသောကြောင့် ကာလသဗ္ဗနာမ် မည်၏။

လိင်

ဤသို့ ဆိုအပ်ပြီးသော နာမ်တို့သည် "လိနံ အပါကဋ္ဌံ အဂ်္ဂိ လိဂ်"ဟူသော ဝစနတ္ထနှင့်အညီ မထင်ရှားသော အစိတ်ဖြစ်သောကြောင့်၄င်း "လိနမတ္ထံ ဂမယတိ ဗောဓေတီတိ ဝါ လိဂ်" ဟူသော ဝစနတ္ထနှင့်အညီ ကွယ်ဝှက်သော အနက်ကို သိစေတတ်သောကြောင့်၄င်း **လိင်**မည်၏။

လိင် ၆-ပါး

ထိုလိင်သည်လည်း "လိနံ အပါကဋ္ဌံ အဂ်္ဂိ လိဂ်"ဟူသော ဝစနတ္ထနှင့်အညီ မထင်ရှားသော အစိတ်ဖြစ်သော "လိနမတ္ထံ ဂမယတိ ဗောဓေတီတိ ဝါ လိဂ်" ဟူသော ဝစနတ္ထနှင့်အညီ ကွယ်ဝှက်သောအနက်ကို သိစေတတ်သော သာမည

http://www.dhammadownload.com

လက္ခဏာအားဖြင့် တစ်ပါးသာ၊ ဝိသေသလက္ခဏာအားဖြင့်သော်ကား ကွတ္ထိလိင်, ပုလ္လိင်, နပုံလိင်, ဒွိလိင်, တိလိင်, အလိင်အားဖြင့် ခြောက်ပါးအပြား ရှိ၏။ ထိုတွင်–

၁။ ယာ, သာ ဟူသော သဗ္ဗနာမ်ပုဒ်နှင့် တုလျာဓိကရဏာ ဖြစ်ကောင်း သောလိင်သည် **ကွတ္ထိလိင်** မည်၏။ ပြယုဂ်ကား "ကညာ"တည်း။

၂။ ယော, သော ဟူသော သဗ္ဗနာမ်ပုဒ်နှင့် တုလျာဓိကရဏာ ဖြစ်ကောင်း သော လိင်သည် **ပုလ္လိင်** မည်၏။ ပြယုဂ်ကား "ပုရိသော"ကည်း။

၃။ ယံ, တံ ဟူသော သဗ္ဗနာမ်ပုဒ်နှင့် တုလျာဓိကရဏာ ဖြစ်ကောင်းသော လိင်သည် **နပုံလိင်** မည်၏။ ပြယုဂ်ကား "စိတ္တံ"တည်း။

၄။ နှစ်လိင် ဆက်ဆံကောင်းသော လိင်သည် **ဒွိလိင်** မည်၏။ ပြယုဂ်ကား "ဩဇာ, ဩဇော"တည်း။

၅။ သုံးလိင် ဆက်ဆံကောင်းသော လိင်သည် **တိလိင်** မည်၏။ ပြယုဂ်ကား "ပဥ္စာ, ပဥ္စော, ပဥ္စံ"တည်း။

၆။ ဥပသာရပုဒ်, နိပါတ်ပုဒ်, ပဋ္ဌအစ အဌာရသအဆုံးရှိသော သဒ္ဒါသဒ္ဒါ, တုမှသဒ္ဒါ, အမှသဒ္ဒါတို့သည် လိင်ဖြစ်ငြားသော်လည်း လိင်ကြောင့် ရုပ်အထူး မရှိသောကြောင့် **အလိင်** မည်၏။

ကွတ္ထိလိင် အန္တ ၇-ပါး

ထိုခုနစ်ပါးတို့တွင် ကွတ္ထိလိင်သည်လည်း–

၁။ အာကာရန္တ ပကတိရှိသော အာကာရန္တ ကွတ္ထိလိင်၊
၂။ ကွကာရန္တ ပကတိရှိသော ကွကာရန္တ ကွတ္ထိလိင်၊
၃။ ဤကာရန္တ ပကတိရှိသော ဤကာရန္တ ကွတ္ထိလိင်၊
၄။ ဥကာရန္တ ပကတိရှိသော ဥကာရန္တ ကွတ္ထိလိင်၊
၅။ ဥကာရန္တ ပကတိရှိသော အာကာရန္တ ကွတ္ထိလိင်၊

http://www.dhammadownload.com

၆။ ဦကာရန္တ ပကတိရှိသော ဦကာရန္တ ကွတ္ထိလိင်၊
၇။ ဩကာရန္တ ပကတိရှိသော ဩကာရန္တ ကွတ္ထိလိင်၊
အားဖြင့် ခုနစ်ပါးအပြားရှိ၏။ ထိုတွင်–

၁။ တည်သောအခါ အာကာရန္တနှင့် တည်၍ ပြီးသောအခါ အာကာရန္တ နှင့်ပြီးသော ကွတ္ထိလိင်သည် အာကာရန္တပကတိရှိသော **အာကာရန္တ** ကွတ္ထိလိင် မည်၏။ ပြယုဂ်ကား "ကညာ"တည်း။

၂။ တည်သောအခါ ကွကာရန္တနှင့် တည်၍ ပြီးသောအခါ ကွကာရန္တနှင့် ပြီးသော ကွတ္ထိလိင်သည် ကွကာရန္တ ပကတိရှိသော **ကွကာရန္တ** ကွတ္ထိလိင် မည်၏။ ပြယုဂ်ကား "ရတ္တိ"တည်း။

၃။ တည်သောအခါ ဤကာရန္တနှင့် တည်၍ ပြီးသောအခါ ဤကာရန္တနှင့် ပြီးသော ကွတ္ထိလိင်သည် ဤကာရန္တပကတိရှိသော **ဤကာရန္တ** ကွတ္ထိလိင် မည်၏။ ပြယုဂ်ကား "ကွတ္ထီ"တည်း။

၄။ တည်သောအခါ ဥကာရန္တနှင့် တည်၍ ပြီးသောအခါ ဥကာရန္တ နှင့်ပြီးသော ကွတ္ထိလိင်သည် ဥကာရန္တပကတိရှိသော **ဥကာရန္တ** ကွတ္ထိလိင် မည်၏။ ပြယုဂ်ကား "ဓေနု"တည်း။

၅။ တည်သောအခါ ဥကာရန္တနှင့် တည်၍ ပြီးသောအခါ အာကာရန္တနှင့် ပြီးသော ကွတ္ထိလိင်သည် ဥကာရန္တပကတိရှိသော **အာကာရန္တ** ကွတ္ထိလိင် မည်၏။ ပြယုဂ်ကား "မာတာ"တည်း။

၆။ တည်သောအခါ ဦကာရန္တနှင့် တည်၍ ပြီးသောအခါ ဦကာရန္တနှင့် ပြီးသော ကွတ္ထိလိင်သည် ဦကာရန္တပကတိရှိသော **ဦကာရန္တ** ကွတ္ထိလိင် မည်၏။ ပြယုဂ်ကား "ဝဓူ"တည်း။

၇။ တည်သောအခါ ဩကာရန္တနှင့် တည်၍ ပြီးသောအခါ ဩကာရန္တနှင့် ပြီးသော ကွတ္ထိလိင်သည် ဩကာရန္တပကတိရှိသော **ဩကာရန္တ**ကွတ္ထိလိင် မည်၏။ ပြယုဂ်ကား "ဂေါ"တည်း။

http://www.dhammadownload.com

ပုလ္လိင်အန္တ ၉-ပါး

ပုလ္လိင်သည်လည်း
၁။ အကာရန္တ ပကတိရှိသော ဩကာရန္တ ပုလ္လိင်၊
၂။ အကာရန္တ ပကတိရှိသော အာကာရန္တ ပုလ္လိင်၊
၃။ အာကာရန္တ ပကတိရှိသော အာကာရန္တ ပုလ္လိင်၊
၄။ ဣကာရန္တ ပကတိရှိသော ဣကာရန္တ ပုလ္လိင်၊
၅။ ဤကာရန္တ ပကတိရှိသော ဤကာရန္တ ပုလ္လိင်၊
၆။ ဥကာရန္တ ပကတိရှိသော ဥကာရန္တ ပုလ္လိင်၊
၇။ ဥကာရန္တ ပကတိရှိသော အာကာရန္တ ပုလ္လိင်၊
၈။ ဦကာရန္တ ပကတိရှိသော ဦကာရန္တ ပုလ္လိင်၊
၉။ ဩကာရန္တ ပကတိရှိသော ဩကာရန္တ ပုလ္လိင်၊
အားဖြင့် ကိုးပါးအပြားရှိ၏။ ထိုတွင်–

၁။ တည်သောအခါ အကာရန္တနှင့် တည်၍ ပြီးသောအခါ ဩကာရန္တနှင့် ပြီးသော ပုလ္လိင်သည် အာကရန္တပကတိရှိသော **ဩကာရန္တ** ပုလ္လိင် မည်၏။ ပြယုဂ်ကား "ပုရိသော"တည်း။

၂။ တည်သောအခါ အကာရန္တနှင့် တည်၍ ပြီးသောအခါ အာကာရန္တနှင့် ပြီးသော ပုလ္လိင်သည် အကာရန္တပကတိရှိသော **အာကာရန္တ** ပုလ္လိင် မည်၏။ ပြယုဂ်ကား "ရာဇာ"တည်း။

၃။ တည်သောအခါ အာကာရန္တနှင့် တည်၍ ပြီးသောအခါ အာကာရန္တ နှင့်ပြီးသော ပုလ္လိင်သည် အာကာရန္တပကတိရှိသော **အာကာရန္တ** ပုလ္လိင် မည်၏။ ပြယုဂ်ကား "သာ, ရာ"တည်း။ သာ၊ ခွေး။ ရာ၊ ဥစ္စာ။

၄။ တည်သောအခါ ဣကာရန္တနှင့် တည်၍ ပြီးသောအခါ ဣကာရန္တနှင့် ပြီးသော ပုလ္လိင်သည် ဣကာရန္တပကတိရှိသော **ဣကာရန္တ** ပုလ္လိင် မည်၏။ ပြယုဂ်ကား "အဂ္ဂိ"တည်း။

http://www.dhammadownload.com

၅။ တည်သောအခါ ဤကာရန္တနှင့် တည်၍ ပြီးသောအခါ ဤကာရန္တနှင့် ပြီးသော ပုလ္လိင်သည် ဤကာရန္တပကတိရှိသော **ဤကာရန္တ** ပုလ္လိင် မည်၏။ ပြယုဂ်ကား "ဒဏ္ဍီ"တည်း။

၆။ တည်သောအခါ ဥကာရန္တနှင့် တည်၍ ပြီးသောအခါ ဥကာရန္တနှင့် ပြီးသော ပုလ္လိင်သည် ဥကာရန္တပကတိရှိသော **ဥကာရန္တ** ပုလ္လိင်မည်၏။ ပြယုဂ်ကား "ဘိက္ခု"တည်း။

၇။ တည်သောအခါ ဥကာရန္တနှင့် တည်၍ ပြီးသောအခါ အာကာရန္တနှင့် ပြီးသော ပုလ္လိင်သည် ဥကာရန္တပကတိရှိသော **အာကာရန္တ** ပုလ္လိင် မည်၏။ ပြယုဂ်ကား "ပိတာ"တည်း။

၈။ တည်သောအခါ ဦကာရန္တနှင့် တည်၍ ပြီးသောအခါ ဦကာရန္တနှင့် ပြီးသော ပုလ္လိင်သည် ဦကာရန္တပကတိရှိသော **ဦကာရန္တ** ပုလ္လိင်မည်၏။ ပြယုဂ်ကား "သယမ္ဘူ"တည်း။

၉။ တည်သောအခါ ဩကာရန္တနှင့် တည်၍ ပြီးသောအခါ ဩကာရန္တနှင့် ပြီးသော ပုလ္လိင်သည် ဩကာရန္တပကတိရှိသော **ဩကာရန္တ** ပုလ္လိင် မည်၏။ ပြယုဂ်ကား "ဂေါ"တည်း။

နပုံလိင်အန္တ ၇-ပါး

နပုံလိင်သည်လည်း–

၁။ အကာရန္တ ပကတိရှိသော နိဂ္ဂဟိတန္တ နပုံလိင်၊
၂။ ဣကာရန္တ ပကတိရှိသော ဣကာရန္တ နပုံလိင်၊
၃။ ဤကာရန္တ ပကတိရှိသော ဣကာရန္တ နပုံလိင်၊
၄။ ဥကာရန္တ ပကတိရှိသော ဥကာရန္တ နပုံလိင်၊
၅။ ဦကာရန္တ ပကတိရှိသော ဥကာရန္တ နပုံလိင်၊
၆။ ဩကာရန္တ ပကတိရှိသော ဩကာရန္တ နပုံလိင်၊

http://www.dhammadownload.com

၇။ ဩကာရန္တ ပကတိရှိသော ဥကာရန္တ နပုံလိင်၊

အားဖြင့် ခုနစ်ပါးအပြားရှိ၏။ ထိုတွင်–

၁။ တည်သောအခါ အကာရန္တနှင့်တည်၍ ပြီးသောအခါ နိဂ္ဂဟီတန္တနှင့်ပြီးသော နပုံလိင်သည် အကာရန္တပကတိရှိသော **နိဂ္ဂဟီတန္တ** နပုံလိင်မည်၏။ ပြယုဂ်ကား "စိတ္တံ"တည်း။

၂။ တည်သောအခါ ဣကာရန္တနှင့်တည်၍ ပြီးသောအခါ ဣကာရန္တနှင့် ပြီးသော နပုံလိင်သည် ဣကာရန္တပကတိရှိသော **ဣကာရန္တ** နပုံလိင်မည်၏။ ပြယုဂ်ကား "အဋ္ဌိ"တည်း။

၃။ တည်သောအခါ ဤကာရန္တနှင့်တည်၍ ပြီးသောအခါ ဣကာရန္တနှင့် ပြီးသော နပုံလိင်သည် ဤကာရန္တပကတိရှိသော **ဣကာရန္တ** နပုံလိင်မည်၏။ ပြယုဂ်ကား "ဒါန် သုခကာရီ"တည်း။

၄။ တည်သောအခါ ဥကာရန္တနှင့်တည်၍ ပြီးသောအခါ ဥကာရန္တနှင့် ပြီးသော နပုံလိင်သည် ဥကာရန္တပကတိရှိသော **ဥကာရန္တ** နပုံလိင်မည်၏။ ပြယုဂ်ကား "စက္ခု"တည်း။

၅။ တည်သောအခါ ဦကာရန္တနှင့်တည်၍ ပြီးသောအခါ ဥကာရန္တနှင့် ပြီးသော နပုံလိင်သည် ဦကာရန္တပကတိရှိသော **ဥကာရန္တ** နပုံလိင် မည်၏။ ပြယုဂ်ကား "ဂေါတြဘု"တည်း။

၆။ တည်သောအခါ ဩကာရန္တနှင့်တည်၍ ပြီးသောအခါ ဩကာရန္တနှင့် ပြီးသော နပုံလိင်သည် ဩကာရန္တပကတိရှိသော **ဩကာရန္တ** နပုံလိင် မည်၏။ ပြယုဂ်ကား "ဂေါ"တည်း။

၇။ တည်သောအခါ ဩကာရန္တနှင့်တည်၍ ပြီးသောအခါ ဥကာရန္တနှင့် ပြီးသော နပုံလိင်သည် ဩကာရန္တပကတိရှိသော **ဥကာရန္တ** နပုံလိင်မည်၏။ ပြယုဂ်ကား "ဒိဂု"တည်း။

http://www.dhammadownload.com

ဒွိလိင် ၃-ပါး

ဒွိလိင်သည်လည်း ကွတ္ထိလိင် ပုလ္လိင်, ကွတ္ထိလိင် နပုံလိင်, ပုလ္လိင် နပုံလိင် အားဖြင့် သုံးပါးအပြားရှိ၏။ ထိုတွင်–

၁။ ယာ, သာ ဟူသော သဗ္ဗနာမ်ပုဒ်နှင့်ဂင်း၊ ယော, သော ဟူသော သဗ္ဗ နာမ် ပုဒ်နှင့်ဂင်း တုလျာဓိကရဏာ ဖြစ်ကောင်းသော ဒွိလိင်သည် ကွတ္ထိလိင်ပုလ္လိင် မည်၏။ ပြယုဂ်ကား "ဩဇာ, ဩဇော"တည်း။

၂။ ယာ, သာ ဟူသော သဗ္ဗနာမ်ပုဒ်နှင့်ဂင်း ၊ ယံ, တံ ဟူသော သဗ္ဗနာမ် ပုဒ်နှင့်ဂင်း တုလျာဓိကရဏာ ဖြစ်ကောင်းသော ဒွိလိင်သည် ကွတ္ထိလိင် နပုလ္လိင် မည်၏။ ပြယုဂ်ကား "မာလာ, မာလံ"တည်း။

၃။ ယော, သော ဟူသော သဗ္ဗနာမ်ပုဒ်နှင့်ဂင်း ၊ ယံ, တံ ဟူသော သဗ္ဗ နာမ်ပုဒ်နှင့်ဂင်း တုလျာဓိကရဏာ ဖြစ်ကောင်းသော ဒွိလိင်သည် ပုလ္လိင် နပုံလိင် မည်၏။ ပြယုဂ်ကား "စီဝရော, စီဝရံ"တည်း။

တိလိင် ၂-ပါး

တိလိင်သည်လည်း သဘာဝတိလိင်, ဝါစ္စတိလိင်အားဖြင့် နှစ်ပါးအပြား ရှိ၏။ ထိုတွင်–

၁။ သဘောအားဖြင့် သုံးလိင်ဆံကောင်းသော တိလိင်သည် **သဘာဝ** တိလိင် မည်၏။ ပြယုဂ်ကား ပဥ္စာ, ပဥ္စော, ပဥ္စံ"တည်း။

၂။ ဝိသေသျပုဒ်သို့လိုက်၍ သုံးလိင်ဆံကောင်းသောတိလိင်သည် **ဝါစ္စ**တိလိင် မည်၏။ ပြယုဂ်ကား "ဒီဃာ ရတ္တိ, ဒီဃော သံသာရော, ဒီဃံ ယောဇနံ"တည်း။

ဂိုဏ်း ၃-ပါး

ထိုဆိုအပ်ခဲ့ပြီးသော လိင်တို့၏အထူးကို ဂိုဏ်းအားဖြင့် သိအပ်၏။ ထို ဂိုဏ်းသည်လည်း မနောဂိုဏ်း, မနောဂဏာဒိဂိုဏ်း, အမနောဂိုဏ်း အားဖြင့် သုံးပါးအပြား ရှိ၏။

http://www.dhammadownload.com

မနောဂိုဏ်း လက္ခဏာ ၃-ပါး

ထိုတွင် နာဝိဘတ် နှောင်းရာ၌ သာ, သဝိဘတ် နှောင်းရာ၌ သော, သို့ဝိဘတ် နှောင်းရာ၌ သိအဆုံး ရှိခြင်း၊ သမာသ်တဒ္ဓိတ်တို့၏ အလယ်၌ ဩ အက္ခရာ အဆုံးရှိခြင်း၊ ကြိယာ၏ကံ၌ ဩအက္ခရာ အဆုံးရှိခြင်း၊ ဤလက္ခဏာ သုံးပါးနှင့်ယှဉ်သော ဂိုဏ်းသည် **မနောဂိုဏ်း** မည်၏။ ထိုမနောဂိုဏ်းသည် လိင်အားဖြင့် ပုလ္လိင်သာတည်း။ ပြယုဂ်ကား "မနသာ, မနသော, မနသိ, မနောဓာတု, မနောမယံ, မနောဥတ္တာ"တည်း။

မနောဂဏာဒိဂိုဏ်း လက္ခဏာ ၂-ပါး

နာဝိဘတ် နှောင်းရာ၌ သာ, သဝိဘတ် နှောင်းရာ၌ သော, သို့ဝိဘတ် နှောင်းရာ၌ သိအဆုံး ရှိခြင်း၊ ဤလက္ခဏာတစ်ပါးသာနှင့်သာ ယှဉ်သောဂိုဏ်းသည်၄င်း၊ သမာသ်တဒ္ဓိတ်တို့၏ အလယ်၌ ဩအက္ခရာ အဆုံးရှိခြင်း၊ ဤလက္ခဏာတစ်ပါးနှင့်သာ ယှဉ်သောဂိုဏ်းသည်၄င်း **မနောဂဏာဒိဂိုဏ်း** မည်၏။ ထို မနောဂဏာဒိဂိုဏ်းသည် လိင်အားဖြင့် ပုလ္လိင်သာတည်း။ ပြယုဂ်ကား "ဗိလသာ, ဗိလသော, ဗိလသိ, အာပေါဓာတု, အာပေါမယံ"တည်း။

အမနောဂိုဏ်း ၁၁-ပါး

ဤဆိုအပ်ခဲ့ပြီးသော လက္ခဏာသုံးပါးနှင့် မယှဉ်သောဂိုဏ်းသည် **အမနောဂိုဏ်း** မည်၏။ ထိုအမနောဂိုဏ်းသည်လည်း ပုရိသာဒိဂိုဏ်း, ဂုဏဝါဒိဂိုဏ်း, ပုမာဒိဂိုဏ်း, ဂစ္ဆန္တာဒိဂိုဏ်း, ရာဇာဒိဂိုဏ်း, သတ္ထာဒိဂိုဏ်း, စိတ္တာဒိဂိုဏ်း, ရတ္တာဒိဂိုဏ်း, ကညာဒိဂိုဏ်း, နဒါဒိဂိုဏ်း, ဂဟပတာဒိဂိုဏ်းအားဖြင့် တစ်ဆယ့်တစ်ပါး အပြားရှိ၏။ ထိုတွင်–

ပုရိသာဒိဂိုဏ်း

၁။"သော"ဟူသော သုတ်ဖြင့် သိဝိဘတ်ကို သြပြု၍ပြီးကောင်းသော ဂိုဏ်းသည် **ပုရိသာဒိဂိုဏ်း** မည်၏။ ထိုပုရိသာဒိဂိုဏ်းသည် လိင်အားဖြင့် ပုလ္လိင်သာတည်း။ ပြယုဂ်ကား "ပုရိသော"တည်း။

http://www.dhammadownload.com

ဂုဏဝါဒိဂိုဏ်း

၂။ "အာ သိမှ်"ဟူသော သုတ်ဖြင့် သိဝိဘတ်နှင့်တကွ အာ ပြု၍၄င်း၊ "အံ နပုံသကေ"ဟူသောသုတ်ဖြင့် သိဝိဘတ်နှင့်တကွ အံပြု၍၄င်း ပြီးကောင်းသော ဂိုဏ်းသည် **ဂုဏဝါဒိဂိုဏ်း** မည်၏။ ထိုဂုဏဝါဒိဂိုဏ်းသည်လည်း လိင်အားဖြင့် အချို့ကား ပုလ္လိင်၌ ဖြစ်၏။ ပြယုဂ်ကား "ဂုဏဝါ"တည်း။ အချို့ကား နပုံလိင်၌ ဖြစ်၏။ ပြယုဂ်ကား "ဂုဏဝံ"တည်း။

ပုမာဒိဂိုဏ်း

၃။ "ပုမန္တသာ သိမှ်' ဟူသော သုတ်ဖြင့် သိဝိဘတ်နှင့်တကွ အာပြု၍ ပြီးကောင်းသော ဂိုဏ်းသည် **ပုမာဒိဂိုဏ်း** မည်၏။ ထိုပုမာဒိဂိုဏ်းသည် လိင်အားဖြင့် ပုလ္လိင်သာတည်း။ ပြယုဂ်ကား "ပုမာ"တည်း။

ဂစ္ဆန္တာဒိဂိုဏ်း

၄။ "သိမှ် ဂစ္ဆန္တာဒိနံ နန္တသဒ္ဒေါ အံ"ဟူသော သုတ်ဖြင့် သိဝိဘတ်နှောင်းရာ၌ အံပြု၍ ပြီးကောင်းသောဂိုဏ်းသည် **ဂစ္ဆန္တာဒိဂိုဏ်း** မည်၏။ ထိုသည် လိင်အားဖြင့် အချို့ကား ပုလ္လိင်၌ ဖြစ်၏။ ပြယုဂ်ကား "ဂစ္ဆံ ပုရိသော"တည်း။ အချို့ကား နပုံလိင်၌ ဖြစ်၏။ ပြယုဂ်ကား "ဂစ္ဆံ စိတ္တံ"တည်း။

ရာဇာဒိဂိုဏ်း

၅။"သျာ စ"ဟူသော သုတ်ဖြင့် သိဝိဘတ်ကို အာ-ပြု၍ ပြီးကောင်းသော ဂိုဏ်းသည် **ရာဇာဒိဂိုဏ်း** မည်၏။ ထိုသည် လိင်အားဖြင့် ပုလ္လိင်သာတည်း။ ပြယုဂ်ကား "ရာဇာ"တည်း။

သတ္ထာဒိဂိုဏ်း

၆။ "သတ္ထုပိတာဒိနမာ သိသွိ သိလောပေါ စ"ဟူသောသုတ်ဖြင့် သိဝိဘတ်နှောင်းရာ၌ ဥကို အာပြု၍ သိဝိဘတ်ကို ချေ၍ ပြီးကောင်းသောဂိုဏ်းသည် **သတ္ထာဒိဂိုဏ်း** မည်၏။ ထိုသည် လိင်အားဖြင့် အချို့ကား ပုလ္လိင်၌ဖြစ်၏။ ပြယုဂ်ကား"သတ္ထာ"တည်း။ အချို့ကား ဣတ္ထိလိင်၌ဖြစ်၏။ ပြယုဂ်ကား"မာတာ"တည်း။

http://www.dhammadownload.com

စိတ္တာဒိဂုဏ်း

၇။ "သိ"ဟူသော သုတ်ဖြင့် သိဝိဘတ်ကို အံ့ပြု၍ ပြီးကောင်းသော ဂုဏ်းသည် **စိတ္တာဒိဂုဏ်း** မည်၏။ ထိုသည် လိင်အားဖြင့် နပုံလိင်သာတည်း။ ပြယုဂ်ကား "စိတ္တံ"တည်း။

ရတ္တာဒိဂုဏ်း

၈။ "သေသတော လောပံ ဂသိပိ"ဟူသော သုတ်ဖြင့် သိဝိဘတ်ကို ချေ၍ ပြီးကောင်းသော ဂုဏ်းသည် **ရတ္တာဒိဂုဏ်း** မည်၏။ထိုဂုဏ်းသည် လိင်အားဖြင့် အချို့ကား ဣတ္ထိလိင်၌ ဖြစ်၏။ ပြယုဂ်ကား "ရတ္တိ"တည်း။ အချို့ကား ပုလ္လိင်၌ ဖြစ်၏။ ပြယုဂ်ကား "အဂ္ဂိ"တည်း။ အချို့ကား နပုံလိင်၌ ဖြစ်၏။ ပြယုဂ်ကား "အဒ္ဒိ"တည်း။

ကညာဒိဂုဏ်း

၉။ "ဣတ္ထိယမတော အာပစ္စယော"ဟူသော သုတ်ဖြင့် အာပစ္စည်းသက်၍ ပြီးကောင်းသော ဂုဏ်းသည် **ကညာဒိဂုဏ်း** မည်၏။ ထိုသည် လိင်အားဖြင့် ဣတ္ထိလိင်သာတည်း။ ပြယုဂ်ကား "ကညာ"တည်း။

နဒါဒိဂုဏ်း

၁၀။ "နဒါဒိတော ဝါ ဤ"ဟူသောသုတ်ဖြင့်၄င်း "ဏဝဏိကဏောယျဏန္တ္ဟိ ဟိ "ဟူသော သုတ်ဖြင့်၄င်း ဤပစ္စည်းသက်၍ ပြီးကောင်းသော ဂုဏ်းသည် **နဒါဒိဂုဏ်း** မည်၏။ ထိုသည် လိင်အားဖြင့် ဣတ္ထိလိင်သာတည်း။ ပြယုဂ်ကား "နဒီ"တည်း။

ဂဟပတာဒိဂုဏ်း

၁၁။ "ပတိဘိဂ္ဟ ရာဇိကာရန္တေဟိ ဣနီ"ဟူသော သုတ်ဖြင့် ဣနီ-ပစ္စည်းသက်၍ ပြီးကောင်းသောဂုဏ်းသည် **ဂဟပတာဒိဂုဏ်း** မည်၏။ ထိုသည် လိင်အားဖြင့် ဣတ္ထိလိင်သာတည်း။ ပြယုဂ်ကား "ဂဟပတာနီ"တည်း။

http://www.dhammadownload.com

ဥပသာရပုဒ် ၃-ပါး

ဥပသာရပုဒ်သည်လည်း ဆိုအပ်ပြီးသော သာမညလက္ခဏာအားဖြင့် တစ်ပါးသာ၊ ဝိသေသလက္ခဏာအားဖြင့်သော်ကား–

၁။ ဓာတွတ္ထဝိသေသကဥပသာရ၊

၂။ ဓာတွတ္ထဗာဓကဥပသာရ၊

၃။ ဓာတွတ္ထာနုဝတ္တကဥပသာရ၊ အားဖြင့် သုံးပါးအပြားရှိ၏။ ထိုတွင်–

ဓာတွတ္ထဝိသေသက

၁။ ဓာတ်၏အနက်ကို အထူးပြုတတ်သော ဥပသာရသည် **ဓာတွတ္ထဝိသေသက** ဥပသာရ မည်၏။ ပြယုဂ်ကား "ဥဂ္ဂစ္ဆတိ"တည်း။ ဤ၌၌ ဥ-ဟူသော ဥပသာရသည် သွားခြင်းတည်းဟူသော ဂမုဓာတ်၏ အနက်ကို အထူးပြုတတ်သောကြောင့် ဓာတွတ္ထဝိသေသကဥပသာရ မည်၏။

ဓာတွတ္ထဗာဓက

၂။ ဓာတ်၏အနက်ကို မြစ်တတ်သော ဥပသာရသည် **ဓာတွတ္ထဗာဓကဥပသာရ** မည်၏။ ပြယုဂ်ကား "ပရာဇေန္တိ"တည်း။ ဤ၌၌ ပရာဟူသော ဥပသာရသည် အောင်ခြင်းတည်းဟူသော ဇိဓာတ်၏ အနက်ကို မြစ်တတ်သောကြောင့် ဓာတွတ္ထဗာဓကဥပသာရ မည်၏။

ဓာတွတ္ထာနုဝတ္တက

၃။ ဓာတ်၏အနက်သို့ အစဉ်လိုက်တတ်သော ဥပသာရသည် **ဓာတွတ္ထာနုဝတ္တကဥပသာရ**မည်၏။ ပြယုဂ်ကား "ပတိဋ္ဌာတိ"အစရှိသည်တည်း။ ဤ၌၌ ပတိဟူသောဥပသာရသည် တည်ခြင်းတည်းဟူသော ဌာဓာတ်၏အနက်သို့ အစဉ်လိုက်တတ်သောကြောင့် ဓာတွတ္ထာနုဝတ္တကဥပသာရမည်၏။

ဥပသာရပုဒ် ၂-ပါး

တစ်နည်းကား အကိုသဥပသာရ, အနုကူလဥပသာရအားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုတွင်–

http://www.dhammadownload.com

အကုံသဉ္ဉပသာရ

၁။ ဓာတွတ္ထဝိသေသကဉ္ဉပသာရ, ဓာတွတ္ထဗာဓကဉ္ဉပသာရတို့သည် ဓာတ်၏အနက်ကို မြစ်တတ်သောကြောင့် **အကုံသ**ဉ္ဉပသာရ မည်၏။

အနုကူလဉ္ဉပသာရ

၂။ ဓာတွတ္ထာနုဝတ္တက ဉ္ဉပသာရသည် ဓာတ်၏အနက်အားလျော်သောကြောင့် **အနုကူလ**ဉ္ဉပသာရ မည်၏။

နိပါတ်ပုဒ် ၂-ပါး

နိပါတ်ပုဒ်သည်လည်း "ပဒါနံ အာဒိမဇ္ဈာဝသာနေသု နိပတန္တီတိ နိပါတာ" ဟူသော ဝစနတ္ထနှင့်အညီ ပုဒ်တို့၏ အစ, အလယ်, အဆုံး၌ ကျတတ်သော သာမညလက္ခဏာအားဖြင့် တစ်ပါးသာ၊ ဝိသေသလက္ခဏာအားဖြင့်သော်ကား ဝိဘတ္တိယုတ္တနိပါတ်ပုဒ်, ဝိဘတ္တိအယုတ္တနိပါတ်ပုဒ်အားဖြင့် နှစ်ပါးအပြား ရှိ၏။ ထိုတွင်–

ဝိဘတ္တိယုတ္တနိပါတ်

၁။ ပုဒ်နောင် ဝိဘတ်သက်ကောင်းသော နိပါတ်ပုဒ်သည် **ဝိဘတ္တိယုတ္တ** နိပါတ်ပုဒ်မည်၏။ ပြယုဂ်ကား"အတ္ထိ"တည်း။ ဤ'အတ္ထိ'ဟူသောနိပါတ်ပုဒ်သည် ပုဒ်နောင် ဝိဘတ်သက်ကောင်းသောကြောင့် ဝိဘတ္တိယုတ္တနိပါတ်ပုဒ်မည်၏။

ဝိဘတ္တိအယုတ္တနိပါတ်

၂။ ပုဒ်နောင် ဝိဘတ်မသက်ကောင်းသော နိပါတ်ပုဒ်သည် **ဝိဘတ္တိအယုတ္တ** နိပါတ်ပုဒ် မည်၏။ ပြယုဂ်ကား "သစေ"တည်း။ ဤ 'သစေ'ဟူသော နိပါတ်ပုဒ်သည် ပုဒ်နောင် ဝိဘတ်မသက်ကောင်းသောကြောင့် ဝိဘတ္တိအယုတ္တနိပါတ်ပုဒ်မည်၏။

နာမ်ပုဒ်စစ်ပြီး၏။ ။

http://www.dhammadownload.com

၃-ကာရကပုဒ်စစ်

ကာရက

လေးပါးသော ပုဒ်တို့တွင် နာမ်ပုဒ်သည် သညာအားဖြင့် ကာရက, အကာရကဟူ၍ နှစ်ပါးအပြားရှိ၏။ ထိုတွင် "ကတ္တုကမ္မဋ္ဌ ကြိယံ ကရောတိ အဘိနိပ္ဖါဒေတီတိ ကာရကော" ဟူသော ဝစနတ္ထနှင့်အညီ ကတ္တား, ကံ၌တည်သောကြိယာကို ပြီးစေတတ်သော ကြိယာနိပ္ဖါဒနသတ္တိသည် **ကာရက** မည်၏။ ပြယုဂ်ကား "ပုရိသော မဂ္ဂံ ဂစ္ဆတိ, ပုရိသော ဩဒနံ ပစတိ" အစရှိသည်တည်း။ ဤ၌ ယောက်ျားဖြင် တည်းဟူသော ကတ္တား၌တည်သော သွားခြင်းကြိယာ, ထမင်းဖြင်တည်းဟူသော ကံ၌တည်သော ကျက်ခြင်းကြိယာကို ပြီးစေတတ်သော ယောက်ျားဖြင်၏ ကြိယာနိပ္ဖါဒနသတ္တိသည် မုချအားဖြင့် ကာရက မည်၏။ ယောကျ်ားဖြင်သည်လည်း သတ္တိ၏တည်ရာဖြစ်၍ ဌာနျူပစာရတ္ထအားဖြင့် ကာရက မည်၏။ ယောက်ျား ဖြင်တည်းဟူသော အနက်ကို ဟောသော ပုရိသသဒ္ဒါသည်လည်း ဖြင်အနက်ကို အကြောင်းပြု၍ ကာရကူပစာရတ္ထအားဖြင့် ကာရက မည်၏။

သဗ္ဗကြိယာဗျာပီ စသော ကာရက ၂-ပါး

ထိုကာရကသည်လည်း "ကတ္တုကမ္မဋ္ဌ ကြိယံ ကရောတိ အဘိနိပ္ဖါဒေတီတိ ကာရကော"ဟူသော ဝစနတ္ထနှင့်အညီ ကတ္တားကံ၌ တည်သောကြိယာကို ပြီးစေတတ်သော သာမညလက္ခဏာအားဖြင့် တစ်ပါးသာ၊ ဝိသေသလက္ခဏာအားဖြင့်သော်ကား သဗ္ဗကြိယာဗျာပီကာရက, ဝိသေသကြိယာဗျာပီကာရက အားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုတွင်–

၁။ ကတ္တုကာရကသည် အလုံးစုံသော ကြိယာ၌ နှံ့တတ်သောကြောင့် သဗ္ဗကြိယာဗျာပီကာရက မည်၏။

၂။ ကံ အစရှိသော ငါးပါးသော ကာရကတို့သည် ထူးသောကြိယာ၌ နှံ့တတ်သောကြောင့် ဝိသေသကြိယာဗျာပီကာရက မည်၏။

http://www.dhammadownload.com

ကတ္တုစသော ကာရက ၆-ပါး

တစ်နည်းကား ကတ္တုကာရက, ကမ္မကာရက, ကရဏကာရက, သမ္ပဒါန ကာရက, အပါဒါနကာရက, သြကာသကာရကအားဖြင့် ခြောက်ပါးအပြားရှိ၏။ ထိုတွင်–

ကတ္တုကာရက

၁။ 'သည်' ဟူ၍ဂွင်း၊ 'ကား'ဟူ၍ဂွင်း ပေးအပ်သော ကြိယာနိပ္ဖါဒနသတ္တိ သည် "ကရောတိ ကြိယံ အဘိနိပ္ဖါဒေတီတိ ကတ္တာ" ဟူသော ဝစနတ္ထကြောင့် **ကတ္တုကာရက** မည်၏။ ပြယုဂ်ကား "ပုရိသော မဂ္ဂံ ဂစ္ဆတိ" တည်း။ ဤ၌ သွား ခြင်းကြိယာကို ပြီးစေတတ်သော ယောဂျားဖြစ်၏ ကြိယာနိပ္ဖါဒနသတ္တိသည် ကတ္တု ကာရက မည်၏။

ကမ္မကာရက

၂။ 'ကို' ဟူ၍ဂွင်း၊ 'သို့' ဟူ၍ဂွင်း ပေးအပ်သော ကြိယာပါပုဏာနသတ္တိ သည် "ကရီယတိ ကြိယာယ ပါပုဏီယတီတိ ကမ္မံ " ဟူသော ဝစနတ္ထကြောင့် **ကမ္မကာရက** မည်၏။ ပြယုဂ်ကား "ပုရိသော သြဒနံ ပစတိ"တည်း။ ဤ၌ ချက် ခြင်း ကြိယာဖြင့် ရောက်အပ်သော ထမင်းဖြစ်၏ ကြိယာပါပုဏာနသတ္တိသည် ကမ္မကာရက မည်၏။

ကရဏကာရက

၃။ 'ဖြင့်'ဟူ၍ပေးအပ်သော ကြိယာသာဓကတမသတ္တိသည် "ကရီယတေ အနေနာတိ ကရဏံ"ဟူသော ဝစနတ္ထကြောင့် **ကရဏကာရက** မည်၏။ ပြယုဂ် ကား "ဒတ္တေန ဝိဟိ လုနာတိ"တည်း။ ဤ၌ ရိတ်ခြင်းကြိယာကို အထူးပြုသဖြင့် ပြီးစေတတ်သော တံစဉ်ဖြစ်၏ ကြိယာသာဓကတမသတ္တိသည် ကရဏကာရက မည်၏။

http://www.dhammadownload.com

သမ္မဒါနကာရက

၄။ 'အား'ဟူ၍၄င်း၊ 'ဌ'ဟူ၍၄င်း ပေးအပ်သော ဝတ္ထုပဋိဂ္ဂါဟကသတ္တိသည် "သမ္မာ ပဒီယတေ ယဿာတိ သမ္မဒါနံ" ဟူသော ဝစနတ္ထကြောင့် **သမ္မဒါန ကာရက** မည်၏။ ပြယုဂ်ကား "ဘိက္ခုဿ စီဝရံ ဒဒါတိ" တည်း။ ဤ၌ သင်္ခန်း တည်းဟူသော ဝတ္ထုကို ခံတတ်သော ရဟန်းဖြစ်၏ ဝတ္ထုပဋိဂ္ဂါဟကသတ္တိသည် သမ္မဒါနကာရက မည်၏။

အပါဒါနကာရက

၅။'မှ' ဟူ၍၄င်း၊ 'အောက်'ဟူ၍၄င်း 'ထက်'ဟူ၍၄င်း ပေးအပ်သော ကြိယာ အပဂမန သတ္တိသည် "ကုတော အပနေတွာ အာဒဒါတိတိ အပါဒါနံ" ဟူ သော ဝစနတ္ထကြောင့် **အပါဒါနကာရက** မည်၏။ ပြယုဂ်ကား "ဂါမာ အပေန္တိ မုနယော" တည်း။ ဤ၌ ဖဲခြင်းကြိယာဖြင့် ရဟန်းဖြစ်မှ ကင်းသောရွာဖြစ်၏ ကြိယာအပဂမနသတ္တိသည် အပါဒါနကာရက မည်၏။

ဩကာသကာရက

၆။ 'ဍ' ဟူ၍ ပေးအပ်သော ကြိယာပတိဋ္ဌာပနသတ္တိသည် "အဝကာသန္တိ ပတိဋ္ဌဟန္တိ ကတ္တုကမ္မာနိ ဧတ္ထာတိ ဩကာသော" ဟူသော ဝစနတ္ထကြောင့် **ဩကာသကာရက**မည်၏။ ပြယုဂ်ကား "ဘူမိသု မနုဿာ စရန္တိ"တည်း။ ဤ၌ သွားခြင်း ကြိယာ၏ တည်ရာဖြစ်သော မြေဖြစ်၏ ကြိယာပတိဋ္ဌာပနသတ္တိသည် ဩကာသကာရက မည်၏။

မုချ, ဥပစာကာရက ၂-ပါး

ထိုခြောက်ပါးတို့တွင် ကတ္တုကာရကသည် စင်စစ်ကြိယာကို ပြီးစေတတ် သည်ဖြစ်၍ မုချအားဖြင့် ကာရက မည်၏။ ကမ္မအစရှိသော ငါးပါးသော ကာရက တို့သည် ကြိယာပြီးခြင်း၏ အကြောင်းဖြစ်၍ ဖလူပစာရအားဖြင့် ကာရက မည် ကုန်၏။

http://www.dhammadownload.com

ဝုတ္ထ, အဝုတ္ထကတ္ထား ၂-ပါး

ထိုခြောက်ပါးတို့တွင် ကတ္တုကာရကသည် ဝုတ္ထကတ္ထား, အဝုတ္ထကတ္ထား အားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုတွင်–

ဝုတ္ထကတ္ထား

၁။ သမာသ်, တဒ္ဓိတ်, အာချာတ်, ကိတ်တို့သည် ဟောအပ်သည်ဖြစ်၍ ပထမာဝိဘတ်နှင့် ယှဉ်သော ကတ္တားသည် **ဝုတ္ထကတ္ထား** မည်၏။ ပြယုဂ်ကား "ပုရိသော မဂ္ဂံ ဂစ္ဆတိ" တည်း။ ဤ၌ 'ပုရိသော'ဟူသော ကတ္တားသည် ဂစ္ဆတိ၌ တိဟူသော အာချာတ်ဝိဘတ်သည် ဟောအပ်သည်ဖြစ်၍ ပထမာဝိဘတ်နှင့် ယှဉ်သောကြောင့် ဝုတ္ထကတ္တား မည်၏။

အဝုတ္ထကတ္ထား

၂။ သမာသ်, တဒ္ဓိတ်, အာချာတ်, ကိတ်တို့သည် မဟောအပ်သည် ဖြစ်၍ တတိယာဝိဘတ်နှင့် ယှဉ်သော ကတ္တားသည် **အဝုတ္ထကတ္ထား** မည်၏။ ပြယုဂ်ကား "ပုရိသေန သြဒနော ပစ္စတေ"တည်း။ ဤ၌ 'ပုရိသေန' ဟူသော ကတ္တားသည် ပစ္စတေ၌ တေ-ဟူသော အာချာတ်ဝိဘတ်သည် မဟောအပ်သည်ဖြစ်၍ တတိယာဝိဘတ်နှင့် ယှဉ်သောကြောင့် အဝုတ္ထကတ္တား မည်၏။

သယံကတ္တား စသော ကတ္တား ၃-ပါး

တစ်နည်းကား သယံကတ္တား, ဟေတုကတ္တား, ကမ္မကတ္တားအားဖြင့် သုံးပါးအပြား ရှိ၏။ ထိုတွင်–

သယံကတ္တား

၁။ မိမိကိုယ်တိုင် ကြိယာကို ပြီးစေတတ်သောကတ္တားသည် **သယံ**ကတ္တား မည်၏။ ပြယုဂ်ကား "ပုရိသော သြဒနံ ပစတိ"တည်း။ ဤ၌ 'ပုရိသော'ဟူသော ကတ္တားသည် မိမိကိုယ်တိုင် ချက်ခြင်းကြိယာကို ပြီးစေတတ်သောကြောင့် သယံကတ္တား မည်၏။

http://www.dhammadownload.com

ဟေတုကတ္တား

၂။ သူတစ်ပါးတို့အား တိုက်တွန်းတတ်သောကတ္တားသည် **ဟေတု**ကတ္တား မည်၏။ ပြယုဂ်ကား "သာမိကော ပုရိသံ ဩဒနံ ပါစာပေတိ"တည်း။ ဤ၌ 'သာမိကော'ဟူသော ကတ္တားသည် ပုရိသံဟူသော သူတစ်ပါးအား တိုက်တွန်းတတ်သောကြောင့် ဟေတုကတ္တား မည်၏။

ကမ္မကတ္တား

၃။ ကံဖြစ်လျက် ပျက်လွယ်သည်ကိုစွဲ၍ ကတ္တားဖြစ်သော ကတ္တားသည် **ကမ္မ**ကတ္တား မည်၏။ ပြယုဂ်ကား "ကုသူလော ဘိဇ္ဇတေ သယံ"တည်း။ ဤ၌ 'ကုသူလော'ဟူသော ကတ္တားသည် သယံသဒ္ဒါနှင့် မယှဉ်သောအခါ "ကုသူလော၊ ကျီကို။ ဘိဇ္ဇတေ၊ ဖျက်အပ်၏" ဤသို့ ကံဖြစ်လျက် သယံသဒ္ဒါနှင့် ယှဉ်သောအခါ "ကုသူလော၊ ကျီသည်။ သယံ၊ အလိုလို။ ဘိဇ္ဇတေ၊ ပြို၏" ဤသို့ ပျက်လွယ်သည်ကို စွဲ၍ ကတ္တားဖြစ်သောကြောင့် ကမ္မကတ္တား မည်၏။

သပ္ပဓာနစသော ကတ္တား ၂-ပါး

တစ်နည်းကား သပ္ပဓာနကတ္တား, ပယောဇကကတ္တားအားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုတွင် သယံကတ္တားသည် **သပ္ပဓာန**ကတ္တား မည်၏။ ဟေတုကတ္တားသည် **ပယောဇက**ကတ္တား မည်၏။

ပယောဇက စသော ကတ္တား ၃-ပါး

ထိုတွင် ပယောဇကကတ္တားသည်လည်း ပေသကကတ္တား, အဇ္ဈေသကကတ္တား, အနုကူလကတ္တား အားဖြင့် သုံးပါးအပြားရှိ၏။ ထိုတွင်–

ပေသကကတ္တား

၁။ ရိုသေခြင်းကို မပြုမူ၍ တိုက်တွန်းတတ်သော ကတ္တားသည် **ပေသက**ကတ္တား မည်၏။ ပြယုဂ်ကား "သာမိကော ပုရိသံ ဩဒနံ ပါစာပေတိ"တည်း။

http://www.dhammadownload.com

ဤ၌ 'သာမိကော'ဟူသော ကတ္တားသည် ရှိသေခြင်းကို မပြုမူ၍ တိုက်တွန်းတတ်သောကြောင့် ပေသကကတ္တား မည်၏။

အဇ္ဈေသကကတ္တား

၂။ ရှိသေခြင်းကို ပြု၍ တိုက်တွန်းတတ်သော ကတ္တားသည် **အဇ္ဈေသက**ကတ္တား မည်၏။ ပြယုဂ်ကား "ဘိက္ခူ ဗုဒ္ဓံ ဓမ္မံ ဒေသာပေတိ"တည်း။ ဤ၌ 'ဘိက္ခူ'ဟူသော ကတ္တားသည် ရှိသေခြင်းကိုပြု၍ တိုက်တွန်းတတ်သောကြောင့် အဇ္ဈေသကကတ္တား မည်၏။

အနုကူလကတ္တား

၃။ မတိုက်တွန်းသော်လည်း တိုက်တွန်းသကဲ့သို့ ဖြစ်သော ကတ္တားသည် **အနုကူလ**ကတ္တား မည်၏။ ပြယုဂ်ကား "ဘိက္ခာ ဘိက္ခူ ဝါသာပေတိ"တည်း။ ဤ၌ 'ဘိက္ခာ'ဟူသော ကတ္တားသည် မတိုက်တွန်းသော်လည်း တိုက်တွန်းသကဲ့သို့ ဖြစ်သောကြောင့် အနုကူလကတ္တား မည်၏။

တစ်နည်း ကတ္တား ၂-ပါး

တစ်နည်းကား ပယောဇကကတ္တား, ပယောဇ္ဇကကတ္တား အားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုတွင် တိုက်တွန်းတတ်သော ကတ္တားသည် **ပယောဇက**ကတ္တား မည်၏။ တိုက်တွန်းအပ်သောကတ္တားသည် **ပယောဇ္ဇက**ကတ္တား မည်၏။ ပြယုဂ်ကား "သာမိကော ပုရိသေန ဩဒနံ ပါစာပေတိ" တည်း။ ဤ၌ 'သာမိကော'ဟူသော ကတ္တားသည် တိုက်တွန်းတတ်သောကြောင့် ပယောဇကကတ္တား မည်၏။ 'ပုရိသေန'ဟူသောကတ္တားသည် တိုက်တွန်းအပ်သောကြောင့် ပယောဇ္ဇကကတ္တား မည်၏။

ဝုတ္တ, အဝုတ္တကံ ၂-ပါး

ကမ္မကာရကသည်လည်း ဝုတ္တကံ, အဝုတ္တကံ အားဖြင့် နှစ်ပါးအပြား ရှိ၏။ ထိုတွင်–

http://www.dhammadownload.com

ဝုတ္ထက်

၁။ သမာသ်, တဒ္ဓိတ်, အာချာတ်, ကိတ်တို့သည် ဟောအပ်သည်ဖြစ်၍ ပထမာဝိဘတ်နှင့် ယှဉ်သော ကံသည် **ဝုတ္ထက်** မည်၏။ ပြယုဂ်ကား "ပုရိသေန ဩဒနော ပစ္စတေ" တည်း။ ဤ၌ 'ဩဒနော' ဟူသော ကံသည် ပစ္စတေ၌ တေ-ဟုဆိုအပ်သော အာချာတ်ဝိဘတ်သည် ဟောအပ်သည်ဖြစ်၍ ပထမာဝိဘတ်နှင့်ယှဉ်သောကြောင့် ဝုတ္ထက် မည်၏။

အဝုတ္ထက်

၂။ သမာသ်, တဒ္ဓိတ်, အာချာတ်, ကိတ်တို့သည် မဟောအပ်သည် ဖြစ်၍ ဒုတိယာဝိဘတ်နှင့်ယှဉ်သော ကံသည် **အဝုတ္ထက်** မည်၏။ ပြယုဂ်ကား "ပုရိသော ဩဒနံ ပစတိ"တည်း။ ဤ၌ 'ဩဒနံ' ဟူသော ကံသည် ပစတိ ၌ တိ ဟု ဆိုအပ်သော အာချာတ်ဝိဘတ်သည် မဟောအပ်သည်ဖြစ်၍ ဒုတိယာဝိဘတ်နှင့်ယှဉ်သောကြောင့် အဝုတ္ထက် မည်၏။

အဘိဟိတ စသော ကံ ၂-ပါး

တစ်နည်းကား အဘိဟိတကံ, အနဘိဟိတကံအားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုတွင် ဝုတ္ထကံသည် အဘိဟိတကံ မည်၏။ အဝုတ္ထကံသည် အနဘိဟိတကံ မည်၏။

ပဓာနစသော ကံ ၂-ပါး

တစ်နည်းကား ပဓာနကံ, အပ္ပဓာနကံအားဖြင့် နှစ်ပါးအပြား ရှိ၏။ ထိုတွင် ကြိယာဖြင့် အလိုရှိအပ်သော ကံသည် **ပဓာနကံ** မည်၏။ ကြိယာဖြင့် အလိုမရှိအပ်သောကံသည် **အပ္ပဓာနကံ** မည်၏။

ပြယုဂ်ကား "အဇပါလော အဇံ ဂါမံ နေတိ၊ ဂေါပါလော ဂါဝိံ ခီရံ ဒုဟတိ" တည်း။ ဤ၌ 'အဇံ'ဟူသော ကံသည် ဆောင်ခြင်းကြိယာဖြင့် အလိုရှိအပ်သောကြောင့် ပဓာနကံမည်၏။ 'ဂါမံ' ဟူသောကံသည် ဆောင်ခြင်းကြိယာဖြင့် အလို

http://www.dhammadownload.com

မရှိအပ်သောကြောင့် အပ္ပမာနကံ မည်၏။ (နောက်၌လည်း ညှစ်ခြင်းကြိယာဖြင့် အလိုရှိအပ် အလိုမရှိအပ်ဟု ဆိုလေ)

ကထိတကံနှင့် အကထိတကံ

တစ်နည်းကား ကထိတကံ, အကထိတကံ အားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုတွင် ပမာနကံသည် ကထိတကံ မည်၏။ အပ္ပမာနကံသည် အကထိတကံ မည်၏။

ကာရိုက်ကံနှင့် ဓာတ်ကံ

တစ်နည်းကား ကာရိုက်ကံ, ဓာတ်ကံအားဖြင့် နှစ်ပါးအပြား ရှိ၏။ ထိုတွင် ကာရိုက်ပစ္စည်း၏ ကံသည် **ကာရိုက်ကံ** မည်၏။ ဓာတ်၏ကံသည် **ဓာတ်ကံ** မည်၏။ ပြယုဂ်ကား "သာမိကော ပုရိသံ ဩဒနံ ပစာပေတိ" တည်း။ ဤ၌ 'ပုရိသံ' ဟူသော ကံသည် ပစာပေတိ၌ ကာရိုက် ဏာပေပစ္စည်း၏ကံဖြစ်သောကြောင့် ကာရိုက်ကံ မည်၏။ 'ဩဒနံ' ဟူသော ကံသည် ပစာပေတိ၌ ပစဓာတ်၏ ကံဖြစ်သောကြောင့် ဓာတ်ကံ မည်၏။

ပကတိကံနှင့် ဝိကတိကံ

တစ်နည်းကား ပကတိကံ, ဝိကတိကံ အားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုတွင် ကြိယာဖြင့် အထူးပြုရာဖြစ်သော ကံသည် **ပကတိကံ** မည်၏။ ကြိယာဖြင့် အထူးပြုအပ်သော ကံသည် **ဝိကတိကံ** မည်၏။ ပြယုဂ်ကား "သုဝဏ္ဏံ ကဋကံ ကရောတိ"တည်း။ ဤ၌ 'သုဝဏ္ဏံ'ဟူသော ကံသည် လုပ်ခြင်းကြိယာဖြင့် အထူးပြုရာဖြစ်သောကြောင့် ပကတိကံ မည်၏။ 'ကဋကံ'ဟူသော ကံသည် လုပ်ခြင်းကြိယာဖြင့် အထူးပြုအပ်သောကြောင့် ဝိကတိကံ မည်၏။

ကျွန်ဆိတ စသော ကံ ၃-ပါး

တစ်နည်းကား ကျွန်ဆိတကံ, အနိစ္ဆိတကံ, နေဝိစ္ဆိတာနာနိစ္ဆိတ ကံအားဖြင့် သုံးပါးအပြားရှိ၏။ ထိုတွင်–

http://www.dhammadownload.com

ကွန္ဆိတက်

၁။ အလိုရှိအပ်သော ကံသည် **ကွန္ဆိတက်** မည်၏။ ပြယုဂ်ကား "ဘတ္တံ ဘုဥ္ဇတိ"တည်း။ ဤ၌ 'ဘတ္တံ'ဟူသောကံသည် အလိုရှိအပ်သောကြောင့် ကွန္ဆိတကံ မည်၏။

အနိစ္ဆိတက်

၂။ အလိုမရှိအပ်သော ကံသည် **အနိစ္ဆိတက်** မည်၏။ ပြယုဂ်ကား "ဝိသံ ဂိလတိ" တည်း။ ဤ၌ 'ဝိသံ'ဟူသော ကံသည် အလိုမရှိအပ်သောကြောင့် အနိစ္ဆိတကံ မည်၏။

နေဝိစ္ဆိတာနာနိစ္ဆိတက်

၃။ အလိုရှိအပ်သည်လည်း မဟုတ် အလိုမရှိအပ်သည်လည်း မဟုတ်သော ကံသည် **နေဝိစ္ဆိတာနာနိစ္ဆိတက်** မည်၏။ ပြယုဂ်ကား "ဂါမံ ဂစ္ဆတိ ရုက္ခမူလံ ဥပဂါမိ"တည်း။ ဤ၌ 'ရုက္ခမူလံ'ဟူသောကံသည် အလိုရှိအပ်သည်လည်းမဟုတ် အလိုမရှိအပ်သည်လည်း မဟုတ်သောကြောင့် နေဝိစ္ဆိတာနာနိစ္ဆိတကံ မည်၏။

နိပ္ပတ္တိစသော ကံ ၃-ပါး

တစ်နည်းကား နိပ္ပတ္တိကံ, ဝိကတိကံ, ပတ္တိကံအားဖြင့် သုံးပါးအပြားရှိ၏။ ထိုတွင်–

နိပ္ပတ္တိကံ

၁။ ကြိယာဖြင့် ပြီးစေအပ်သော ကံသည် **နိပ္ပတ္တိကံ** မည်၏။ ပြယုဂ်ကား "မာတာပုတ္တံ ဝိဇာယိ"တည်း။ ဤ၌ 'ပုတ္တံ'ဟူသော ကံသည် ဖွားခြင်းကြိယာဖြင့် ပြီးစေအပ်သောကြောင့် နိပ္ပတ္တိကံ မည်၏။

ဝိကတိကံ

၂။ ကြိယာဖြင့် အထူးပြုအပ်သော ကံသည် **ဝိကတိကံ** မည်၏။ ပြယုဂ်

http://www.dhammadownload.com

ကား "သုဝဏ္ဏံ ကဋကံ ကရောတိ" တည်း။ ဤ၌ 'ကဋကံ' ဟူသော ကံသည် လုပ်ခြင်း ကြိယာဖြင့် အထူးပြုအပ်သောကြောင့် ဝိကတိကံ မည်၏။

ပတ္တိကံ

၃။ ကြိယာဖြင့် ရောက်အပ်သော ကံသည် **ပတ္တိကံ** မည်၏။ ပြယုဂ်ကား "ဗုဒ္ဓံ ဝန္ဒတိ"တည်း။ ဤ၌ 'ဗုဒ္ဓံ'ဟူသော ကံသည် ရှိခိုးခြင်းကြိယာဖြင့် ရောက်အပ်သောကြောင့် ပတ္တိကံ မည်၏။

နိပ္ဖတ္တိကံ ၂-ပါး

ထိုသုံးပါးတို့တွင် နိပ္ဖတ္တိကံသည်လည်း သန္တဇနနနိပ္ဖတ္တိကံ, အသန္တဇနန နိပ္ဖတ္တိကံ အားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုတွင်–

၁။ ထင်ရှားရှိသည်ဖြစ်၍ ပြီးစေအပ်သော ကံသည် **သန္တဇနန**နိပ္ဖတ္တိကံ မည်၏။ ပြယုဂ်ကား "မာတာ ပုတ္တံ ဝိဇာယိ"တည်း။ ဤ၌ 'ပုတ္တံ'ဟူသော ကံသည် ထင်ရှားရှိသည်ဖြစ်၍ ပြီးစေအပ်သောကြောင့် သန္တဇနနနိပ္ဖတ္တိကံ မည်၏။

၂။ ထင်ရှားမရှိသည်ဖြစ်၍ ပြီးစေအပ်သော ကံသည် **အသန္တဇနန**နိပ္ဖတ္တိကံ မည်၏။ ပြယုဂ်ကား "ပုညံ သုခံ ဇနေတိ'တည်း။ ဤ၌ 'သုခံ'ဟူသော ကံသည် ထင်ရှားမရှိသည်ဖြစ်၍ ပြီးစေအပ်သောကြောင့် အသန္တဇနနနိပ္ဖတ္တိကံ မည်၏။

တစ်နည်း နိပ္ဖတ္တိကံ ၂-ပါး

တစ်နည်းကား ဝိဇ္ဇမာနပကတိ နိပ္ဖတ္တိကံ, အဝိဇ္ဇမာနပကတိနိပ္ဖတ္တိကံ အားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုတွင် သန္တဇနနနိပ္ဖတ္တိကံသည် **ဝိဇ္ဇမာနပကတိ**နိပ္ဖတ္တိကံ မည်၏။ အသန္တဇနနနိပ္ဖတ္တိကံသည် **အဝိဇ္ဇမာနပကတိ**နိပ္ဖတ္တိကံ မည်၏။

ဝိကတိကံ ၂-ပါး

ဝိကတိကံသည်လည်း ပရိစ္ဆတ္တဝိကတိကံ, အပရိစ္ဆတ္တဝိကတိကံ အားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုတွင်–

http://www.dhammadownload.com

၁။ ရှေ့သဘောကို စွန့်သည်ဖြစ်၍ အထူးပြုအပ်သော ကံသည် **ပရိစ္စတ္တ**ဝိကတိကံ မည်၏။ ပြယုဂ်ကား "ကဋ္ဌံ အဂ်ိရံ ကရောတိ"တည်း။ ဤ၌ 'အဂ်ိရံ' ဟူသောကံသည် ရှေ့သဘောကို စွန့်သည်ဖြစ်၍ လုပ်ခြင်းကြိယာဖြင့် အထူးပြုအပ်သောကြောင့် ပရိစ္စတ္တဝိကတိကံ မည်၏။

၂။ ရှေ့သဘောကို မစွန့်မူ၍ အထူးပြုအပ်သောကံသည် **အပရိစ္စတ္တ**ဝိကတိကံ မည်၏။ ပြယုဂ်ကား "သုဝဏ္ဏံ ကဋ္ဌကံ ကရောတိ"တည်း။ ဤ၌ 'ကဋ္ဌကံ'ဟူသောကံသည် ရှေ့သဘောကို မစွန့်မူ၍ လုပ်ခြင်းကြိယာဖြင့် အထူးပြုအပ်သောကြောင့် အပရိစ္စတ္တဝိကတိကံ မည်၏။

တစ်နည်း ဝိကတိကံ ၂-ပါး

တစ်နည်းကား ပကတိစ္ဆေဒ ဝိကတိကံ, ဂုဏာန္တရုပ္ပတ္တိ ဝိကတိကံ အားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုတွင် ပရိစ္စတ္တဝိကတိကံသည် **ပကတိစ္ဆေဒ**ဝိကတိကံ မည်၏။ အပရိစ္စတ္တ ဝိကတိကံသည် **ဂုဏာန္တရုပ္ပတ္တိ**ဝိကတိကံ မည်၏။

ပတ္တိကံ ၂ပါး

ပတ္တိကံသည်လည်း ကာယသမ္ပတ္တိကံ, စိတ္တသမ္ပတ္တိကံအားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုတွင်–

၁။ ကာယဒွါရဖြင့် ရောက်အပ်သော ကံသည် **ကာယ**သမ္ပတ္တိကံ မည်၏။ ပြယုဂ်ကား "ဒုဒ္ဒံ ဝန္ဒတိ" တည်း။ ဤ၌ 'ဒုဒ္ဒံ' ဟူသော ကံသည် ကာယဒွါရဖြင့် ရောက်အပ်သောကြောင့် ကာယသမ္ပတ္တိကံ မည်၏။

၂။ ဝစီဒွါရ, မနောဒွါရတို့ဖြင့် ရောက်အပ်သော ကံသည် **စိတ္တ**သမ္ပတ္တိကံ မည်၏။ ပြယုဂ်ကား "အာဒိစ္စံ နမဿတိ"တည်း။ ဤ၌ 'အာဒိစ္စံ' ဟူသော ကံသည် ဝစီဒွါရ, မနောဒွါရတို့ဖြင့် ရောက်အပ်သောကြောင့် စိတ္တသမ္ပတ္တိကံ မည်၏။

http://www.dhammadownload.com

ကရိုဏ်း ၂-ပါး

ကရဏကာရကသည်လည်း ဗာဟိရကရိုဏ်း, အဗ္ဗတ္တိကကရိုဏ်း အားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုတွင်–

ဗာဟိရကရိုဏ်း

၁။ ကိုယ်မှအပဖြစ်သော ကရိုဏ်းသည် **ဗာဟိရ**ကရိုဏ်း မည်၏။ ပြယုဂ်ကား "ဒတ္တေန ဝိဟိ လုနာတိ"တည်း။ ဤ၌ 'ဒတ္တေန'ဟူသော ကရိုဏ်းသည် ကိုယ်မှအပဖြစ်သောကြောင့် ဗာဟိရကရိုဏ်း မည်၏။

အဗ္ဗတ္တိကကရိုဏ်း

၂။ ကိုယ်၏အတွင်းဖြစ်သော ကရိုဏ်းသည် **အဗ္ဗတ္တိက**ကရိုဏ်း မည်၏။ ပြယုဂ်ကား "စက္ခုနာ ရူပံ ပဿတိ"တည်း။ ဤ၌ 'စက္ခုနာ'ဟူသော ကရိုဏ်း သည် ကိုယ်၏အတွင်းဖြစ်သောကြောင့် အဗ္ဗတ္တိကကရိုဏ်း မည်၏။

တစ်နည်း ကရိုဏ်း ၂-ပါး

တစ်နည်းကား ဗာဟျကရိုဏ်း, အဗ္ဘန္တရကရိုဏ်း အားဖြင့် နှစ်ပါးအပြား ရှိ၏။ ထိုတွင် ဗာဟိရကရိုဏ်းသည် **ဗာဟျ**ကရိုဏ်း မည်၏။ အဗ္ဗတ္တိကကရိုဏ်း သည် **အဗ္ဘန္တရ**ကရိုဏ်း မည်၏။

သမ္ပဒါန် ၂-ပါး

သမ္ပဒါနကာရကသည်လည်း ဝတ္ထုပဋိဂ္ဂါဟကသမ္ပဒါန်, ကြိယာပဋိဂ္ဂါဟက သမ္ပဒါန်အားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုတွင်–

ဝတ္ထုပဋိဂ္ဂါဟကသမ္ပဒါန်

၁။ သကမ္မကဓာတ်၏ သမ္ပဒါန်ဖြစ်၍ ဝတ္ထုကို ခံတတ်သောသမ္ပဒါန်သည် **ဝတ္ထုပဋိဂ္ဂါဟက**သမ္ပဒါန် မည်၏။ ပြယုဂ်ကား "ဘိက္ခုဿ စီဝရံ ဒေတိ"တည်း။ ဤ၌ 'ဘိက္ခုဿ' ဟူသော သမ္ပဒါန်သည် ဒေတိဟူသော သကမ္မကဓာတ်၏

http://www.dhammadownload.com

သမ္ပဒါန်ဖြစ်၍ သင်္ကန်းတည်းဟူသော ဝတ္ထုကို ခံတတ်သောကြောင့် ဝတ္ထုပဋိဂ္ဂါဟက သမ္ပဒါန် မည်၏။

ကြိယာပဋိဂ္ဂါဟကသမ္ပဒါန်

၂။ အကမ္မကဓာတ်၏ သမ္ပဒါန်ဖြစ်၍ ကြိယာကို ခံတတ်သော သမ္ပဒါန်သည် **ကြိယာပဋိဂ္ဂါဟက**သမ္ပဒါန် မည်၏။ ပြယုဂ်ကား "သမဏာယ ရောစတေ သစ္စံ"တည်း။ ဤ၌ 'သမဏာယ' ဟူသော သမ္ပဒါန်သည် ရောစတေဟူသော အကမ္မကဓာတ်၏သမ္ပဒါန်ဖြစ်၍ တင့်တယ်ခြင်းကြိယာကို ခံတတ်သောကြောင့် ကြိယာပဋိဂ္ဂါဟက သမ္ပဒါန် မည်၏။

တစ်နည်း သမ္ပဒါန် ၂-ပါး

တစ်နည်းကား ကာယပုဗ္ဗကသမ္ပဒါန်, စိတ္တပုဗ္ဗကသမ္ပဒါန် အားဖြင့် နှစ်ပါး အပြားရှိ၏။ ထိုတွင်–

ကာယပုဗ္ဗကသမ္ပဒါန်

၁။ ကာယဒွါရ ပြဌာန်းခြင်း ရှိသည်ဖြစ်၍ ခံတတ်သော သမ္ပဒါန်သည် **ကာယပုဗ္ဗက**သမ္ပဒါန် မည်၏။ ပြယုဂ်ကား "ဘိက္ခုဿ စီဝရံ ဒေတိ" တည်း။ ဤ၌ 'ဘိက္ခုဿ'ဟူသော သမ္ပဒါန်သည် ကာယဒွါရ ပြဌာန်းခြင်းရှိသည်ဖြစ်၍ ခံတတ်သောကြောင့် ကာယပုဗ္ဗကသမ္ပဒါန် မည်၏။

စိတ္တပုဗ္ဗကသမ္ပဒါန်

၂။ ဝစီဒွါရ, မနောဒွါရ ပြဌာန်းခြင်းရှိသည်ဖြစ်၍ ခံတတ်သောသမ္ပဒါန်သည် **စိတ္တပုဗ္ဗက**သမ္ပဒါန် မည်၏။ ပြယုဂ်ကား "ဗလိ နာရာယနဿ ဒေတိ"တည်း။ ဤ၌ 'နာရာယနဿ' ဟူသော သမ္ပဒါန်သည် ဝစီဒွါရ, မနောဒွါရ ပြဌာန်းခြင်း ရှိသည်ဖြစ်၍ ခံတတ်သောကြောင့် စိတ္တပုဗ္ဗကသမ္ပဒါန် မည်၏။

သမ္ပဒါန် ၃-ပါး

တစ်နည်းကား အနိရာကရဏသမ္ပဒါန်, အာရာဓနသမ္ပဒါန်, အဇ္ဈာနုည သမ္ပဒါန်အားဖြင့် သုံးပါးအပြား ရှိ၏။ ထိုတွင်–

http://www.dhammadownload.com

အနိရာကရဏသမ္ပဒါန်

၁။ မမြစ်တတ်သောသမ္ပဒါန်သည် **အနိရာကရဏ**သမ္ပဒါန် မည်၏။ ပြယုဂ်ကား "ရုက္ခဿ ဇလံ ဒေတိ"တည်း။ ဤ၌ 'ရုက္ခဿ'ဟူသော သမ္ပဒါန်သည် မမြစ်တတ်သောကြောင့် အနိရာကရဏသမ္ပဒါန် မည်၏။

အာရာဓနသမ္ပဒါန်

၂။ တောင်းသည်ဖြစ်၍ နှစ်သက်တတ်သော သမ္ပဒါန်သည် **အာရာဓန**သမ္ပဒါန် မည်၏။ ပြယုဂ်ကား "ယာစကဿ အန္နံ ဒေတိ"တည်း။ ဤ၌ 'ယာစကဿ'ဟူသော သမ္ပဒါန်သည် တောင်းသည်ဖြစ်၍ နှစ်သက်တတ်သောကြောင့် အာရာဓနသမ္ပဒါန် မည်၏။

အဇ္ဈာနုညသမ္ပဒါန်

၃။ မတောင်းသည်ဖြစ်၍ နှစ်သက်တတ်သော သမ္ပဒါန်သည် **အဇ္ဈာနုည**သမ္ပဒါန်မည်၏။ ပြယုဂ်ကား "ဘိက္ခုဿ စီဝရံ ဒေတိ"တည်း။ ဤ၌ 'ဘိက္ခုဿ'ဟူသော သမ္ပဒါန်သည် မတောင်းသည်ဖြစ်၍ နှစ်သက်တတ်သောကြောင့် အဇ္ဈာနုညသမ္ပဒါန် မည်၏။

တစ်နည်း သမ္ပဒါန် ၃-ပါး

တစ်နည်းကား ကမ္မာဓိပ္ပေတသမ္ပဒါန်, ကြိယာဓိပ္ပေတသမ္ပဒါန်, ကာရကန္တရပ္ပတ္တသမ္ပဒါန်အားဖြင့် သုံးပါးအပြားရှိ၏။ ထိုတွင်–

ကမ္မာဓိပ္ပေတသမ္ပဒါန်

၁။ ကံ၏အဖြစ်ဖြင့် အလိုရှိအပ်သောသမ္ပဒါန်သည် **ကမ္မာဓိပ္ပေတ**သမ္ပဒါန် မည်၏။ ပြယုဂ်ကား "ဘိက္ခူနံ ဧတဒဝေါစ" တည်း။ ဤ၌ 'ဘိက္ခူနံ' ဟူသော သမ္ပဒါန်သည် "ဘိက္ခူနံ၊ ရဟန်းတို့ကို။ ဧတံ ဝစနံ၊ ဤစကားကို။ အဝေါစ၊ မိန့်တော်မူ၏" ဤသို့ ကံ၏အဖြစ်ဖြင့် အလိုရှိအပ်သောကြောင့် ကမ္မာဓိပ္ပေတသမ္ပဒါန် မည်၏။

http://www.dhammadownload.com

ကြိယာဓိပ္ပေတသမ္ပဒါန်

၂။ ကြိယာ၏အဖြစ်ဖြင့် အလိုရှိအပ်သော သမ္ပဒါန်သည် **ကြိယာဓိပ္ပေတ** သမ္ပဒါန် မည်၏။ ပြယုဂ်ကား "ယုဒ္ဓါယ ဂစ္ဆတိ"တည်း။ ဤ၌ 'ယုဒ္ဓါယ'ဟူသော သမ္ပဒါန်သည် "ယုဒ္ဓါယ ယုဇ္ဈိတုံ၊ စစ်ထိုးခြင်းငှါ။ ဂစ္ဆတိ၊ သွား၏"ဤသို့ ကြိယာ၏ အဖြစ်ဖြင့် အလိုရှိအပ်သောကြောင့် ကြိယာဓိပ္ပေတသမ္ပဒါန် မည်၏။

ကာရကန္တရပ္ပတ္တသမ္ပဒါန်

၃။ ကံ၏အဖြစ်ဖြင့်လည်း အလိုမရှိအပ်၊ ကြိယာ၏အဖြစ်ဖြင့်လည်း အလိုမရှိအပ်၊ သမ္ပဒါန်တည်းဟူသော ကာရကအထူးသို့ ရောက်သောသမ္ပဒါန်သည် **ကာရကန္တရပ္ပတ္တ**သမ္ပဒါန် မည်၏။ ပြယုဂ်ကား "သမဏာဿ ရောစတေ သစ္စံ" တည်း။ ဤ၌ 'သမဏာဿ'ဟူသော သမ္ပဒါန်သည် ကံ၏အဖြစ်ဖြင့်လည်း အလိုမရှိအပ်၊ ကြိယာ၏ အဖြစ်ဖြင့်လည်း အလိုမရှိအပ်၊ သမ္ပဒါန်တည်းဟူသော ကာရကအထူးသို့ ရောက်သောကြောင့် ကာရကန္တရပ္ပတ္တသမ္ပဒါန် မည်၏။

အပါဒါန် ၂-ပါး

အပါဒါနကာရကသည်လည်း ကာယပုဗ္ဗကအပါဒါန်, စိတ္တပုဗ္ဗကအပါဒါန် အားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုတွင်–

ကာယပုဗ္ဗကအပါဒါန်

၁။ ကာယဒွါရပြဋ္ဌာန်းခြင်း ရှိသည်ဖြစ်၍ ဖဲရာဖြစ်သော အပါဒါန်သည် **ကာယပုဗ္ဗက**အပါဒါန် မည်၏။ ပြယုဂ်ကား "ဂါမာ အပေန္တိ မုနယော"တည်း။ ဤ၌ 'ဂါမာ'ဟူသော အပါဒါန်သည် ကာယဒွါရပြဋ္ဌာန်းခြင်း ရှိသည်ဖြစ်၍ ဖဲရာဖြစ်သောကြောင့် ကာယပုဗ္ဗကအပါဒါန် မည်၏။

စိတ္တပုဗ္ဗကအပါဒါန်

၂။ ဝစီဒွါရ, မနောဒွါရ ပြဋ္ဌာန်းခြင်းရှိသည်ဖြစ်၍ ဖဲရာဖြစ်သော အပါဒါန်သည် **စိတ္တပုဗ္ဗက**အပါဒါန် မည်၏။ ပြယုဂ်ကား "အာစရိယုပဇ္ဈာယေဟိ သိက္ခံ

http://www.dhammadownload.com

ဂဏ္ဍာတိ သိသော”တည်း။ ဤ၌ ‘အာစရိယုပဇ္ဈာယေဟိ’ဟူသော အပါဒါန်သည် ဝစီဒ္ဒါရ မနောဒ္ဒါရ ပြဌာန်းခြင်း ရှိသည်ဖြစ်၍ ဖဲရာဖြစ်သောကြောင့် စိတ္တပုဗ္ဗက အပါဒါန် မည်၏။

တစ်နည်း အပါဒါန် ၂-ပါး

တစ်နည်းကား စလအပါဒါန်, အစလအပါဒါန်အားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုတွင်–

စလအပါဒါန်

၁။ လှုပ်ရှားတတ်သော အပါဒါန်သည် **စလ**အပါဒါန် မည်၏။ ပြယုဂ်ကား “ဟတ္ထိကွန္ဓတော ဩရုယှ”တည်း။ ဤ၌ ‘ဟတ္ထိကွန္ဓတော’ ဟူသော အပါဒါန်သည် လှုပ်ရှားတတ်သောကြောင့် စလအပါဒါန် မည်၏။

အစလအပါဒါန်

၂။ မလှုပ်ရှားတတ်သော အပါဒါန်သည် **အစလ**အပါဒါန် မည်၏။ ပြယုဂ်ကား “ဂါမာ အပေန္တိ မုနယော”တည်း။ ဤ၌ ‘ဂါမာ’ဟူသော အပါဒါန်သည် မလှုပ်ရှားတတ်သောကြောင့် အစလအပါဒါန် မည်၏။

အပါဒါန် ၃-ပါး

တစ်နည်းကား နိဒ္ဒိဋ္ဌဝိသယအပါဒါန်, ဥပဂတ္တိဝိသယအပါဒါန်, အနုမေယျဝိသယအပါဒါန်အားဖြင့် သုံးပါးအပြားရှိ၏။ ထိုတွင်–

နိဒ္ဒိဋ္ဌဝိသယအပါဒါန်

၁။ တိုက်ရိုက်ကြိယာရှိသော အပါဒါန်သည် **နိဒ္ဒိဋ္ဌဝိသယ**အပါဒါန် မည်၏။ ပြယုဂ်ကား“ဂါမာ အပေန္တိ မုနယော”တည်း။ ဤ၌ ‘ဂါမာ’ဟူသော အပါဒါန်သည် အပေန္တိဟု တိုက်ရိုက်ကြိယာရှိသောကြောင့် နိဒ္ဒိဋ္ဌဝိသယအပါဒါန် မည်၏။

http://www.dhammadownload.com

ဥပပဒ္တိဝိသယအပါဒါန်

၂။ ထုတ်ဆောင်အပ်သော ကြိယာရှိသော အပါဒါန်သည် ဥပပဒ္တိဝိသယ အပါဒါန် မည်၏။ ပြယုဂ်ကား "ကုသူလာ တဏ္ဍုလံ ပစေ" တည်း။ ဤ၌ 'ကုသူလာ' ဟူသော အပါဒါန်သည် 'ကုသူလာ၊ ကျီမှ။ နီဟရိတွာ၊ ထုတ်၍။ တဏ္ဍုလံ၊ ဆန်ကို။ ပစေ၊ ချက်၏" ဤသို့ နီဟရိတွာဟု ထုတ်ဆောင်အပ်သော ကြိယာရှိသောကြောင့် ဥပပဒ္တိဝိသယအပါဒါန် မည်၏။

အနုမေယျဝိသယအပါဒါန်

၃။ ဆ၍သိအပ်သော ကြိယာရှိသော အပါဒါန်သည် **အနုမေယျဝိသယ** အပါဒါန် မည်၏။ ပြယုဂ်ကား "မာထုရာ ပါဋလိပုတ္တကေဟိ အဘိရူပတရာ" တည်း။ ဤ၌ 'ပါဋလိပုတ္တကေဟိ' ဟူသော အပါဒါန်သည် မာထုရာပြည်သူတို့ သည် ပါဋလိပုတ်ပြည်သူတို့ထက် အာဟာရအစရှိသောဂုဏ်တို့ဖြင့် လွန်ကုန်၏ဟု ဆ၍ သိအပ်သောကြိယာရှိသောကြောင့် အနုမေယျဝိသယအပါဒါန် မည်၏။

တစ်နည်း အပါဒါန် ၃-ပါး

တစ်နည်းကား သဒ္ဒအပါဒါန်, အတ္ထအပါဒါန်, သဒ္ဒတ္ထအပါဒါန်အားဖြင့် သုံးပါးအပြားရှိ၏။ ထိုတွင်–

သဒ္ဒအပါဒါန်

၁။ ပဋ္ဌမီဝိဘတ်သာ သက်၍ အနက်အပါဒါန် မဖြစ်သော အပါဒါန်သည် **သဒ္ဒအပါဒါန်** မည်၏။ ပြယုဂ်ကား "အပသာလာယ အာယန္တိ"တည်း။ ဤ၌ 'သာလာယ'ဟူသော အပါဒါန်သည် "သာလာယ သာလံ၊ ဇရပ်ကို။ အပဂစ္ဆတွာ၊ ကြဉ်၍။ အာယန္တိ၊ လာကုန်၏" ဤသို့ ပဋ္ဌမီဝိဘတ်သာ သက်၍ အနက်အပါဒါန် မဖြစ်သောကြောင့် သဒ္ဒအပါဒါန် မည်၏။

အတ္ထအပါဒါန်

၂။ အနက်သာ အပါဒါန်ဖြစ်၍ ပဋ္ဌမီဝိဘတ် မသက်ရသော အပါဒါန်သည်

http://www.dhammadownload.com

အတ္ထအပါဒါန် မည်၏။ ပြယုဂ်ကား "ရဟိတာ မာတုဇံ"တည်း။ ဤ၌ 'မာတုဇံ' ဟူသောအပါဒါန်သည် "မာတုဇံ၊ သားမှ။ ရဟိတာ၊ ကင်း၍" ဤသို့အနက်သာ အပါဒါန်ဖြစ်၍ ပဉ္စမီဝိဘတ် မသက်ရသောကြောင့် **အတ္ထ**အပါဒါန် မည်၏။

သဒ္ဒတ္ထအပါဒါန်

၃။ ပဉ္စမီဝိဘတ်လည်းသက် အနက်လည်း အပါဒါန်ဖြစ်သော အပါဒါန်သည် **သဒ္ဒတ္ထ**အပါဒါန် မည်၏။ ပြယုဂ်ကား "ဂါမာ အပေန္တိ မုနယော"တည်း။ ဤ၌ 'ဂါမာ' ဟူသော အပါဒါန်သည် ပဉ္စမီဝိဘတ်လည်းသက် 'ဂါမာ၊ ရွာမှ။ မုနယော၊ ရဟန်းတို့သည်။ အပေန္တိ၊ ဖဲသွားကုန်၏" ဤသို့ အနက်လည်း အပါဒါန် ဖြစ်သောကြောင့် သဒ္ဒတ္ထအပါဒါန် မည်၏။

အာဓာရ ၄-ပါး

ဩကာသကာရကသည်လည်း ဗျာပိကာဓာရ, ဩပသိလေသိကာဓာရ, ဝေသယိကာဓာရ, သာမီပိကာဓာရအားဖြင့် လေးပါးအပြားရှိ၏။ ထိုတွင်–

ဗျာပိကာဓာရ

၁။ အာဓေယ်၏ နှံ့၍တည်ရာဖြစ်သော အာဓာရသည် **ဗျာပိကာဓာရ** မည်၏။ ပြယုဂ်ကား "တိလေသု တေလံ တိဋ္ဌတိ" တည်း။ ဤ၌ 'တိလေသု' ဟူသော အာဓာရသည် တေလံဟူသော အာဓေယ်၏ နှံ့၍တည်ရာဖြစ်သောကြောင့် ဗျာပိကာဓာရ မည်၏။

ဩပသိလေသိကာဓာရ

၂။ အာဓေယ်၏ကပ်၍တည်ရာဖြစ်သော အာဓာရသည် **ဩပသိလေသိကာဓာရ** မည်၏။ ပြယုဂ်ကား "ပရိယင်္ကေ ရာဇာ သေတိ"တည်း။ ဤ၌ 'ပရိယင်္ကေ' ဟူသော အာဓာရသည် ရာဇာဟူသော အာဓေယ်၏ ကပ်၍တည်ရာ ဖြစ်သောကြောင့် ဩပသိလေသိကာဓာရ မည်၏။

http://www.dhammadownload.com

ဝေသယိကာဓာရ

၃။ အရာမျှဖြစ်၍ တည်ရာဖြစ်သော အာဓာရသည် **ဝေသယိကာဓာရ** မည်၏။ ပြယုဂ်ကား "အာကာသေ သကုဏာ ပက္ခန္တိ"တည်း။ ဤ၌ 'အာကာသေ'ဟူသော အာဓာရသည် အရာမျှဖြစ်၍ တည်ရာဖြစ်သောကြောင့် ဝေသယိကာဓာရ မည်၏။

သာမီပိကာဓာရ

၄။ အနီးဖြစ်၍ တည်ရာဖြစ်သော အာဓာရသည် **သာမီပိကာဓာရ** မည်၏။ ပြယုဂ်ကား "ဂင်္ဂါယံ ဃောသော တိဋ္ဌတိ"တည်း။ ဤ၌ 'ဂင်္ဂါယံ' ဟူသော အာဓာရသည် ကမ်းနားဒြဗ်သည် မြစ်ဒြဗ်၏ အနီးဖြစ်၍ တည်ရာဖြစ်သောကြောင့် သာမီပိကာဓာရ မည်၏။

ဗျာပိကာဓာရ ၂-ပါး

ထိုလေးပါးသော အာဓာရတို့တွင် ဗျာပိကာဓာရသည်လည်း သကလဗျာပိကာဓာရ, ဧကဒေသဗျာပိကာဓာရ အားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုတွင်–

၁။ အလုံးစုံအားဖြင့် နှံ့၍တည်ရာဖြစ်သော အာဓာရသည် **သကလ** ဗျာပိကာဓာရ မည်၏။ ပြယုဂ်ကား "တိလေသု တေလံ တိဋ္ဌတိ"တည်း။ ဤ၌ 'တိလေသု'ဟူသော အာဓာရသည် အလုံးစုံအားဖြင့် နှံ့၍တည်ရာဖြစ်သောကြောင့် သကလဗျာပိကာဓာရ မည်၏။

၂။ တစ်စိတ်အားဖြင့် နှံ့၍တည်ရာဖြစ်သော အာဓာရသည် **ဧကဒေသဗျာပိကာဓာရ** မည်၏။ ပြယုဂ်ကား "ဇလေသု ခီရံ တိဋ္ဌတိ"တည်း။ ဤ၌ 'ဇလေသု' ဟူသော အာဓာရသည် တစ်စိတ်အားဖြင့် နှံ့၍တည်ရာ ဖြစ်သောကြောင့် ဧကဒေသဗျာပိကာဓာရ မည်၏။

ဩပသိလေသိကာဓာရ ၂-ပါး

ဩပသိလေသိကာဓာရသည်လည်း အလ္လီယနဩပသိလေသိကာဓာရ, အနလ္လီယနဩပသိလေသိကာဓာရအားဖြင့် နှစ်ပါးအပြား ရှိ၏။ ထိုတွင်–

http://www.dhammadownload.com

၁။ ငြိသောအားဖြင့် ကပ်၍တည်ရာဖြစ်သော အာဓာရသည် **အလ္လီယန** ဩပသိလေသိကာဓာရ မည်၏။ ပြယုဂ်ကား "ဥက္ခလိယံ အာစာမော တိဋ္ဌတိ" တည်း။ ဤ၌ 'ဥက္ခလိယံ'ဟူသော အာဓာရသည် ငြိသောအားဖြင့် ကပ်၍တည်ရာဖြစ်သောကြောင့် အလ္လီယနဩပသိလေသိကာဓာရ မည်၏။

၂။ မငြိသောအားဖြင့် ကပ်၍တည်ရာဖြစ်သော အာဓာရသည် **အနလ္လီယန** ဩပသိလေသိကာဓာရ မည်၏။ ပြယုဂ်ကား "ပရိယင်္ကေ ရာဇာ သေတိ"တည်း။ ဤ၌ 'ပရိယင်္ကေ'ဟူသော အာဓာရသည် မငြိသောအားဖြင့် ကပ်၍တည်ရာဖြစ်သောကြောင့် အနလ္လီယနဩပသိလေသိကာဓာရ မည်၏။

ဝေသယိကာဓာရ ၂-ပါး

ဝေသယိကာဓာရသည်လည်း ဒေသန္တရာဝစ္ဆေဒ ဝိသယာဓာရ, အညထာဘာဝ ဝိသယာဓာရအားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုတွင်–

၁။ တည်ရာတစ်ပါးကို ဖြတ်သောအားဖြင့် အရာမျှဖြစ်၍တည်ရာဖြစ်သော အာဓာရသည် **ဒေသန္တရာဝစ္ဆေဒ**ဝိသယာဓာရ မည်၏။ ပြယုဂ်ကား "ပါဒေသု ပတိတ္တာ ရောဒတိ" တည်း။ ဤ၌ 'ပါဒေသု'ဟူသော အာဓာရသည် ဟတ္ထေသု အစရှိသော တည်ရာတစ်ပါးကို ဖြတ်သောအားဖြင့် အရာမျှဖြစ်၍ တည်ရာဖြစ်သောကြောင့် ဒေသန္တရာဝစ္ဆေဒဝိသယာဓာရ မည်၏။

၂။ တည်ရာတစ်ပါး မရှိသောအားဖြင့် အရာမျှဖြစ်၍ တည်ရာဖြစ်သော အာဓာရသည် **အညထာဘာဝ**ဝိသယာဓာရ မည်၏။ ပြယုဂ်ကား "အာကာသေ သကုဏာ ပက္ခန္တိ"တည်း။ ဤ၌ 'အာကာသေ'ဟူသော အာဓာရသည် တည်ရာတစ်ပါးမရှိသောအားဖြင့် အရာမျှဖြစ်၍ တည်ရာဖြစ်သောကြောင့် အညထာဘာဝဝိသယာဓာရ မည်၏။

တစ်နည်း အာဓာရ ၄-ပါး

တစ်နည်းကား မုချာဓာရ, ပရမ္ပရာဓာရ, တဒ္ဓိသယာဓာရ, တဒုပနိဿယာဓာရ အားဖြင့် လေးပါးအပြားရှိ၏။ ထိုတွင်–

http://www.dhammadownload.com

မုချာဓာရ

၁။ စင်စစ်အားဖြင့် တည်ရာဖြစ်သော အာဓာရသည် **မုချာ**ဓာရ မည်၏။ ပြယုဂ်ကား "ဘိယျော ခဂ္ဂမှိ သြဘာသော" တည်း။ ဤ၌ 'ခဂ္ဂမှိ' ဟူသော အာဓာရသည် စင်စစ်အားဖြင့် တောက်ပခြင်းကြိယာ၏ တည်ရာဖြစ်သော ကြောင့် မုချာဓာရ မည်၏။

ပရမ္မုရာဓာရ

၂။ အဆင့်ဆင့်အားဖြင့် တည်ရာဖြစ်သော အာဓာရသည် **ပရမ္မုရာ**ဓာရ မည်၏။ ပြယုဂ်ကား "ပရိယင်္ကေ ရာဇာ သေတိ"တည်း။ ဤ၌ 'ပရိယင်္ကေ'ဟူသော အာဓာရသည် အိပ်ခြင်းကြိယာသည် မင်း၌, မင်းသည် ပြတင်း၌ တည်သည်ဖြစ်၍ အိပ်ခြင်းကြိယာ၏ အဆင့်ဆင့်အားဖြင့် တည်ရာဖြစ်သောကြောင့် ပရမ္မုရာဓာရ မည်၏။

တဒ္ဓိသယာဓာရ

၃။ အရာမျှဖြစ်၍ တည်ရာဖြစ်သော အာဓာရသည် **တဒ္ဓိသယာ**ဓာရ မည်၏။ ပြယုဂ်ကား "အာကာသေ သကုဏာ ပက္ခန္တိ"တည်း။ ဤ၌ 'အာကာသေ' ဟူသော အာဓာရသည် အရာမျှဖြစ်၍ တည်ရာဖြစ်သောကြောင့် တဒ္ဓိသယာဓာရ မည်၏။

တဒုပနိဿယာဓာရ

၄။ မှီရာဖြစ်၍တည်ရာဖြစ်သော အာဓာရသည် **တဒုပနိဿယာ**ဓာရ မည်၏။ ပြယုဂ်ကား "သာသနေ ဝသတိ ဘိက္ခု"တည်း။ ဤ၌ 'သာသနေ' ဟူသော အာဓာရသည် မှီရာဖြစ်၍ တည်ရာဖြစ်သောကြောင့် တဒုပနိဿယာဓာရ မည်၏။

ကာရက အကာရက လက္ခဏာ

ကြိယာ၏အကြောင်းဖြစ်၍ စင်စစ်ကြိယာဟူသော အကျိုးရှိသော အနက်

http://www.dhammadownload.com

သည် **ကာရက** မည်၏။ သမ္မန်, အာလုပ် အစရှိသော အနက်တို့သည် ကြိယာနှင့် မစပ်သည်ဖြစ်၍ ကြိယာ၏ အကြောင်းမျှ မဖြစ်သောကြောင့် **အကာရက** မည်ကုန်၏။ ဟိတ်, လက္ခဏ အစရှိသောအနက်တို့သည် ကြိယာနှင့် စပ်သည်ဖြစ်၍ ကြိယာ၏အကြောင်းဖြစ်ငြားသော်လည်း စင်စစ်ကြိယာဟူသော အကျိုးမရှိသောကြောင့် **အကာရက** မည်ကုန်၏။

သမ္မန်

ထိုအကာရကအပေါင်းတို့တွင် '၏' ဟူ၍ ပေးအပ်သော ဝိသေသနသမ္မန္ဓိ, ဝိသေသျသမ္မန္ဓိနှစ်ပါးတို့၏ ကြိယာကိုမှီ၍ဖြစ်သော အချင်းချင်းငဲ့ခြင်းဟု ဆိုအပ်သော အညမညာပေက္ခအနက်သည် "သမ္မဇ္ဈနံ သမ္မန္ဓော" ဟူသော ဝစနတ္ထကြောင့် **သမ္မန်** မည်၏။ ပြယုဂ်ကား "ရညော ပုရိသော"တည်း။ ဤ၌ မင်းသည် အချင်းအား ပေး၏။ အချင်းသည် ယူ၏။ ဤသို့ 'မင်း'တည်းဟူသော ဝိသေသနသမ္မန္ဓိ, 'အချင်း' တည်းဟူသော ဝိသေသျသမ္မန္ဓိနှစ်ပါးတို့၏ ပေးခြင်း ယူခြင်း ကြိယာကို မှီ၍ဖြစ်သော မင်းအချင်းတို့၏ အချင်းချင်းငဲ့ခြင်းဟု ဆိုအပ်သော အညမညာပေက္ခအနက်သည် သမ္မန် မည်၏။

သံသမ္မန်စသော သမ္မန်အပေါင်း

ထိုသမ္မန်သည်လည်း သံသမ္မန်, သာမီသမ္မန်, သမီပသမ္မန်, သမူဟသမ္မန်, အဝယဝသမ္မန်, ဝိကာရသမ္မန်, ဌာနသမ္မန်, သမ္မန္ဓသမ္မန် အစရှိသောအားဖြင့် အရာမက များသောအပြားရှိ၏။

သံသမ္မန်

ထိုသမ္မန်အပေါင်းတို့တွင် သာမီ-သံအဖြစ်ဖြင့် စပ်အပ်သော သမ္မန်သည် **သံသမ္မန်** မည်၏။ ပြယဂ်ကား "ပဟူတံ မေ ဓနံ သင်္ခ"အစရှိသည်တည်း။ ဤ၌ 'မေ' ဟူသော သမ္မန်သည် ဓနံနှင့် သာမီ-သံအဖြစ်ဖြင့် စပ်အပ်သောကြောင့် သံသမ္မန် မည်၏။ (သင်္ခ၊ သိကြားမင်း။ မေ၊ ငါ၏။ ဓနံ၊ ဥစ္စာသည်။ ပဟူတံ၊ များ၏။)

http://www.dhammadownload.com

သာမီသမ္ဗန်

သံ -သာမီ အဖြစ်ဖြင့် စပ်အပ်သော သမ္ဗန်သည် **သာမီသမ္ဗန်** မည်၏။ ပြယုဂ်ကား "သင်္ကော ဒေဝါနမိန္ဒော"တည်း။ ဤ၌ 'ဒေဝါနံ'ဟူသော သမ္ဗန်သည် ဣန္ဒောနှင့် သံ-သာမီ အဖြစ်ဖြင့် စပ်အပ်သောကြောင့် သာမီသမ္ဗန် မည်၏။ (ဒေဝါနံ၊ နတ်တို့၏။ ဣန္ဒော၊ အရှင်ဖြစ်သော။ သင်္ကော၊ သိကြားမင်း။)

သမီပသမ္ဗန်

သမီပီ-သမီပ အဖြစ်ဖြင့် စပ်အပ်သော သမ္ဗန်သည် **သမီပသမ္ဗန်** မည်၏။ ပြယုဂ်ကား "အမ္ဗဝနဿ အဝိဒူရေ" တည်း။ ဤ၌ 'အမ္ဗဝနဿ'ဟူသော သမ္ဗန်သည် အဝိဒူရေနှင့် သမီပီ-သမီပ အဖြစ်ဖြင့် စပ်အပ်သောကြောင့် သမီပသမ္ဗန် မည်၏။(အမ္ဗဝနဿ၊ သရက်ဥယျာဉ်တော၏။ အဝိဒူရေ၊ မနီးမဝေးသောအရပ်၌)

သမူဟသမ္ဗန်

သမူဟီ သမူဟအဖြစ်ဖြင့် စပ်အပ်သောသမ္ဗန်သည် **သမူဟသမ္ဗန်** မည်၏။ ပြယုဂ်ကား "သုဝဏ္ဏသ ရာသိ"တည်း။ ဤ၌ 'သုဝဏ္ဏသ'ဟူသော သမ္ဗန်သည် ရာသိနှင့် သမူဟီ-သမူဟအဖြစ်ဖြင့် စပ်အပ်သောကြောင့် သမူဟသမ္ဗန် မည်၏။ (သုဝဏ္ဏသ၊ ရွှေ၏။ ရာသိ၊ အစုတည်း။)

အဝယဝသမ္ဗန်

အဝယီ-အဝယ အဖြစ်ဖြင့် စပ်အပ်သော သမ္ဗန်သည် **အဝယဝသမ္ဗန်** မည်၏။ ပြယုဂ်ကား "မနုဿသော တေ သီသံ" တည်း။ ဤ၌ 'တေ' ဟူသော သမ္ဗန်သည် သီသံနှင့် အဝယီ- အဝယ အဖြစ်ဖြင့် စပ်အပ်သောကြောင့် အဝယဝသမ္ဗန် မည်၏။(တေ၊ သင်၏။ သီသံ၊ ဦးခေါင်းသည်။ မနုဿသ၊ လူ၏။ သီသံက္ကဝ၊ ဦးခေါင်းကဲ့သို့တကား။)

ဝိကာရသမ္ဗန်

ဝိကာရီ-ဝိကာရ အဖြစ်ဖြင့် စပ်အပ်သော သမ္ဗန်သည် **ဝိကာရသမ္ဗန်** မည်

http://www.dhammadownload.com

၏။ ပြယုဂ်ကား "ဘဌဓညာနံ သတ္ထာ"တည်း။ ဤ၌ 'ဘဌဓညာနံ'ဟူသော သမ္မန် သည် သတ္ထာနှင့် ဝိကာရီ-ဝိကာရ **အဖြစ်ဖြင့်** စပ်အပ်သောကြောင့် ဝိကာရသမ္မန် မည်၏။ (ဘဌဓညာနံ၊ လော်ပြီးသောစပါးတို့၏။ သတ္ထာ၊ မုန့်လုံး။)

ဌာနသမ္မန်

ဌာနီ ဌာနအဖြစ်ဖြင့် စပ်အပ်သော သမ္မန်သည် **ဌာနသမ္မန်** မည်၏။ ပြယုဂ်ကား "စတုမဟာရာဇိကာနံ ဌာနံ"တည်း။ ဤ၌ 'စတုမဟာရာဇိကာနံ' ဟူသော သမ္မန်သည် ဌာနံနှင့် ဌာနီ-ဌာန **အဖြစ်ဖြင့်** စပ်အပ်သောကြောင့် ဌာနသမ္မန် မည်၏။ (စာတုမဟာ ရာဇိကာနံ၊ **စာတုမဟာရာဇိနတ်တို့**၏။ ဌာနံ၊ နေရာ။)

သမ္မန္ဓသမ္မန်

သမ္မန္ဓီ-သမ္မန္ဓ အဖြစ်ဖြင့် **စပ်အပ်သော** သမ္မန်သည် **သမ္မန္ဓသမ္မန်** မည်၏။ ပြယုဂ်ကား "ပုတ္တာပိ တဿ ဗဟဝေါ"တည်း။ ဤ၌ 'တဿ'ဟူသော သမ္မန်သည် ပုတ္တာပိနှင့် သမ္မန္ဓီ-သမ္မန္ဓ အဖြစ်ဖြင့် စပ်အပ်သောကြောင့် သမ္မန္ဓသမ္မန် မည်၏။ (တဿ၊ ထိုသူ၏။ ပုတ္တာပိ၊ **သားတို့သည်လည်း**။ ဗဟဝေါ၊ များကုန်၏။)

လိင်္ဂတ္ထ

ဝိသဒါကာရ, အဝိသဒါကာရ, နေဝဝိသဒ နာဝိသဒါကာရဟု ဆိုအပ်သော သုံးပါးသော အခြင်းအရာသည် **"လိနံ အပါကဋ္ဌံ အင်္ဂီ လိင်္ဂံ၊ လီနမတ္ထံ ဂမယတီ ဗောဓေတီတိ ဝါ လိင်္ဂံ၊ လိင်္ဂဿ အတ္ထော လိင်္ဂတ္ထော"** ဟူသော ဝစနတ္ထကြောင့် **လိင်္ဂတ္ထ** မည်၏။ ပြယုဂ်ကား **"ပုရိသော, ကညာ, စိတ္တံ"**တည်း။ ထိုတွင် 'ပုရိသော' ဟူသောပြယုဂ်၌ သန့်ရှင်းသောအခြင်းအရာဟု ဆိုအပ်သော ဝိသဒါကာရသည် လိင်္ဂတ္ထ မည်၏။ 'ကညာ' ဟူသော ပြယုဂ်၌ မသန့်ရှင်းသော အခြင်းအရာဟု ဆိုအပ်သော အဝိသဒါကာရသည် လိင်္ဂတ္ထ မည်၏။ 'စိတ္တံ' ဟူသော ပြယုဂ်၌ သန့်ရှင်းသည်လည်း မဟုတ်, **မသန့်ရှင်းသည်လည်း** မဟုတ်သော အခြင်းအရာဟု ဆိုအပ်သော နေဝဝိသဒနာဝိသဒါကာရသည် လိင်္ဂတ္ထ မည်၏။

http://www.dhammadownload.com

လိင်္ဂတ္ထ ၂-ပါး

ထိုလိင်္ဂတ္ထသည်လည်း သုဒ္ဓလိင်္ဂတ္ထ, သံသဋ္ဌလိင်္ဂတ္ထအားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုတွင်–

သုဒ္ဓလိင်္ဂတ္ထ

၁။ ကံ အစရှိသောအနက်နှင့် မရောသော လိင်္ဂတ္ထသည် **သုဒ္ဓလိင်္ဂတ္ထ** မည်၏။ ပြယုဂ်ကား "ပုရိသော"တည်း။ ဤ၌ 'ပုရိသော'ဟူသော လိင်္ဂတ္ထသည် ကံ အစရှိသော အနက်နှင့် မရောသောကြောင့် သုဒ္ဓလိင်္ဂတ္ထ မည်၏။

သံသဋ္ဌလိင်္ဂတ္ထ

၂။ ကံ အစရှိသောအနက်နှင့် ရောသော လိင်္ဂတ္ထသည် **သံသဋ္ဌလိင်္ဂတ္ထ** မည်၏။ ပြယုဂ်ကား "ပုရိသော ပဿီယတိ" တည်း။ ဤ၌ 'ပုရိသော' ဟူသော လိင်္ဂတ္ထသည် မြင်ခြင်းကြိယာဖြင့် ရောက်အပ်သော ကြိယာပါပုဏ္ဏသတ္တိတည်းဟူသော ကံ အနက်နှင့် ရောသောကြောင့် သံသဋ္ဌလိင်္ဂတ္ထ မည်၏။

အာလုပ်

'အို'ဟူ၍ ပေးအပ်သော ရှေးရှုခေါ်ဝေါ်ခြင်း ကြိယာသည် "အာ အဘိမုခံ ကတွာ လပန် အာလပန်" ဟူသော ဝစနတ္ထကြောင့် **အာလုပ်** မည်၏။ ပြယုဂ်ကား "ဘောတိ ဣတ္ထိ"တည်း။ ဤ၌ 'ဘောတိ ဣတ္ထိ'ဟု ရှေးရှုခေါ်ဝေါ်ခြင်းကြိယာသည် အာလုပ်မည်၏။ တစ်နည်းကား ရှေးရှုခေါ်ဝေါ်အပ်သော အနက်သည် "အာ အဘိမုခံ ကတွာ လပိတဗ္ဗန္တိ အာလပန်" ဟူသော ဝစနတ္ထကြောင့် အာလုပ် မည်၏။ ပြယုဂ်ကား "ဘောတိ ဣတ္ထိ"တည်း။ ဤ၌ 'ဘောတိ ဣတ္ထိ' ဟု ရှေးရှုခေါ်ဝေါ်အပ်သော မိန်းမဖြစ်တည်းဟူသော အနက်သည် အာလုပ် မည်၏။

အာလုပ် ၂-ပါး

ထိုအာလုပ်သည်လည်း သဇီဝအာလုပ်, နိဇ္ဇီဝအာလုပ်အားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုတွင်–

http://www.dhammadownload.com

သဇီဝအာလုပ်

၁။ သဝိညာဏကဖြစ်သော အာလုပ်သည် **သဇီဝအာလုပ်** မည်၏။ ပြယုဂ်ကား "ဘောတိ ဣတ္ထိ"တည်း။ ဤ၌ "ဘောတိ ဣတ္ထိ' ဟူသော အာလုပ်သည် သဝိညာဏက ဖြစ်သောကြောင့် သဇီဝအာလုပ် မည်၏။

နိဇ္ဇီဝအာလုပ်

၂။ အဝိညာဏကဖြစ်သော အာလုပ်သည် **နိဇ္ဇီဝအာလုပ်** မည်၏။ ပြယုဂ်ကား "ဘော သေလ" တည်း။ ဤ၌ 'ဘော သေလ' ဟူသော အာလုပ်သည် အဝိညာဏကဖြစ်သောကြောင့် နိဇ္ဇီဝအာလုပ် မည်၏။

သဟာဒိယောဂ

'နှင့်'ဟူ၍ ပေးအပ်သော သမဝါယအနက်သည် "သဟာဒိဟိ ယောဂေါ သဟာဒိယောဂေါ" ဟူသော ဝစနတ္ထကြောင့် **သဟာဒိယောဂ** မည်၏။

သဟာဒိယောဂ ၃-ပါး

ထိုသဟာဒိယောဂသည်လည်း သဟယောဂ, သဟာဒိယောဂ, သဟတ္ထ အားဖြင့် သုံးပါးအပြားရှိ၏။ ထိုတွင်–

သဟယောဂ

၁။ သဟသဒ္ဒါနှင့်ယှဉ်သော သမဝါယသည် **သဟယောဂ** မည်၏။ ပြယုဂ်ကား "သဟာပိ ဂဂ်ေန သံယော"တည်း။ ဤ၌ 'ဂဂ်ေန'ဟူသော သမဝါယသည် သဟသဒ္ဒါနှင့် ယှဉ်သောကြောင့် သဟယောဂ မည်၏။

သဟာဒိယောဂ

၂။ "သဒ္ဒိ, ဝိနာ, နာနာ, သမံ"အစရှိသော သဒ္ဒါနှင့်ယှဉ်သော သမဝါယသည် **သဟာဒိယောဂ** မည်၏။ ပြယုဂ်ကား "ဘိက္ခုသံယေန သဒ္ဒိ" တည်း။ ဤ၌ 'ဘိက္ခုသံယေန' ဟူသော သမဝါယသည် သဒ္ဒိ သဒ္ဒါနှင့်ယှဉ်သောကြောင့် သဟာဒိယောဂ မည်၏။

http://www.dhammadownload.com

သဟတ္ထ

၃။ သဟ အစရှိသော သဒ္ဒါ မရှိဘဲလျက် သဟအနက် ဖြစ်သင့်သော သမဝါယသည် **သဟတ္ထ** မည်၏။ ပြယုဂ်ကား **"**ဒေဝဒတ္တော ကောကာလိကေန ဂစ္ဆတိ" တည်း။ ဤ၌ "ကောကာလိကေန' ဟူသော သမဝါယသည် သဟအစရှိသော သဒ္ဒါ မရှိဘဲလျက် "ဒေဝဒတ္တော၊ ဒေဝဒတ်သည်။ ကောကာလိကေန၊ ကောကာလိကနှင့်တကွ။ ဂစ္ဆတိ၊ သွား၏" ဤသို့ သဟအနက်ဖြစ်သင့်သော ကြောင့် သဟတ္ထ မည်၏။

သမဝါယ ၃-ပါး

တစ်နည်းကား ဂုဏသမဝါယ, ဒဗ္ဗသမဝါယ, ကြိယာသမဝါယအားဖြင့် သုံးပါးအပြားရှိ၏။ ထိုတွင်–

ဂုဏသမဝါယ

၁။ ဂုဏ်အားဖြင့်မျှသော သမဝါယသည် **ဂုဏသမဝါယ** မည်၏။ ပြယုဂ်ကား "ပုတ္တေန သဟ ထူလော ပိတာ"တည်း။ ဤ၌ 'ပုတ္တေန'ဟူသော သမဝါယသည် ပိတာနှင့် ဆူသောဂုဏ်အားဖြင့် မျှသောကြောင့် ဂုဏသမဝါယ မည်၏။

ဒဗ္ဗသမဝါယ

၂။ ဒြဗ်အားဖြင့်မျှသော သမဝါယသည် **ဒဗ္ဗသမဝါယ** မည်၏။ ပြယုဂ်ကား "ပုတ္တေန သဟ ဓနဝါ ပိတာ"တည်း။ ဤ၌ 'ပုတ္တေန' ဟူသော သမဝါယသည် ပိတာနှင့်ဥစ္စာတည်းဟူသော ဒြဗ်အားဖြင့်မျှသောကြောင့် ဒဗ္ဗသမဝါယ မည်၏။

ကြိယာသမဝါယ

၃။ ကြိယာအားဖြင့် မျှသော သမဝါယသည် **ကြိယာသမဝါယ** မည်၏။ ပြယုဂ်ကား "ပုတ္တေန သဟ ပါဝိသိ ပိတာ" တည်း။ ဤ၌ 'ပုတ္တေန' ဟူသော သမဝါယသည် ပိတာနှင့် ဝင်ခြင်းကြိယာအားဖြင့် မျှသောကြောင့် ကြိယာသမဝါယ မည်၏။

http://www.dhammadownload.com

ဟိတ်၏ဝစနတ္ထ

'ကြောင့်'ဟူ၍ ပေးအပ်သောအကြောင်းဖြစ်သော အနက်သည် "ဟိနောတိ ပဝတ္တတိ ဖလံ ဧတေနာတိ ဟေတု" ဟူသော ဝစနတ္ထကြောင့် **ဟိတ်** မည်၏။

ဟိတ် ၃-ပါး

ထိုဟိတ်သည်လည်း တတိယာဟိတ်, ပဉ္စမီဟိတ်, သတ္တမီဟိတ်အားဖြင့် သုံးပါးအပြားရှိ၏။ ထိုတွင်–

တတိယာဟိတ်

၁။ တတိယာဝိဘတ်နှင့် ယှဉ်သောဟိတ်သည် **တတိယာဟိတ်** မည်၏။ ပြယုဂ်ကား "အန္နေန ဝသတိ ဘိက္ခု"တည်း။ ဤ၌ 'အန္နေန'ဟူသောဟိတ်သည် တတိယာဝိဘတ်နှင့် ယှဉ်သောကြောင့် တတိယာဟိတ် မည်၏။

ပဉ္စမီဟိတ်

၂။ ပဉ္စမီဝိဘတ်နှင့် ယှဉ်သောဟိတ်သည် **ပဉ္စမီဟိတ်** မည်၏။ ပြယုဂ်ကား "စတုန္နံ အရိယသစ္စာနံ အနနုဗောဓာ" တည်း။ ဤ၌ 'အနနုဗောဓာ' ဟူသော ဟိတ်သည် ပဉ္စမီဝိဘတ်နှင့်ယှဉ်သောကြောင့် ပဉ္စမီဟိတ် မည်၏။

သတ္တမီဟိတ်

၃။ သတ္တမီဝိဘတ်နှင့် ယှဉ်သောဟိတ်သည် **သတ္တမီဟိတ်** မည်၏။ ပြယုဂ်ကား "ကုဋ္ဌရော ဒန္တေသု ဟညတေ"တည်း။ ဤ၌ 'ဒန္တေသု'ဟူသော ဟိတ်သည် သတ္တမီဝိဘတ်နှင့် ယှဉ်သောကြော့ သတ္တမီဟိတ် မည်၏။

တစ်နည်း ဟိတ် ၃-ပါး

တစ်နည်းကား ဇနကဟိတ်, သမ္မာပကဟိတ်, ဉာပကဟိတ်အားဖြင့် သုံးပါး အပြားရှိ၏။ ထိုတွင်–

http://www.dhammadownload.com

ဇနကဟိတ်

၁။ ဖြစ်စေတတ်သော ဟိတ်သည် **ဇနကဟိတ်** မည်၏။ ပြယုဂ်ကား "ဒီဇတော အက်ံရော ဇာယတိ"တည်း။ ဤ၌ 'ဒီဇတော' ဟူသော ဟိတ်သည် အညွှန်ကို ဖြစ်စေတတ်သောကြောင့် ဇနကဟိတ် မည်၏။

သမ္မာပကဟိတ်

၂။ ရောက်စေတတ်သောဟိတ်သည် **သမ္မာပကဟိတ်** မည်၏။ ပြယုဂ်ကား "တီရံ နာဝါယ ပါပုဏိ"တည်း။ ဤ၌ 'နာဝါယ'ဟူသောဟိတ်သည် ကမ်းတဘက်သို့ ရောက်စေတတ်သောကြောင့် သမ္မာပကဟိတ် မည်၏။

ဉာပကဟိတ်

၃။ သိစေတတ်သော ဟိတ်သည် **ဉာပကဟိတ်** မည်၏။ ပြယုဂ်ကား ဓူမတော အဂ္ဂိ အတ္ထိတိ ဉာယတိ"တည်း။ ဤ၌ 'ဓူမတော'ဟူသော ဟိတ်သည် မီးကို သိစေတတ်သောကြောင့် ဉာပကဟိတ် မည်၏။

ဉာပကဟိတ် ၃-ပါး

ထိုသုံးပါးတို့တွင် ဉာပကဟိတ်သည်လည်း သဘာဝဉာပကဟိတ်, ဗျတိရေကဉာပကဟိတ်, ကာရိယဉာပကဟိတ်အားဖြင့် သုံးပါးအပြားရှိ၏။ ထိုတွင်–

၁။ သဘောဖြစ်၍ သိစေတတ်သောဟိတ်သည် **သဘာဝဉာပက**ဟိတ် မည်၏။ ပြယုဂ်ကား ဥဏှတ္တာ အဂ္ဂိ အတ္ထိတိ ဉာယတိ" တည်း။ ဤ၌ 'ဥဏှတ္တာ' ဟူသော ဟိတ်သည် **မီး**၏သဘောဖြစ်၍ သိစေတတ်သောကြောင့် သဘာဝဉာပကဟိတ် မည်၏။

၂။ ဆန့်ကျင်ဘက်ဖြစ်၍ သိစေတတ်သော ဟိတ်သည် **ဗျတိရေကဉာပက**ဟိတ် မည်၏။ ပြယုဂ်ကား "သီတတ္တာ အဂ္ဂိ နတ္ထိတိ ဉာယတိ"တည်း။ ဤ၌ 'သီတတ္တာ' ဟူသော ဟိတ်သည် မီး၏ဆန့်ကျင်ဘက်ဖြစ်၍ သိစေတတ်သောကြောင့် ဗျတိရေကဉာပကဟိတ် မည်၏။

http://www.dhammadownload.com

၃။ အကျိုးဖြစ်၍ သိစေတတ်သောဟိတ်သည် **ကာရိယညာပက**ဟိတ် မည်၏။ ပြယုဂ်ကား "ဓူမတော အဂ္ဂိ အတ္ထိတိ ဉာယတိ"တည်း။ ဤ၌ 'ဓူမတော'ဟူသောဟိတ်သည် မီး၏အကျိုးဖြစ်၍ သိစေတတ်သောကြောင့် ကာရိယညာပကဟိတ် မည်၏။

တစ်နည်း ဟိတ် ၃-ပါး

တစ်နည်းကား နာနာဟိတ်, ပစ္စေကဟိတ်, ပရမ္မရဟိတ်အားဖြင့် သုံးပါးအပြားရှိ၏။ ထိုတွင်–

နာနာဟိတ်

၁။ အကျိုးတစ်ပါးသာဖြစ်၍ အကြောင်းများသော ဟိတ်သည် **နာနာ**ဟိတ် မည်၏။ ပြယုဂ်ကား "ကမ္မဿ ကတတ္တာ ဥပစိတတ္တာ ဥဿန္နတ္တာ ဝိပုလတ္တာ ဥပ္ပန္နံ ဟောတိ စက္ခုဝိညာဏံ"တည်း။ ဤ၌ 'ကတတ္တာ ဥပစိတတ္တာ ဥဿန္နတ္တာ ဝိပုလတ္တာ'ဟူသောဟိတ်သည် စက္ခုဝိညာဏ်ဟူသော အကျိုးတစ်ပါးသာဖြစ်၍ ကတတ္တာ ဥပစိတတ္တာ ဥဿန္နတ္တာ ဝိပုလတ္တာ ဟု အကြောင်းများသောကြောင့် နာနာဟိတ် မည်၏။

ပစ္စေကဟိတ်

၂။ အကျိုးတစ်ပါးသာဖြစ်၍ အကြောင်းတစ်ပါးသာဖြစ်သော ဟိတ်သည် **ပစ္စေက**ဟိတ် မည်၏။ ပြယုဂ်ကား "ဒါနတော ဘောဂဝါ ဟောတိ"တည်း။ ဤ၌ 'ဒါနတော' ဟူသော ဟိတ်သည် ဘောဂဝါဟူသော အကျိုးတစ်ပါးသာဖြစ်၍ ဒါနတောဟူသော အကြောင်းတစ်ပါးသာဖြစ်သောကြောင့် ပစ္စေကဟိတ် မည်၏။

ပရမ္မရဟိတ်

၃။ အဆင့်ဆင့် အကြောင်းဖြစ်သော ဟိတ်သည် **ပရမ္မရ**ဟိတ် မည်၏။ ပြယုဂ်ကား "သီလတော ပမုဒေါ ဟောတိ, ပမုဒါ ဟောတိ သုခိတော"တည်း။ ဤ၌ 'ပမုဒါ' ဟူသော ဟိတ်သည် သီလတောမှထောက်၍ အဆင့်ဆင့် အကြောင်းဖြစ်သောကြောင့် ပရမ္မရဟိတ် မည်၏။

http://www.dhammadownload.com

ကမ္ဘထ္ဆမ္ဘျုတလက္ခဏာ

တစ်စုံတစ်ခု အထူးသို့ ရောက်သည်ကို မှတ်ကြောင်းဖြစ်သော အနက်သည် "ကမ္ဘထ္ဆံ ကိဉ္စိပကာရံ ဘူတော ပတ္တောတိ ကမ္ဘထ္ဆမ္ဘျုတော၊ ကမ္ဘထ္ဆမ္ဘျုတသလက္ခဏံ ကမ္ဘထ္ဆမ္ဘျုတလက္ခဏံ" ဟူသော ဝစနတ္ထကြောင့် **ကမ္ဘထ္ဆမ္ဘျုတ လက္ခဏာ** အနက် မည်၏။ ပြယုဂ်ကား "နေတ္ထေန ကာဏံ ပဿတိ၊ သာ ကာဠီ ဘိန္နေန သီသေန ပတိဝိသကေ ဥဏ္ဍာပေတိ"တည်း။ "နေတ္ထေန၊ မျက်စိဖြင့်။ ဥပ လက္ခိတံ၊ မှတ်အပ်သော။ ကာဏံ၊ ကန်းသောသူကို။ ပဿတိ၊ မြင်၏။ သာကာဠီ၊ ထိုကာဠီမည်သော ကျွန်မသည်။ ဘိန္နေန သီသေန ဘိန္နသီသာ ဟုတွာ၊ ကွဲသောဦးခေါင်းရှိသည်ဖြစ်၍။ ပတိဝိသကေ၊ အိမ်နီးချင်းတို့ကို။ ဥဏ္ဍာပေတိ၊ စောင်းမြောင်းစေ၏။ ဤ၌ 'နေတ္ထေန'သည် ကန်းခြင်းတည်းဟူသော အထူးသို့ရောက်သော ကန်းသောသူဟူသောအနက်ကို မှတ်ကြောင်းဖြစ်သောကြောင့် ကမ္ဘထ္ဆမ္ဘျုတ လက္ခဏာအနက် မည်၏။ 'ဘိန္နေန သီသေန'သည် ကွဲခြင်းတည်းဟူသော အထူးသို့ရောက်သော ကာဠီဟူသောအနက်ကို မှတ်ကြောင်းဖြစ်သောကြောင့် ကမ္ဘထ္ဆမ္ဘျုတလက္ခဏာအနက် မည်၏။

ဝိသေသန

'အားဖြင့်' ဟူ၍ငင်း 'သဖြင့်' ဟူ၍ငင်း ပေးအပ်သော အထူးပြုတတ်သော အနက်သည် "ဝိသေသီယတိ ဝိသေသိတဗ္ဗံ အနေနာတိ ဝိသေသနံ" ဟူသော ဝစနတ္ထကြောင့် **ဝိသေသန** မည်၏။ ပြယုဂ်ကား "တပသာ ဥတ္တမော" တည်း။ ဤ၌ 'တပသာ' ဟူသော ဝိသေသနသည် 'ဥတ္တမော' ဟူသော ဝိသေသျပုဒ်ကို အမျိုးအားဖြင့် မြတ်ခြင်းအစရှိသည်မှ အထူးပြုတတ်သောကြောင့် ဝိသေသန မည်၏။

ဝိသေသန ၂ -ပါး

ထိုဝိသေသနသည်လည်း ဘိန္နာဓိကရဏဝိသေသန, တုလျာဓိကရဏ ဝိသေသနအားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုတွင်–

http://www.dhammadownload.com

ဘိန္နာဓိကရဏဝိသေသန

၁။ ဝိသေသျနှင့် ဝိဘတ်ပြားသော ဝိသေသနသည် **ဘိန္နာဓိကရဏ** ဝိသေသန မည်၏။ ပြယုဂ်ကား "တပသာ ဥတ္တမော" တည်း။ ဤ၌ 'တပသာ' ဟူသော ဝိသေသနသည် ဥတ္တမောဟူသော ဝိသေသျပုဒ်နှင့် ဝိဘတ်ပြားသော ကြောင့် ဘိန္နာဓိကရဏဝိသေသန မည်၏။

တုလျာဓိကရဏဝိသေသန

၂။ 'သော' ဟူ၍၄င်း 'ထသော' ဟူ၍၎င်း ပေးအပ်သော ဝိသေသျပုဒ်နှင့် ဝိဘတ်တူသော ဝိသေသနသည် **တုလျာဓိကရဏ**ဝိသေသန မည်၏။ ပြယုဂ်ကား "နီလော ပဋော"တည်း။ ဤ၌ 'နီလော'ဟူသော ဝိသေသနသည် 'ပဋော'ဟူသော ဝိသေသျနှင့် ဝိဘတ်တူသောကြောင့် တုလျာဓိကရဏဝိသေသန မည်၏။

ဘိန္နာဓိကရဏဝိသေသန ၃-ပါး

ထိုနှစ်ပါးတို့တွင် ဘိန္နာဓိကရဏဝိသေသနသည် တတိယာဘိန္နာဓိကရဏ ဝိသေသန, ဆဋ္ဌီဘိန္နာဓိကရဏဝိသေသန, သတ္တမီဘိန္နာဓိကရဏဝိသေသန အားဖြင့် သုံးပါးအပြားရှိ၏။ ထိုတွင်–

၁။ တတိယာဝိဘတ်အဆုံးရှိသော ဝိသေသနသည် **တတိယာဘိန္နာ-ဓိကရဏဝိသေသန** မည်၏။ ပြယုဂ်ကား "တပသာ ဥတ္တမော" တည်း။ ဤ၌ 'တပသာ'သည် တတိယာဝိဘတ်အဆုံးရှိသောကြောင့် တတိယာဘိန္နာဓိကရဏ ဝိသေသန မည်၏။

၂။ ဆဋ္ဌီဝိဘတ်အဆုံးရှိသော ဝိသေသနသည် **ဆဋ္ဌီ**ဘိန္နာဓိကရဏဝိသေသန မည်၏။ ပြယုဂ်ကား "ရာဇိနော ပုရိသော ဟောတိ"တည်း။ ဤ၌ 'ရာဇိနော'သည် ဆဋ္ဌီဝိဘတ် အဆုံးရှိသောကြောင့် ဆဋ္ဌီဘိန္နာဓိကရဏ ဝိသေသန မည်၏။

၃။ သတ္တမီဝိဘတ် အဆုံးရှိသော ဝိသေသနသည် **သတ္တမီ**ဘိန္နာဓိကရဏ ဝိသေသန မည်၏။ ပြယုဂ်ကား "ဂေဟေဝ နိသိန္နော ဟောတိ" တည်း။ ဤ၌

http://www.dhammadownload.com

'ဂေဟေဝ'သည် သတ္တမီဝိဘတ် အဆုံးရှိသောကြောင့် သတ္တမီဘိန္နာဓိကရဏ ဝိသေသန မည်၏။

တုလျာဓိကရဏဝိသေသန ၆-ပါး

တုလျာဓိကရဏ ဝိသေသနသည်လည်း–

၁။ အာသယာသယီဘာဝတုလျာဓိကရဏ ဝိသေသန၊
၂။ တဇ္ဇာဝတာ တုလျာဓိကရဏ ဝိသေသန၊
၃။ တဒ္ဓိသေသတာ တုလျာဓိကရဏ ဝိသေသန၊
၄။ ဓမ္မေကတာ တုလျာဓိကရဏ ဝိသေသန၊
၅။ အာဓာရေကတာတုလျာဓိကရဏ ဝိသေသန၊
၆။ ဖလေကတာတုလျာဓိကရဏဝိသေသန

အားဖြင့် ခြောက်ပါးအပြား ရှိ၏။ ထိုတွင်–

အာသယာသယီဘာဝ

၁။ ဝုဏ်ဖြစ်၍ဒြဗ်ကို အထူးပြုသော ဝိသေသနသည် **အာသယာသယီဘာဝ** တုလျာဓိကရဏဝိသေသန မည်၏။ ပြယုဂ်ကား "နီလော ပဋော"တည်း။ ဤ၌ 'နီလော'ဟူသော ဝိသေသနသည် **အညီဝုဏ်**ဖြစ်၍ ပုဆိုးဒြဗ်ကို အထူးပြုတတ်သောကြောင့် အာသယာသယီဘာဝ **တုလျာဓိကရဏ** ဝိသေသန မည်၏။

တဇ္ဇာဝတာ

၂။ ဒြဗ်ဖြစ်၍ဒြဗ်ကို အထူးပြုတတ်သော ဝိသေသနသည် **တဇ္ဇာဝတာ**မည်၏။ပြယုဂ်ကား 'ပုဒ္ဓေါ ဇိနော" တည်း။ ဤ၌ 'ပုဒ္ဓေါ' ဟူသော ဝိသေသနသည် ဘုရားဒြဗ်ဖြစ်၍ ဇိနောအရဖြစ်သော ဘုရားဒြဗ်ကို အထူးပြုတတ်သောကြောင့် တဇ္ဇာဝတာ မည်၏။

တဒ္ဓိသေသတာ

၃။ အစိတ်ဖြစ်၍ အပေါင်းကို အထူးပြုတတ်သော ဝိသေသနသည် **တဒ္ဓိသေသတာ** မည်၏။ ပြယုဂ်ကား "အမ္ဗော ပါနော" တည်း။ ဤ၌ 'အမ္ဗော'ဟူ

http://www.dhammadownload.com

သော ဝိသေသနသည် အစိတ်**ဖြစ်သော** သရက်သီးအဖျော်ဖြစ်၍ 'ပါနော'အရ ဖြစ်သော အဖျော်ရှစ်ပါးတည်း**ဟူသော** အပေါင်းကို အထူးပြုတတ်သောကြောင့် တဗ္ဗိသေသတာ မည်၏။

ဓမ္မေကတာ

၄။ ဂုဏ်တူ၍ ဝိသေသျကို **အထူးပြုတတ်သော** ဝိသေသနသည် **ဓမ္မေကတာ** မည်၏။ ပြယုဂ်ကား **"နရော သီဟော"**တည်း။ ဤ၌ 'သီဟော'ဟူသော ဝိသေသနသည် ရဲခြင်းဂုဏ်တူ၍ **'နရော'** ဟူသော ဝိသေသျကို အထူးပြုတတ်သောကြောင့် ဓမ္မေကတာ **မည်၏။**

အာဓာရေကတာ

၅။ အချင်းချင်း တည်ရာတူ**၍ ဝိ**သေသျကို အထူးပြုတတ်သော ဝိသေသနသည် **အာဓာရေကတာ** မည်၏။ **ပြယုဂ်ကား "**အမ္မိလော ဂရုကော ရသော**"**တည်း။ ဤ၌ 'အမ္မိလော'ဟူသော ဝိသေသနသည် အရသာချင်း တည်ရာတူ၍'ရသော' ဟူသော ဝိသေသျကို အထူးပြု**တတ်**သောကြောင့် အာဓာရေကတာ မည်၏။

ဖလေကတာ

၆။ အကျိုးတူ၍ ဝိသေသျ**ကို အထူး**ပြုတတ်သော ဝိသေသနသည် **ဖလေကတာ** မည်၏။ ပြယုဂ်ကား **"ဂဒါဟတံ** သုသံယုတ္တံ ဩသဓံ**"** တည်း။ ဤ၌ 'သုသံယုတ္တံ'ဟူသော ဝိသေသနသည် အနာပျောက်ခြင်း အကျိုးတူ၍ 'ဩသဓံ' ဟူသော ဝိသေသျကို အထူးပြု**တတ်**သောကြောင့် ဖလေကတာ မည်၏။

တစ်နည်း ဝိသေသန ၂-ပါး

တစ်နည်းကား ကာရကဝိ**သေသန,** ကြိယာဝိသေသန အားဖြင့် နှစ်ပါး အပြားရှိ၏။ ထိုတွင်–

ကာရကဝိသေသန

၁။ ကာရကကို အထူးပြု**တတ်**သော ဝိသေသနသည် **ကာရက**ဝိသေသန

http://www.dhammadownload.com

မည်၏။ ပြယုဂ်ကား "တပသာ ဥတ္တမော"တည်း။ ဤ၌ 'တပသာ'သည် ဥတ္တမော ဟူသော ကာရကကို အထူးပြုတတ်သောကြောင့် ကာရကဝိသေသန မည်၏။

ကြိယာဝိသေသန

၂။ ကြိယာကို အထူးပြုတတ်သော ဝိသေသနသည် **ကြိယာဝိသေသန** မည်၏။ ပြယုဂ်ကား "မုဒုံ ပစတိ" တည်း။ ဤ၌ 'မုဒုံ' ဟူသော ဝိသေသနသည် ကျက်ခြင်းကြိယာကို အထူးပြုတတ်သောကြောင့် ကြိယာဝိသေသန မည်၏။

ကြိယာဝိသေသန ၂-ပါး

ထိုနှစ်ပါးတို့တွင် ကြိယာဝိသေသနသည်လည်း ဗဟိဒ္ဓကြိယာဝိသေသန, အဗဟိဒ္ဓကြိယာဝိသေသနအားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုတွင်–

၁။ အာလုပ်အနက်အပေါင်းသည် ကြိယာမှအပ ဖြစ်သောကြောင့် **ဗဟိဒ္ဓကြိယာဝိသေသန** မည်၏။

၂။ မုဒုံ ပစတိ အစရှိသည်၌ 'မုဒုံ' အစရှိသည်ကား ကြိယာ၏ အတွင်းဖြစ်သောကြောင့် **အဗဟိဒ္ဓကြိယာဝိသေသန** မည်၏။

အဗဟိဒ္ဓကြိယာဝိသေသန ၄-ပါး

ထိုနှစ်ပါးတို့တွင် အဗဟိဒ္ဓကြိယာဝိသေသနသည်လည်း ပထမာကြိယာဝိသေသန, ဒုတိယာ, တတိယာ, ဆဋ္ဌီကြိယာဝိသေသနအားဖြင့် လေးပါးအပြားရှိ၏။ ထိုတွင်–

၁။ ပဌမာဝိဘတ် အဆုံးရှိသော ကြိယာဝိသေသနသည် **ပဌမာကြိယာဝိသေသန** မည်၏။ ပြယုဂ်ကား "သုခံ သယတိ" တည်း။ ဤ၌ 'သုခံ' ဟူသော ကြိယာဝိသေသနသည် ပဌမာဝိဘတ် အဆုံးရှိသောကြောင့် ပဌမာကြိယာဝိသေသန မည်၏။

၂။ ဒုတိယာ ဝိဘတ်အဆုံးရှိသော ကြိယာဝိသေသနသည် **ဒုတိယာကြိယာဝိသေသန** မည်၏။ ပြယုဂ်ကား "မုဒုံ ပစတိ"တည်း။ ဤ၌ 'မုဒုံ'ဟူသော

http://www.dhammadownload.com

ကြိယာဝိသေသနသည် ဒုတိယာဝိဘတ် အဆုံးရှိသောကြောင့် ဒုတိယာကြိယာဝိသေသန မည်၏။

ထိုတွင် ဝိသေသျကြိယာသည် ကတ္တားဟောဖြစ်အံ့၊ ပဌမာကြိယာဝိသေသနဖြစ်ရာ၏။ ဝိသေသျကြိယာသည် ကံဟောဖြစ်အံ့၊ ဒုတိယာကြိယာဝိသေသနဖြစ်ရာ၏။

တစ်နည်းကား ဝိသေသျကြိယာသည် အကမ္မကဓာတ်ဖြစ်အံ့၊ ပဌမာကြိယာဝိသေသန ဖြစ်ရာ၏။ ဝိသေသျကြိယာသည် သကမ္မကဓာတ်ဖြစ်အံ့၊ ဒုတိယာကြိယာဝိသေသန ဖြစ်ရာ၏။

၃။ တတိယာဝိဘတ် အဆုံးရှိသော ကြိယာဝိသေသနသည် **တတိယာကြိယာဝိသေသန** မည်၏။ ပြယုဂ်ကား "ဧကာဟေနေဝ ပါယာသိ"တည်း။ ဤ၌ 'ဧကာဟေနေဝ' ဟူသော ကြိယာဝိသေသနသည် တတိယာဝိဘတ် အဆုံးရှိသောကြောင့် တတိယာကြိယာဝိသေသန မည်၏။

တစ်နည်းကား "ကြိယာယ အပဝဂ္ဂေါ ကြိယာပဝဂ္ဂေါ"ဟူသော ဝစနတ္ထနှင့်အညီ ကြိယာကို လျင်စွာပြီးစေတတ်သောကြောင့် **ကြိယာပဝဂ္ဂ** မည်၏။

၄။ ဆဋ္ဌီဝိဘတ်အဆုံးရှိသော ကြိယာဝိသေသနသည် **ဆဋ္ဌီကြိယာဝိသေသန** မည်၏။ ပြယုဂ်ကား 'ပါဒဿ ဥက္ခိပနံ"တည်း။ ဤ၌ 'ပါဒဿ'ဟူသော ကြိယာဝိသေသနသည် ဥ-ရှေးရှိသော ခိပဓာတ်၏အရဖြစ်သော ခြေကြွခြင်းကြိယာနှင့် စပ်သည်ဖြစ်၍ ဆဋ္ဌီဝိဘတ် အဆုံးရှိသောကြောင့် ဆဋ္ဌီကြိယာဝိသေသန မည်၏။ တစ်နည်းကား ယုပစ္စည်း၏အရဖြစ်သော ခြေကြွခြင်းကြိယာနှင့်စပ်သည်ဖြစ်၍ ဆဋ္ဌီဝိဘတ် အဆုံးရှိသောကြောင့် ဆဋ္ဌီကြိယာဝိသေသန မည်၏။

ကြိယာဝိသေသနအမည်ထူး

ဤကြိယာဝိသေသနအပေါင်းသည် လောကီသဒ္ဒါကျမ်းအလိုအားဖြင့် **ဓာတုဝိသေသန** မည်၏။ သာသနာတော်ကျမ်းအလိုအားဖြင့် **ဘာဝနပုံ** မည်၏။

http://www.dhammadownload.com

အစ္စန္တသံယောဂ

'ပတ်လုံး' ဟူ၍၄င်း 'တိုင်တိုင်' ဟူ၍၄င်း ပေးအပ်သော မပြတ်ယှဉ်ခြင်း အနက်သည် "အစ္စန္တံ နိရန္တရံ သံယောဂေါ အစ္စန္တသံယောဂေါ"ဟူသော ဝစနတ္ထ ကြောင့် **အစ္စန္တသံယောဂ** မည်၏။

အစ္စန္တသံယောဂ ၂-ပါး

ထိုအစ္စန္တ သံယောဂသည်လည်း ကာလအစ္စန္တသံယောဂ, အဒ္ဓါအစ္စန္တ သံယောဂအားဖြင့် နှစ်ပါးအပြား ရှိ၏။

၁။ ကာလနှင့်မပြတ်ယှဉ်ခြင်းသည် **ကာလအစ္စန္တသံယောဂ** မည်၏။ ပြယုဂ် ကား "မာသံ မံသောဒနံ ဘုဉ္ဇတိ"တည်း။ ဤ၌ 'မာသံ'ဟူသော အစ္စန္တသံယောဂ သည် ကာလနှင့်မပြတ်ယှဉ်သောကြောင့် ကာလအစ္စန္တသံယောဂ မည်၏။

၂။ အဝန်္တနှင့် မပြတ်ယှဉ်ခြင်းသည် **အဒ္ဓါအစ္စန္တသံယောဂ** မည်၏။ ပြယုဂ် ကား "ယောဇနံ ဝနရာဇိ"တည်း။ ဤ၌ 'ယောဇနံ'ဟူသော အစ္စန္တသံယောဂသည် အဝန်္တနှင့် မပြတ်ယှဉ်သောကြောင့် အဒ္ဓါအစ္စန္တသံယောဂ မည်၏။

ကာလအစ္စန္တသံယောဂ ၃-ပါး

ထိုနှစ်ပါးတို့တွင် ကာလအစ္စန္တသံယောဂသည် ဒဗ္ဗအစ္စန္တသံယောဂ, ဂုဏ အစ္စန္တသံယောဂ, ကြိယာအစ္စန္တသံယောဂအားဖြင့် သုံးပါးအပြားရှိ၏။ ထိုတွင်–

၁။ ဒြဗ်နှင့် မပြတ်ယှဉ်သော အစ္စန္တသံယောဂသည် **ဒဗ္ဗအစ္စန္တသံယောဂ** မည်၏။ ပြယုဂ်ကား "မာသံ မံသောဒနံ ဘုဉ္ဇတိ"တည်း။ ဤ၌ 'မာသံ' ဟူသော အစ္စန္တ သံယောဂသည် သားပြွမ်းထမင်းတည်းဟူသော ဒြဗ်နှင့် မပြတ်ယှဉ်သော ကြောင့် ဒဗ္ဗအစ္စန္တသံယောဂ မည်၏။

၂။ ဂုဏ်နှင့်မပြတ်ယှဉ်သော အစ္စန္တသံယောဂသည် **ဂုဏအစ္စန္တသံယောဂ** မည်၏။ ပြယုဂ်ကား "သရဒံ ရမဏီယာ နဒီ"တည်း။ ဤ၌ 'သရဒံ' ဟူသော အစ္စန္တသံယောဂသည် နှလုံးမွေ့လျော်ဖွယ်ဟူသော ဂုဏ်နှင့် မပြတ်ယှဉ်သော ကြောင့် ဂုဏအစ္စန္တသံယောဂ မည်၏။

http://www.dhammadownload.com

၃။ ကြိယာနှင့် မပြတ်ယှဉ်သော အစွန်္ဘသံယောဂသည် **ကြိယာအစွန်္ဘသံယောဂ** မည်၏။ ပြယုဂ်ကား "မာသံ သဇ္ဈာယတိ" တည်း။ ဤ၌ 'မာသံ' ဟူသော အစွန်္ဘသံယောဂသည် သရဇ္ဈာယ်ခြင်းကြိယာနှင့် မပြတ်ယှဉ်သောကြောင့် ကြိယာအစွန်္ဘသံယောဂ မည်၏။

အဒ္ဓါအစွန်္ဘသံယောဂ ၃-ပါး

အဒ္ဓါအစွန်္ဘသံယောဂသည်လည်း ဒဗ္ဗအစွန်္ဘသံယောဂ, ဂုဏအစွန်္ဘသံယောဂ, ကြိယာအစွန်္ဘသံယောဂ အားဖြင့် သုံးပါးအပြားရှိ၏။ ထိုတွင်–

၁။ ဒြဗ်နှင့်မပြတ်ယှဉ်သော အစွန်္ဘသံယောဂသည် **ဒဗ္ဗအစွန်္ဘသံယောဂ** မည်၏။ ပြယုဂ်ကား "ယောဇနံ ဝနရာဇိ" တည်း။ ဤ၌ 'ယောဇနံ' ဟူသော အစွန်္ဘသံယောဂသည် တောအရေးတည်းဟူသော ဒြဗ်နှင့် မပြတ်ယှဉ်သောကြောင့် ဒဗ္ဗအစွန်္ဘ သံယောဂ မည်၏။

၂။ ဂုဏ်နှင့်မပြတ်ယှဉ်သော အစွန်္ဘသံယောဂသည် **ဂုဏအစွန်္ဘသံယောဂ** မည်၏။ ပြယုဂ်ကား "ယောဇနံ ဒီယော ပဗ္ဘတော" တည်း။ ဤ၌ 'ယောဇနံ' ဟူသော အစွန်္ဘသံယောဂသည် ရှည်သောဂုဏ်နှင့် မပြတ်ယှဉ်သောကြောင့် ဂုဏအစွန်္ဘ သံယောဂ မည်၏။

၃။ ကြိယာနှင့် မပြတ်ယှဉ်သော အစွန်္ဘသံယောဂသည် **ကြိယာအစွန်္ဘသံယောဂ** မည်၏။ ပြယုဂ်ကား "ကောသံ သဇ္ဈာယတိ"တည်း။ ဤ၌ 'ကောသံ' ဟူသော အစွန်္ဘသံယောဂသည် သရဇ္ဈာယ်ခြင်းကြိယာနှင့် မပြတ်ယှဉ်သောကြောင့် ကြိယာအစွန်္ဘသံယောဂ မည်၏။

ကမ္မပွဝစနီယ

လက္ခဏာအနက်, ကွတ္ထမ္ဘူတာချာနအနက်, ဝိစ္ဆာအနက်ကို ဟောသော အဘိသဒ္ဒါ၊ လက္ခဏာအနက်, ကွတ္ထမ္ဘူတာချာနအနက်, ဝိစ္ဆာအနက်, ဘာဂအနက်ကို ဟောသော ပတိသဒ္ဒါ၊ ပရိသဒ္ဒါ၊ လက္ခဏာအနက်, ကွတ္ထမ္ဘူတာချာနအနက်, ဝိစ္ဆာအနက်, ဘာဂအနက်, သဟအနက်, ဟီနအနက်ကို ဟောသော

http://www.dhammadownload.com

အနုသဒ္ဒါ၊ ဂရဟာအနက်ကို ဟောသော ဓီသဒ္ဒါ အစရှိသည်တို့သည် "ကရဏံ ကမ္မံ၊ ကမ္မံ ပဝစနီယံ ယေသံ တေတိကမ္မပ္ပဝစနီယာ" ဟူသော ဝစနတ္ထကြောင့် **ကမ္မပ္ပဝစနီယ** မည်၏။

လက္ခဏာအနက်

ထိုအနက်အပေါင်းတို့တွင် "လက္ခီယတိ လက္ခိတဗ္ဗံ အနေနာတိ လက္ခဏံ" ဟူသော ဝစနတ္ထနှင့်အညီ မှတ်ကြောင်းဖြစ်သောအနက်သည် 'လက္ခဏ'အနက် မည်၏။ ပြယုဂ်ကား "ရုက္ခံ အဘိဝဒ္ဓေါတတေ စန္ဒော၊ ရုက္ခံ ပတိဝဒ္ဓေါတတေ စန္ဒော၊ ရုက္ခံ ပရိဝဒ္ဓေါတတေ စန္ဒော၊ ရုက္ခံ အနုဝဒ္ဓေါတတေ စန္ဒော"တည်း။

ဤ၌ သစ်ပင်ဟူသော အနက်သည် ထွန်းပတတ်သော အနက်ကို မှတ်ကြောင်းဖြစ်သောကြောင့် **လက္ခဏာအနက်** မည်၏။ ထိုလက္ခဏာအနက်ကို ထွန်းပြတတ်သော အဘိ, ပတိ, ပရိ, အနုသဒ္ဒါတို့သည် **ကမ္မပ္ပဝစနီယ** မည်ကုန်၏။

ထိုအဘိသဒ္ဒါ, ပတိသဒ္ဒါ, ပရိသဒ္ဒါ, အနုသဒ္ဒါဟုဆိုအပ်သော ကမ္မပ္ပဝစနီယ အယ္ဉဉ်ဖြစ်သောကြောင့် "ရုက္ခ-ရုက္ခဿ၊ သစ်ပင်၏။ ပရိ၊ အထက်၌။ စန္ဒော၊ လသည်။ အဘိဝဒ္ဓေါတတေ၊ ထွန်းပ၏။ အတိဝဒ္ဓေါတတေ၊ ထွန်းပ၏။ ပရိဝဒ္ဓေါတတေ၊ ထွန်းပ၏။ အနုဝဒ္ဓေါတတေ၊ ထွန်းပ၏။ တစ်နည်းကား ရုက္ခံ-ရုက္ခေ၊ သစ်ပင်၌။ စန္ဒော၊ လသည်။ အဘိဝဒ္ဓေါတတေ၊ ထွန်းပ၏။ ပတိဝဒ္ဓေါတတေ၊ ထွန်းပ၏။ ပရိဝဒ္ဓေါတတေ၊ ထွန်းပ၏။ အနုဝဒ္ဓေါတတေ၊ ထွန်းပ၏" ဤသို့ 'ရုက္ခံ' ဟူသောပုဒ်၌ ဆဋ္ဌီအနက်, သတ္တမီအနက်ဖြစ်လျက် ဆဋ္ဌီဝိဘတ်, သတ္တမီဝိဘတ် မဖြစ်မူ၍ ဒုတိယာဝိဘတ်သာ ဖြစ်သတည်း။

ကတ္ထမ္ဘူတာချာန အနက်

"ကတ္ထံ ကိစ္စံ ပကာရံ ဘူတော ပတ္တောတိ ကတ္ထမ္ဘူတော၊ ကတ္ထမ္ဘူတဿ အာချာနံ ကတ္ထမ္ဘူတာချာနံ" ဟူသော ဝစနတ္ထနှင့်အညီ တစ်စုံတစ်ခု အထူးသို့ ရောက်သောအနက်ကို ဟောကြားတတ်သော အနက်သည် **ကတ္ထမ္ဘူတာချာန** အနက်မည်၏။ ပြယုဂ်ကား "သာဓု ဒေဝဒတ္တော မာတရမဘိ၊ သာဓု ဒေဝဒတ္တော

http://www.dhammadownload.com

မာတရံ ပတိ၊ သာဓု ဒေဝဒတ္တော မာတရံ ပရိ၊ သာဓု ဒေဝဒတ္တော မာတရ မနု" အစရှိသည်တည်း။

ဤတို့၌ အမိဟူသော အနက်သည် အလွန်ကောင်းခြင်းတည်းဟူသော အထူးသို့ရောက်သော ဒေဝဒတ်ဟူသော အနက်ကို ဟောကြားတတ်သော ကြောင့် **ဣတ္ထမ္ဘူတာချာန**အနက် မည်၏။ ထိုဣတ္ထမ္ဘူတာချာနအနက်ကို ထွန်းပြတတ်သော အဘိသဒ္ဒါ, ပတိသဒ္ဒါ, ပရိသဒ္ဒါ, အနုသဒ္ဒါတို့သည် **ကမ္မပွဝစနီယ** မည်ကုန်၏။

ထိုအဘိသဒ္ဒါ, ပတိသဒ္ဒါ, ပရိသဒ္ဒါ, အနုသဒ္ဒါဟုဆိုအပ်သော ကမ္မပွဝစနီယ အယှဉ်ဖြစ်သောကြောင့် "ဒေဝဒတ္တော၊ ဒေဝဒတ်သည်။ မာတရံ- မာတုဿ၊ အမိ၏။ ဝိသယေ၊ အရာ၌။ အဘိသာဓု၊ အလွန်ကောင်း၏။ ပ။ တစ်နည်းကား ဒေဝဒတ္တော၊ ဒေဝဒတ်သည်။ **မာတရံမာတရိ**၊ အမိ၌။ အဘိသာဓု၊ အလွန်ကောင်း၏။ ပ။" ဤသို့ မာတရံဟူသောပုဒ်၌ ဆဋ္ဌီအနက်, သတ္တမီအနက်ဖြစ်လျက် ဆဋ္ဌီဝိဘတ်, သတ္တမီဝိဘတ်မဖြစ်မူ၍ ဒုတိယာဝိဘတ်သာ ဖြစ်သတည်း။

ဝိစ္ဆာအနက်

"ဘိန္နေ အတ္ထေ ဗျာပိတုံ ဣစ္ဆာ ဝိစ္ဆာ"ဟူသော ဝစနတ္ထနှင့် အညီပြားသော အနက်တို့ကို နှံ့စေခြင်းငှါ နှစ်ကြိမ်ဆိုခြင်းသည် ဝိစ္ဆာအနက် မည်၏။ ပြယုဂ်ကား "ရုက္ခံ ရုက္ခံ အဘိဝိဇ္ဈောတတေ စန္ဒေါ၊ ရုက္ခံ ရုက္ခံ ပတိဝိဇ္ဈောတတေ၊ ပရိဝိဇ္ဈောတတေ၊ အနုဝိဇ္ဈောတတေ **စန္ဒေါ**" အစရှိသည်တည်း။

ဤတို့၌ ပြားသောသစ်ပင်ဟူသော အနက်တို့ကို နှံ့စေခြင်းငှါ ရုက္ခံ ရုက္ခံဟု နှစ်ကြိမ်ဆိုခြင်းသည် **ဝိစ္ဆာအနက်** မည်၏။ ထိုဝိစ္ဆာအနက်ကို ထွန်းပြတတ်သော အဘိသဒ္ဒါ, ပတိသဒ္ဒါ, ပရိသဒ္ဒါ, **အနု**သဒ္ဒါတို့သည် **ကမ္မပွဝစနီယ** မည်ကုန်၏။

ထိုအဘိသဒ္ဒါ, ပတိသဒ္ဒါ, ပရိသဒ္ဒါ, အနုသဒ္ဒါဟုဆိုအပ်သော ကမ္မပွဝစနီယ အယှဉ်ဖြစ်သောကြောင့် "**ရုက္ခံ ရုက္ခံ** ရုက္ခဿ ရုက္ခဿ၊ သစ်ပင်တိုင်း သစ်ပင်တိုင်း၏။ ဥပရိ၊ အထက်၌။ **စန္ဒေါ**၊ လသည်။ အဘိဝိဇ္ဈောတတေ၊ ထွန်းပ၏။ ပ။

http://www.dhammadownload.com

တစ်နည်းကား "ရုက္ခံ ရုက္ခံ ရုက္ခေ ရုက္ခေါ၊ ဠ်။ စန္ဒော၊ သည်။ အဘိဝိဇ္ဇောတတော။ ထွန်းပ၏။ ဤသို့ 'ရုက္ခံ ရုက္ခံ ဟူသောပုဒ်ဠ် ဆဋ္ဌီအနက်, သတ္တမီအနက်ဖြစ်လျက် ဆဋ္ဌီဝိဘတ် သတ္တမီဝိဘတ် မဖြစ်မူ၍ ဒုတိယာဝိဘတ် ဖြစ်သတည်း။

ဘာဝအနက်

'အဖို့' ဟူသောအနက်သည် ဘာဝအနက် မည်၏။ ပြယုဂ်ကား "ယဒေတ္ထ မံ ပတိ သိယာ တံ ဒီယတု၊ ယဒေတ္ထ မံ ပရိ သိယာ တံ ဒီယတု၊ ယဒေတ္ထ မံ အနု သိယာ တံ ဒီယတု" တည်း။ ဤတို့ဠ် 'အဖို့' ဟူသောအနက်သည် **ဘာဝအနက်** မည်၏။ ထိုဘာဝအနက်ကို ထွန်းပြတတ်သော ပတိသဒ္ဒါ, ပရိသဒ္ဒါ, အနုသဒ္ဒါ တို့သည် **ကမ္မပ္ပဝစနီယ** မည်ကုန်၏။

ထိုပတိသဒ္ဒါ, ပရိသဒ္ဒါ, အနုသဒ္ဒါဟုဆိုအပ်သော ကမ္မပ္ပဝစနီယ အယှဉ်ဖြစ်သောကြောင့် "ဧတ္ထ-ဘာဂေ၊ ဤအဖို့ဠ်။ မံ မမ၊ ငါ၏။ ယံ ပတိဘာဂေါ၊ အကြင်အဖို့သည်။ သိယာ၊ ဖြစ်ရာ၏။ တံ၊ ထိုအဖို့ကို။ ဒီယတု၊ ပေးစေသတည်း။ (ပရိအနုသဒ္ဒါတို့၏ အယှဉ်ဠ်လည်း နည်းတူသမ္မန်) ဤသို့ 'မံ' ဟူသောပုဒ်ဠ် ဆဋ္ဌီအနက်ဖြစ်လျက် ဆဋ္ဌီဝိဘတ်မဖြစ်မူ၍ ဒုတိယာဝိဘတ် ဖြစ်သတည်း။

သဟအနက်

'တက္ခ'ဟူသောအနက်သည် သဟအနက် မည်၏။ ပြယုဂ်ကား "နဒီ အန္ခ-ဝသိတာ ဗာရာဏသီ"တည်း။ ဤဠ် 'တက္ခ'ဟူသောအနက်သည် **သဟအနက်** မည်၏။ ထိုသဟအနက်ကို ထွန်းပြတတ်သော အနုသဒ္ဒါသည် **ကမ္မပ္ပဝစနီယ** မည်၏။

ထိုအနုသဒ္ဒါဟု ဆိုအပ်သော ကမ္မပ္ပဝစနီယ အယှဉ်ဖြစ်သောကြောင့် "ဗာရာဏသီ၊ ဗာရာဏသီပြည်သည်။ နဒီ နဒီယာ၊ မြစ်နှင့်။ အန္ခဝသိတာ၊ တက္ခနက်စပ်၏" ဤသို့ 'နဒီ' ဟူသောပုဒ်ဠ် သဟာဒိယောဂ အနက်ဖြစ်လျက် တတိယာဝိဘတ် မဖြစ်မူ၍ ဒုတိယာဝိဘတ် ဖြစ်သတည်း။

http://www.dhammadownload.com

ဟီနအနက်

ယုတ်သောအနက်သည် ဟီနအနက် မည်၏။ ပြယုဂ်ကား အနုသာရိပုတ္တံ ပညဝါ" တည်း။ ဤ၌ ယုတ်သောအနက်သည် **ဟီနအနက်** မည်၏။ ထိုဟီနအနက်ကို ထွန်းပြတတ်သောကြောင့် အနုသဒ္ဒါသည် **ကမ္မပွဝစနီယ** မည်၏။

ထိုအနုသဒ္ဒါဟု ဆိုအပ်သော ကမ္မပွဝစနီယ အယ္ဉဉ်ဖြစ်သောကြောင့် "ပညဝါ၊ ပညာရှိသောသူသည်။ သာရိပုတ္တံ သာရိပုတ္တတော၊ သာရိပုတြာအောက်။ အနု ဟီနော၊ ယုတ်၏" ဤသို့ 'သာရိပုတ္တံ' ဟူသောပုဒ်၌ ပဉ္စမီအနက်ဖြစ်လျက် ပဉ္စမီဝိဘတ် မဖြစ်မူ၍ ဒုတိယာဝိဘတ် ဖြစ်သတည်း။

ဂရဟာအနက်

ကဲ့ရဲ့ခြင်းအနက်သည် ဂရဟာအနက် မည်၏။ ပြယုဂ်ကား "ဓိရတ္ထု မံ ပူတိကာယံ"တည်း။ ဤ၌ ကဲ့ရဲ့ခြင်းအနက်သည် **ဂရဟာအနက်** မည်၏။ ထိုဂရဟာအနက်ကို ထွန်းပြတတ်သော ဓိသဒ္ဒါသည် **ကမ္မပွဝစနီယ** မည်၏။

ထိုဓိသဒ္ဒါဟု ဆိုအပ်သော ကမ္မပွဝစနီယ အယ္ဉဉ်ဖြစ်သောကြောင့် "ဣမံ ပူတိကာယံ ဣမဿ ပူတိကာယဿ၊ ဤအကောင်ပုပ်၏။ ဓိ၊ ရွံ့ဖွယ်သည်။ ဝါ၊ စက်ဆုပ်ဖွယ်သည်။ အတ္ထု၊ ဖြစ်၏"ဤသို့ 'ဣမံ ပူတိကာယံ' ဟူသောပုဒ်၌ ဆဋ္ဌီအနက်ဖြစ်လျက် ဆဋ္ဌီဝိဘတ် မဖြစ်မူ၍ ဒုတိယာဝိဘတ် ဖြစ်သတည်း။

နိဒ္ဓါရဏာ

'တို့တွင်' ဟူ၍ ပေးအပ်သောအပေါင်းမှ အသီးထုတ်ခြင်း အနက်သည် "သမုဒါယတော နိဟာရိတ္တာ ဓာရဏံ နိဒ္ဓါရဏံ" ဟူသော ဝစနတ္ထကြောင့် **နိဒ္ဓါရဏာ** မည်၏။

နိဒ္ဓါရဏာ ၄-ပါး

ထိုနိဒ္ဓါရဏာသည်လည်း ဇာတိနိဒ္ဓါရဏာ, ဂုဏာ, ကြိယာ, နာမနိဒ္ဓါရဏာ အားဖြင့် လေးပါးအပြားရှိ၏။ ထိုတွင်–

http://www.dhammadownload.com

ဇာတိနိဒ္ဒါရဏ

၁။ ဇာတ်အားဖြင့် ထုတ်ရာဖြစ်သော **နိဒ္ဒါရဏ**သည် **ဇာတိနိဒ္ဒါရဏ** မည်၏။ ပြယုဂ်ကား "မနုဿာနံ ခတ္တိယော သူရတမော" တည်း။ ဤ၌ 'မနုဿာနံ' ဟူသော နိဒ္ဒါရဏသည် ခတ္တိယော၏ အရဖြစ်သော မင်းတို့၏ တစ်ယောက်သည် တစ်ယောက်နှင့် တူသောအခြင်းအရာဟု ဆိုအပ်သောဇာတ်အားဖြင့် ထုတ်ရာဖြစ်သောကြောင့် ဇာတိနိဒ္ဒါရဏ မည်၏။

ဂုဏနိဒ္ဒါရဏ

၂။ ဂုဏ်အားဖြင့် ထုတ်ရာဖြစ်သော **နိဒ္ဒါရဏ**သည် **ဂုဏနိဒ္ဒါရဏ** မည်၏။ ပြယုဂ်ကား "သာမာ နာရီနံ ဒဿနီယတမာ" တည်း။ ဤ၌ 'နာရီနံ' ဟူသော နိဒ္ဒါရဏသည် သာမာ၏အရဖြစ်သော ရွှေအဆင်းတည်းဟူသော ဂုဏ်အားဖြင့် ထုတ်ရာဖြစ်သောကြောင့် ဂုဏနိဒ္ဒါရဏ မည်၏။

ကြိယာနိဒ္ဒါရဏ

၃။ ကြိယာအားဖြင့် ထုတ်ရာဖြစ်သော နိဒ္ဒါရဏသည် **ကြိယာနိဒ္ဒါရဏ** မည်၏။ ပြယုဂ်ကား "ပထိကာနံ ဓာဝန္တော သီဃတမော"တည်း။ ဤ၌ 'ပထိကာနံ' ဟူသော နိဒ္ဒါရဏသည် ဓာဝန္တော၏ **အရဖြစ်သော** ပြေးခြင်းကြိယာအားဖြင့် ထုတ်ရာဖြစ်သောကြောင့် ကြိယာနိဒ္ဒါရဏ **မည်၏**။

နာမနိဒ္ဒါရဏ

၄။ အမည်နာမ ပညတ်အားဖြင့် ထုတ်ရာဖြစ်သော နိဒ္ဒါရဏသည် **နာမနိဒ္ဒါရဏ** မည်၏။ ပြယုဂ်ကား 'အရဟတံ အာနန္ဒော ပညဝါ"တည်း။ ဤ၌ 'အရဟတံ'ဟူသော နိဒ္ဒါရဏသည် အာနန္ဒော၏ **အရဖြစ်သော** အာနန္ဒာဟူသော အမည်နာမပညတ်အားဖြင့် ထုတ်ရာဖြစ်သောကြောင့် နာမနိဒ္ဒါရဏ မည်၏။

နိဒ္ဒါရဏ အစိတ် ၄-ပါး

ထိုလေးပါးတို့တွင် တစ်ပါးတစ်ပါး၌ နိဒ္ဒါရဏသမုဒါယ, နိဒ္ဒါရဏီယ,

http://www.dhammadownload.com

နိဒ္ဒါရဏဟေတု, နိဒ္ဒါရဏအားဖြင့် အနက်သဘောသည် လေးပါးအပြားရှိ၏။ ထိုတွင်–

၁။ ထုတ်ရာအပေါင်းသည် နိဒ္ဒါရဏသမုဒါယ မည်၏။ ထုတ်အပ်သော အနက်သည် နိဒ္ဒါရဏီယ မည်၏။ ထုတ်ခြင်း၏ အကြောင်းသည် နိဒ္ဒါရဏဟေတု မည်၏။ ထုတ်ခြင်းသည် နိဒ္ဒါရဏ မည်၏။ ပြယုဂ်ကား "မနုဿာနံ ခတ္တိယော သူရတမော"တည်း။

၁။ ဤ၌ 'မနုဿာနံ' သည် ထုတ်ရာအပေါင်း ဖြစ်သောကြောင့် **နိဒ္ဒါရဏသမုဒါယ** မည်၏။

၂။ 'ခတ္တိယော'သည် ထုတ်အပ်သောအနက် ဖြစ်သောကြောင့် **နိဒ္ဒါရဏီယ** မည်၏။

၃။ မင်းတို့၏တစ်ယောက်သည် တစ်ယောက်နှင့်တူသော အခြင်းအရာဟု ဆိုအပ်သော 'ဇာတ်'သည် ထုတ်ခြင်း၏ အကြောင်းဖြစ်သောကြောင့် **နိဒ္ဒါရဏဟေတု** မည်၏။

၄။ လူဖြစ်တည်းဟူသော အပေါင်းမှ မင်းဖြစ်တည်းဟူသော အစိတ်ကို 'ထုတ်ခြင်း'သည် **နိဒ္ဒါရဏ** မည်၏။

အနာဒရ

'စဉ်'ဟူ၍ ပေးအပ်သော မရှိသေခြင်းကြိယာသည် "အာဒရဏံ အာဒရော၊ နတ္ထိ အာဒရော ဧတဿာတိ အနာဒရော" ဟူသော ဝစနတ္ထကြောင့် **အနာဒရ** မည်၏။

အနာဒရ ၂-ပါး

ထိုအနာဒရကြိယာသည် သာဓကြိယာ, အသာဓကြိယာ အားဖြင့် နှစ်ပါး အပြားရှိ၏။ ထိုတွင်–

ကတ္တားသည် ပြီးစေအပ်သော ကြိယာသည် သာဓကြိယာမည်၏။ ကတ္တား

http://www.dhammadownload.com

သည် မပြီးစေအပ်သော ကြိယာသည် အသာချကြိယာ မည်၏။ ပြယုဂ်ကား "ရုဒတော ဒါရကဿ ပဗ္ဗဇိ ဘိက္ခု"တည်း။ ဤ၌ 'ပဗ္ဗဇိ' ဟူသောကြိယာသည် 'ဘိက္ခု' ဟူသော ကတ္တားသည် ပြီးစေအပ်သောကြောင့် **သာချကြိယာ** မည်၏။ 'ရုဒတော'ဟူသော ကြိယာသည် ဘိက္ခုဟူသောကတ္တားသည် မပြီးစေအပ်သော ကြောင့် **အသာချကြိယာ** မည်၏။

လက္ခဏာ

'သော်' ဟူ၍ငှင်း 'လတ်သော်' ဟူ၍ငှင်း ပေးအပ်သော မှတ်ကြောင်းဖြစ်သော အနက်သည် "လက္ခီယတိ လက္ခိတဗ္ဗံ အနေနာတိ လက္ခဏံ"ဟူသော ဝစနတ္ထကြောင့် **လက္ခဏာ**အနက် မည်၏။

လက္ခဏာအစိတ် ၄-ပါး

ထိုလက္ခဏာအနက်၌ လက္ခဏာ, လက္ခဏာဝန္တ, လက္ခ, လက္ခဝန္တအားဖြင့် အနက်၌သဘောသည် လေးပါးအပြားရှိ၏။ ထိုတွင်–

မှတ်ကြောင်းဖြစ်သော အနက်သည် လက္ခဏာ မည်၏။ ထိုလက္ခဏာ၏ ဝိဘတ်တူ ကံ ကတ္တားသည် လက္ခဏာဝန္တ မည်၏။ မှတ်အပ်သော အနက်သည် လက္ခမည်၏။ ထိုလက္ခ၏ ဝိဘတ်တူကံကတ္တားသည် လက္ခဝန္တမည်၏။ ပြယုဂ်ကား "ဘိက္ခူသု ဘောဇိယမာနေသု ဂတော ပုရိသော"တည်း။ ဤ၌ 'ဘောဇိယမာနေသု'သည် ဂတောဟူသော လက္ခကြိယာကို မှတ်ကြောင်းဖြစ်သောကြောင့် **လက္ခဏာ**မည်၏။ 'ဘိက္ခူသု'သည် ဘောဇိယမာနေသု ဟူသော လက္ခဏာ၏ ဝိဘတ်တူ ကံဖြစ်သောကြောင့် **လက္ခဏာဝန္တ** မည်၏။ 'ဂတော'သည် ဘောဇိယမာနေသု ဟူသော လက္ခဏာကြိယာဖြင့် မှတ်အပ်သောကြောင့် **လက္ခ** မည်၏။ 'ပုရိသော'သည် ဂတောဟူသော လက္ခကြိယာ၏ ဝိဘတ်တူ ကတ္တားဖြစ်သော ကြောင့် **လက္ခဝန္တ** မည်၏။

ကာရကပုဒ်စစ်ပြီး၏။ ။

http://www.dhammadownload.com

၄-သမာသ်ပုဒ်စစ်

သမာသ်

"သမသနံ သမာသော၊ သမသီယတီတိ ဝါ သမာသော"ဟူသော ဝစနတ္ထနှင့်အညီ ပုဒ်အချင်းချင်း ချဉ်း၍ သမာသ်ပြီးလတ်သော် ဝါကျအနက်အတွင်း ငုပ်, မငုပ်သော နာမ်သည် **သမာသ်** မည်၏။

ယုတ္တ, အယုတ္တသမာသ် ၂-ပါး

ထိုသမာသ်နာမ်သည်လည်း "သမသနံ သမာသော၊ သမသီယတီတိ ဝါ သမာသော"ဟူသော ဝစနတ္ထနှင့်အညီ ပုဒ်အချင်းချင်း ချဉ်း၍ သမာသ်ပြီးလတ်သော် ဝါကျအနက်အတွင်း ငုပ်, မငုပ်သော သာမညလက္ခဏာအားဖြင့် တစ်ပါးသာ၊ ဝိသေသလက္ခဏာ အားဖြင့်သော်ကား ယုတ္တသမာသ်, အယုတ္တသမာသ် အားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုတွင်–

ယုတ္တသမာသ်

၁။ စပ်အပ်သောပုဒ်နှင့် စပ်သောသမာသ်သည် **ယုတ္တသမာသ်** မည်၏။ ပြယုဂ်ကား "ရညော ပုတ္တော ရာဇပုတ္တော" တည်း။ ဤ 'ရာဇပုတ္တော' ဟူသော သမာသ်သည် ရာဇာဟူသောပုဒ်ကို စပ်အပ်သောပုတ္တဟူသောပုဒ်နှင့် စပ်သောကြောင့် ယုတ္တသမာသ် မည်၏။

အယုတ္တသမာသ်

၂။ စပ်အပ်သောပုဒ်နှင့် မစပ်မူ၍ မစပ်အပ်သောပုဒ်နှင့် စပ်သောသမာသ်သည် **အယုတ္တသမာသ်** မည်၏။ ပြယုဂ်ကား "န သဒ္ဓံ အသဒ္ဓံ၊ အသဒ္ဓံ ဘောဇီ အသဒ္ဓဘောဇီ' အစရှိသည်တည်း။ ဤ'အသဒ္ဓဘောဇီ' ဟူသော သမာသ်သည် နဟူသောပုဒ်ကို စပ်အပ်သော ဘောဇီဟူသောပုဒ်နှင့် မစပ်မူ၍ မစပ်အပ်သော သဒ္ဓဟူသောပုဒ်နှင့် စပ်သောကြောင့် အယုတ္တသမာသ် မည်၏။

http://www.dhammadownload.com

"သဒ္ဒံ ဘောဇီ သဒ္ဒဘောဇီ၊ နာ သဒ္ဒဘောဇီ အသဒ္ဒဘောဇီ" ဟု ဝစနတ္ထပြု သည်ရှိသော် နာ ဟူသောပုဒ်ကို စပ်အပ်သော ဘောဇီဟူသောပုဒ်နှင့် စပ်သော ကြောင့် **အယုတ္တသမာသ်** မည်၏။

လုတ္တ, အလုတ္တသမာသ် ၂-ပါး

တစ်နည်းကား လုတ္တသမာသ်, အလုတ္တသမာသ်အားဖြင့် နှစ်ပါးအပြား ရှိ၏။ ထိုတွင်–

လုတ္တသမာသ်

၁။ ဝိဘတ်ကျေသော သမာသ်သည် **လုတ္တသမာသ်** မည်၏။ ပြယုဂ်ကား "ရညော ပုတ္တော ရာဇပုတ္တော"တည်း။ ဤ 'ရာဇပုတ္တော'ဟူသောသမာသ်သည် ရာဇနောင် ဆဋ္ဌီဝိဘတ် ကျေသောကြောင့် လုတ္တသမာသ် မည်၏။

အလုတ္တသမာသ်

၂။ ဝိဘတ်မကျေသော သမာသ်သည် **အလုတ္တသမာသ်** မည်၏။ ပြယုဂ်ကား "ဒီပံ ကရောတီတိ ဒီပင်္ကရော"တည်း။ ဤ 'ဒီပင်္ကရော' ဟူသောသမာသ်သည် ဒီပံဠ် ဒုတိယာ အံ-ဝိဘတ် မကျေသောကြောင့် အလုတ္တသမာသ်မည်၏။

နိစ္စ, အနိစ္စသမာသ် ၂-ပါး

တစ်နည်းကား နိစ္စသမာသ်, အနိစ္စသမာသ်အားဖြင့် နှစ်ပါးအပြား ရှိ၏။ ထိုတွင်–

နိစ္စသမာသ်

၁။ သမာသ်သာရှိ၍ ဝါကျမရှိကောင်းသော သမာသ်သည် **နိစ္စသမာသ်** မည်၏။ ပြယုဂ်ကား "ကုမ္ဘံ ကရောတီတိ ကုမ္ဘကာရော"တည်း။ ဤကုမ္ဘကာရော' ဟူသော သမာသ်သည် ကုမ္ဘကာရောဟု သမာသ်သာရှိ၍ ကုမ္ဘံ ကာရောဟု ဝါကျမရှိကောင်းသောကြောင့် နိစ္စသမာသ် မည်၏။

http://www.dhammadownload.com

အနိဓ္ဓသမာသ်

၂။ သမာသ် ဝါကျနှစ်ပါးလုံးရှိကောင်းသော သမာသ်သည် **အနိဓ္ဓသမာသ်** မည်၏။ ပြယုဂ်ကား "ရညော ပုတ္တော ရာဇပုတ္တော"တည်း။ ဤ 'ရာဇပုတ္တော'ဟူသော သမာသ်သည် ရာဇပုတ္တောဟူ၍၄င်း, ရညောပုတ္တောဟူ၍၄င်း သမာသ်, ဝါကျနှစ်ပါးစုံ ရှိကောင်းသောကြောင့် အနိဓ္ဓသမာသ် မည်၏။

သဒ္ဓစသောသမာသ် ၃-ပါး

တစ်နည်းကား သဒ္ဒသမာသ်, အတ္ထသမာသ်, သဒ္ဒတ္ထသမာသ်အားဖြင့် သုံးပါးအပြားရှိ၏။ ထိုတွင်–

သဒ္ဒသမာသ်

၁။ ဝိဘတ်သာ ကျေ၍ အနက်မစပ်သော သမာသ်သည် **သဒ္ဒသမာသ်** မည်၏။ ပြယုဂ်ကား "နာ သဒ္ဒံ အသဒ္ဒံ၊ အသဒ္ဒံ ဘောဇီ အသဒ္ဒဘောဇီ"တည်း။ ဤ 'အသဒ္ဒဘောဇီ' ဟူသော သမာသ်သည် သိဝိဘတ်သာ ကျေ၍ အနက်မစပ်သောကြောင့် သဒ္ဒသမာသ် မည်၏။

အတ္ထသမာသ်

၂။ အနက်သာ စပ်၍ ဝိဘတ်မကျေသော သမာသ်သည် **အတ္ထသမာသ်** မည်၏။ ပြယုဂ်ကား "ဒီပံ ကရောတီတိ ဒီပင်္ကရော"တည်း။ ဤ 'ဒီပင်္ကရော'ဟူသော သမာသ်သည် အနက်သာ စပ်၍ ဒီပံ၌ အံဝိဘတ် မကျေသောကြောင့် အတ္ထသမာသ် မည်၏။

သဒ္ဒတ္ထသမာသ်

၃။ အနက်လည်းစပ်၊ ဝိဘတ်လည်းကျေသော သမာသ်သည် **သဒ္ဒတ္ထ** သမာသ် မည်၏။ ပြယုဂ်ကား "ရညော ပုတ္တော ရာဇပုတ္တော" တည်း။ ဤ 'ရာဇပုတ္တော'ဟူသော သမာသ်သည် အနက်လည်းစပ်၊ ဆဋ္ဌီဝိဘတ်လည်း ကျေသောကြောင့် သဒ္ဒတ္ထသမာသ် မည်၏။

http://www.dhammadownload.com

အာဒိပဒလောပစသော သမာသ် ၃-ပါး

တစ်နည်းကား အာဒိပဒလောပသမာသ်, မဇ္ဈေပဒလောပသမာသ်, ဥတ္တရပဒလောပသမာသ်အားဖြင့် သုံးပါးအပြားရှိ၏။ ထိုတွင်–

၁။ အစပုဒ်ကျသော သမာသ်သည် **အာဒိပဒလောပသမာသ်** မည်၏။ ပြယုဂ်ကား "ဒေဝေန ဒတ္တော ဒတ္တော" တည်း။ ဤ 'ဒတ္တော'ဟူသော သမာသ်သည် ဒေဝေန ဟူသော အစပုဒ်ကျသောကြောင့် အာဒိပဒလောပ သမာသ် မည်၏။

မဇ္ဈေပဒလောပသမာသ်

၂။ အလယ်ပုဒ်ကျသော သမာသ်သည် **မဇ္ဈေပဒလောပသမာသ်** မည်၏။ ပြယုဂ်ကား 'အဿေန ယုတ္တော ရထော အဿရထော" တည်း။ ဤအဿ ရထော'ဟူသော သမာသ်သည် ယုတ္တဟူသော အလယ်ပုဒ် ကျသောကြောင့် မဇ္ဈေပဒလောပသမာသ် မည်၏။

ဥတ္တရပဒလောပသမာသ်

၃။ အဆုံးပုဒ်ကျသော သမာသ်သည် **ဥတ္တရပဒလောပသမာသ်** မည်၏။ ပြယုဂ်ကား "ရူပဿ ဘဝေါ ရူပံ"တည်း။ ဤ 'ရူပံ'ဟူသော သမာသ်သည် ဘဝ ဟူသော အဆုံးပုဒ်ကျသောကြောင့် ဥတ္တရပဒလောပသမာသ် မည်၏။

ပုဗ္ဗပဒတ္ထပ္ပမာနစသော သမာသ် ၄-ပါး

တစ်နည်းကား ပုဗ္ဗပဒတ္ထပ္ပမာန သမာသ်, ဥတ္တရပဒတ္ထပ္ပမာန သမာသ်, ဥဘယပဒတ္ထပ္ပမာန သမာသ်, အညပဒတ္ထပ္ပမာန သမာသ်အားဖြင့် လေးပါး အပြားရှိ၏။ ထိုတွင်–

ပုဗ္ဗပဒတ္ထပ္ပမာနသမာသ်

၁။ အဗျယီဘော သမာသ်သည် ရှေ့ပုဒ်အနက် ပြဋ္ဌာန်းသောကြောင့် **ပုဗ္ဗ ပဒတ္ထပ္ပမာန**သမာသ် မည်၏။

http://www.dhammadownload.com

ဥတ္တရပဒတ္ထပ္ပဓာနသမာသ်

၂။ တပ္ပုရိသ်သမာသ်သည် နောက်ပုဒ်အနက် ပြဌာန်းသောကြောင့် **ဥတ္တရပဒတ္ထပ္ပဓာန**သမာသ် မည်၏။

ဥဘယပဒတ္ထပ္ပဓာနသမာသ်

၃။ ဒွန်သမာသ်သည် နှစ်ပုဒ်အနက် ပြဌာန်းသောကြောင့် **ဥဘယပဒတ္ထပ္ပ ဓာန**သမာသ် မည်၏။

အညပဒတ္ထပ္ပဓာနသမာသ်

၄။ ဗဟုဗ္ဗိဟိသမာသ်သည် အညပုဒ်အနက် ပြဌာန်းသောကြောင့် **အည ပဒတ္ထပ္ပဓာန**သမာသ် မည်၏။

သမာသ် ၆-ပါး

တစ်နည်းကား အဗျယီဘောသမာသ်, ကမ္မဓာရည်းသမာသ်, ဒိဂု, တပ္ပုရိသ်, ဗဟုဗ္ဗိဟိ, ဒွန်သမာသ်အားဖြင့် ခြောက်ပါးအပြားရှိ၏။ ထိုတွင်–

အဗျယီဘောသမာသ်

ရှေ့ပုဒ်၌ ပထမာ, နောက်ပုဒ်၌ ဝိဘတ်ခုနစ်သွယ်တို့တွင် တစ်လုံးလုံးကျ၍ ဥပသာရပုဒ်, နိပါတ်ပုဒ် ရှေးရှိသော သမာသ်သည် "အဗျယာနံ အတ္ထံ ဘာဝေတီတိ အဗျယီဘာဝေါ" ဟူသော ဝစနတ္ထနှင့်အညီ လိင်သုံးပါး, ဝိဘတ်ခုနစ်သွယ်တို့ဖြင့် မပျက်ကောင်းသောကြောင့် အဗျယ အမည်ရှိသော ဥပသာရပုဒ်, နိပါတ်ပုဒ်တို့၏ အနက်ကို ပဓာနအားဖြင့် ပြတတ်သောကြောင့် **အဗျယီ ဘော**သမာသ် မည်၏။

ပြယုဂ်ကား "နဂရဿ သမီပေ ပဝတ္တတိ ကထာ ဣတိ ဥပနဂရံ" တည်း။ ဤသည် 'ဥပ'ဟူသော ဥပသာရပုဒ်၏ အနက်ကို ပဓာနအားဖြင့် ပြတတ်သောကြောင့် အဗျယီဘောသမာသ် မည်၏။

http://www.dhammadownload.com

ကမ္မမာရည်းသမာသ်

တူသောအနက် ရှိသည်ဖြစ်၍ ရှေ့ပုဒ်နောက်ပုဒ်တို့၌ ပထမာဝိဘတ် ကျသော သမာသ်သည်၄င်း၊ ရှေ့ပုဒ်နောက်ပုဒ်၌ ပထမာဝိဘတ် ကျ၍ 'စ'သဒ္ဒါ နှစ်လုံး, 'တ' သဒ္ဒါတို့ဖြင့် မှတ်အပ်သော သမာသ်သည်၄င်း "ကမ္မမိဝ ဒွယံ မာရေတီတိ ကမ္မမာရယော"ဟူသော ဝစနတ္ထနှင့်အညီ "ဩဒနံ ပစတိ"ဟူသော ပြယုဂ်၌ 'ဩဒနံ'ဟူသော ကံသည် ကျက်ခြင်းတည်းဟူသောကြိယာ, စားရခြင်း တည်းဟူသော အကျိုးနှစ်ပါးကို ဆောင်သကဲ့သို့ တစ်ခုတည်းသော အနက်၌ နှစ်ပါးသောအမည်ကို ဆောင်တတ်သောကြောင့် **ကမ္မမာရည်းသမာသ်** မည်၏။

ပြယုဂ်ကား "မဟန္တော ပုရိသော မဟာပုရိသော, မဟန္တော စ သော ပုရိသော စာတိ မဟာပုရိသော"တည်း။ ဤ 'မဟာပုရိသော'ဟူသော သမာသ်သည် မဟန္တ-သဒ္ဒါသည် မြတ်သောဂုဏ်ကို အကြောင်း ပဝတ္တနိမိတ်ပြု၍ ယောကျ်ားဖြစ်ကို ပုရိသ-သဒ္ဒါသည်လည်း ယောကျ်ားတို့၏ တစ်ယောက်သည် တစ်ယောက်နှင့်တူသော အခြင်းအရာဟုဆိုအပ်သော ဇာတ်ကို အကြောင်း ပဝတ္တနိမိတ်ပြု၍ ယောကျ်ားဖြစ်ကို ဟောသည်ဖြစ်၍ ယောကျ်ားဖြစ်တည်းဟူ သော တစ်ခုတည်းသောအနက်သည် 'မဟန္တ'ဟူသော အမည်, 'ပုရိသ'ဟူသော အမည်နှစ်ပါးကို ဆောင်တတ်သောကြောင့် ကမ္မမာရည်းသမာသ် မည်၏။

ဒိဂုသမာသ်

ရှေ့ပုဒ် နောက်ပုဒ်၌ ပထမာဝိဘတ်ကျ၍ သင်္ချာရှေးရှိသော သမာသ်သည် 'ဒွေ ဂါဝေါ ဒိဂု၊ ဒိဂု ဝိယာတိ ဒိဂု" ဟူသော ဝစနတ္ထနှင့်အညီ 'ဒိဂု' သဒ္ဒါသည် 'ဒွိ' ဟူသော သင်္ချာသဒ္ဒါ ရှေးရှိသကဲ့သို့ သင်္ချာ ရှေးရှိသည်၏အဖြစ်ဖြင့် 'ဒိဂု' သဒ္ဒါနှင့် တူသောကြောင့် **ဒိဂုသမာသ်** မည်၏။

ပြယုဂ်ကား "တယော လောကာ တိလောကံ"တည်း။ ဤ 'တိလောကံ'ဟူသောသမာသ်သည် 'ဒိဂု'သဒ္ဒါသည် ဒွိဟူသောသင်္ချာရှေးရှိသကဲ့သို့ 'တိ'ဟူသော သင်္ချာရှေးရှိသောအဖြစ်ဖြင့် 'ဒိဂု'သဒ္ဒါနှင့်တူသောကြောင့် ဒိဂုသမာသ် မည်၏။

http://www.dhammadownload.com

တပ္ပုရိသ်သမာသ်

ရှေ့ပုဒ် နောက်ပုဒ်၌ ပထမာဝိဘတ်ကျေ၍ နသဒ္ဒါ, သန်္ဂ်ာသဒ္ဒါတို့ဖြင့် မှတ်အပ်သော သမာသ်သည်၄င်း၊ ယေဘုယျအားဖြင့် ရှေ့ပုဒ်၌ ဒုတိယာစသော ဝိဘတ်ခြောက်သွယ်တို့တွင် တစ်လုံးလုံးကျေ၍ နောက်ပုဒ်၌ ပထမာဝိဘတ်ကျေသော သမာသ်သည်၄င်း "တဿ ပုရိသော တပ္ပုရိသော၊ တပ္ပုရိသော ဝိယာတိ တပ္ပုရိသော"ဟူသော ဝစနတ္ထနှင့်အညီ 'တပ္ပုရိသ'သဒ္ဒါသည် နောက်ပုဒ်အနက် ပြဋ္ဌာန်းသကဲ့သို့ နောက်ပုဒ်အနက် ပြဋ္ဌာန်းသောအဖြစ်ဖြင့် 'တပ္ပုရိသ' သဒ္ဒါနှင့် တူသောကြောင့် **တပ္ပုရိသ်သမာသ်** မည်၏။

ပြယုဂ်ကား "နဿ ဗြာဟ္မဏော အဗြာဟ္မဏော၊ တယော လောကာ တိလောကံ၊ ဘူမိံ ဂတော ဘူမိဂတော"တည်း။ ဤပြယုဂ်တို့တွင်–

'အဗြာဟ္မဏော' ဟူသော သမာသ်သည် 'နဿ' သဒ္ဒါသည် သဒိသဘောကို အကြောင်းပဝတ္တနိမိတ်ပြု၍ ပုဏ္ဏားတုဖြစ်သော လူဖြဴကို ဗြာဟ္မဏသဒ္ဒါသည်လည်း သဒိသဘောကို အကြောင်းပဝတ္တနိမိတ်ပြု၍ ပုဏ္ဏားတုဖြစ်သော လူဖြဴကို ဟောသည်ဖြစ်၍ ထိုသို့ဟောရာ၌လည်း 'နဿ' သဒ္ဒါသည် နိပါတ်ပုဒ်ဖြစ်၍ ဇောတကမျှသာဖြစ်သောကြောင့် ဗြာဟ္မဏဟူသော နောက်ပုဒ်အနက် ပြဋ္ဌာန်းသောအဖြစ်ဖြင့် တပ္ပုရိသသဒ္ဒါနှင့်တူသောကြောင့် တပ္ပုရိသ်သမာသ် မည်၏။

'တိလောကံ' ဟူသော သမာသ်သည် 'တိ' ဟူသော သန်္ဂ်ာသဒ္ဒါသည် ဝိသေသနမျှသာဖြစ်၍ 'လောကံ'ဟူသော နောက်ပုဒ်အနက်ပြဋ္ဌာန်းသောအဖြစ်ဖြင့် တပ္ပုရိသသဒ္ဒါနှင့် တူသောကြောင့် တပ္ပုရိသ်သမာသ် မည်၏။

'ဘူမိဂတော'ဟူသော သမာသ်သည် ဘူမိသဒ္ဒါသည် ဝိသေသနမျှသာဖြစ်၍ 'ဂတော' ဟူသော နောက်ပုဒ်အနက် ပြဋ္ဌာန်းသောအဖြစ်ဖြင့် တပ္ပုရိသသဒ္ဒါနှင့် တူသောကြောင့် တပ္ပုရိသ်သမာသ် မည်၏။

ဗဟုဗ္ဗီဟိသမာသ်

'ယ, တ, ဧတ, ဣမ'ဟူသော အညပုဒ်အနက်ပြဋ္ဌာန်းသော သမာသ်သည်

http://www.dhammadownload.com

"ဗဟဝေါ ဝိဟယော ယဿာတိ ဗဟုဗ္ဗိဟိ၊ ဗဟုဗ္ဗိဟိ ဝိယာတိ ဗဟုဗ္ဗိဟိ"ဟူသော ဝစနတ္ထနှင့်အညီ 'ဗဟုဗ္ဗိဟိ'သဒ္ဒါသည် 'ယဿ'ဟူသော အညပုဒ်အနက် ပြဌာန်းသကဲ့သို့ အညပုဒ်အနက် ပြဌာန်းသောအဖြစ်ဖြင့် ဗဟုဗ္ဗိဟိသဒ္ဒါနှင့် တူသောကြောင့် **ဗဟုဗ္ဗိဟိသမာသ်** မည်၏။

ပြယုဂ်ကား "ဇိတာနိ ဣန္ဒြိယာနိ အနေန သမဏေန သောယံ ဇိတိန္ဒြိယော"တည်း။ ဤ 'ဇိတိန္ဒြိယော'ဟူသော သမာသ်သည် 'ဗဟုဗ္ဗိဟိ' သဒ္ဒါသည် 'ယဿ'ဟူသော အညပုဒ်အနက် ပြဌာန်းသကဲ့သို့ 'အနေန သမဏေန'ဟူသော အညပုဒ်အနက် ပြဌာန်းသောအဖြစ်ဖြင့် 'ဗဟုဗ္ဗိဟိ' သဒ္ဒါနှင့် တူသောကြောင့် ဗဟုဗ္ဗိဟိသမာသ် မည်၏။

ဒွန်သမာသ်

ရှေ့ပုဒ် နောက်ပုဒ်၌ ပထမာဝိဘတ် ကျေ၍ 'စ'သဒ္ဒါ နှစ်လုံးဖြင့် မှတ်အပ်သော သမာသ်သည် "ဒွေ ဒွေ နဝါ ဒွန္နာ၊ ဒွန္နာ ဝိယာတိ ဒွန္ဒေါ"ဟူသော ဝစနတ္ထနှင့်အညီ နှစ်ပုဒ်အနက် ပြဌာန်းသောအဖြစ်ဖြင့် နှစ်စင်းနှစ်စင်းသော လေ့နှင့် တူသောကြောင့် **ဒွန်သမာသ်** မည်၏။ ပြယုဂ်ကား "သမဏော စ ဗြာဟ္မဏော စ သမဏဗြာဟ္မဏာ"တည်း။ ဤသည် 'သမဏ'ဟူသော 'ဗြာဟ္မဏ' ဟူသော နှစ်ပုဒ်အနက် ပြဌာန်းသောအဖြစ်ဖြင့် နှစ်စင်းနှစ်စင်းသော လေ့နှင့်တူသောကြောင့် ဒွန်သမာသ် မည်၏။

ဧကတ္ထီဘောလက္ခဏာ

"နာမာနံ သမာသော ယုတ္တတ္ထော" ဟူသောသုတ်၌ ပေါင်းအပ် ယှဉ်အပ်သောအနက်ရှိသော ယုတ္တတ္ထသဒ္ဒါကို ဆိုခြင်းကြောင့် "ဧကတ္ထီဘာဝေါ သမာသလက္ခဏံ" ဟူသော ပရိဘာသာနှင့်အညီ ခပ်သိမ်းသော သမာသ်သည် **ဧကတ္ထီဘော** ဖြစ်၏။ အဘယ်သို့ ဧကတ္ထီဘော ဖြစ်သနည်းဟူမူကား- ထိုခြောက်ပါးသော သမာသ်တို့တွင်-

http://www.dhammadownload.com

အဗျယီဘောနှင့် ဧကတ္ထီဘော

'ဥပနဂရံ' ဟူသော အဗျယီဘော သမာသ်သည် မြို့ဖြစ်၏ အနီးဖြစ်သော စကားဖြင်နှင့် သမီပီ-သမီပ အဖြစ်ဖြင့် စပ်ခြင်းသည် သမ္မန္ဓသကတ် မည်၏။ 'နဂရ'သဒ္ဒါသည် 'ဥပနဂရံ'ဟု သမာသ်ပြီးလတ်သော် ထိုသမ္မန္ဓသကတ်အနက်ကိုသာယူ၍ မိမိသည် ဟောအပ်သော မြို့ဖြစ်တည်းဟူသော အနက်ကို စွန့်၍ 'ဥပ'သဒ္ဒါသည် ဟောအပ်သော အနီးဖြစ်သော စကားဖြစ်တည်းဟူသောအနက်ကိုဟောသည်ဖြစ်၍ မြို့၏အနီးဖြစ်သော စကားဖြစ်တည်းဟူသော တစ်ခုတည်းသော အနက်ရှိခြင်းကြောင့် 'ဥပနဂရံ' ဟူသော အဗျယီဘော သမာသ်သည် ဧကတ္ထီဘော ဖြစ်၏။

ကမ္မဓာရည်းနှင့် ဧကတ္ထီဘော

'မဟာပုရိသော'ဟူသော ကမ္မဓာရည်း သမာသ်၌ 'မဟန္တ'သဒ္ဒါသည် မြတ်သောဂုဏ်ကို အကြောင်းပဝတ္တာနိမိတ်ပြု၍ ယောကျ်ားဖြစ်ကို၊ 'ပုရိသ'သဒ္ဒါသည်လည်း ယောကျ်ားတို့၏ တစ်ယောက်သည် တစ်ယောက်နှင့်တူသော အခြင်းအရာဟု ဆိုအပ်သော ဇာတ်ကို အကြောင်းပဝတ္တာနိမိတ်ပြု၍ ယောကျ်ားဖြစ်ကို ဟောသည်ဖြစ်၍ ယောကျ်ားဖြစ်တည်းဟူသော တစ်ခုတည်းသော အနက်ရှိခြင်းကြောင့် 'မဟာပုရိသော'ဟူသော ကမ္မဓာရည်းသမာသ်သည် ဧကတ္ထီဘော ဖြစ်၏။

ဒိဂုနှင့် ဧကတ္ထီဘော

'တိလောကံ' ဟူသော ဒိဂုသမာသ်၌ 'တိ' သဒ္ဒါသည် သုံးခု အရေအတွက်သချိုင်္ဂဟတည်းဟူသောဂုဏ်ကို အကြောင်းပဝတ္တာနိမိတ်ပြု၍ လူဖြစ်ကို၊ 'လောက' သဒ္ဒါသည်လည်း လူတို့၏ တစ်ယောက်သည် တစ်ယောက်နှင့်တူသော အခြင်းအရာဟု ဆိုအပ်သောဇာတ်ကို အကြောင်းပဝတ္တာနိမိတ်ပြု၍ လူဖြစ်ကို ဟောသည်ဖြစ်၍ လူဖြစ်တည်းဟူသော တစ်ခုတည်းသော အနက်ရှိခြင်းကြောင့် 'တိလောကံ' ဟူသော ဒိဂုသမာသ်သည် ဧကတ္ထီဘော ဖြစ်၏။

http://www.dhammadownload.com

တပ္ပုရိသ်နှင့် ဧကတ္ထီဘော

'အဗြာဟ္မဏော'ဟူသော တပ္ပုရိသ် သမာသ်၌ 'န'သဒ္ဒါသည် သဒိသဘော ကို အကြောင်းပဝတ္ထုနိမိတ်ပြု၍ ပုဏ္ဏားတုဖြစ်သော လူဗြဟ်ကို 'ဗြာဟ္မဏ'သဒ္ဒါ သည်လည်း သဒိသဘောကို အကြောင်းပဝတ္ထုနိမိတ်ပြု၍ လူဗြဟ်ကို ဟောသည် ဖြစ်၍ ပုဏ္ဏားတုဖြစ်သော လူဗြဟ်တည်းဟူသော တစ်ခုတည်းသောအနက်ရှိခြင်း ကြောင့် 'အဗြာဟ္မဏော'ဟူသော တပ္ပုရိသ်သမာသ်သည် ဧကတ္ထီဘော ဖြစ်၏။

'တိလောကံ' ဟူသော တပ္ပုရိသ် သမာသ်၌ 'တိ' သဒ္ဒါသည် သုံးခု အရေ အတွက် သင်္ချာတည်းဟူသော ဂုဏ်ကို အကြောင်းပဝတ္ထုနိမိတ် ပြု၍ လူဗြဟ်ကို 'လောကသဒ္ဒါသည်လည်း လူတို့၏တစ်ယောက်သည် တစ်ယောက်နှင့်တူသော အခြင်းအရာဟု ဆိုအပ်သောဇာတ်ကို အကြောင်းပဝတ္ထုနိမိတ် ပြု၍ လူဗြဟ်ကို ဟောသည်ဖြစ်၍ လူဗြဟ်တည်းဟူသော တစ်ခုတည်းသော အနက်ရှိခြင်းကြောင့် 'တိလောကံ' ဟူသော တပ္ပုရိသ်သမာသ်သည် ဧကတ္ထီဘော ဖြစ်၏။

'ဘူမိဂတော' ဟူသော တပ္ပုရိသ် သမာသ်၌ မြေဗြဟ်တည်းဟူသော ကမ္မ ကာရက၏ သွားခြင်းကြိယာနှင့် သာဓန-သာဓေတဗ္ဗ အဖြစ်ဖြင့် စပ်ခြင်းသည် ကြိယာကာရကသမ္ဗန် မည်၏။ 'ဘူမိ' သဒ္ဒါသည် 'ဘူမိဂတော'ဟု သမာသ်ပြီး လတ်သော် ထိုကြိယာကာရက သမ္ဗန်အနက်မျှကို ယူ၍ မိမိသည် ဟောအပ် သော မြေဗြဟ်တည်းဟူသော အနက်ကိုစွန့်၍ 'ဂတော'ဟူသော နောက်ပုဒ်အရ ဖြစ်သော သွားတတ်သော လူဗြဟ်တည်းဟူသော အနက်ကိုဟောသည် ဖြစ်၍ သွားတတ်သော လူဗြဟ်တည်းဟူသော တစ်ခုတည်းသော အနက်ရှိခြင်းကြောင့် 'ဘူမိဂတော'ဟူသော တပ္ပုရိသ်သမာသ်သည် ဧကတ္ထီဘော ဖြစ်၏။

ဗဟုဗ္ဗီဟိနှင့် ဧကတ္ထီဘော

'ဇိတိန္ဒြိယော' ဟူသော ဗဟုဗ္ဗီဟိ သမာသ်၌ ဣန္ဒြေဗြဟ် တည်းဟူသော ကမ္မကာရက, ရဟန်းဗြဟ်တည်းဟူသော ကတ္တုကာရကတို့၏အောင်ခြင်းကြိယာ နှင့် သာဓန-သာဓေတဗ္ဗအဖြစ်ဖြင့် စပ်ခြင်းသည် ကြိယာကာရကသမ္ဗန် မည်၏။

http://www.dhammadownload.com

'ဇိတ'သဒ္ဒါ 'ကွန္ဒြေယ'သဒ္ဒါတို့သည် 'ဇိတိန္ဒြေယော'ဟု သမာသ်ပြီးလတ်သော် ထို ကြိယာကာရကသမ္ဗန်အနက်မျှကိုယူ၍ မိမိသည် ဟောအပ်သော အောင်အပ်သော ကွန္ဒြေဟူသော အနက်ကို စွန့်၍ 'အနေန သမဏေန'ဟူသော အညပုဒ်သည် ဟောအပ်သော ရဟန်းဒြဗ်တည်းဟူသော အနက်ကို ဟောသည်ဖြစ်၍ ရဟန်းဒြဗ်ဟတည်းဟူသော တစ်ခုတည်းသောအနက်ရှိခြင်းကြောင့် 'ဇိတိန္ဒြေယော' ဟူသော ဗဟုဗ္ဗိဟိသမာသ်သည် ဧကတ္ထီဘော ဖြစ်၏။

ဒွန်ဒ္ဝ်နှင့် ဧကတ္ထီဘော

'သမဏဗြာဟ္မဏာ' ဟူသော ဒွန်သမာသ်၌ 'သမဏ' သဒ္ဒါသည် ရဟန်းဒြဗ်တည်းဟူသော မိမိအနက်ကို အရင်းပြုသဖြင့် 'စ'သဒ္ဒါသည် ဟောအပ်သော ပုဏ္ဏားဒြဗ်တည်းဟူသော သမုစ္စေတဗ္ဗအနက်ကိုလည်း ဟောသည်၊ ဗြာဟ္မဏ သဒ္ဒါသည်လည်း ပုဏ္ဏားဒြဗ်တည်းဟူသော မိမိအနက်ကိုအရင်းပြုသဖြင့် 'စ'သဒ္ဒါသည် ဟောအပ်သော ရဟန်းဒြဗ်တည်းဟူသော သမုစ္စေတဗ္ဗအနက်ကိုလည်း ဟောသည်ဖြစ်၍ ရဟန်းပုဏ္ဏား နှစ်ပါးစုံတည်းဟူသော အနက်သည် 'သမဏ' သဒ္ဒါ 'ဗြာဟ္မဏ' သဒ္ဒါ၏ အနက်အဖြစ်ဖြင့် တစ်ခုတည်းသော အနက်ရှိခြင်းကြောင့် 'သမဏဗြာဟ္မဏာ'ဟူသော ဒွန်သမာသ်သည် ဧကတ္ထီဘော ဖြစ်၏။

အဗျယီဘော ၇-ပါး

ထိုခြောက်ပါးသော သမာသ်တို့တွင် အဗျယီဘော သမာသ်သည် ပထမာအဗျယီဘောသမာသ်, ဒုတိယာ။ ပ။ သတ္တမီ အဗျယီဘော သမာသ်အားဖြင့် ခုနစ်ပါးအပြား ရှိ၏။ ထိုတွင်–

ပထမာအဗျယီဘောသမာသ်

၁။ နောက်ပုဒ်၌ ပထမာဝိဘတ် ကျသော အဗျယီဘော သမာသ်သည် **ပထမာ**အဗျယီဘောသမာသ်မည်၏။ ပြယုဂ်ကား "ယေ ယေ ဝုဒ္ဓာ ယထာဝုဒ္ဓံ" တည်း။ ဤ "ယထာဝုဒ္ဓံ" ဟူသော သမာသ်သည် ဝုဒ္ဓံဟူသော နောက်ပုဒ်၌

http://www.dhammadownload.com

ပထမာဝိဘတ် ကျေသောကြောင့် ပထမာအဗျယီဘောသမာသ် မည်၏။

ဒုတိယာအဗျယီဘောသမာသ်

၂။ နောက်ပုဒ်၌ ဒုတိယာဝိဘတ် ကျေသော သမာသ်သည် **ဒုတိယာ** အဗျယီဘောသမာသ် မည်၏။ ပြယုဂ်ကား **"စိတ္တမဓိကိစ္စ ပဝတ္တန္တိ** တေ ဓမ္မာတိ အဓိစိတ္တံ"တည်း။ ဤသည် "စိတ္တံ" ဟူသော နောက်ပုဒ်၌ ဒုတိယာဝိဘတ် ကျေသောကြောင့် ဒုတိယာအဗျယီဘောသမာသ် မည်၏။

တတိယာအဗျယီဘောသမာသ်

၃။ နောက်ပုဒ်၌ တတိယာဝိဘတ် ကျေသော သမာသ်သည် **တတိယာ** အဗျယီဘောသမာသ် မည်၏။ ပြယုဂ်ကား "ကောကိလေန အဝကုဋ္ဌံ ဝနံ အဝကောကိလံ"တည်း။

"ကောကိလေန၊ ဥဩသည်။ အဝကုဋ္ဌံ၊ စက်ဆုပ်အပ်သော။ ဝနံ၊ တောတည်း။ အဝကောကိလံ၊ ဥဩသည် စက်ဆုပ်အပ်သောတော။"

ဤသည် "ကောကိလ" ဟူသော နောက်ပုဒ်၌ တတိယာဝိဘတ် ကျေသောကြောင့် တတိယာအဗျယီဘောသမာသ် မည်၏။

စတုတ္ထီအဗျယီဘောသမာသ်

၄။ နောက်ပုဒ်၌ စတုတ္ထီဝိဘတ်ကျေသော သမာသ်သည် **စတုတ္ထီ**အဗျယီ-ဘောသမာသ် မည်၏။ ပြယုဂ်ကား "ကမဿ အနုရူပံ ယထာကမ်" တည်း။ ဤသည် "ကမ"ဟူသော နောက်ပုဒ်၌ စတုတ္ထီဝိဘတ်ကျေသောကြောင့် စတုတ္ထီ အဗျယီဘောသမာသ် မည်၏။

ပဉ္စမီအဗျယီဘောသမာသ်

၅။ နောက်ပုဒ်၌ ပဉ္စမီဝိဘတ်ကျေသော သမာသ်သည် **ပဉ္စမီ**အဗျယီဘော သမာသ်မည်၏။ ပြယုဂ်ကား "ဝါနတော နိက္ခန္တန္တိ နိဗ္ဗာနံ"တည်း။ ဤသည် "ဝါန"

http://www.dhammadownload.com

ဟူသောနောက်ပုဒ်၌ ပဠမိဝိဘတ်ကျေသောကြောင့် ပဠမိအဗျယီဘောသမာသ် မည်၏။

ဆဋ္ဌီအဗျယီဘောသမာသ်

၆။ နောက်ပုဒ်၌ ဆဋ္ဌီဝိဘတ် ကျေသော သမာသ်သည် **ဆဋ္ဌီ**အဗျယီဘော သမာသ် မည်၏။ ပြယုဂ်ကား "နဂရဿ သမီပေ ပဝတ္တတိ ကထာ ဣတိ ဥပနဂရံ"တည်း။ ဤသည် "နဂရံ"ဟူသော နောက်ပုဒ်၌ ဆဋ္ဌီဝိဘတ် ကျေသော ကြောင့် ဆဋ္ဌီအဗျယီဘောသမာသ် မည်၏။

သတ္တမီအဗျယီဘောသမာသ်

၇။ နောက်ပုဒ်၌ သတ္တမီဝိဘတ် ကျေသော သမာသ်သည် **သတ္တမီ**အဗျယီ ဘောသမာသ် မည်၏။ ပြယုဂ်ကား "ကုမာရီသု အဓိကိစ္စ ပဝတ္တတိ ကထာ ဣတိ အဓိကုမာရိ"တည်း။ ဤသည် "ကုမာရိ" ဟူသော နောက်ပုဒ်၌ သတ္တမီ ဝိဘတ်ကျေသောကြောင့် သတ္တမီအဗျယီဘောသမာသ် မည်၏။

ကမ္မမာရည်း ၉-ပါး

ကမ္မမာရည်းသမာသ်သည်လည်း ဝိသေသနပုဗ္ဗပဒ ကမ္မမာရည်း, ဝိသေသန ပရပဒ, ဝိသေသနောဘယပဒ, ဥပမာ, သမ္ဘာဝနာ, အဝဓာရဏာ, ကုနိပါတ ပုဗ္ဗပဒ, နနိပါတပုဗ္ဗပဒ, ပါဒိပုဗ္ဗပဒကမ္မမာရည်း အားဖြင့် ကိုးပါးအပြား ရှိ၏။ ထိုတွင်–

ဝိသေသနပုဗ္ဗပဒ

၁။ ဝိသေသနပုဒ်ရှေးရှိသော ကမ္မမာရည်းသမာသ်သည် **ဝိသေသနပုဗ္ဗပဒ** ကမ္မမာရည်းသမာသ် မည်၏။ ပြယုဂ်ကား 'မဟန္တော ပုရိသော မဟာပုရိသော" တည်း။ ဤ 'မဟာပုရိသော' ဟူသော ကမ္မမာရည်း သမာသ်သည် 'မဟန္တ' ဟူ သော ဝိသေသနပုဒ် ရှေးရှိသောကြောင့် ဝိသေသနပုဗ္ဗပဒကမ္မမာရည်းသမာသ် မည်၏။

http://www.dhammadownload.com

ဝိသေသနပရပဒ ကမ္မဓာရည်း

၂။ ဝိသေသနပုဒ် နောက်ရှိသော ကမ္မဓာရည်းသမာသ်သည် **ဝိသေသန ပရပဒ**ကမ္မဓာရည်းသမာသ် မည်၏။ ပြယုဂ်ကား 'ဂဏော စ သော ဥတ္တမော စာတိ ဂဏုတ္တမော"တည်း။ ဤသည် 'ဥတ္တမ' ဟူသော ဝိသေသနပုဒ် နောက်ရှိ သောကြောင့် ဝိသေသနပရပဒကမ္မဓာရည်း သမာသ် မည်၏။

ဝိသေသနောဘယပဒ ကမ္မဓာရည်း

၃။ ဝိသေသန နှစ်ပုဒ်ရှိသော ကမ္မဓာရည်း သမာသ်သည် **ဝိသေသနော ဘယပဒ** ကမ္မဓာရည်း သမာသ် မည်၏။ ပြယုဂ်ကား 'သဏှော စ သော သုခုမော စာတိ သဏှသုခုမော"တည်း။ ဤသည် 'သဏှ' ဟူသော 'သုခုမ' ဟူ သော ဝိသေသန နှစ်ပုဒ်ရှိသောကြောင့် ဝိသေသနောဘယပဒ ကမ္မဓာရည်း သမာသ် မည်၏။

ဥပမာကမ္မဓာရည်း

၄။ ဥပမာပုဒ် ရှေးရှိသော ကမ္မဓာရည်း သမာသ်သည် **ဥပမာ**ကမ္မဓာရည်း သမာသ် မည်၏။ ပြယုဂ်ကား 'သီဟော ဝိယာတိ သီဟော၊ မုနိ စ သော သီဟော စာတိ မုနိသီဟော"တည်း။ ဤသည် 'သီဟ'ဟူသော ဥပမာပုဒ်ရှိ သောကြောင့် ဥပမာကမ္မဓာရည်းသမာသ် မည်၏။ (ဥပမာနုတ္တရကမ္မဓာရည်းဟူ ၍လည်း ဆိုအပ်၏။)

သမ္ဘာဝနာကမ္မဓာရည်း

၅။ ခိုးမြောက်ခြင်းအနက်ကို ဟောသော ဣတိ, ဟုတ္တာ, သဒ်ါတ စသော သဒ္ဒါကျေသော ကမ္မဓာရည်း သမာသ်သည် **သမ္ဘာဝနာ**ကမ္မဓာရည်း သမာသ် မည်၏။ ပြယုဂ်ကား 'အနိစ္စံ ဣတိ သညာ အနိစ္စသညာ"တည်း။ ဤသည် ခိုးမြောက်ခြင်းအနက်ကို ဟောသော ဣတိ'သဒ္ဒါ ကျေသောကြောင့် သမ္ဘာဝနာ ကမ္မဓာရည်းသမာသ် မည်၏။

http://www.dhammadownload.com

အဝဓာရဏကမ္မဓာရည်း

၆။ ပိုင်းခြားခြင်း အနက်ကို ဟောသော ဧဝသဒ္ဒါ ကျသော ကမ္မဓာရည်း သမာသ်သည် **အဝဓာရဏ**ကမ္မဓာရည်း သမာသ်မည်၏။ ပြယုဂ်ကား 'ဂုဏော ဧဝ ဓနံ ဂုဏဓနံ"တည်း။ ဤသည် ပိုင်းခြားခြင်းအနက်ကို ဟောသော 'ဧဝ' သဒ္ဒါ ကျသောကြောင့် အဝဓာရဏကမ္မဓာရည်းသမာသ် မည်၏။

ကုနိပါတပုဗ္ဗပဒ

၇။ ကုနိပါတ်ပုဒ် ရှေးရှိသော ကမ္မဓာရည်း သမာသ်သည် **ကုနိပါတပုဗ္ဗပဒ** ကမ္မဓာရည်း သမာသ် မည်၏။ ပြယုဂ်ကား 'ကုစ္ဆိတော ပုတ္တော ကုပုတ္တော" တည်း။ ဤသည် 'ကု' နိပါတ်ပုဒ် ရှေးရှိသောကြောင့် ကုနိပါတပုဗ္ဗပဒကမ္မ ဓာရည်းသမာသ် မည်၏။

နနိပါတပုဗ္ဗပဒ

၈။ နနိပါတ်ပုဒ် ရှေးရှိသော ကမ္မဓာရည်းသမာသ်သည် **နနိပါတပုဗ္ဗပဒ** ကမ္မဓာရည်း သမာသ်မည်၏။ ပြယုဂ်ကား 'န ဗြာဟ္မဏော အဗြာဟ္မဏော" တည်း။ ဤသည် 'န' နိပါတ်ပုဒ် ရှေးရှိသောကြောင့် နနိပါတပုဗ္ဗပဒကမ္မဓာရည်း သမာသ်မည်၏။

ပါဒိပုဗ္ဗပဒ

၉။ 'ပ' အစရှိသော ဥပသာရပုဒ် ရှေးရှိသော ကမ္မဓာရည်းသမာသ်သည် **ပါဒိပုဗ္ဗပဒ** ကမ္မဓာရည်း သမာသ်မည်၏။ ပြယုဂ်ကား "ပကဋ္ဌ ဝစနံ ပါဝစနံ" တည်း။ ဤသည် 'ပ' ဟူသော ဥပသာရ ရှေးရှိသောကြောင့် ပါဒိပုဗ္ဗပဒကမ္မ ဓာရည်းသမာသ် မည်၏။

ဒိဂုသမာသ် ၂-ပါး

ဒိဂုသမာသ်သည်လည်း သမဟာရဒိဂု, အသမဟာရဒိဂု အားဖြင့် နှစ်ပါး အပြားရှိ၏။ ထိုတွင်–

http://www.dhammadownload.com

သမာဟာရဒိဂု

၁။ နပုံးဧကတ်ငဲ့၍ ဧကဝုစ်ဝိဘတ် အဆုံးရှိသော ဒိဂုသည် **သမာဟာရဒိဂု** မည်၏။ ပြယုဂ်ကား "တယော လောကာ တိလောကံ" တည်း။ ဤသည် နပုံးဧကတ်ငဲ့၍ ဧကဝုစ်ဝိဘတ် အဆုံးရှိသောကြောင့် သမာဟာရဒိဂု မည်၏။

အသမာဟာရဒိဂု

၁။ နပုံးဧကတ် မငဲ့မူ၍ ဗဟုဝုစ်ဝိဘတ် အဆုံးရှိသော ဒိဂုသည် **အသမာဟာရဒိဂု**မည်၏။ ပြယုဂ်ကား "ပဥ္စ ဂ္ဂန္ဒြိယာနိ ပဉ္စိန္ဒြိယာနိ"တည်း။ ဤသည် နပုံးဧကတ် မငဲ့မူ၍ ဗဟုဝုစ်ဝိဘတ် အဆုံးရှိသောကြောင့် အသမာဟာရဒိဂု မည်၏။

တစ်နည်း ဒိဂု ၂-ပါး

တစ်နည်းကား ဧကဘာဝိဒိဂု, အနေကဘာဝိဒိဂု အားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုတွင် သမာဟာရဒိဂုသည် **ဧကဘာဝိဒိဂု** မည်၏။ အသမာဟာရဒိဂုသည် **အနေကဘာဝိဒိဂု** မည်၏။

တပ္ပုရိသ် ၂-ပါး

တပ္ပုရိသ်သမာသ်သည်လည်း မိဿကတပ္ပုရိသ်, သုဒ္ဓတပ္ပုရိသ်အားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုတွင် ကမ္မမာရည်း, ဒိဂုလက္ခဏာနှင့် ရောသော တပ္ပုရိသ်သမာသ်သည် **မိဿကတပ္ပုရိသ်** မည်၏။ ကမ္မမာရည်း, ဒိဂုလက္ခဏာနှင့် မရောသော တပ္ပုရိသ်သမာသ်သည် **သုဒ္ဓတပ္ပုရိသ်** မည်၏။

မိဿကတပ္ပုရိသ် ၂-ပါး

ထိုတွင် မိဿကတပ္ပုရိသ်သည်လည်း ကမ္မမာရဃမိဿကတပ္ပုရိသ်, ဒိဂုမိဿကတပ္ပုရိသ်အားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုတွင်–

ကမ္မမာရဃမိဿကတပ္ပုရိသ်

၁။ တူသောအနက်ရှိသည်၏ အဖြစ်တည်းဟူသော ကမ္မမာရည်းလက္ခဏာနှင့် ရောသော မိဿကတပ္ပုရိသ်သည် **ကမ္မမာရဃမိဿက**တပ္ပုရိသ် မည်၏။

http://www.dhammadownload.com

ပြယုဂ်ကား "နှ ဗြာဟ္မဏော အဗြာဟ္မဏော" အစရှိသည်တည်း။ ဤ၌ 'နှ'သဒ္ဒါသည် သဒိသဘောကို အကြောင်းပဝတ္တနိမိတ်ပြု၍ ပုဏ္ဏားတုဖြစ်သော လူဒြပ်ကို 'ဗြာဟ္မဏ' သဒ္ဒါသည်လည်း သဒိသဘောကို အကြောင်း ပဝတ္တနိမိတ်ပြု၍ ပုဏ္ဏားတုဖြစ်သော လူဒြပ်ကို ဟောသည်ဖြစ်၍ ပုဏ္ဏားတုဖြစ်သော လူဒြပ်တည်းဟူသော တူသောအနက်ရှိသည်၏ အဖြစ်တည်းဟူသော ကမ္မဓာရည်း, လက္ခဏာနှင့် ရောသောကြောင့် ကမ္မဓာရယမိသကတပ္ပုရိသ် မည်၏။

ဒိဂုမိသကတပ္ပုရိသ်

၂။ သန်္ဘာရှေ့ရှိသည်၏ အဖြစ်တည်းဟူသော ဒိဂုလက္ခဏာနှင့် ရောသော မိသကတပ္ပုရိသ်သည် **ဒိဂုမိသက**တပ္ပုရိသ် မည်၏။ ပြယုဂ်ကား "တယော လောကာ တိလောကံ" အစရှိသည်တည်း။ ဤသည် 'တိ'ဟူသော သန်္ဘာရှေးရှိသည်၏ အဖြစ်တည်းဟူသော ဒိဂုလက္ခဏာနှင့် ရောသောကြောင့် ဒိဂုမိသက တပ္ပုရိသ် မည်၏။

သုဒ္ဓတပ္ပုရိသ် ၆-ပါး

သုဒ္ဓတပ္ပုရိသ်သည်လည်း ဒုတိယာ သုဒ္ဓတပ္ပုရိသ်သမာသ်, တတိယာသုဒ္ဓတပ္ပုရိသ်သမာသ်, စတုတ္ထီသုဒ္ဓတပ္ပုရိသ်သမာသ်, ပဉ္စမီသုဒ္ဓတပ္ပုရိသ်သမာသ်, ဆဋ္ဌီသုဒ္ဓတပ္ပုရိသ်သမာသ်, သတ္တမီသုဒ္ဓတပ္ပုရိသ်သမာသ်အားဖြင့် ခြောက်ပါး အပြားရှိ၏။ ထိုတွင်–

ဒုတိယာသုဒ္ဓတပ္ပုရိသ်

၁။ ရှေ့ပုဒ်၌ ဒုတိယာဝိဘတ် ကျသော သုဒ္ဓတပ္ပုရိသ်သမာသ်သည် **ဒုတိယာသုဒ္ဓတပ္ပုရိသ်သမာသ်** မည်၏။ ပြယုဂ်ကား "ဘူမိံ ဂတော ဘူမိဂတော" အစရှိသည်တည်း။ ဤသည် 'ဘူမိ' ဟူသော ရှေ့ပုဒ်၌ ဒုတိယာဝိဘတ် ကျသောကြောင့် ဒုတိယာသုဒ္ဓတပ္ပုရိသ်သမာသ် မည်၏။

တတိယာသုဒ္ဓတပ္ပုရိသ်

၂။ ရှေ့ပုဒ်၌ တတိယာဝိဘတ် ကျသော သုဒ္ဓတပ္ပုရိသ် သမာသ်သည်

http://www.dhammadownload.com

တတိယာသုဒ္ဓတပ္ပုရိသ်သမာသ် မည်၏။ ပြယုဂ်ကား "သလ္လေန ဝိဒ္ဓေါ သလ္ဝိဒ္ဓေါ"အစရှိသည်တည်း။ ဤသည် 'သလ္ဝ'ဟူသော ရှေ့ပုဒ်၌ တတိယာဝိဘတ် ကျသောကြောင့် တတိယာသုဒ္ဓတပ္ပုရိသ်သမာသ် မည်၏။

စတုတ္ထီသုဒ္ဓတပ္ပုရိသ်

၃။ ရှေ့ပုဒ်၌ စတုတ္ထီဝိဘတ်ကျသော သုဒ္ဓတပ္ပုရိသ်သမာသ်သည် **စတုတ္ထီ** သုဒ္ဓတပ္ပုရိသ်သမာသ် မည်၏။ ပြယုဂ်ကား "ကထိနဿ ဒုဿံ ကထိနဒုဿံ" အစရှိသည်တည်း။ ဤသည် 'ကထိန' ဟူသော ရှေ့ပုဒ်၌ စတုတ္ထီဝိဘတ် ကျသောကြောင့် စတုတ္ထီသုဒ္ဓတပ္ပုရိသ်သမာသ် မည်၏။

ပဉ္စမီသုဒ္ဓတပ္ပုရိသ်

၄။ ရှေ့ပုဒ်၌ ပဉ္စမီဝိဘတ် ကျသော သုဒ္ဓတပ္ပုရိသ် သမာသ်သည် **ပဉ္စမီ** သုဒ္ဓတပ္ပုရိသ်သမာသ် မည်၏။ ပြယုဂ်ကား "စောရာ ဘယံ စောရဘယံ"အစရှိသည်တည်း။ ဤသည် 'စောရ'ဟူသောရှေ့ပုဒ်၌ ပဉ္စမီဝိဘတ်ကျသောကြောင့် ပဉ္စမီသုဒ္ဓတပ္ပုရိသ်သမာသ် မည်၏။

ဆဋ္ဌီသုဒ္ဓတပ္ပုရိသ်

၅။ ရှေ့ပုဒ်၌ ဆဋ္ဌီဝိဘတ် ကျသော သုဒ္ဓတပ္ပုရိသ်သမာသ်သည် **ဆဋ္ဌီ** သုဒ္ဓတပ္ပုရိသ်သမာသ် မည်၏။ ပြယုဂ်ကား "ရညော ပုတ္တော ရာဇပုတ္တော"အစရှိသည်တည်း။ ဤသည် 'ရာဇ'ဟူသော ရှေ့ပုဒ်၌ ဆဋ္ဌီဝိဘတ်ကျသောကြောင့် ဆဋ္ဌီသုဒ္ဓတပ္ပုရိသ်သမာသ် မည်၏။

သတ္တမီသုဒ္ဓတပ္ပုရိသ်

၆။ ရှေ့ပုဒ်၌ သတ္တမီဝိဘတ်ကျသော သုဒ္ဓတပ္ပုရိသ်သမာသ်သည် **သတ္တမီ** သုဒ္ဓတပ္ပုရိသ်သမာသ် မည်၏။ ပြယုဂ်ကား "သံသာရေ ဒုက္ခံ သံသာရဒုက္ခံ" အစရှိသည်တည်း။ ဤ 'သံသာရဒုက္ခံ' ဟူသော သုဒ္ဓတပ္ပုရိသ် သမာသ်သည် 'သံသာရ' ဟူသော ရှေ့ပုဒ်၌ သတ္တမီဝိဘတ် ကျသောကြောင့် သတ္တမီ သုဒ္ဓတပ္ပုရိသ်သမာသ် မည်၏။

http://www.dhammadownload.com

ဗဟုဗ္ဗိဟိ ၂-ပါး

ဗဟုဗ္ဗိဟိသမာသ်သည်လည်း ဘိန္နာဓိကရဏဗဟုဗ္ဗိဟိ, တုလျာဓိကရဏဗဟုဗ္ဗိဟိ အားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုတွင်–

ဘိန္နာဓိကရဏဗဟုဗ္ဗိဟိ

၁။ သမာသ်ပုဒ်အချင်းချင်း ဝိဘတ်ပြားသော ဗဟုဗ္ဗိဟိသည် **ဘိန္နာဓိကရဏဗဟုဗ္ဗိဟိ** မည်၏။ ပြယုဂ်ကား "ယဿ ပတ္တော ဟတ္ထေသူတိ ပတ္တဟတ္ထော" အစရှိသည်တည်း။ ဤသည် 'ပတ္တ' ဟူသော ဟတ္ထဟူသော သမာသ်ပုဒ်အချင်းချင်း ဝိဘတ်ပြားသောကြောင့် ဘိန္နာဓိကရဏဗဟုဗ္ဗိဟိ မည်၏။

တုလျာဓိကရဏဗဟုဗ္ဗိဟိ

၂။ သမာသ်ပုဒ်အချင်းချင်း ဝိဘတ်တူသော ဗဟုဗ္ဗိဟိသည် **တုလျာဓိကရဏဗဟုဗ္ဗိဟိ** မည်၏။ ပြယုဂ်ကား "လမ္ဗော ကဏ္ဏော ယဿ သောတိ လမ္ဗကဏ္ဏော"အစရှိသည်တည်း။ ဤသည် 'လမ္ဗ'ဟူသော 'ကဏ္ဏ'ဟူသောသမာသ်ပုဒ်အချင်းချင်း ဝိဘတ်တူသောကြောင့် တုလျာဓိကရဏဗဟုဗ္ဗိဟိ မည်၏။

တစ်နည်းဗဟုဗ္ဗိဟိ ၂-ပါး

တစ်နည်းကား ဗာဟိရတ္ထဗဟုဗ္ဗိဟိ, အန္တောရတ္ထဗဟုဗ္ဗိဟိ အားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုတွင်–

ဗာဟိရတ္ထဗဟုဗ္ဗိဟိ

၁။ သမာသ်ပုဒ် တစ်စိတ်သည် အညပုဒ်၏ ဝိသေသနဖြစ်သော ဗဟုဗ္ဗိဟိသည် **ဗာဟိရတ္ထဗဟုဗ္ဗိဟိ** မည်၏။ ပြယုဂ်ကား "မာသော ဇာတဿ အဿာတိ မာသဇာတော"အစရှိသည်တည်း။ ဤ၌ 'ဇာတဿ'ဟူသော သမာသ်ပုဒ်တစ်စိတ်သည် 'အဿ' ဟူသော အညပုဒ်၏ ဝိသေသနဖြစ်သောကြောင့် ဗာဟိရတ္ထဗဟုဗ္ဗိဟိ မည်၏။

http://www.dhammadownload.com

အန္တောရတ္ထဗဟုဗ္ဗိဟိ

၂။ သမာသ်ပုဒ်တစ်စိတ်သည် အညပုဒ်၏ ဝိသေသနမဖြစ်သော ဗဟုဗ္ဗိဟိသည် **အန္တောရတ္ထဗဟုဗ္ဗိဟိ** မည်၏။ ပြယုဂ်ကား "လမ္မော ကဏ္ဏော ယဿ သောတိ လမ္မကဏ္ဏော"အစရှိသည်တည်း။ ဤ၌ 'ကဏ္ဏ' ဟူသော သမာသ်ပုဒ်တစ်စိတ်သည် 'ယဿ' ဟူသော အညပုဒ်၏ ဝိသေသန မဖြစ်သောကြောင့် အန္တောရတ္ထဗဟုဗ္ဗိဟိ မည်၏။

တစ်နည်း ဗဟုဗ္ဗိဟိ ၂-ပါး

တစ်နည်းကား တဂ္ဂါဏာသံဝိညာဏဗဟုဗ္ဗိဟိ, အတဂ္ဂါဏာသံဝိညာဏ ဗဟုဗ္ဗိဟိ အားဖြင့် နှစ်ပါးအပြား ရှိ၏။ ထိုတွင်–

တဂ္ဂါဏာသံဝိညာဏဗဟုဗ္ဗိဟိ

၁။ သမာသ်ပုဒ်၏ အနက်နှင့်တကွရသော ဗဟုဗ္ဗိဟိသည် **တဂ္ဂါဏာသံဝိညာဏဗဟုဗ္ဗိဟိ** မည်၏။ ပြယုဂ်ကား "လမ္မော ကဏ္ဏော ယဿ သောတိ လမ္မကဏ္ဏော"အစရှိသည်တည်း။ ဤသည် ရှည်သောနားဟူသော သမာသ်ပုဒ်၏အနက်နှင့်တကွ ရသောကြောင့် တဂ္ဂါဏာသံဝိညာဏဗဟုဗ္ဗိဟိ မည်၏။

အတဂ္ဂါဏာသံဝိညာဏဗဟုဗ္ဗိဟိ

၂။ သမာသ်ပုဒ်၏ အနက်နှင့်တကွမရသော ဗဟုဗ္ဗိဟိသည် **အတဂ္ဂါဏာသံဝိညာဏဗဟုဗ္ဗိဟိ** မည်၏။ ပြယုဂ်ကား "ဒိန္နော သုကော်ာ ယဿ သောတိ ဒိန္နသုကော်ာ"အစရှိသည်တည်း။ ဤသည် ပေးအပ်သော အခွန်တည်းဟူသော သမာသ်ပုဒ်၏ အနက်နှင့်တကွ မရသောကြောင့် အတဂ္ဂါဏာသံဝိညာဏ ဗဟုဗ္ဗိဟိ မည်၏။

တဂ္ဂါဏာသံဝိညာဏဗဟုဗ္ဗိဟိ ၂-ပါး

ထိုနှစ်ပါးတို့တွင် တဂ္ဂါဏာသံဝိညာဏဗဟုဗ္ဗိဟိသည်လည်း အညပဒတ္ထ တဂ္ဂါဏာသံဝိညာဏဗဟုဗ္ဗိဟိ, ပယောဂတဂ္ဂါဏာသံဝိညာဏဗဟုဗ္ဗိဟိ အားဖြင့် နှစ်ပါးအပြား ရှိ၏။ ထိုတွင်–

http://www.dhammadownload.com

၁။ အညပုဒ်အားဖြင့် သမာသ်ပုဒ်၏ အနက်နှင့်တကွရသော ဗဟုဗ္ဗိဟိ သည် **အညပဒတ္ထတဂ္ဂါဏသံဝိညာဏ ဗဟုဗ္ဗိဟိ** မည်၏။ ပြယုဂ်ကား "လမ္မော ကဏ္ဏော ယဿ သောတိ လမ္မကဏ္ဏော"အစရှိသည်တည်း။ ဤသည် 'ယဿ' ဟူသော အညပုဒ်အားဖြင့် ရှည်သောနားတည်းဟူသော သမာသ်ပုဒ်၏အနက် နှင့်တကွ ရသောကြောင့် အညပဒတ္ထတဂ္ဂါဏသံဝိညာဏဗဟုဗ္ဗိဟိ မည်၏။

၂။ ယှဉ်ဘက်အားဖြင့် သမာသ်ပုဒ်၏ အနက်နှင့်တကွရသော တဂ္ဂါဏ သံဝိညာဏဗဟုဗ္ဗိဟိသည် **ပယောဂတဂ္ဂါဏသံဝိညာဏဗဟုဗ္ဗိဟိ** မည်၏။ ပြယုဂ်ကား "ဗုဒ္ဓေါ ပမုခေါ ယဿ သောတိ ဗုဒ္ဓပ္ပမုခေါ၊ ဗုဒ္ဓပ္ပမုခဿ သံယဿ ဒါနံ ဒေတိ"အစရှိသည်တည်း။ ဤ 'ဗုဒ္ဓပ္ပမုခေါ'ဟူသော တဂ္ဂါဏသံဝိညာဏဗဟုဗ္ဗိဟိ သည် ဒေတိဟူသော ယှဉ်ဘက်အားဖြင့် ဘုရားတည်းဟူသော သမာသ်ပုဒ်၏ အနက်နှင့်တကွရသောကြောင့် ပယောဂတဂ္ဂါဏ သံဝိညာဏဗဟုဗ္ဗိဟိ မည်၏။

ဗဟုဗ္ဗိဟိ ၃-ပါး

တစ်နည်းကား အာဒိအညပဒဗဟုဗ္ဗိဟိ, မဇ္ဈေအညပဒဗဟုဗ္ဗိဟိ, အန္တ အညပဒဗဟုဗ္ဗိဟိအားဖြင့် သုံးပါးအပြားရှိ၏။ ထိုတွင်–

အာဒိအညပဒဗဟုဗ္ဗိဟိ

၁။ သမာသ်ပုဒ်၏ အစ၌ အညပုဒ်ရှိသော ဗဟုဗ္ဗိဟိသည် **အာဒိအညပဒ ဗဟုဗ္ဗိဟိ** မည်၏။ ပြယုဂ်ကား "ယဿ ပတ္တော ဟတ္ထေသူတိ ပတ္တဟတ္ထော" အစရှိသည်တည်း။ ဤသည် 'ပတ္တ' ဟူသော သမာသ်ပုဒ်၏ အစ၌ 'ယဿ' ဟူ သော အညပုဒ်ရှိသောကြောင့် အာဒိအညပဒဗဟုဗ္ဗိဟိ မည်၏။

မဇ္ဈေအညပဒဗဟုဗ္ဗိဟိ

၂။ သမာသ်ပုဒ်၏အလယ်၌ အညပုဒ်ရှိသော ဗဟုဗ္ဗိဟိသည် **မဇ္ဈေအညပဒ ဗဟုဗ္ဗိဟိ** မည်၏။ ပြယုဂ်ကား "နဿ အန္တော အနန္တံ" အစရှိသည်တည်း။ ဤ

http://www.dhammadownload.com

သည် 'နံ' ဟူသော 'အန္တ' ဟူသော သမာသ်ပုဒ်၏ အလယ်၌ 'အဿ' ဟူသော အညပုဒ်ရှိသောကြောင့် မဏ္ဍေအညပဒဗဟုဗ္ဗိဟိ မည်၏။

အန္တအညပဒဗဟုဗ္ဗိဟိ

၃။ သမာသ်ပုဒ်၏ အဆုံး၌ အညပုဒ်ရှိသော ဗဟုဗ္ဗိဟိသည် **အန္တအညပဒဗဟုဗ္ဗိဟိ** မည်၏။ ပြယုဂ်ကား "လမ္ဘော ကဏ္ဏော ယဿ သောတိ လမ္ဘကဏ္ဏော" တည်း။ ဤသည် 'ကဏ္ဏ' ဟူသော သမာသ်ပုဒ်၏ အဆုံး၌ 'ယဿ' ဟူသော အညပုဒ်ရှိသောကြောင့် အန္တအညပဒဗဟုဗ္ဗိဟိ မည်၏။

ဗဟုဗ္ဗိဟိ ၇-ပါး

တစ်နည်းကား ပထမာဗဟုဗ္ဗိဟိ, ဒုတိယာ, တတိယာ, စတုတ္ထီ, ပဉ္စမီ, ဆဋ္ဌီ, သတ္တမီဗဟုဗ္ဗိဟိ အားဖြင့် ခုနစ်ပါးအပြားရှိ၏။ ထိုတွင်–

၁။ အညပုဒ်၌ ပထမာဝိဘတ်သက်သော ဗဟုဗ္ဗိဟိသည် ပထမာဗဟုဗ္ဗိဟိ မည်၏။ ပြယုဂ်ကား 'စက္ခု ဘူတော ဏ္ဍဝ ဘူတော ယော ဘဂဝါ သောယံ စက္ခုဘူတော၊ ဘဂဝါ" အစရှိသည်တည်း။ ဤသည် 'ယ' ဟူသော အညပုဒ်၌ ပထမာဝိဘတ် သက်သောကြောင့် **ပထမာ**ဗဟုဗ္ဗိဟိ မည်၏။

(အညပုဒ်၌ ဒုတိယာဝိဘတ်သက်သောအစရှိသည်ကို အစဉ်အတိုင်းဆို။)

၂။ အာဂတာ သမဏာ ဏ္ဍမံ သံယာရာမံ သောယံ အာဂတသမဏော။
၃။ ဇိတာနိ ဏ္ဍန္ဒြိယာနိ အနေန သမဏေန သောယံ ဇိတိန္ဒြိယော။
၄။ ဒိန္နော သုဏော် ယဿ သောတိ ဒိန္နသုဏော်။
၅။ နိဂ္ဂတာ ဇနာ အသ္မာ ဂါမာ သောယံ နိဂ္ဂတဇနော။
၆။ ဆိန္နော ဟတ္ထော ယဿ သောတိ ဆိန္နဟတ္ထော။
၇။ "သမ္မန္နာနိ သဿာနိ ယသ္မိံ ဇနပဒေ သောယံ သမ္မန္နသဿော"တည်း။ ဤ 'သမ္မန္နသဿော' ဟူသော ဗဟုဗ္ဗိဟိသည် ယ ဟူသော အညပုဒ်၌ သတ္တမီဝိဘတ် သက်သောကြောင့် **သတ္တမီ**ဗဟုဗ္ဗိဟိ မည်၏။

http://www.dhammadownload.com

ဗဟုဗ္ဗိဟိ ၁၀-ပါး

တစ်နည်းကား- ဒ္ဝိပဒဗဟုဗ္ဗိဟိ, တိပဒဗဟုဗ္ဗိဟိ, ဘိန္နာဓိကရဏဗဟုဗ္ဗိဟိ, သင်္ချောဘယပဒဗဟုဗ္ဗိဟိ, ဒိသန္တရာဥတ္တဗဟုဗ္ဗိဟိ, ဗျတိဟာရလက္ခဏဗဟုဗ္ဗိဟိ, ဥပမာပုဗ္ဗပဒဗဟုဗ္ဗိဟိ, ကုနိပါတပုဗ္ဗပဒဗဟုဗ္ဗိဟိ, နနိပါတပုဗ္ဗပဒဗဟုဗ္ဗိဟိ, သဟပုဗ္ဗပဒဗဟုဗ္ဗိဟိ အားဖြင့် ဆယ်ပါးအပြားရှိ၏။ ထိုတွင်–

ဒ္ဝိပဒဗဟုဗ္ဗိဟိ

၁။ နှစ်ပုဒ်ရှိသော ဗဟုဗ္ဗိဟိသည် **ဒ္ဝိပဒဗဟုဗ္ဗိဟိ** မည်၏။ ပြယုဂ်ကား "လမ္ဗော ကဏ္ဏော ယဿ သောတိ လမ္ဗကဏ္ဏော"တည်း။ ဤသည် 'လမ္ဗ'ဟူသော, 'ကဏ္ဏ'ဟူသော သမာသ်ပုဒ်နှစ်ပုဒ်ရှိသောကြောင့် ဒ္ဝိပဒဗဟုဗ္ဗိဟိမည်၏။

တိပဒဗဟုဗ္ဗိဟိ

၂။ သုံးပုဒ်ရှိသော ဗဟုဗ္ဗိဟိသည် **တိပဒဗဟုဗ္ဗိဟိ** မည်၏။ ပြယုဂ်ကား "မုနိနာ ဝဏ္ဏိတာ ယဿ ဗုဒ္ဓိ သောတိ မုနိဝဏ္ဏိတဗုဒ္ဓိ" တည်း။ ဤသည် 'မုနိ' ဟူသော, 'ဝဏ္ဏိတ'ဟူသော, 'ဗုဒ္ဓိ'ဟူသော သမာသ်ပုဒ် သုံးခုရှိသောကြောင့် တိပဒဗဟုဗ္ဗိဟိ မည်၏။

ဘိန္နာဓိကရဏဗဟုဗ္ဗိဟိ

၃။ သမာသ်ပုဒ်အချင်းချင်း ဝိဘတ်ပြားသော ဗဟုဗ္ဗိဟိသည် **ဘိန္နာဓိကရဏဗဟုဗ္ဗိဟိ** မည်၏။ ပြယုဂ်ကား "ယဿ ပတ္တော ဟတ္ထေသူတိ ပတ္တဟတ္ထော" တည်း။ ဤသည် 'ပတ္တ' ဟူသော, 'ဟတ္ထ' ဟူသော သမာသ်ပုဒ် အချင်းချင်း ဝိဘတ်ပြားသောကြောင့် ဘိန္နာဓိကရဏဗဟုဗ္ဗိဟိ မည်၏။

သင်္ချောဘယပဒဗဟုဗ္ဗိဟိ

၄။ ဝါ-သဒ္ဒါ၏ အနက်၌ သင်္ချာနှစ်ပုဒ်ရှိသော ဗဟုဗ္ဗိဟိသည် **သင်္ချောဘယပဒဗဟုဗ္ဗိဟိ** မည်၏။ ပြယုဂ်ကား "ဒ္ဝေ ဝါ တယော ဝါ ပတ္တာ ယေသန္တေတိ ဒ္ဝတ္တိပတ္တာ"တည်း။ ဤသည် 'ဝါ'သဒ္ဒါ၏ အနက်၌ 'ဒ္ဝိ' ဟူသော, 'တိ' ဟူသော သင်္ချာနှစ်ပုဒ် ရှိသောကြောင့် သင်္ချောဘယပဒဗဟုဗ္ဗိဟိ မည်၏။

http://www.dhammadownload.com

ဒိသန္တရာဥတ္ထဗဟုဗ္ဗိဟိ

၅။ တူရူဖြစ်သော အရပ်မျက်နှာကို မရမူ၍ အထောင့်ဖြစ်သော အရပ်မျက်နှာကိုရသော ဗဟုဗ္ဗိဟိသည် **ဒိသန္တရာဥတ္ထ**ဗဟုဗ္ဗိဟိ မည်၏။ ပြယုဂ်ကား "ဒက္ခိဏာသ စ ပုဗ္ဗာသ စ ယဒန္တရာဠံ ဒက္ခိဏာပုဗ္ဗံ" တည်း။ ဤသည် 'တောင်ဟူသော, အရှေ့ဟူသော တူရူဖြစ်သော အရပ်မျက်နှာကို မရမူ၍ အရှေ့တောင်ထောင့်ဟူသော အထောင့်ဖြစ်သော အရပ်မျက်နှာကို ရသောကြောင့် ဒိသန္တရာဥတ္ထဗဟုဗ္ဗိဟိ မည်၏။

ဗျတိဟာရလက္ခဏဗဟုဗ္ဗိဟိ

၆။ သမာသ်ပုဒ်အချင်းချင်း ဆန့်ကျင်သောအနက်ကို ဟောသောဗဟုဗ္ဗိဟိသည် **ဗျတိဟာရလက္ခဏ** ဗဟုဗ္ဗိဟိ မည်၏။ ပြယုဂ်ကား "ကေသေသု စ ကေသေသု စ ဂဟေတ္တာ ဣဒံ ယုဒ္ဓံ ပဝတ္တတိတိ ကေသာကေသိ"တည်း။ ဤသည် တစ်ခုသော ကေသသဒ္ဒါသည် ဤမှာဘက် စစ်သည်၏ ဆံဟူသော အနက်ကို, တစ်ခုသော ကေသသဒ္ဒါသည် ထိုမှာဘက် စစ်သည်၏ ဆံဟူသော အနက်ကို ဟောသည်ဖြစ်၍ သမာသ်ပုဒ် အချင်းချင်း ဆန့်ကျင်သော အနက်ရှိသောကြောင့် ဗျတိဟာရလက္ခဏဗဟုဗ္ဗိဟိ မည်၏။

ဥပမာပုဗ္ဗပဒဗဟုဗ္ဗိဟိ

၇။ ဥပမာပုဒ် ရှေးရှိသော ဗဟုဗ္ဗိဟိသည် **ဥပမာပုဗ္ဗပဒ**ဗဟုဗ္ဗိဟိ မည်၏။ ပြယုဂ်ကား "စက္ခုဘူတော ဣဝ ဘူတော ယော ဘဂဝါ သောယံ စက္ခုဘူတော" တည်း။ ဤသည် 'စက္ခုဘူတော' ဟူသော ဥပမာပုဒ် ရှေးရှိသောကြောင့် ဥပမာ ပုဗ္ဗပဒဗဟုဗ္ဗိဟိ မည်၏။

ကုနိပါတပုဗ္ဗပဒဗဟုဗ္ဗိဟိ

၈။ 'ကု' နိပါတ်ပုဒ် ရှေးရှိသော ဗဟုဗ္ဗိဟိသည် **ကုနိပါတပုဗ္ဗပဒ**ဗဟုဗ္ဗိဟိ မည်၏။ ပြယုဂ်ကား "ကုစ္ဆိတာ ဒါရာ ယေသန္တေတိ ကုဒါရာ"တည်း။ ဤသည် 'ကုနိပါတ်ပုဒ် ရှေးရှိသောကြောင့် ကုနိပါတပုဗ္ဗပဒဗဟုဗ္ဗိဟိ မည်၏။

http://www.dhammadownload.com

နနိုပါတပုဗ္ဗပဒဗဟုဗ္ဗီဟိ

၉။ 'န' နိပါတ်ပုဒ် ရှေးရှိသော ဗဟုဗ္ဗီဟိသည် **နနိုပါတပုဗ္ဗပဒဗဟုဗ္ဗီဟိ** မည်၏။ ပြယုဂ်ကား "နာသ အန္တော အနန္တံ" တည်း။ ဤသည် န-နိပါတ်ပုဒ် ရှေးရှိသောကြောင့် နနိုပါတပုဗ္ဗပဒဗဟုဗ္ဗီဟိ မည်၏။

သဟပုဗ္ဗပဒဗဟုဗ္ဗီဟိ

၁၀။ သဟသဒ္ဒါ ရှေးရှိသော ဗဟုဗ္ဗီဟိသည် **သဟပုဗ္ဗပဒဗဟုဗ္ဗီဟိ** မည်၏။ ပြယုဂ်ကား "ဝိတက္ကေန သဟ ယော ဝတ္တန္တိတိ သဝိတက္ကာ"တည်း။ ဤသည် သဟသဒ္ဒါ ရှေးရှိသောကြောင့် သဟပုဗ္ဗပဒဗဟုဗ္ဗီဟိ မည်၏။

ဒွန် ၄-ပါး

ဒွန်သည်လည်း သမုစ္စယဒွန်, အန္ဝာစယဒွန်, သမာဟာရဒွန်, ဣတရိတရယောဂဒွန် အားဖြင့် လေးပါးအပြား ရှိ၏။ ထိုတွင်–

သမုစ္စယဒွန်

၁။ ကြိယာတစ်ခုတည်း၌ ကာရကအများကို ဆည်းသောဒွန်သည် **သမုစ္စယဒွန်** မည်၏။ ပြယုဂ်ကား "သတ္ထာ စ သာရိပုတ္တော စ ဓမ္မံ ဒေသေတိ"တည်း။ ဤ 'သတ္ထာ စ သာရိပုတ္တော စ' ဟူသောဒွန်သည် 'ဒေသေတိ'ဟူသော ကြိယာတစ်ခုတည်း၌ သတ္ထာဟူသော သာရိပုတ္တောဟူသော ကာရကအများကို ဆည်းသောကြောင့် သမုစ္စယဒွန် မည်၏။

အန္ဝာစယဒွန်

၂။ ကြိယာကာရက အသီးသီး ဆည်းသောဒွန်သည် **အန္ဝာစယဒွန်** မည်၏။ ပြယုဂ်ကား "ဒါနဉ္စ ဒေတိ သီလဉ္စ ရက္ခတိ"တည်း။ ဤ'ဒါနဉ္စ'ဟူသော ဒွန်သည် 'ဒေတိ'ဟူသော ကြိယာ၌ 'သီလံ'ဟူသော ကာရကကို သီလဉ္စဟူသောဒွန်သည် 'ရက္ခတိ' ဟူသော ကြိယာ၌ 'ဒါနံ' ဟူသော ကာရကကို ဆည်းသည်ဖြစ်၍ ကြိယာကာရက အသီးသီးဆည်းသောကြောင့် အန္ဝာစယဒွန် မည်၏။

http://www.dhammadownload.com

သမာဟာရဒွန်

၃။ နပုံးဧကတ် ငဲ့သည်ဖြစ်၍ ဧကဝုစ်ဝိဘတ် အဆုံးရှိသော ဒွန်သည် **သမာဟာရဒွန်** မည်၏။ ပြယုဂ်ကား "စက္ခု စ သောတဉ္စ စက္ခုသောတံ"တည်း။ ဤသည် နပုံးဧကတ် ငဲ့သည်ဖြစ်၍ ဧကဝုစ်ဝိဘတ် အဆုံးရှိသောကြောင့် သမာဟာရဒွန် မည်၏။

ဣတရီတရယောဂဒွန်

၃။ နပုံးဧကတ် မငဲ့မူ၍ ဗဟုဝုစ်ဝိဘတ် အဆုံးရှိသောဒွန်သည် **ဣတရီတရယောဂဒွန်** မည်၏။ ပြယုဂ်ကား "သမဏော စ ဗြာဟ္မဏော စ သမဏဗြာဟ္မဏာ"တည်း။ ဤသည် နပုံးဧကတ် မငဲ့မူ၍ ဗဟုဝုစ်ဝိဘတ် အဆုံးရှိသောကြောင့် ဣတရီတရယောဂဒွန် မည်၏။

ဒွန် ၄-ပါးနှင့် သမာသ်

ထိုလေးပါးတို့တွင် သမုစ္စယဒွန်, အန္ဝာစယဒွန် နှစ်ပါးသည် ကြိယာကို ငဲ့သည်ဖြစ်၍ စပ်အပ်သောအနက် မရှိသောကြောင့် သမာသ် မဖြစ်ကုန်။ သမာဟာရဒွန်, ဣတရီတရယောဂဒွန်တို့သည်ကား ကြိယာကို မငဲ့သည်ဖြစ်၍ စပ်အပ်သော အနက်ရှိသောကြောင့် သမာသ် ဖြစ်ကုန်၏။

စယာသိတ, အဂီသိတ သဒ်္ဒာ ၂-ပါး

ထိုဝါကျ၌ သဒ်္ဒာတို့သည် စယာသိတသဒ်္ဒာ, အဂီသိတသဒ်္ဒာအားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုတွင်–

စယာသိတသဒ်္ဒာ

၁။ အပေါင်းကို ငဲ့သည်ဖြစ်၍ ဧကဝုစ်ဝိဘတ် အဆုံးရှိသော သဒ်္ဒာသည် **စယာသိတသဒ်္ဒာ** မည်၏။ ပြယုဂ်ကား "သတ္ထာ စ သာရိပုတ္တော စ ဓမ္မံ ဒေသေတိ"တည်း။ ဤ၌ 'ဒေသေတိ' ဟူသော သဒ်္ဒာသည် 'သတ္ထာ' ဟူသော 'သာရိပုတ္တော' ဟူသော အပေါင်းကို ငဲ့သည်ဖြစ်၍ ဧကဝုစ်ဝိဘတ် အဆုံးရှိသောကြောင့် စယာသိတသဒ်္ဒာ မည်၏။

http://www.dhammadownload.com

အဂ်ီသိတသန်ဘ

၂။ အစိတ်ကို ငဲ့သည်ဖြစ်၍ ဗဟုဝုစ်ဝိဘတ် အဆုံးရှိသော သန်ဘသည် **အဂ်ီသိတသန်ဘ** မည်၏။ ပြယုဂ်ကား "သတ္ထာ စ သာရိပုတ္တော စ ဓမ္မံ ဒေသေန္တိ" တည်း။ ဤ၌ 'ဒေသေန္တိ' ဟူသော သန်ဘသည် 'သတ္ထာ' ဟူသော 'သာရိပုတ္တော' ဟူသော အစိတ်ကို ငဲ့သည်ဖြစ်၍ ဗဟုဝုစ်ဝိဘတ် အဆုံးရှိသော ကြောင့် အဂ်ီသိတသန်ဘ မည်၏။

သမာသ်ဝါစက ၉-ပါး

တစ်နည်းကား သမုစ္စယတ္ထဝါစကသမာသ်, တုလျတ္ထဝါစကသမာသ်, ကတ္တုတ္ထဝါစကသမာသ်, ကမ္မတ္ထဝါစကသမာသ်, ကရဏတ္ထဝါစက, သမ္ပဒါနတ္ထဝါစက, အပါဒါနတ္ထဝါစက, သဗ္ဗန္ဓတ္ထဝါစက, အဓိကရဏတ္ထဝါစက သမာသ် အားဖြင့် ကိုးပါးအပြားရှိ၏။ ထိုတွင်–

သမုစ္စယတ္ထဝါစက

၁။ ဒွန်သမာသ်သည် သမုစ္စေတဗ္ဗအနက်ကို ဟောသောကြောင့် **သမုစ္စယတ္ထဝါစက**သမာသ် မည်၏။

တုလျတ္ထဝါစက

၂။ ကမ္မဓာရည်း, ဒိဂုသမာသ်တို့သည် တူသောအနက် ရှိသည်၏အဖြစ် တည်းဟူသော တုလျအနက်ကို ဟောသောကြောင့် **တုလျတ္ထဝါစက** သမာသ် မည်၏။

ကတ္တုတ္ထဝါစက

၃။ ပထမာအဗျယီဘော, ဗဟုဗ္ဗီဟိသမာသ်တို့သည်၄င်း, ကတ္တားအနက်ကို ဟောသော တတိယာ အဗျယီဘော, တပ္ပုရိသ်, ဗဟုဗ္ဗီဟိ သမာသ်တို့သည်၄င်း ကတ္တားအနက်ကို ဟောသောကြောင့် **ကတ္တုတ္ထဝါစက**သမာသ် မည်ကုန်၏။

http://www.dhammadownload.com

ကမ္မတ္ထဝါစက

၄။ ဒုတိယာအဗျယီဘော, တပ္ပုရိသ်, ဗဟုဗ္ဗီဟိသမာသ်တို့သည် ကံအနက်ကို ဟောသောကြောင့် **ကမ္မတ္ထဝါစက**သမာသ် မည်ကုန်၏။

ကရဏတ္ထဝါစက

၅။ ကရိဏ်းအနက်ကို ဟောသော တတိယာ အဗျယီဘော, တပ္ပုရိသ်, ဗဟုဗ္ဗီဟိ သမာသ်တို့သည် ကရိဏ်းအနက်ကို ဟောသောကြောင့် **ကရဏတ္ထဝါစက**သမာသ် မည်ကုန်၏။

သမ္ပဒါနတ္ထဝါစက

၉။ စတုတ္ထီအဗျယီဘော, တပ္ပုရိသ်, ဗဟုဗ္ဗီဟိ သမာသ်တို့သည် သမ္ပဒါန်အနက်ကို ဟောသောကြောင့် **သမ္ပဒါနတ္ထဝါစက**သမာသ် မည်ကုန်၏။

အပါဒါနတ္ထဝါစက

၇။ ပဉ္စမီအဗျယီဘော, တပ္ပုရိသ်, ဗဟုဗ္ဗီဟိ သမာသ်တို့သည် အပါဒါန်အနက်ကို ဟောသောကြောင့် **အပါဒါနတ္ထဝါစက**သမာသ် မည်ကုန်၏။

သမ္ဗန္ဓတ္ထဝါစက

၈။ ဆဋ္ဌီအဗျယီဘော, တပ္ပုရိသ်, ဗဟုဗ္ဗီဟိသမာသ်တို့သည် သမ္ဗန်အနက်ကို ဟောသောကြောင့် **သမ္ဗန္ဓတ္ထဝါစက**သမာသ် မည်ကုန်၏။

အဓိကရဏတ္ထဝါစက

၉။ သတ္တမီအဗျယီဘော, တပ္ပုရိသ်, ဗဟုဗ္ဗီဟိသမာသ်တို့သည် အဓိကရဏအနက်ကို ဟောသောကြောင့် **အဓိကရဏတ္ထဝါစက**သမာသ် မည်ကုန်၏။

အသမာသ်၏လက္ခဏာ

"နာမာနံ သမာသော ယုတ္တတ္ထော" ဟူသောသုတ်၌ စပ်အပ်သော အနက်ရှိသော ယုတ္တတ္ထသဒ္ဒါကို ဆိုခြင်းကြောင့် သမာသ်ပုဒ်မှ တစ်ပါးသောပုဒ်ကို

http://www.dhammadownload.com

ငဲ့သည်၏အဖြစ်, သမာသ်ပုဒ် အချင်းချင်း အလျှင်းမငဲ့သည်၏ အဖြစ်တို့၌ စပ်အပ်သော အနက်မရှိသောကြောင့် သမာသ် မဖြစ်။ ပြယုဂ်ကား "ဒေဝဒတ္တဿ ကဏ္ဏာ ဒန္တာ၊ ဘဒ္ဒော ရညော ပုတ္တော ဒေဝဒတ္တဿ"တည်း။

ဤပြယုဂ်တို့တွင် 'ဒေဝဒတ္တဿ ကဏ္ဏာ ဒန္တာ'ဟူသောပြယုဂ်၌ 'ဒန္တာ'သဒ္ဒါသည် 'ကဏ္ဏာ'ဟူသောသမာသ်ပုဒ်မှ တစ်ပါးသော ဒေဝဒတ္တဿသဒ္ဒါကိုငဲ့သည်ဖြစ်၍ စပ်အပ်သောအနက် မရှိသောကြောင့် 'ကဏ္ဏဒန္တာ'ဟု သမာသ် မဖြစ်။

'ဘဒ္ဒော ရညော ပုတ္တော ဒေဝဒတ္တဿ' ဟူသော ပြယုဂ်၌ 'ရညော'သည် 'ဘဒ္ဒော'ကို 'ပုတ္တော'သည် 'ဒေဝဒတ္တဿ'ကို ငဲ့သည်ဖြစ်၍ 'ရညော'နှင့် 'ပုတ္တော'သည် အချင်းချင်း အလျှင်းမငဲ့သောကြောင့် 'ရာဇပုတ္တော'ဟု သမာသ် မဖြစ်။

ဂမကသမာသ်

"သာပေက္ခတ္တေ သတိပိ ဂမကတ္တာ သမာသော" ဟူသော ပရိဘာသာနှင့် အညီ သမာသ်ပုဒ်မှ တစ်ပါးသောပုဒ်ကို ငဲ့ငြားသော်လည်း သမာသ်ပြီးပြီးသော် ဝါကျ၌ကဲ့သို့ အနက်ကို သိစေတတ်သည်၏ အဖြစ်ကြောင့် သမာသ် ဖြစ်၏။ ပြယုဂ်ကား "ဒေဝဒတ္တဿ ဂရုကုလံ" တည်း။ ဤ၌ 'ဂရု' သဒ္ဒါသည် 'ကုလံ' ဟူသော သမာသ်ပုဒ်မှ တစ်ပါးသော 'ဒေဝဒတ္တဿ' သဒ္ဒါကို ငဲ့ငြားသော်လည်း 'ဂရုကုလံ' ဟု သမာသ်ပြီးပြီးသော် 'ဂရုနော ကုလံ' ဟူသော ဝါကျ၌ကဲ့သို့ 'ဒေဝဒတ္တဿ'သဒ္ဒါကို 'ဂရု'၌သာ စပ်ရခြင်းအကျိုးရှိသော အဖြစ်တည်းဟူသော အနက်ကို သိစေတတ်သည်၏ အဖြစ်ကြောင့် 'ဂရုကုလံ' ဟု သမာသ် ဖြစ်၏ ဟူလိုသော်။

သမာသ်ပုဒ်စစ်ပြီး၏။ ။

http://www.dhammadownload.com

၅-တဒ္ဓိတ်ပုဒ်စစ်

တဒ္ဓိတ်

"တေသံ သိဿသမူဟာနံ ဟိတံ တဒ္ဓိတံ" ဟူသော ဝစနတ္ထနှင့် အညီ တပည့်သားအပေါင်းတို့၏ အကျိုးစီးပွားဖြစ်သောပုဒ်နှင့် ပစ္စည်းချဉ်း၍ တဒ္ဓိတ် ပြီးလတ်သော် ဝါကျအနက်အတွင်း ငုပ်, မငုပ်သော နာမ်သည် **တဒ္ဓိတ်နာမ်** မည်၏။

တဒ္ဓိတ် ၃-ပါး

ထိုတဒ္ဓိတ်နာမ်သည်လည်း "တေသံ သိဿသမူဟာနံ ဟိတံ တဒ္ဓိတံ" ဟူသည်နှင့်အညီ ဝါကျအနက်အတွင်း ငုပ်, မငုပ်သော သာမညလက္ခဏာအားဖြင့် တစ်ပါးသာ၊ ဝိသေသလက္ခဏာ အားဖြင့်သော်ကား သာမညတဒ္ဓိတ်, အဗျယတဒ္ဓိတ်, ဘာဝတဒ္ဓိတ်အားဖြင့် သုံးပါးအပြားရှိ၏။ ထိုတွင်–

သာမညတဒ္ဓိတ်

၁။ လိင်သုံးပါးတို့နှင့် ဆက်ဆံသောတဒ္ဓိတ်သည် **သာမညတဒ္ဓိတ်** မည်၏။ ပြယုဂ်ကား "ဝသိဌဿ အပစ္စံ ဝါသိဋ္ဌော၊ ဝါသိဋ္ဌီ၊ ဝါသိဋ္ဌံ"တည်း။ ဤ 'ဝါသိဋ္ဌ' ဟူသော တဒ္ဓိတ်သည် ဣတ္ထိလိင်, ပုလ္လိင်, နပုံလိင်တည်းဟူသော လိင်သုံးပါးတို့နှင့် ဆက်ဆံသောကြောင့် သာမညတဒ္ဓိတ် မည်၏။

အဗျယတဒ္ဓိတ်

၂။ လိင်သုံးပါး, ဝိဘတ်ခုနစ်သွယ်တို့ဖြင့် မပျက်ကောင်းသော တဒ္ဓိတ်သည် **အဗျယတဒ္ဓိတ်** မည်၏။ ပြယုဂ်ကား "သော ပကာရော တထာ၊ တံ ပကာရံ တထာ၊ တေန ပကာရေန တထာ၊ တဿ ပကာရဿ တထာ၊ တသ္မာ ပကာရာ တထာ၊ တဿ ပကာရဿ တထာ၊ တသ္မိံ ပကာရေ တထာ"တည်း။ ဤ 'တထာ' ဟူသော တဒ္ဓိတ်သည် လိင်သုံးပါး, ဝိဘတ်ခုနစ်သွယ်တို့ဖြင့် မပျက်ကောင်းသောကြောင့် အဗျယတဒ္ဓိတ် မည်၏။

http://www.dhammadownload.com

ဘာဝတဒ္ဓိတ်

၃။ 'ဘဝန္တိ ဗုဒ္ဓိသဒ္ဒါ ဧတသ္မာတိ ဘာဝေါ" ဟူသော ဝစနတ္ထနှင့်အညီ သဒ္ဒ ပဝတ္တာနိမိတ်ကို ဟောသော ဘာဝသဒ္ဒါကျေသော တဒ္ဓိတ်သည် **ဘာဝတဒ္ဓိတ်** မည်၏။ ပြယုဂ်ကား "ဂေါဿ ဘာဝေါ ဂေါတ္တံ" တည်း။ ဤ 'ဂေါတ္တံ' ဟူသော တဒ္ဓိတ်သည် သဒ္ဒပဝတ္တာနိမိတ်ကို ဟောသော ဘာဝသဒ္ဒါ ကျေသောကြောင့် ဘာဝတဒ္ဓိတ် မည်၏။

သာမညတဒ္ဓိတ် ၁၅-ပါး

ထိုသုံးပါးတို့တွင် သာမညတဒ္ဓိတ်သည်လည်း အပစ္စတဒ္ဓိတ်, တရတျာဒိ တဒ္ဓိတ်, ရာဂါဒိတဒ္ဓိတ်, ဇာတာဒိတဒ္ဓိတ်, သမူဟတဒ္ဓိတ်, ဌာနတဒ္ဓိတ်, ဥပမာ တဒ္ဓိတ်, နိဿိတတဒ္ဓိတ်, ဗဟုလတဒ္ဓိတ်, ဝိသေသတဒ္ဓိတ်, အဿတ္ထိတဒ္ဓိတ်, ပကတိတဒ္ဓိတ်, ပူရဏာတဒ္ဓိတ်, သင်္ခါတဒ္ဓိတ်, ဝိဘာဂတဒ္ဓိတ်အားဖြင့် တစ်ဆယ့် ငါးပါးအပြားရှိ၏။ ထိုတွင်–

အပစ္စတဒ္ဓိတ်

၁။ ဝါကျအခိုက်၌ အပစ္စသဒ္ဒါကျေသော တဒ္ဓိတ်သည် **အပစ္စတဒ္ဓိတ်** မည်၏။ ပြယုဂ်ကား "ဝသိဋ္ဌဿ အပစ္စံ ဝါသိဋ္ဌော"တည်း။ ဤသည် ဝါကျအခိုက်၌ အပစ္စ သဒ္ဒါကျေသောကြောင့် အပစ္စတဒ္ဓိတ် မည်၏။

တရတျာဒိတဒ္ဓိတ်

၂။ ဝါကျအခိုက်၌ တရတိအစရှိသော သဒ္ဒါကျေသော တဒ္ဓိတ်သည် **တရတျာဒိတဒ္ဓိတ်** မည်၏။ ပြယုဂ်ကား "နာဝါယ တရတီတိ နာဝိကော"တည်း။ ဤသည် ဝါကျအခိုက်၌ တရတိသဒ္ဒါ ကျေသောကြောင့် တရတျာဒိတဒ္ဓိတ် မည်၏။

ရာဂါဒိတဒ္ဓိတ်

၃။ ဝါကျအခိုက်၌ ရတ္တ အစရှိသော သဒ္ဒါကျေသော တဒ္ဓိတ်သည် **ရာဂါဒိ**

http://www.dhammadownload.com

တဒ္ဓိတ် မည်၏။ ပြယုဂ်ကား "ကသာဝေန ရတ္တံ ဝတ္ထံ ကာသာဝံ"တည်း။ ဤသည် ဝါကျအခိုက်၌ ရတ္တသဒ္ဒါ ကျသောကြောင့် ရာဂါဒိတဒ္ဓိတ် မည်၏။

ဇာတာဒိတဒ္ဓိတ်

၄။ ဝါကျအခိုက်၌ ဇာတ အစရှိသော သဒ္ဒါကျသော တဒ္ဓိတ်သည် **ဇာတာဒိတဒ္ဓိတ်** မည်၏။ ပြယုဂ်ကား "ပစ္ဆာ ဇာတာ ပစ္ဆိမော"တည်း။ ဤသည် ဝါကျအခိုက်၌ ဇာတသဒ္ဒါ ကျသောကြောင့် ဇာတာဒိတဒ္ဓိတ် မည်၏။

သမ္ဗဟတဒ္ဓိတ်

၅။ ဝါကျအခိုက်၌ သမ္ဗဟသဒ္ဒါကျသော တဒ္ဓိတ်သည် **သမ္ဗဟတဒ္ဓိတ်** မည်၏။ ပြယုဂ်ကား "မနုဿာနံ သမ္ဗဟော မာနုဿကော" တည်း။ ဤသည် ဝါကျအခိုက်၌ သမ္ဗဟသဒ္ဒါ ကျသောကြောင့် သမ္ဗဟတဒ္ဓိတ် မည်၏။

ဌာနတဒ္ဓိတ်

၆။ ဝါကျအခိုက်၌ ဌာနသဒ္ဒါကျသောတဒ္ဓိတ်သည် **ဌာနတဒ္ဓိတ်** မည်၏။ ပြယုဂ်ကား "မဒနဿ ဌာနံ မဒနိယံ"တည်း။ ဤသည် ဝါကျအခိုက်၌ ဌာနသဒ္ဒါ ကျသောကြောင့် ဌာနတဒ္ဓိတ် မည်၏။

ဥပမာတဒ္ဓိတ်

၇။ ဝါကျအခိုက်၌ ဥပမာအနက်ကို ဟောသော ကွဝသဒ္ဒါ ကျသော တဒ္ဓိတ်သည် **ဥပမာတဒ္ဓိတ်** မည်၏။ ပြယုဂ်ကား "ဓူမော ဝိယ ဒိဿတိ အဒုံ ဝနံ တဒိဒံ ဓူမာယိတတ္တံ" တည်း။ ဤသည် ဝါကျအခိုက်၌ ဥပမာအနက်ကို ဟောသော ကွဝသဒ္ဒါ ကျသောကြောင့် ဥပမာတဒ္ဓိတ် မည်၏။

နိဿိတတဒ္ဓိတ်

၈။ ဝါကျအခိုက်၌ နိဿိတသဒ္ဒါကျသော တဒ္ဓိတ်သည် **နိဿိတတဒ္ဓိတ်** မည်၏။ ပြယုဂ်ကား "ဒုဋ္ဌု နိဿိတံ ဒုဋ္ဌုလ္လံ" တည်း။ ဤသည် ဝါကျအခိုက်၌ နိဿိတသဒ္ဒါ ကျသောကြောင့် နိဿိတတဒ္ဓိတ် မည်၏။

http://www.dhammadownload.com

ဗဟုလတဒ္ဓိတ်

၉။ ဝါကျအခိုက်၌ ဗဟုလသဒ္ဒါကျေသော တဒ္ဓိတ်သည် **ဗဟုလတဒ္ဓိတ်** မည်၏။ ပြယုဂ်ကား "အဘိဇ္ဈာ အဿ ဗဟုလာ အဘိဇ္ဈာလု"တည်း။ ဤသည် ဝါကျအခိုက်၌ ဗဟုလသဒ္ဒါ ကျေသောကြောင့် ဗဟုလတဒ္ဓိတ် မည်၏။

ဝိသေသတဒ္ဓိတ်

၁၀။ ဝါကျအခိုက်၌ ဝိသေသ သဒ္ဒါကျေသော တဒ္ဓိတ်သည် **ဝိသေသတဒ္ဓိတ်** မည်၏။ ပြယုဂ်ကား "ပါပါနံ ဝိသေသေန ပါပေါတိ ပါပတရော"တည်း။ ဤသည် ဝါကျအခိုက်၌ ဝိသေသသဒ္ဒါ ကျေသောကြောင့် ဝိသေသတဒ္ဓိတ် မည်၏။

အဿတ္ထိတဒ္ဓိတ်

၁၁။ ဝါကျအခိုက်၌ အဿတ္ထိသဒ္ဒါကျေသော တဒ္ဓိတ်သည် **အဿတ္ထိတဒ္ဓိတ်** မည်၏။ ပြယုဂ်ကား "ဂုဏော အဿ အတ္ထိ, တသ္မိံ ဝါ ဝိဇ္ဇတီတိ ဂုဏဝါ" တည်း။ ဤသည် ဝါကျအခိုက်၌ အဿတ္ထိသဒ္ဒါ ကျေသောကြောင့် အဿတ္ထိတဒ္ဓိတ် မည်၏။

ပကတိတဒ္ဓိတ်

၁၂။ ဝါကျအခိုက်၌ ပကတိသဒ္ဒါကျေသော တဒ္ဓိတ်သည် **ပကတိတဒ္ဓိတ်** မည်၏။ ပြယုဂ်ကား "သုဝဏ္ဏေန ပကတံ ကမ္မံ သောဝဏ္ဏမယံ" တည်း။ ဤသည် ဝါကျအခိုက်၌ ပကတိသဒ္ဒါ ကျေသောကြောင့် ပကတိတဒ္ဓိတ် မည်၏။

ပူရဏတဒ္ဓိတ်

၁၃။ ဝါကျအခိုက်၌ ပူရဏသဒ္ဒါကျေသော တဒ္ဓိတ်သည် **ပူရဏတဒ္ဓိတ်** မည်၏။ ပြယုဂ်ကား "ပဉ္စန္နံ ပူရဏော ပဉ္စမော"တည်း။ ဤသည် ဝါကျအခိုက်၌ ပူရဏသဒ္ဒါ ကျေသောကြောင့် ပူရဏတဒ္ဓိတ် မည်၏။

သခ်္ချာတဒ္ဓိတ်

၁၄။ သခ်္ချာအရာ၌ စိရင်အပ်သော တဒ္ဓိတ်သည် **သခ်္ချာတဒ္ဓိတ်** မည်၏။

http://www.dhammadownload.com

ပြယုဂ်ကား "စတု စ ဒသ စ စတုဒ္ဒသ"တည်း။ ဤသည် သခ်္ခါအရာ၌ စီရင်အပ်သောကြောင့် သခ်္ခါတဒ္ဓိတ် မည်၏။

ဝိဘာဂတဒ္ဓိတ်

၁၅။ ဝါကျအခိုက်၌ ဝိဘာဂသဒ္ဒါကျသော တဒ္ဓိတ်သည် **ဝိဘာဂတဒ္ဓိတ်** မည်၏။ ပြယုဂ်ကား "ဧကေန ဝိဘာဂေန ဧကဓာ" တည်း။ ဤသည် ဝါကျအခိုက်၌ ဝိဘာဂသဒ္ဒါ ကျသောကြောင့် ဝိဘာဂတဒ္ဓိတ် မည်၏။

(အမ္မာ၊ အဗျယတဒ္ဓိတ်၌ကား အပြားမရှိ)

ဘာဝတဒ္ဓိတ် ၅-ပါး

ဘာဝတဒ္ဓိတ်သည်လည်း ဒဗ္ဗဘာဝတဒ္ဓိတ်, ဂုဏဘာဝတဒ္ဓိတ်, ကြိယာဘာဝတဒ္ဓိတ်, ဇာတိဘာဝတဒ္ဓိတ်, နာမဘာဝတဒ္ဓိတ်အားဖြင့် ငါးပါးအပြားရှိ၏။ ထိုတွင်–

ဒဗ္ဗဘာဝတဒ္ဓိတ်

၁။ သဒ္ဒပဝတ္တနိမိတ်အနက် ဖြစ်သောဒြဗ်ကို ဟောသော ဘာဝသဒ္ဒါ ကျသော တဒ္ဓိတ်သည် **ဒဗ္ဗဘာဝတဒ္ဓိတ်** မည်၏။ ပြယုဂ်ကား "ဝိသာဏိဿ ဘာဝေါ ဝိသာဏိတ္တံ" တည်း။ ဤ 'ဝိသာဏိတ္တံ' ဟူသော ဘာဝတဒ္ဓိတ်သည် 'ဝိသာဏီသဒ္ဒါသည် ဦးချိုဒြဗ်ကို အကြောင်းပဝတ္တနိမိတ်ပြု၍ နွားဒြဗ်ကို ဟောသည်ဖြစ်၍ 'တ္တ'ပစ္စည်းသည်လည်း ထိုသဒ္ဒပဝတ္တနိမိတ် အနက်ဖြစ်သော ဦးချိုဒြဗ်ကို ဟောသောကြောင့် ဒဗ္ဗဘာဝတဒ္ဓိတ် မည်၏။

ဂုဏဘာဝတဒ္ဓိတ်

၂။ သဒ္ဒပဝတ္တနိမိတ် အနက်ဖြစ်သောဂုဏ်ကို ဟောသော ဘာဝသဒ္ဒါ ကျသော တဒ္ဓိတ်သည် **ဂုဏဘာဝတဒ္ဓိတ်** မည်၏။ ပြယုဂ်ကား "သုက္ကဿ ဘာဝေါ သုက္ကတ္တံ"တည်း။ ဤ 'သုက္ကတ္တံ' ဟူသော ဘာဝတဒ္ဓိတ်သည် 'သုက္ကသဒ္ဒါ'သည် ဖြူသောဂုဏ်ကို အကြောင်း ပဝတ္တနိမိတ်ပြု၍ နွားဒြဗ်ကို ဟောသည်ဖြစ်၍ 'တ္တ' ပစ္စည်းသည်လည်း ထိုသဒ္ဒပဝတ္တနိမိတ် အနက်ဖြစ်သော 'အဖြူ' ဟူသော

http://www.dhammadownload.com

ဂုဏ်ကို ဟောသောကြောင့် ဂုဏဘာဝတဒ္ဓိတ် မည်၏။

ကြိယာဘာဝတဒ္ဓိတ်

၃။ သဒ္ဒပဝတ္တနိမိတ် အနက်ဖြစ်သော ကြိယာကို ဟောသော ဘာဝသဒ္ဒါ ကျေသော တဒ္ဓိတ်သည် **ကြိယာဘာဝတဒ္ဓိတ်** မည်၏။ ပြယုဂ်ကား "ဂန္ဆ္ဆသ ဘာဝေါ ဂန္ဆ္ဆတ္တံ" တည်း။ ဤ 'ဂန္ဆ္ဆတ္တံ' ဟူသော ဘာဝတဒ္ဓိတ်သည် 'ဂန္ဆ္ဆသဒ္ဒါ' သည် သွားခြင်းကြိယာကို အကြောင်း ပဝတ္တနိမိတ်ပြု၍ နွားဒြဗ်ကို ဟောသည်ဖြစ်၍ 'တ္တ' ပစ္စည်းသည်လည်း ထိုသဒ္ဒပဝတ္တနိမိတ် အနက်ဖြစ်သော သွားခြင်း ကြိယာကို ဟောသောကြောင့် ကြိယာဘာဝတဒ္ဓိတ် မည်၏။

နာမဘာဝတဒ္ဓိတ်

၄။ သဒ္ဒပဝတ္တနိမိတ် အနက်ဖြစ်သော အမည်နာမ ပညတ်ကို ဟောသော ဘာဝသဒ္ဒါကျေသော တဒ္ဓိတ်သည် **နာမဘာဝတဒ္ဓိတ်** မည်၏။ ပြယုဂ်ကား "စိတ္တဿ ဘာဝေါ စိတ္တတ္တံ"တည်း။ ဤ 'စိတ္တတ္တံ' ဟူသော ဘာဝတဒ္ဓိတ်သည် 'စိတ္တသဒ္ဒါသည် စိတ္တဟူသော အမည်နာမ ပညတ်ကို အကြောင်း ပဝတ္တနိမိတ် ပြု၍ နွားဒြဗ်ကို ဟောသည်ဖြစ်၍ 'တ္တ' ပစ္စည်းသည်လည်း ထိုသဒ္ဒပဝတ္တနိမိတ် အနက်ဖြစ်သော စိတ္တဟူသော အမည်နာမ ပညတ်ကို ဟောသောကြောင့် နာမ ဘာဝတဒ္ဓိတ် မည်၏။

ဇာတိဘာဝတဒ္ဓိတ်

၅။ သဒ္ဒပဝတ္တနိမိတ် အနက်ဖြစ်သောဇာတ်ကို ဟောသော ဘာဝသဒ္ဒါကျေသောတဒ္ဓိတ်သည် **ဇာတိဘာဝတဒ္ဓိတ်** မည်၏။ ပြယုဂ်ကား "ဂေါဿ ဘာဝေါ ဂေါတ္တံ"တည်း။ ဤ 'ဂေါတ္တံ'ဟူသော ဘာဝတဒ္ဓိတ်သည် 'ဂေါ'သဒ္ဒါသည် နွားတို့၏ တစ်ခုသည်တစ်ခုနှင့်တူသော အခြင်းအရာဟုဆိုအပ်သောဇာတ်ကို အကြောင်း ပဝတ္တနိမိတ်ပြု၍ နွားဒြဗ်ကို ဟောသည်ဖြစ်၍ 'တ္တ' ပစ္စည်းသည်လည်း ထိုသဒ္ဒ ပဝတ္တနိမိတ် အနက်ဖြစ်သော နွားတို့၏ တစ်ခုသည် တစ်ခုနှင့်တူသော အခြင်း အရာဟုဆိုအပ်သောဇာတ်ကို ဟောသောကြောင့် ဇာတိဘာဝတဒ္ဓိတ် မည်၏။

http://www.dhammadownload.com

တဒ္ဓိတ် ၅-ပါး

တစ်နည်းကား အပစ္စတဒ္ဓိတ်, အနေကတ္ထတဒ္ဓိတ်, သတ္ထတဒ္ဓိတ်, ဧကသေသတဒ္ဓိတ်, သန္နာတဒ္ဓိတ်အားဖြင့် ငါးပါးအပြားရှိ၏။ ထိုတွင်–

၁။ အပစ္စသဒ္ဒါကျေသော တဒ္ဓိတ်သည် **အပစ္စတဒ္ဓိတ်** မည်၏။ ပြယုဂ်ကား "ဝသိဌဿ အပစ္စံ ဝါသိဋ္ဌော" တည်း။ ဤ 'ဝါသိဋ္ဌော' ဟူသော တဒ္ဓိတ်သည် ဝါကျအခိုက်၌ အပစ္စသဒ္ဒါ ကျေသောကြောင့် အပစ္စတဒ္ဓိတ် မည်၏။

၂။ တရုတိ အစရှိသော သဒ္ဒါကျေသော တဒ္ဓိတ်သည် **အနေကတ္ထတဒ္ဓိတ်** မည်၏။ ပြယုဂ်ကား "နာဝါယ တရုတီတိ နာဝိကော"တည်း။ ဤ 'နာဝိကော' ဟူသောတဒ္ဓိတ်သည် 'တရုတိ'အစရှိသော သဒ္ဒါကျေသောကြောင့် အနေကတ္ထတဒ္ဓိတ် မည်၏။

၃။ ပစ္စည်းအနက် မရှိသော တဒ္ဓိတ်သည် **သတ္ထတဒ္ဓိတ်** မည်၏။ ပြယုဂ်ကား "ဒေဝေါယေဝ ဒေဝတာ" တည်း။ ဤ 'ဒေဝတာ'ဟူသော တဒ္ဓိတ်သည် 'တာ' ပစ္စည်း အနက်မရှိသောကြောင့် သတ္ထတဒ္ဓိတ် မည်၏။

၄။ တစ်ခုကြွင်း ပြုခြင်းသည် **ဧကသေသတဒ္ဓိတ်** မည်၏။ ပြယုဂ်ကား "ပုရိသော စ ပုရိသော စ ပုရိသာ"တည်း။ ဤ 'ပုရိသာ' ဟူသော တဒ္ဓိတ်သည် ပုရိသသဒ္ဒါ တစ်ခုကြွင်း ပြုသောကြောင့် ဧကသေသတဒ္ဓိတ် မည်၏။

၅။ သန္နာအရာ၌ စီရင်အပ်သော တဒ္ဓိတ်သည် **သန္နာတဒ္ဓိတ်** မည်၏။ ပြယုဂ်ကား "စတု စ ဒသ စ စတုဒ္ဒသ"တည်း။ ဤ 'စတုဒ္ဒသ' ဟူသော တဒ္ဓိတ်သည် သန္နာအရာ၌ စီရင်အပ်သောကြောင့် သန္နာတဒ္ဓိတ် မည်၏။

ဧကသိသ် ဝိစ္ဆာ အာမေဍိတ်

နှစ်ကြိမ်ဆိုခြင်းအနက်၌ ဧကသေသ, ဝိစ္ဆာ, အာမေဍိတ်အားဖြင့် သုံးပါး အပြားရှိ၏။ ထိုတွင်–

ဧကသိသ်

၁။ တစ်ခုကြွင်း ပြုခြင်းသည် **ဧကသေသ** မည်၏။ ပြယုဂ်ကား "ပုရိသော

http://www.dhammadownload.com

စ ပုရိသော စ ပုရိသာ"တည်း။ ဤ 'ပုရိသာ'သဒ္ဒါသည် ပုရိသသဒ္ဒါ တစ်ခုကို ချေ၍ ပုရိသသဒ္ဒါတစ်ခု ကြွင်းပြုသောကြောင့် ဧကသေသ မည်၏။

ဝိစ္ဆာ

၂။ ပြားသောအနက်တို့ကို နှံ့စေခြင်းငှါ နှစ်ကြိမ်ဆိုခြင်းသည် **ဝိစ္ဆာ** မည်၏။ ပြယုဂ်ကား "ဂါမေ ဂါမေ ဇလံ အတ္ထိ"တည်း။ ဤ၌ 'ဂါမေ ဂါမေ'ဟူသော သဒ္ဒါသည် ပြားသောရွာဟူသောအနက်ကို နှံ့စေခြင်းငှါ နှစ်ကြိမ်ဆိုခြင်းကြောင့် ဝိစ္ဆာ မည်၏။

အာမေဍိတ်

၃။ တစ်ခုတည်းသောအနက်ကို ကြောက်ခြင်း အစရှိသည်ဖြင့် နှစ်ကြိမ်ဆိုခြင်းသည် **အာမေဍိတ်** မည်၏။ ပြယုဂ်ကား "သပ္ပေါ သပ္ပေါ"တည်း။ ဤ 'သပ္ပေါ သပ္ပေါ'ဟူသော သဒ္ဒါသည် တစ်ခုတည်းသော မြွေဟူသောအနက်ကို ကြောက်ခြင်း အစရှိသည်ဖြင့် နှစ်ကြိမ်ဆိုခြင်းကြောင့် အာမေဍိတ် မည်၏။

ဧကသိသ် ၂-ပါး

ထိုသုံးပါးတို့တွင် ဧကသေသသည်လည်း သရူပေကသေသ, ဝိရူပေကသေသ အားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုတွင်–

၁။ သုတိတူတစ်ခုကြွင်းပြုခြင်းသည် **သရူပေကသေသ** မည်၏။ ပြယုဂ်ကား "ပုရိသော စ ပုရိသော စ ပုရိသာ"တည်း။ ဤ'ပုရိသာ'ဟူသော ဧကသေသသည် သုတိတူ တစ်ခုကြွင်းပြုသောကြောင့် သရူပေကသေသ မည်၏။

၂။ သုတိမတူ တစ်ခုကြွင်းပြုခြင်းသည် **ဝိရူပေကသေသ** မည်၏။ ပြယုဂ်ကား "မာတာ စ ပိတာ စ မာတရော"တည်း။ ဤ 'မာတရော' ဟူသော ဧကသေသသည် သုတိမတူ တစ်ခုကြွင်းပြုခြင်းကြောင့် ဝိရူပေကသေသ မည်၏။

သရူပေကသိသ် ၂-ပါး

ထိုနှစ်ပါးတို့တွင် သရူပေကသေသသည်လည်း သဗ္ဗသရူပေကသေသ, ဧကဒေသသရူပေကသေသ အားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုတွင်–

http://www.dhammadownload.com

၁။ အလုံးစုံသုတိတူ တစ်ခုကြွင်းပြုခြင်းသည် **သဗ္ဗသရူပေကသေသ** မည်၏။ ပြယုဂ်ကား "ပုရိသော စ ပုရိသော စ ပုရိသာ"တည်း။ ဤ 'ပုရိသာ' ဟူသော သရူပေကသေသသည် အလုံးစုံ သုတိတူတစ်ခုကြွင်းပြုခြင်းကြောင့် သဗ္ဗသရူပေကသေသ မည်၏။

၂။ တစ်စိတ် သုတိတူတစ်ခုကြွင်းပြုခြင်းသည် **ဧကဒေသသရူပေကသေသ** မည်၏။ ပြယုဂ်ကား "နာမဋ္ဌ ရူပဋ္ဌ နာမရူပဋ္ဌ နာမရူပံ"တည်း။ ဤ 'နာမရူပံ' ဟူသော သရူပေကသေသသည် တစ်စိတ်သုတိတူ တစ်ခုကြွင်းပြုခြင်းကြောင့် ဧကဒေသသရူပေကသေသ မည်၏။

သရူပေကသိသ် ၃-ပါး

တစ်နည်းကား သဒ္ဒသရူပေကသေသ, အတ္ထသရူပေကသေသ, သဒ္ဒတ္ထ သရူပေကသေသ အားဖြင့် သုံးပါးအပြားရှိ၏။ ထိုတွင်–

၁။ သဒ္ဒါတူတစ်ခုကြွင်းပြုခြင်းသည် **သဒ္ဒသရူပေကသေသ** မည်၏။ ပြယုဂ်ကား "မာသော စ မာသော စ မာသာ"တည်း။ မာသော စ၊ လ-လည်း။ မာသော စ၊ ဝဲကြီးလည်း။ မာသာ၊ လ-ဝဲကြီးတို့။ ဤ 'မာသာ'ဟူသော သရူပေကသေသသည် သဒ္ဒါတူတစ်ခုကြွင်း ပြုခြင်းကြောင့် သဒ္ဒသရူပေကသေသ မည်၏။

၂။ အနက်တူတစ်ခုကြွင်းပြုခြင်းသည် **အတ္ထသရူပေကသေသ** မည်၏။ ပြယုဂ်ကား "ဝက်ော စ ကုဋ္ဌိလော စ ကုဋ္ဌိလာ"တည်း။ ဝက်ော စ၊ လ-ရေးကောက်လည်း။ ကုဋ္ဌိလော စ၊ ထွန်ကိုင်းကောက်လည်း။ ကုဋ္ဌိလာ၊ လ-ရေးကောက် ထွန်ကိုင်းကောက်တို့။ ဤ 'ကုဋ္ဌိလာ'ဟူသော သရူပေကသေသသည် အနက်တူ တစ်ခုကြွင်းပြုခြင်းကြောင့် အတ္ထသရူပေကသေသ မည်၏။

၃။ သဒ္ဒါအနက်တူ တစ်ခုကြွင်း ပြုခြင်းသည် **သဒ္ဒတ္ထသရူပေကသေသ** မည်၏။ ပြယုဂ်ကား "ပုရိသော စ ပုရိသော စ ပုရိသာ"တည်း။ ပုရိသော စ၊ ယောကျ်ားလည်း။ ပုရိသော စ၊ ယောကျ်ားလည်း။ ပုရိသာ၊ ယောကျ်ားတို့။ ဤ 'ပုရိသာ' ဟူသော သရူပေကသေသသည် သဒ္ဒါအနက်တူ တစ်ခုကြွင်းပြုခြင်းကြောင့် သဒ္ဒတ္ထသရူပေကသေသ မည်၏။

http://www.dhammadownload.com

ဝိရူပေကသိသ် ၂-ပါး

ဝိရူပေကသေသသည်လည်း ပုဗ္ဗဝိရူပေကသေသ, ပရဝိရူပေကသေသ အားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုတွင်–

၁။ ရှေ့ပုဒ်၌ သုတိမတူ တစ်ခုကြွင်းပြုခြင်းသည် **ပုဗ္ဗဝိရူပေကသေသ** မည်၏။ ပြယုဂ်ကား "မာတာ စ ပိတာ စ မာတရော" တည်း။ ဤ 'မာတရော' ဟူသော ဝိရူပေကသေသသည် ရှေ့ပုဒ်၌ သုတိမတူ တစ်ခုကြွင်းပြုခြင်းကြောင့် ပုဗ္ဗဝိရူပေကသေသ မည်၏။

၂။ နောက်ပုဒ်၌ သုတိမတူ တစ်ခုကြွင်းပြုခြင်းသည် **ပရဝိရူပေကသေသ** မည်၏။ ပြယုဂ်ကား "မာတာ စ ပိတာ စ ပိတရော" တည်း။ ဤ 'ပိတရော'ဟူသော ဝိရူပေကသေသသည် နောက်ပုဒ်၌ သုတိမတူ တစ်ခုကြွင်းပြုခြင်းကြောင့် ပရဝိရူပေကသေသ မည်၏။

ဝိစ္ဆာ ၃-ပါး

ဝိစ္ဆာသည်လည်း ဒဗ္ဗဝိစ္ဆာ, ဂုဏဝိစ္ဆာ, ကြိယာဝိစ္ဆာအားဖြင့် သုံးပါးအပြားရှိ၏။

၁။ ထိုတွင် ဒြဗ်အားဖြင့် နှံ့စေခြင်းငှါ နှစ်ကြိမ်ဆိုခြင်းသည် **ဒဗ္ဗဝိစ္ဆာ** မည်၏။ ပြယုဂ်ကား "ဂါမေ ဂါမေ ဇလံ အတ္ထိ"တည်း။ ဤ၌ 'ဂါမေ ဂါမေ' ဟူသော ဝိစ္ဆာသည် ရေဟူသော ဒြဗ်အားဖြင့် နှံ့စေခြင်းငှါ နှစ်ကြိမ်ဆိုခြင်းကြောင့် ဒဗ္ဗဝိစ္ဆာ မည်၏။

၂။ ဂုဏ်အားဖြင့် နှံ့စေခြင်းငှါ နှစ်ကြိမ်ဆိုခြင်းသည် **ဂုဏဝိစ္ဆာ** မည်၏။ ပြယုဂ်ကား "ဂါမော ဂါမော ရမဏီယော" တည်း။ ဤ၌ 'ဂါမော ဂါမော'ဟူသော ဝိစ္ဆာသည် မွေ့လျော်ဖွယ်ဟူသော ဂုဏ်အားဖြင့် နှံ့စေခြင်းငှါ နှစ်ကြိမ်ဆိုခြင်းကြောင့် ဂုဏဝိစ္ဆာ မည်၏။

၃။ ကြိယာအားဖြင့် နှံ့စေခြင်းငှါ နှစ်ကြိမ်ဆိုခြင်းသည် **ကြိယာဝိစ္ဆာ** မည်၏။

http://www.dhammadownload.com

ပြယုဂ်ကား "ဂါမော ဂါမော ဂမျတေ" တည်း။ ဤ၌ 'ဂါမော ဂါမော' ဟူသော ဝိစ္ဆာသည် သွားခြင်းကြိယာအားဖြင့် နှံ့စေခြင်းဌာ နှစ်ကြိမ်ဆိုခြင်းကြောင့် ကြိယာဝိစ္ဆာ မည်၏။

သန္ဓိ ၅-ပါး

သန္ဓိသည်လည်း မိဿကသန္ဓိ, ဂုဏိတသန္ဓိ, သမ္မန္ဓသန္ဓိ, သင်္ကေတသန္ဓိ, အနေကသန္ဓိအားဖြင့် ငါးပါးအပြားရှိ၏။ ထိုတွင်–

မိဿကသန္ဓိ

၁။ ရောဂ်ယူအပ်သော သန္ဓိသည် **မိဿက**သန္ဓိ မည်၏။ ပြယုဂ်ကား 'စတု စ ဒသ စ စတုဒ္ဒသ"တည်း။ ဤ 'စတုဒ္ဒသ'ဟူသော သန္ဓိသည် 'စတု' ဟူသောသန္ဓိကို 'ဒသ'ဟူသော သန္ဓိနှင့်ရောဂ်ယူအပ်သောကြောင့် မိဿက သန္ဓိ မည်၏။

ဂုဏိတသန္ဓိ

၂။ မြောက်ဂ်ယူအပ်သောသန္ဓိသည် **ဂုဏိတ**သန္ဓိ မည်၏။ ပြယုဂ်ကား 'သတဿ ဒ္ဓိကံ ဒ္ဓိသတံ"တည်း။ ဤ 'ဒ္ဓိသတံ' ဟူသော သန္ဓိသည် 'သတ' ဟူသောသန္ဓိကို 'ဒ္ဓိ'ဟူသော သန္ဓိဖြင့်မြောက်ဂ် ယူအပ်သောကြောင့် ဂုဏိတ သန္ဓိ မည်၏။

သမ္မန္ဓသန္ဓိ

၃။ စပ်ဂ်ယူအပ်သော သန္ဓိသည် **သမ္မန္ဓ**သန္ဓိ မည်၏။ ပြယုဂ်ကား 'အဋ္ဌသဋ္ဌိသတသဟဿုပ္ပတ္တေဓော ဂိရိရာဇာ" တည်း။ ဂိရိရာဇာ၊ မြင့်မိုရ်တောင်မင်းသည်။ အဋ္ဌသဋ္ဌိသတသဟဿုပ္ပတ္တေဓော၊ ယူဇနာ တစ်သိန်းခြောက်သောင်းရှစ်ထောင် အစောက်ရှိ၏။ ဤ၌ 'အဋ္ဌသဋ္ဌိသတသဟဿ'ဟူသော သန္ဓိသည် 'အဋ္ဌ' ဟူသော သန္ဓိ 'သတ'ဟူသော သန္ဓိကို 'သဟဿ'ဟူသော သန္ဓိနှင့် စပ်ဂ်ယူအပ်သောကြောင့် သမ္မန္ဓသန္ဓိ မည်၏။

http://www.dhammadownload.com

သင်္ကေတသဒ္ဒါ

၄။ လောကအမှတ်အားဖြင့် ယူအပ်သော သဒ္ဒါသည် **သင်္ကေတ** သဒ္ဒါ မည်၏။ ပြယုဂ်ကား 'ကာသိ၊ နဟုတံ၊ လက္ခဲ့"တည်း။ ကာသိ၊ တစ်ထောင်။ နဟုတံ၊ တစ်သောင်း။ လက္ခဲ့၊ တစ်သိန်း။ဤ 'ကာသိ, နဟုတံ, လက္ခဲ့'ဟူသော သဒ္ဒါသည် လောကအမှတ်အားဖြင့် ယူအပ်သောကြောင့် သင်္ကေတသဒ္ဒါ မည်၏။

အနေကသဒ္ဒါ

၅။ များသောအားဖြင့် ယူအပ်သော သဒ္ဒါသည် **အနေက**သဒ္ဒါ မည်၏။ ပြယုဂ်ကား 'သတတေဇော, သဟဿရံသိ"တည်း။ သတတေဇော၊ အရာမက သောတန်ခိုး။ သဟဿရံသိ၊ အထောင်မကသောရောင်ခြည်။ ဤ 'သတတေ-ဇော, သဟဿရံသိ' ဟူသော သဒ္ဒါသည် များသောအားဖြင့် ယူအပ်သော ကြောင့် အနေကသဒ္ဒါ မည်၏။

တဒ္ဓိတ်ဝါစက ၈-ပါး

တစ်နည်းကား ကတ္တုဝါစကတဒ္ဓိတ်, ကမ္မဝါစကတဒ္ဓိတ်, ကရဏဝါစက, သမ္ပဒါနဝါစက, အပါဒါနဝါစက, သမ္ဗန္ဓဝါစက, အဓိကရဏဝါစက, ဘာဝဝါစက တဒ္ဓိတ်အားဖြင့် ရှစ်ပါးအပြားရှိ၏။ ထိုတွင်–

ကတ္တုဝါစက

၁။ ကတ္တားအနက်ကို ဟောသောတဒ္ဓိတ်သည် **ကတ္တုဝါစက**တဒ္ဓိတ် မည်၏။ ပြယုဂ်ကား "ဒါသေန ကတံ ဒါသိကံ"တည်း။ ဤ'ဒါသိကံ'ဟူသော တဒ္ဓိတ်သည် 'ဒါသေန'၌ 'နာ'ဝိဘတ်သည် ကတ္တားအနက်ကိုဟောသည်ဖြစ်၍ 'ဏိက' ပစ္စည်းသည်လည်း ထိုကတ္တားအနက်ကို ဟောသောကြောင့် ကတ္တုဝါစက တဒ္ဓိတ် မည်၏။

တစ်နည်းကား "အဘိဓမ္မံ အဓီတေ အာဘိဓမ္မိကော"တည်း။ ဤ 'အာဘိ

http://www.dhammadownload.com

ဓမ္မိကော'ဟူသော တဒ္ဓိတ်သည် 'အဓိတေ'သဒ္ဒါသည် ကတ္တားအနက်ကို ဟော သည်ဖြစ်၍ 'ဏိက'ပစ္စည်းသည်လည်း ထိုကတ္တားအနက်ကို ဟောသောကြောင့် ကတ္တုဝါစကတဒ္ဓိတ် မည်၏။

ကမ္မဝါစက

၂။ ကံအနက်ကို ဟောသောတဒ္ဓိတ်သည် **ကမ္မဝါစက**တဒ္ဓိတ် မည်၏။ ပြယုဂ်ကား "အဘိဓမ္မံ အဓီတေ အာဘိဓမ္မိကော"တည်း။ ဤ 'အာဘိဓမ္မိကော' ဟူသော တဒ္ဓိတ်သည် 'အဘိဓမ္မံ' ၌ 'အံ' ဝိဘတ်သည် ကံအနက်ကို ဟော သည်ဖြစ်၍ 'ဏိက' ပစ္စည်းသည်လည်း ထိုကံအနက်ကို ဟောသောကြောင့် ကမ္မဝါစကတဒ္ဓိတ် မည်၏။

တစ်နည်းကား "ဒါသေန ကတံ ဒါသိကံ"တည်း။ ဤ 'ဒါသိကံ 'ဟူသော တဒ္ဓိတ်သည် 'ကတ'သဒ္ဒါသည် ကံအနက်ကို ဟောသည် ဖြစ်၍ 'ဏိက'ပစ္စည်း သည်လည်း ထိုကံအနက်ကို ဟောသောကြောင့် ကမ္မဝါစကတဒ္ဓိတ် မည်၏။

ကရဏဝါစက

၃။ ကရိဏ်းအနက်ကို ဟောသောတဒ္ဓိတ်သည် **ကရဏဝါစက**တဒ္ဓိတ် မည်၏။ ပြယုဂ်ကား "ကာယေန ကတံ ကမ္မံ ကာယိကံ"တည်း။ ဤ 'ကာယိကံ' ဟူသောတဒ္ဓိတ်သည် 'ကာယေန'၌ 'နာ'ဝိဘတ်သည် ကရိဏ်းအနက်ကို ဟော သည်ဖြစ်၍ 'ဏိက'ပစ္စည်းသည်လည်း ထိုကရိဏ်းအနက်ကို ဟောသောကြောင့် ကရဏဝါစကတဒ္ဓိတ် မည်၏။

တစ်နည်းကား "ဝသိဋ္ဌဿ အပစ္စံ ဝါသိဋ္ဌော"တည်း။ ဤ 'ဝါသိဋ္ဌော'ဟူ သော တဒ္ဓိတ်သည် 'အပစ္စ'သဒ္ဒါသည် "န ပစ္စတိ န ဆိဇ္ဇတိ ဝံသော ဧတေနာတိ အပစ္စံ" ဟူသော ဝစနတ္ထနှင့်အညီ ကရိဏ်းအနက်ကို ဟောသည်ဖြစ်၍ 'ဏ' ပစ္စည်းသည်လည်း ထိုကရိဏ်းအနက်ကို ဟောသောကြောင့် ကရဏဝါစက တဒ္ဓိတ် မည်၏။

http://www.dhammadownload.com

သမ္ပဒါနဝါစက

၄။ သမ္ပဒါန်အနက်ကို ဟောသောတဒ္ဓိတ်သည် **သမ္ပဒါနဝါစက**တဒ္ဓိတ် မည်၏။ ပြယုဂ်ကား "သဂ္ဂါယ သံဝတ္တတီတိ သောဝဂ္ဂိကံ"တည်း။ ဤ 'သောဝဂ္ဂိကံ' ဟူသော တဒ္ဓိတ်သည် 'သဂ္ဂါယ' ၌ 'သ' ဝိဘတ်သည် သမ္ပဒါန်အနက်ကို ဟောသည်ဖြစ်၍ 'ဏိက'ပစ္စည်းသည်လည်း ထိုသမ္ပဒါန်အနက်ကို ဟောသောကြောင့် သမ္ပဒါနဝါစကတဒ္ဓိတ် မည်၏။

တစ်နည်းကား "ဒက္ခိဏာ အဿ အရဟတီတိ ဒက္ခိဏေယျော" တည်း။ ဤ 'ဒက္ခိဏေယျော'ဟူသော တဒ္ဓိတ်သည် 'အဿ' သဒ္ဒါသည် သမ္ပဒါန်အနက်ကို ဟောသည်ဖြစ်၍ 'ဏေယျ' ပစ္စည်းသည်လည်း ထိုသမ္ပဒါန်အနက်ကို ဟောသောကြောင့် သမ္ပဒါနဝါစကတဒ္ဓိတ် မည်၏။

အပါဒါနဝါစက

၅။ အပါဒါန်အနက်ကို ဟောသောတဒ္ဓိတ်သည် **အပါဒါနဝါစက**တဒ္ဓိတ် မည်၏။ ပြယုဂ်ကား"ပဗ္ဗတာ နိက္ခန္တာ နဒီ ပဗ္ဗတေယျာ"တည်း။ ဤ'ပဗ္ဗတေယျာ' ဟူသော တဒ္ဓိတ်သည် 'ပဗ္ဗတာ'၌ 'သ္မာ'ဝိဘတ်သည် အပါဒါန်အနက်ကို ဟောသည်ဖြစ်၍ 'ဏေယျ' ပစ္စည်းသည်လည်း ထိုအပါဒါန်အနက်ကို ဟောသောကြောင့် အပါဒါနဝါစကတဒ္ဓိတ် မည်၏။

တစ်နည်းကား "ဂေါဿ ဘာဝေါ ဂေါတ္တံ"တည်း။ ဤ 'ဂေါတ္တံ'ဟူသော တဒ္ဓိတ်သည် 'ဘာဝ'သဒ္ဒါသည် "ဘဝန္တိ ဗုဒ္ဓိသဒ္ဒါ ဧတသ္မာတိ ဘာဝေါ"ဟူသော ဝစနတ္ထနှင့်အညီ အပါဒါန်အနက်ကို ဟောသည်ဖြစ်၍ 'တ္တ' ပစ္စည်းသည်လည်း ထိုအပါဒါန်အနက်ကို ဟောသောကြောင့် အပါဒါနဝါစကတဒ္ဓိတ် မည်၏။

သမ္မန္ဓဝါစက

၆။ သမ္မန်အနက်ကို ဟောသောတဒ္ဓိတ်သည်**သမ္မန္ဓဝါစက**တဒ္ဓိတ် မည်၏။ ပြယုဂ်ကား "ဝသိဌဿ အပစ္စံ ဝါသိဋ္ဌော"တည်း။ ဤ 'ဝါသိဋ္ဌော' ဟူသော တဒ္ဓိတ်သည် 'ဝသိဌဿ'၌ 'ဿ'ဝိဘတ်သည် သမ္မန်အနက်ကို ဟောသည်ဖြစ်၍

http://www.dhammadownload.com

'ဏာ' ပစ္စည်းသည်လည်း ထိုသမ္မန်အနက်ကို ဟောသောကြောင့် သမ္မန္ဓဝါစက တဒ္ဓိတ် မည်၏။

တစ်နည်းကား "ဝီဏာ အဿ သိပ္ပံ ဝေဏိကော"တည်း။ ဤ 'ဝေဏိကော' ဟူသော တဒ္ဓိတ်သည် 'အဿ' ၌ 'သ' ဝိဘတ်သည် သမ္မန်အနက်ကို ဟော သည်ဖြစ်၍ 'ဏိက' ပစ္စည်းသည်လည်း ထိုသမ္မန်အနက်ကို ဟောသောကြောင့် သမ္မန္ဓဝါစကတဒ္ဓိတ် မည်၏။

အဓိကရဏဝါစက

၇။ အဓိကရဏအနက်ကို ဟောသောတဒ္ဓိတ်သည် **အဓိကရဏဝါစက** တဒ္ဓိတ် မည်၏။ ပြယုဂ်ကား "သရီရေ သန္နိဓာနာ ဝေဒနာ သာရီရိကာ"တည်း။ ဤ 'သာရီရိကာ'ဟူသောတဒ္ဓိတ်သည် 'သရီရေ'၌ 'သ္မိ'ဝိဘတ်သည် အဓိကရဏ အနက်ကို ဟောသည်ဖြစ်၍ 'ဏိက' ပစ္စည်းသည်လည်း ထိုအဓိကရဏအနက် ကို ဟောသောကြောင့် အဓိကရဏဝါစကတဒ္ဓိတ် မည်၏။

တစ်နည်းကား "ရုက္ခော ဧတသ္မိံ ဝိဇ္ဇတီတိ ရုက္ခဝါ"တည်း။ ဤ 'ရုက္ခဝါ' ဟူသော တဒ္ဓိတ်သည် 'ဧတသ္မိံ' သဒ္ဒါသည် အဓိကရဏအနက်ကို ဟောသည် ဖြစ်၍ 'ဝန္တု' ပစ္စည်းသည်လည်း ထိုအဓိကရဏအနက်ကို ဟောသောကြောင့် အဓိကရဏဝါစကတဒ္ဓိတ် မည်၏။

ဘာဝဝါစက

၈။ သဒ္ဒပဝတ္တနိမိတ်ဖြစ်သော ဘာဝအနက်ကို ဟောသော တဒ္ဓိတ်သည် **ဘာဝဝါစက**တဒ္ဓိတ် မည်၏။ ပြယုဂ်ကား "ဂေါဿ ဘာဝေါ ဂေါတ္တံ"တည်း။ ဤ 'ဂေါတ္တံ'ဟူသော တဒ္ဓိတ်သည် ဘာဝသဒ္ဒါသည် "ဘဝန္တိ ဗုဒ္ဓိသဒ္ဒါ ဧတေ-နာတိ ဘာဝေါ" ဟူသော ဝစနတ္ထနှင့်အညီ သဒ္ဒပဝတ္တနိမိတ်ဖြစ်သော ဘော အနက်ကို ဟောသည်ဖြစ်၍ 'တ္တ' ပစ္စည်းသည်လည်း ထိုသဒ္ဒပဝတ္တနိမိတ် ဖြစ် သော ဘောအနက်ကို ဟောသောကြောင့် ဘာဝဝါစကတဒ္ဓိတ် မည်၏။

တဒ္ဓိတ်ပုဒ်စစ်ပြီး၏။ ။

http://www.dhammadownload.com

၆-အာချာတ်ပုဒ်စစ်

အာချာတ်

"ကြိယံ အာချာယတီတိ အာချာတံ" ဟူသော ဝစနတ္ထနှင့်အညီ ကြိယာကို ပဓာနအားဖြင့် ဟောတတ်သောပုဒ်သည် **အာချာတ်**ပုဒ် မည်၏။ ပြယုဂ်ကား "ပုရိသော မဂ္ဂံ ဂစ္ဆတိ" အစရှိသည်၌ 'တိ' အစရှိသည်တည်း။ ဤ၌ 'တိ' ဝိဘတ်သည် 'ပုရိသော'ဟူသော ကတ္တားကို ဟော၏။ ဂမုဓာတ်သည် သွားခြင်းကြိယာကိုဟော၏။ ထိုသို့ ဓာတ်သာ ကြိယာကို ဟောငြားသော်လည်း ဓာတ်၏ ဝိဘတ်နှင့်ကင်း၍ မဖြစ်နိုင်သောကြောင့် နာနန္တရိကနည်းအားဖြင့် 'တိ' ဝိဘတ်လည်း ဟောသည် မည်၏။ ထို့ကြောင့် "ကြိယံ အာချာယတီတိ အာချာတံ" ဟူသော ဝစနတ္ထနှင့်အညီ ကြိယာကို ပဓာနအားဖြင့် ဟောတတ်သောကြောင့် အာချာတ်မည်၏ ဟူလိုသော်။

အာချာတ်ဝိဘတ် ၈-သွယ်

ထိုအာချာတ်သည်လည်း "ကြိယံ အာချာယတီတိ အာချာတံ" ဟူသော ဝစနတ္ထနှင့်အညီ ကြိယာကို ပဓာနအားဖြင့်ဟောတတ်သော သာမညလက္ခဏာအားဖြင့် တစ်ပါးသာ၊ ဝိသေသလက္ခဏာ အားဖြင့်သော်ကား ဝတ္တမာန်ဝိဘတ်, ပဉ္စမီ, သတ္တမီ, ပရောက္ခာ, ဟိယျတ္တနီ, အဇ္ဇတ္တနီ, ဘဝိဿန္တိ, ကာလာတိပတ္တိ အားဖြင့် ရှစ်ပါးအပြားရှိ၏။ ထိုတွင်–

ဝတ္တမာန်ဝိဘတ်

၁။ 'ဆဲ' ဟူ၍ ပေးအပ်သော အားထုတ်၍ မပြီးသေးသော ကာလသည် ပစ္စုပ္ပန် မည်၏။ ထိုပစ္စုပ္ပန်ကာလ၌ သက်အပ်သော 'တိ, အန္တိ' အစရှိသော တစ်ဆယ့်နှစ်ပုဒ်သည် **ဝတ္တမာန်**ဝိဘတ် မည်၏။

ပဉ္စမီဝိဘတ်

၂။ 'လော့' ဟူ၍ ပေးအပ်သော စေခြင်းအနက်သည် အာဏတ္တိ မည်၏။

http://www.dhammadownload.com

'စေသတည်း' ဟူ၍ငှင်း 'စေချင်၏' ဟူ၍ငှင်း 'စေခလို' ဟူ၍ငှင်း ပေးအပ်သော တောင့်တခြင်းအနက်သည် အာသီဋ္ဌ မည်၏။ ထိုအာဏာတို့, အာသီဋ္ဌအနက်၌ သက်အပ်သော 'တု, အန္တု' အစရှိသော တစ်ဆယ့်နှစ်ပုဒ်သည် **ပဉ္စမီ**ဝိဘတ် မည်၏။

သတ္တမီဝိဘတ်

၃။ 'လော' ဟူ၍ ပေးအပ်သော သူတပါး အလိုကို စုံစမ်းခြင်းအနက်သည် အနုမတိ မည်၏။ 'ရာ'ဟူ၍ငှင်း 'အံ့နည်း'ဟူ၍ငှင်း ပေးအပ်သော မိမိအလိုကို ကြံစည်ခြင်းအနက်သည် ပရိကပ္ပ မည်၏။ ထိုအနုမတိ, ပရိကပ္ပအနက်၌ သက်အပ်သော '**ဧယျ, ဧယျုံ**' အစရှိသော တစ်ဆယ့်နှစ်ပုဒ်သည် **သတ္တမီ**ဝိဘတ် မည်၏။

ပရောက္ခာဝိဘတ်

၄။ "ပြီး"ဟူ၍ ပေးအပ်သော အားထုတ်၍ ပြီးပြီးသော ကာလသည် အတိတ် မည်၏။ ထိုအတိတ်ကာလ၌ သက်အပ်သော 'အ, ဥ' အစရှိသော တစ်ဆယ့်နှစ်ပုဒ်သည် **ပရောက္ခာ**ဝိဘတ် မည်၏။

ဟိယျတ္တနီဝိဘတ်

၅။ 'ပြီး'ဟူ၍ပေးအပ်သော လွန်လေပြီးသော ညဉ့်ထက်ဝက်မှစ၍ ဒုတိယ ညဉ့်ထက်ဝက်တိုင်ရုံသော ကာလသည် ဟိယျောမည်၏။ ထိုဟိယျောကာလမှစ၍ အတိတ်ကာလ၌ သက်အပ်သော 'အာ, ဦ' အစရှိသော တစ်ဆယ့်နှစ်ပုဒ်သည် **ဟိယျတ္တနီ**ဝိဘတ် မည်၏။

အဇ္ဇတ္တနီဝိဘတ်

၆။ 'ပြီး' ဟူ၍ ပေးအပ်သော လွန်လေပြီးသော ညဉ့်ထက်ဝက်မှစ၍ လာလတံ့သော ညဉ့်ထက်ဝက်တိုင်ရုံသော ကာလသည် အဇ္ဇမည်၏။ ထိုအဇ္ဇကာလမှစ၍ အတိတ်ကာလ၌ သက်အပ်သော 'ဏ္ဍု, ဉုံ' အစရှိသော တစ်ဆယ့်နှစ်ပုဒ်သည် **အဇ္ဇတ္တနီ**ဝိဘတ် မည်၏။

http://www.dhammadownload.com

ဘဝိဿန္တိဝိဘတ်

၇။ "လတ့်' ဟူ၍၄င်း 'အံ့' ဟူ၍၄င်း ပေးအပ်သော မရောက်သေးသော ရှေးရှုကာမျှသည် အနာဂတ် မည်၏။ ထိုအနာဂတ်ကာလ၌ သက်အပ်သော 'ဿတိ, ဿန္တိ' အစရှိသော တစ်ဆယ့်နှစ်ပုဒ်သည် **ဘဝိဿန္တိ**ဝိဘတ် မည်၏။

ကာလာတိပတ္တိဝိဘတ်

၈။ 'ရာပြီ' ဟူ၍ ပေးအပ်သော ရခြင်းအစရှိသော ကြိယာ၏ မဖြစ်ခြင်းမျှသည် ရခြင်းအစရှိသော ကြိယာကို လွန်သောကြောင့် ကြိယာတိပန္နေ မည်၏။ ထိုကြိယာတိပန္နအနက်၌သက်အပ်သော 'ဿာ, ဿံသု'အစရှိသော တစ်ဆယ့်နှစ်ပုဒ်သည် **ကာလာတိပတ္တိ**ဝိဘတ် မည်၏။

ပရဿပုဒ်

ထိုရှစ်ပါးတို့တွင် ဝတ္တမာန်ဝိဘတ်သည်လည်း ပရဿပုဒ်, အတ္တနောပုဒ် အားဖြင့် နှစ်ပါးအပြား ရှိ၏။ ထိုတွင် 'တိ, အန္တိ' အစရှိသော ရှေ့ခြောက်ပုဒ်တို့သည် "ပရဿ အတ္ထံ ပကာသကာနိ ပဒါနိ ပရဿပဒါနိ' ဟူသော ဝစနတ္ထနှင့် အညီ 'အမှ'ဟု ဆိုအပ်သော မိမိအနက်မှ တစ်ပါးသော 'နာမ, တုမှ'ဟု ဆိုအပ်သော သူတစ်ပါးအနက်ကို ပြတတ်သောကြောင့် **ပရဿပုဒ်** မည်ကုန်၏။ ထိုပရဿပုဒ်တို့တွင် ပထမပုရိသ်, မဇ္ဈိမပုရိသ်တို့သည် 'အမှ'ဟု ဆိုအပ်သော မိမိအနက်မှ တစ်ပါးသော 'နာမ, တုမှ'ဟု ဆိုအပ်သော သူတစ်ပါးအနက်ကို ပြတတ်သောကြောင့် မုချအားဖြင့် ပရဿပုဒ် မည်ကုန်၏။ ဥတ္တမပုရိသ်သည် 'အမှ'ဟု ဆိုအပ်သော မိမိအနက်ကို ပြတတ်သော်လည်း များရာသို့ လိုက်သောအားဖြင့် ပရဿပုဒ် မည်၏။

ထိုပရဿပုဒ်ဝိဘတ်သည် 'တတ်'ဟု ပေးအပ်သည်ဖြစ်၍ ကတ္တားအနက်ကို ဟော၏။ ထိုဟောအပ်သော ကတ္တားသည် ပထမာဝိဘတ်နှင့် ယှဉ်ရာ၏။ ကံသည် ဒုတိယာဝိဘာဘ်နှင့် ယှဉ်ရာ၏။ ပြယုဂ်ကား "ပုရိသော သြဒနံ ပစတိ" အစရှိသည်ဟုသိုး။

http://www.dhammadownload.com

အတ္ထနောပုဒ်

'တေ, အန္တေ' အစရှိသော နောက်ခြောက်ပုဒ်တို့သည် "အတ္ထနော အတ္ထံ ပကာသကာနိ ပဒါနိ အတ္ထနောပဒါနိ' ဟူသော ဝစနတ္ထနှင့်အညီ 'အမှ' ဟု ဆိုအပ်သော မိမိအနက်ကို ပြတတ်သောကြောင့် **အတ္ထနောပုဒ်** မည်ကုန်၏။ ထိုအတ္ထနောပုဒ်တို့တွင် ဥတ္တမပုရိသ်သည် 'အမှ'ဟု ဆိုအပ်သော မိမိအနက်ကို ပြတတ်သောကြောင့် မုချအားဖြင့် အတ္ထနောပုဒ် မည်၏။ ပထမပုရိသ်, မဇ္ဈိမပုရိသ်တို့သည် 'အမှ' ဟု ဆိုအပ်သော မိမိအနက်မှ တစ်ပါးသော 'နာမ, တုမှ' ဟု ဆိုအပ်သော သူတစ်ပါးအနက်ကို ပြတတ်သော်လည်း အတွင်းရုဋ္ဌီအားဖြင့် အတ္ထနောပုဒ် မည်ကုန်၏။

ထိုအတ္ထနောပုဒ်ဝိဘတ်သည်လည်း 'တတ်'ဟု ပေးအပ်သည်ဖြစ်၍ ကတ္တားကို ဟောသည်ဖြစ်အံ့၊ ထိုဟောအပ်သော ကတ္တားသည် ပထမာဝိဘတ်နှင့် ယှဉ်ရာ၏။ ကံသည် ဒုတိယာဝိဘတ်နှင့် ယှဉ်ရာ၏။ ပြယုဂ်ကား "ပုရိသော ဩဒနံ ပစတေ" အစရှိသည်တည်း။ 'အပ်'ဟု ပေးအပ်သည်ဖြစ်၍ ကံကို ဟောသည်ဖြစ်အံ့၊ ထိုဟောအပ်သောကံသည် ပထမာဝိဘတ်နှင့်ယှဉ်ရာ၏။ 'ကတ္တား သည် တတိယာဝိဘတ်နှင့်ယှဉ်ရာ၏။ ပြယုဂ်ကား "ပုရိသေန ဩဒနော ပစ္စတေ" တည်း။ ခြင်းဟူ၍ငှင်း ရာ၏ဟူ၍ငှင်း ပေးအပ်သည်ဖြစ်၍ ဘောကို ဟောသည်ဖြစ်အံ့၊ ကတ္တားသည် တတိယာဝိဘတ်နှင့် ယှဉ်ရာ၏။ ကံသည် ဆဋ္ဌီဝိဘတ်နှင့်ငှင်း, ဒုတိယာဝိဘတ်နှင့်ငှင်း ယှဉ်ရာ၏။ ပြယုဂ်ကား "ပုရိသေန ဩဒနဿ ပစ္စတေ, ပုရိသေန ဩဒနံ ဝါ ပစ္စတေ"တည်း။

ပရဿပုဒ်၌ ပုရိသ် ၃-ပါးနှင့် ဝုစ် ၆-ပါး

ထိုနှစ်ပါးတို့တွင် ပရဿပုဒ်သည်လည်း ပထမပုရိသ်, မဇ္ဈိမပုရိသ်, ဥတ္တမပုရိသ်အားဖြင့် သုံးပါးအပြားရှိ၏။ ထိုတွင်–

ပထမပုရိသ်

တူသောအနက်ရှိသော နာမသဒ္ဒါကို ယှဉ်အပ်သည်ရှိသော် သက်သော

http://www.dhammadownload.com

'တိ, အန္တိ'ဟူသော အစနှစ်ပုဒ်သည် **ပထမပုရိသ်** မည်၏။ ပြယုဂ်ကား "ပုရိသော ဂစ္ဆတိ၊ ပုရိသာ ဂစ္ဆန္တိ"တည်း။ ဤပြယုဂ်တို့၌ ပုရိသောသဒ္ဒါ, ပုရိသာသဒ္ဒါတို့သည် ဇာတ်ကို အကြောင်းပဝတ္တနိမိတ်ပြု၍ ယောကျ်ားဖြစ်ကို၊ ဂစ္ဆတိသဒ္ဒါ, ဂစ္ဆန္တိသဒ္ဒါတို့သည်လည်း သွားခြင်းကြိယာကို အကြောင်း ပဝတ္တနိမိတ်ပြု၍ ယောကျ်ားဖြစ်ကို ဟောသည်ဖြစ်၍ ယောကျ်ားဖြစ်တည်းဟူသော တူသော အနက်ရှိသော ပုရိသော, ပုရိသာဟု ဆိုအပ်သော နာမသဒ္ဒါကို ယှဉ်အပ်သည် ရှိသော်သက်သော 'တိ, အန္တိ'ဟူသော အစနှစ်ပုဒ်သည် ပထမပုရိသ် မည်၏။

မဇ္ဈိမပုရိသ်

တူသောအနက်ရှိသော တုမ္ဟသဒ္ဒါကို ယှဉ်အပ်သည်ရှိသော် သက်သော 'သိ, ထ' ဟူသော အလယ်နှစ်ပုဒ်သည် **မဇ္ဈိမပုရိသ်** မည်၏။ ပြယုဂ်ကား "တုံ ဂစ္ဆတိ၊ တုမ္ဟေ ဂစ္ဆထ'တည်း။ ဤပြယုဂ်တို့၌ တုံသဒ္ဒါ, တုမ္ဟေသဒ္ဒါတို့သည် တကွဆိုဘက်ဖြစ်သော သူတို့၏ တူသောအခြင်းအရာဟု ဆိုအပ်သောဇာတ်ကို အကြောင်း ပဝတ္တနိမိတ်ပြု၍ တကွဆိုဘက်ဖြစ်သော သူဖြစ်ကို၊ ဂစ္ဆသိသဒ္ဒါ, ဂစ္ဆထသဒ္ဒါတို့သည်လည်း သွားခြင်းကြိယာကို အကြောင်း ပဝတ္တနိမိတ်ပြု၍ တကွဆိုဘက်ဖြစ်သော သူဖြစ်ကို ဟောသည်ဖြစ်၍ တကွဆိုဘက်ဖြစ်သော သူဖြစ်တည်းဟူသော တူသောအနက်ရှိသော တုံ, တုမ္ဟေဟု ဆိုအပ်သော တုမ္ဟသဒ္ဒါကို ယှဉ်အပ်သည်ရှိသော် သက်သော 'သိ, ထ' ဟူသော အလယ်နှစ်ပုဒ်သည် မဇ္ဈိမပုရိသ် မည်၏။

ဥတ္တမပုရိသ်

တူသောအနက်ရှိသော အမ္ဟသဒ္ဒါကို ယှဉ်အပ်သည်ရှိသော် သက်သော 'မိ, မ' ဟူသော အဆုံးနှစ်ပုဒ်သည် **ဥတ္တမပုရိသ်** မည်၏။ ပြယုဂ်ကား "အဟံ ဂစ္ဆာမိ, မယံ ဂစ္ဆာမ" တည်း။ ဤပြယုဂ်တို့၌ အဟံသဒ္ဒါ, မယံသဒ္ဒါတို့သည် မိမိတို့၏တူသောအခြင်းအရာဟု ဆိုအပ်သောဇာတ်ကို အကြောင်းပဝတ္တနိမိတ်ပြု၍ မိမိဖြစ်ကို၊ ဂစ္ဆာမိသဒ္ဒါ, ဂစ္ဆာမသဒ္ဒါတို့သည်လည်း သွားခြင်းကြိယာကို

http://www.dhammadownload.com

အကြောင်းပဝတ္ထုနိမိတ်ပြု၍ မိမိဖြစ်ကို ဟောသည်ဖြစ်၍ မိမိဖြစ်တည်းဟူသော တူသောအနက်ရှိသော အဟံ, မယ်ဟု ဆိုအပ်သော အမှသဒ္ဒါကို ယှဉ်အပ်သည် ရှိသော် သက်သော 'မိ, မ' ဟူသော အဆုံးနှစ်ပုဒ်သည် ဥတ္တမပုရိသ် မည်၏။

ထိုသုံးပါးတို့တွင် တစ်ပါးပါးတို့၌ ဧကဝုစ်, ဗဟုဝုစ် အားဖြင့် နှစ်ပါး အပြားရှိ၏။ ထိုတွင် 'တိ, သိ, မိ' ဟူသော ရှေ့ရှေ့သောပုဒ်သည် ဧကဝုစ် မည်၏။ 'အန္တိ, ထ, မ'ဟူသော နောက်နောက်သောပုဒ်သည် ဗဟုဝုစ်မည်၏။ ဤသို့လျှင် ပရသ်ပုဒ်၌ ပုရိသ်အားဖြင့် သုံးပါး, ဝုစ်အားဖြင့် ခြောက်ပါး ဖြစ်သတည်း။

ပရသ်ပုဒ်၌ ပရောပုရိသ် ၅-ပါး

ပရောပုရိသ်အားဖြင့်ကား ငါးပါးအပြား ရှိ၏။ ငါးပါးဟူသော်ကား 'တိ သိ ထ' တစ်ဝါရ၊ 'တိ မိ မ' တစ်ဝါရ၊ 'သိ မိ မ' တစ်ဝါရ၊ 'တိ သိ မိ မ' တစ်ဝါရ၊ 'တိ အန္တိ သိ ထ မိ မ' တစ်ဝါရ၊ ဤသို့လျှင် ငါးပါးဖြစ်သတည်း။

ထိုငါးပါးတို့တွင်–

၁။ 'တိ သိ ထ' ၏ ပြယုဂ်ကား "သော စ ဂစ္ဆတိ, တွဉ္စ ဂစ္ဆသိ, တုမှေ ဂစ္ဆထ" အစရှိသည်တည်း။

၂။ 'တိ မိ မ' ၏ပြယုဂ်ကား "သော စ ဂစ္ဆတိ, အဟဉ္စ ဂစ္ဆာမိ, မယံ ဂစ္ဆာမ" တည်း။

၃။ 'သိ မိ မ' ၏ ပြယုဂ်ကား "တွဉ္စ ဂစ္ဆသိ, အဟဉ္စ ဂစ္ဆာမိ, မယံ ဂစ္ဆာမ" တည်း။

၄။ 'တိ သိ မိ မ' ၏ ပြယုဂ်ကား "သော စ ဂစ္ဆတိ, တွဉ္စ ဂစ္ဆသိ, အဟဉ္စ ဂစ္ဆာမိ, မယံ ဂစ္ဆာမ" တည်း။

၅။ 'တိ အန္တိ သိ ထ မိ မ' ၏ ပြယုဂ်ကား "သော စ ဂစ္ဆတိ, တေ စ ဂစ္ဆန္တိ, တွဉ္စ ဂစ္ဆသိ, တုမှေ စ ဂစ္ဆထ, အဟဉ္စ ဂစ္ဆာမိ, မယံ ဂစ္ဆာမ" အစရှိသည်တည်း။

http://www.dhammadownload.com

အတ္ထနောပုဒ်၌ ပုရိသ် ၃-ပါး ဝုစ် ၆-ပါး

အတ္ထနောပုဒ်သည်လည်း ပထမပုရိသ်, မဇ္ဈိမပုရိသ်, ဥတ္တမပုရိသ်အားဖြင့် သုံးပါးအပြားရှိ၏။ ထိုတွင်–

ပထမပုရိသ်

တူသောအနက်ရှိသော နာမသဒ္ဒါကို ယှဉ်အပ်သည်ရှိသော် သက်သော 'တေ, အန္တေ' ဟူသော အစန္ဒစ်ပုဒ်သည် **ပထမပုရိသ်** မည်၏။ ပြယုဂ်ကား 'ပုရိသော ပစတေ၊ ပုရိသာ ပစန္တေ' တည်း။ ဤပြယုဂ်တို့၌ ပုရိသောသဒ္ဒါ, ပုရိသာသဒ္ဒါတို့သည် ဇာတ်ကို အကြောင်း ပဝတ္တနိမိတ်ပြု၍ ယောကျ်ားဒြဗ်ကို၊ ပစတေသဒ္ဒါ, ပစန္တေသဒ္ဒါတို့သည်လည်း ချက်ခြင်းကြိယာကို အကြောင်း ပဝတ္တနိမိတ်ပြု၍ ယောကျ်ားဒြဗ်ကို ဟောသည်ဖြစ်၍ ယောကျ်ားဒြဗ်တည်းဟူသော တူသော အနက်ရှိသော ပုရိသော, ပုရိသာဟု ဆိုအပ်သော နာမသဒ္ဒါကို ယှဉ်အပ်သည်ရှိသော် သက်သော 'တေ, အန္တေ' ဟူသော အစန္ဒစ်ပုဒ်သည် ပထမပုရိသ် မည်၏။

မဇ္ဈိမပုရိသ်

တူသောအနက်ရှိသော တုမ္ဟသဒ္ဒါကို ယှဉ်အပ်သည်ရှိသော် သက်သော 'သေ, ဝေ့'ဟူသော အလယ်နှစ်ပုဒ်သည် **မဇ္ဈိမပုရိသ်** မည်၏။ ပြယုဂ်ကား "တွံ ပစသေ, တုမ္ဟေ ပစဝေ့'တည်း။ ဤပြယုဂ်တို့၌ တွံသဒ္ဒါ, တုမ္ဟေသဒ္ဒါတို့သည် တကွဆိုဘက်ဖြစ်သော သူတို့၏တူသောအခြင်းအရာဟု ဆိုအပ်သောဇာတ်ကို အကြောင်း ပဝတ္တနိမိတ်ပြု၍ တကွဆိုဘက်ဖြစ်သော သူဒြဗ်ကို၊ ပစသေသဒ္ဒါ, ပစဝေ့သဒ္ဒါတို့သည်လည်း ချက်ခြင်းကြိယာကို အကြောင်း ပဝတ္တနိမိတ်ပြု၍ တကွဆိုဘက်ဖြစ်သော သူဒြဗ်ကို ဟောသည်ဖြစ်၍ တကွဆိုဘက်ဖြစ်သော သူဒြဗ်တည်းဟူသော တူသောအနက်ရှိသော တွံ, တုမ္ဟေ ဟုဆိုအပ်သော တုမ္ဟသဒ္ဒါကို ယှဉ်အပ်သည်ရှိသော် သက်သော 'သေ, ဝေ့' ဟူသော အလယ်နှစ်ပုဒ်သည် မဇ္ဈိမပုရိသ် မည်၏။

http://www.dhammadownload.com

ဥတ္တမပုရိသ်

တူသောအနက်ရှိသော အမှသဒ္ဒါကို ယှဉ်အပ်သည်ရှိသော် သက်သော 'ဧ, မှေ' ဟူသော အဆုံးနှစ်ပုဒ်သည် **ဥတ္တမပုရိသ်** မည်၏။ ပြယုဂ်ကား "အဟံ ပစေ, မယံ ပစာမှေ"တည်း။ ဤပြယုဂ်တို့၌ အဟံသဒ္ဒါ, မယံသဒ္ဒါတို့သည် မိမိတို့၏ တူသောအခြင်းအရာဟု ဆိုအပ်သောဇာတ်ကို အကြောင်းပဝတ္တ နိမိတ်ပြု၍ မိမိဖြစ်ကို၊ ပစေသဒ္ဒါ, ပစာမှေသဒ္ဒါတို့သည်လည်း ချက်ခြင်းကြိယာ ကို အကြောင်း ပဝတ္တနိမိတ်ပြု၍ မိမိဖြစ်ကို ဟောသည်ဖြစ်၍ မိမိဖြစ်တည်းဟူ သော တူသောအနက်ရှိသော အဟံ, မယံဟု ဆိုအပ်သော အမှသဒ္ဒါကို ယှဉ် အပ်သည်ရှိသော် သက်သော 'ဧ, မှေ' ဟူသော အဆုံးနှစ်ပုဒ်သည် ဥတ္တမပုရိသ် မည်၏။

ထိုသုံးပါးတို့တွင် တစ်ပါးတစ်ပါးတို့၌ ဧကဝုစ်, ဗဟုဝုစ်အားဖြင့် နှစ်ပါးအပြား ရှိ၏။ ထိုတွင် 'တေ, သေ, ဧ" ဟူသော ရှေ့ရှေ့သောပုဒ်သည် ဧကဝုစ် မည်၏။ 'အန္တေ, ဝှေ, မှေ' ဟူသော နောက်နောက်သောပုဒ်သည် ဗဟုဝုစ်မည်၏။ ဤသို့ လျှင် အတ္တနောပုဒ်၌ ပုရိသ်အားဖြင့် သုံးပါး, ဝုစ်အားဖြင့် ခြောက်ပါးဖြစ်သတည်း။

အတ္တနောပုဒ်၌ ပရောပုရိသ် ၅-ပါး

ပရောပုရိသ်အားဖြင့်ကား ငါးပါးအပြားရှိ၏။ ငါးပါးဟူသော်ကား 'တေ, သေ, ဝှေ' တစ်ဝါရ၊ 'တေ, ဧ, မှေ' တစ်ဝါရ၊ 'သေ, ဧ, မှေ' တစ်ဝါရ၊ 'တေ, သေ, ဧ, မှေ' တစ်ဝါရ၊ 'တေ, အန္တေ, သေ, ဝှေ, ဧ, မှေ' တစ်ဝါရ၊ ဤသို့လျှင် ငါးပါး ဖြစ်သတည်း။ ထိုငါးပါးတို့တွင်–

၁။ 'တေ, သေ, ဝှေ' ၏ပြယုဂ်ကား "သော စ ပစတေ, တွဉ္စ ပစသေ, တုမှေ ပစဝှေ"တည်း။

၂။ 'တေ, ဧ, မှေ' ၏ ပြယုဂ်ကား "သော စ ပစတေ, အဟဉ္စ ပစေ, မယံ ပစာမှေ" တည်း။

http://www.dhammadownload.com

၃။ 'သေ, ဧ, မှေ' ၏ ပြယုဂ်ကား "တွဋ္ဌ ပစသေ, အဟဋ္ဌ ပဧ, မယံ ပစာမှေ" တည်း။

၄။ 'တေ, သေ, ဧ,မှေ' ၏ ပြယုဂ်ကား "သော စ ပစတေ, တွဋ္ဌ ပစသေ, အဟဋ္ဌ ပဧ, မယံ ပစာမှေ"တည်း။

၅။ 'တေ, အန္တေ, သေ, ဝှေ, ဧ, မှေ' ၏ ပြယုဂ်ကား "သော စ ပစတေ, တေ စ ပစန္တေ, တွဋ္ဌ ပစသေ, တုမှေ စ ပစဝှေ, အဟဋ္ဌ ပဧ, မယံ ပစာမှေ' တည်း။

ဤသို့လျှင် ဝတ္တမာန်ဝိဘတ်၌ ပုဒ်အားဖြင့် နှစ်ပါး, ပုရိသ်အားဖြင့် ခြောက်ပါး, ဝုစ်အားဖြင့် တစ်ဆယ့်နှစ်ပါး, ပရောပုရိသ်အားဖြင့် ဆယ်ပါး ဖြစ်သတည်း။

ဤအတူ ပဋ္ဌမီဝိဘတ် အစရှိသည်တို့၌လည်း ပုဒ်အားဖြင့် နှစ်ပါး, ပုရိသ်အားဖြင့် ခြောက်ပါး, ဝုစ်အားဖြင့် တစ်ဆယ့်နှစ်ပါး, ပရောပုရိသ်အားဖြင့် ဆယ်ပါးစီ ဖြစ်သတည်း။ ဤသို့လျှင် အလုံးစုံသော အာချာတ်ဝိဘတ်သည် ဇာတ်အားဖြင့် ရှစ်ပါး, ပုဒ်အားဖြင့် တစ်ဆယ့်ခြောက်ပါး, ပုရိသ်အားဖြင့် လေးဆယ့်ရှစ်ပါး, ဝုစ်အားဖြင့် ကိုးဆယ့်ခြောက်ပါး, ပရောပုရိသ်အားဖြင့် ရှစ်ဆယ်ဖြစ်သတည်း။

ဓာတ်

"သကတ္ထပရတ္ထံ ဓာရေတီတိ ဓာတု"ဟူသော ဝစနတ္ထနှင့်အညီ မိမိအနက်, သူတစ်ပါးအနက်ကို ဆောင်တတ်သောကြောင့် **ဓာတ်** မည်၏။ ပြယုဂ်ကား "ဇေတိ, ပရာဇေတိ"အစရှိသည်တည်း။ ဇေတိ၌ 'ဇိ'သဒ္ဒါသည် အောင်ခြင်းတည်းဟူသော မိမိအနက်ကို ဆောင်တတ်သောကြောင့် ဓာတ် မည်၏။ ပရာဇေတိ၌ 'ဇိ'သဒ္ဒါသည် ရှုံးခြင်းတည်းဟူသော သူတစ်ပါးအနက်ကို ဆောင်တတ်သောကြောင့် ဓာတ်မည်၏။

တစ်နည်းကား 'ပုရိသေန သြဒနဿ ပစ္စတေ, ပုရိသေန သြဒနော ပစ္စတေ, ပုရိသော သြဒနံ ပစတေ' တည်း။ 'ပုရိသေန သြဒနဿ ပစ္စတေ' ၌ 'ပစ'သဒ္ဒါသည် 'ဘော'တည်းဟူသော မိမိအနက်ကို ဆောင်တတ်သောကြောင့် ဓာတ်

http://www.dhammadownload.com

မည်၏။ 'ပုရိသေန ဩဒနော ပစ္စတေ' ၌ 'ပစ' သဒ္ဒါသည် 'ကံ' တည်းဟူသော သူတစ်ပါးအနက်ကို ဆောင်တတ်သောကြောင့် ဓာတ်မည်၏။ 'ပုရိသော ဩဒနံ ပစတေ' ၌ 'ပစ' သဒ္ဒါသည် 'ကတ္တား'တည်းဟူသော သူတပါးအနက်ကို ဆောင်တတ်သောကြောင့် ဓာတ်မည်၏။

ဓာတ် ၂-ပါး

ထိုဓာတ်သည်လည်း ဆိုအပ်ပြီးသော သာမညလက္ခဏာအားဖြင့် တစ်ပါးသာ၊ ဝိသေသလက္ခဏာအားဖြင့်သော်ကား အကမ္မကဓာတ်, သကမ္မကဓာတ် အားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုတွင်–

၁။ ကံ မရှိသော ဓာတ်သည် **အကမ္မကဓာတ်** မည်၏။ ပြယုဂ်ကား "သုခံ သယတိ"တည်း။ ဤ၌ 'သိ'ဓာတ်သည် ကံ မရှိသောကြောင့် အကမ္မကဓာတ် မည်၏။

၂။ ကံ ရှိသောဓာတ်သည် **သကမ္မကဓာတ်** မည်၏။ ပြယုဂ်ကား"ပုရိသော ဩဒနံ ပစတိ"တည်း။ ဤ၌ 'ပစ'ဓာတ်သည် ဩဒနံဟူသော ကံရှိသောကြောင့် သကမ္မကဓာတ် မည်၏။

တစ်နည်း ဓာတ် ၂-ပါး

တစ်နည်းကား ဧကန္တဓာတ်, နာမဓာတ်အားဖြင့် နှစ်ပါးအပြား ရှိ၏။ ထိုတွင်–

၁။ စင်စစ်ကြိယာကို ဟောသောဓာတ်သည် **ဧကန္တဓာတ်** မည်၏။ ပြယုဂ်ကား 'သုခံ သယတိ' တည်း။ ဤ၌ 'သိ' ဓာတ်သည် စင်စစ်ကြိယာကို ဟောသောကြောင့် ဧကန္တဓာတ် မည်၏။

၂။ နာမ်ဖြစ်လျက် ဓာတ်၏အနက်ကို ဟောတတ်သောပစ္စည်းနှင့်ယှဉ်သည် ဖြစ်၍ ဓာတ်၏သဘောဖြစ်သော ဓာတ်သည် **နာမဓာတ်** မည်၏။ ပြယုဂ်ကား "ပဗ္ဗတာယတိ"တည်း။ ဤ၌ 'ပဗ္ဗတ' သဒ္ဒါသည် နာမ်ဖြစ်လျက် ဓာတ်၏အနက်

http://www.dhammadownload.com

ကို ဟောတတ်သော အာယပစ္စည်းနှင့်ယှဉ်သည်ဖြစ်၍ ဓာတ်၏သဘောရှိသော ကြောင့် နာမဓာတ် မည်၏။

ဓာတ် ၃ပါး

တစ်နည်းကား အကမ္မကဓာတ်, ဧကကမ္မကဓာတ်, ဒွိကမ္မကဓာတ်အားဖြင့် သုံးပါးအပြားရှိ၏။ ထိုတွင်–

၁။ ကံ မရှိသောဓာတ်သည် **အကမ္မကဓာတ်** မည်၏။ ပြယုဂ်ကား "သုခံ သယတိ" တည်း။ ဤ၌ 'သိ' ဓာတ်သည် ကံ မရှိသောကြောင့် အကမ္မကဓာတ် မည်၏။

၂။ ကံ တစ်ခုသာရှိသော ဓာတ်သည် **ဧကကမ္မကဓာတ်** မည်၏။ ပြယုဂ် ကား "ပုရိသော ဩဒနံ ပစတိ"တည်း။ ဤ၌ 'ပစ' ဓာတ်သည် ဩဒနံဟူသော ကံတစ်ခုသာ ရှိသောကြောင့် ဧကကမ္မကဓာတ် မည်၏။

၃။ ကံ နှစ်ခုသာရှိသော ဓာတ်သည် **ဒွိကမ္မကဓာတ်** မည်၏။ ပြယုဂ်ကား "အဇပါလော အဇံ ဂါမံ နေတိ၊ ဂေါပါလော ဂါဝိံ ခီရံ ဒုဟတိ"တည်း။

ဤ၌ 'နီ' ဓာတ်သည် အဇံဟူသော, ဂါမံဟူသော ကံနှစ်ခု ရှိသောကြောင့် ဒွိကမ္မကဓာတ် မည်၏။ ထိုနှစ်ပါးသော ကံတို့တွင် 'အဇံ' ဟူသော ကံသည် ဆောင်ခြင်းကြိယာဖြင့် အလိုရှိအပ်သောကြောင့် **ပဓာနကံ** မည်၏။ 'ဂါမံ' ဟူ သောကံသည် ဆောင်ခြင်းကြိယာဖြင့် အလိုမရှိအပ်သောကြောင့် **အပ္ပဓာနကံ** မည်၏။

ဒုဟဓာတ်သည် ဂါဝိံဟူသော, ခီရံဟူသော ကံနှစ်ခုရှိသောကြောင့် **ဒွိကမ္မက ဓာတ်** မည်၏။ ထိုနှစ်ပါးသောကံတို့တွင် 'ခီရံ'ဟူသောကံသည် ညှစ်ခြင်းကြိယာ ဖြင့် အလိုရှိအပ်သောကြောင့် **ပဓာနကံ** မည်၏။ 'ဂါဝိ'ဟူသော ကံသည် ညှစ် ခြင်းကြိယာဖြင့် အလိုမရှိအပ်သောကြောင့် **အပ္ပဓာနကံ** မည်၏။

http://www.dhammadownload.com

ကာရိုက်ပစ္စည်းနှင့် ယှဉ်သောဓာတ်

ကာရိုက်ပစ္စည်းနှင့် ယှဉ်သည်ရှိသော် အကမ္မကဓာတ်သည် **ဧကကမ္မကဓာတ်** မည်၏။ ပြယုဂ်ကား "သာမိကော ပုရိသံ သယာပေတိ"တည်း။ ဧကကမ္မကဓာတ်သည် **ဒ္ဝိကမ္မကဓာတ်** ဖြစ်၏။ ပြယုဂ်ကား "သာမိကော ပုရိသံ ဩဒနံ ပစာပေတိ"တည်း။

ဤ၌ 'ပုရိသံ' ဟူသော ကံသည် ကာရိုက်ဏာပေ ပစ္စည်း၏ ကံဖြစ်သောကြောင့် **ကာရိုက်ကံ** မည်၏။ 'ဩဒနံ'ဟူသောကံသည် ပစဓာတ်၏ကံဖြစ်သောကြောင့် **ဓာတ်ကံ** မည်၏။

ဒ္ဝိကမ္မကဓာတ်သည် **တိကမ္မကဓာတ်** ဖြစ်၏။ ပြယုဂ်ကား "သာမိကော အဇပါလံ အဇံ ဂါမံ နယာပေတိ, သာမိကော ဂေါပါလံ ဂါဝိံ ခီရံ ဒုဟာပေတိ"တည်း။

ဤ၌ 'အဇပါလံ' ဟူသောကံသည် ကာရိုက်ဏာပေ ပစ္စည်း၏ကံဖြစ်သောကြောင့် **ကာရိုက်ကံ** မည်၏။ 'အဇံ'ဟူသော 'ဂါမံ'ဟူသောကံသည် နီဓာတ်၏ကံဖြစ်သောကြောင့် **ဓာတ်ကံ** မည်၏။ 'ဂေါပါလံ'ဟူသောကံသည် ကာရိုက်ဏာပေ ပစ္စည်း၏ ကံဖြစ်သောကြောင့် **ကာရိုက်ကံ** မည်၏။ 'ဂါဝိ"ဟူသော 'ခီရံ'ဟူသောကံသည် ဒုဟဓာတ်၏ ကံဖြစ်သောကြောင့် **ဓာတ်ကံ** မည်၏။

ဧကကမ္မကစသောဓာတ်တို့၏ဝုတ္တကံ

ကံဟော အာချာတ်သည် ဧကကမ္မကဓာတ်၌ ထိုကံကို ဟော၏။ ပြယုဂ်ကား "ပုရိသေန ဩဒနော ပစ္စတေ"တည်း။

ဒ္ဝိကမ္မကဓာတ်၌ နီအစရှိသော ဓာတ်တို့၏ ပဓာနကံကို ဟော၏။ ပြယုဂ်ကား "အဇပါလေန အဇော ဂါမံ နီယတေ"တည်း။ ဒုဟ အစရှိသောဓာတ်တို့၏ အပဓာနကံကို ဟော၏။ ပြယုဂ်ကား "ဂေါပါလေန ဂါဝီ ခီရံ ဒုယ္ဟတေ"တည်း။

ကာရိုက်ပစ္စည်းနှင့် ယှဉ်သည်ဖြစ်အံ့၊ ကာရိုက်ကံကိုငင်း, ဓာတ်ကံကိုငင်း

http://www.dhammadownload.com

ဟောတ်။ ပြယုဂ်ကား "သာမိကေန ပုရိသော ဩဒနံ ပစာပီယတေ၊ သာမိကေန ပုရိသံ ဝါ ဩဒနော ပစာပီယတေ၊ သာမိကေန အဇပါလော အဇံ ဂါမံ နယာပီယတေ၊ သာမိကေန အဇပါလံ ဝါ အဇော ဂါမံ နယာပီယတေ၊ သာမိကေန ဂေါပါလော ဂါဝိံ ခီရံ ဒုဟာပီယတေ၊ သာမိကေန ဂေါပါလံ ဝါ ဂါဝီ ခီရံ ဒုဟာပီယတေ" အစရှိသည်တည်း။

ဓာတ် ၅-ပါး

တစ်နည်းကား အကမ္မကဓာတ်, ဧကကမ္မကဓာတ်, ဒွိကမ္မကဓာတ်, အကမ္မကဧကကမ္မကဓာတ်, ဧကကမ္မကဒွိကမ္မကဓာတ် အားဖြင့် ငါးပါးအပြားရှိ၏။ ထိုတွင်–

ကံ မရှိသော ဓာတ်သည် **အကမ္မကဓာတ်** မည်၏။ ပြယုဂ်ကား "သုခံ သယတိ"တည်း။

ကံတစ်ခုတည်းသာရှိသော ဓာတ်သည် **ဧကကမ္မကဓာတ်** မည်၏။ ပြယုဂ်ကား "ပုရိသော ဩဒနံ ပစတိ"တည်း။

ကံနှစ်ခုရှိသော ဓာတ်သည် **ဒွိကမ္မကဓာတ်** မည်၏။ ပြယုဂ်ကား "အဇပါလော အဇံ ဂါမံ နေတိ၊ ဂေါပါလော ဂါဝိံ ခီရံ ဒုဟတိ"တည်း။

အချို့သောဓာတ်သည် ဥပသာရနှင့် မယှဉ်သောအခါ **ဧကကမ္မက**ဓာတ် ဖြစ်လျက် ယှဉ်သောအခါ **အကမ္မက**ဓာတ် ဖြစ်၏။ ပြယုဂ်ကား "ဂါမံ ဂစ္ဆတိ ပုရိသော၊ ရာဇာ ပုရာ နိဂစ္ဆတိ"တည်း။

အချို့သောဓာတ်သည် ဥပသာရနှင့် မယှဉ်သောအခါ အကမ္မကဓာတ်ဖြစ်လျက် ယှဉ်သောအခါ **ဧကကမ္မက**ဓာတ် ဖြစ်၏။ ပြယုဂ်ကား "ရူပံ ဘဝတိ ဂ္ဂတ္ထိယာ၊ သုခံ အနုဘဝတိ ပုညဝါ"တည်း။

အချို့သောဓာတ်သည် ဥပသာရနှင့် ယှဉ်သော်ငှင်း၊ မယှဉ်သော်ငှင်း **အကမ္မက**ဓာတ် ဖြစ်၏။ ပြယုဂ်ကား "တိဋ္ဌတိ ပုရိသော ဂါမေ၊ လက်ာဒီပေ ပတိဋ္ဌာတိ သာသနံ"တည်း။

http://www.dhammadownload.com

အချို့သောဓာတ်သည် ဥပသာရန္ဒင့် ယှဉ်သော်ငင်း၊ မယှဉ်သော်ငင်း **ဧကကမ္မက**ဓာတ် ဖြစ်၏။ ပြယုဂ်ကား "ရဇ္ဇံ သရတိ နရိန္ဒော၊ ဓမ္မံ အနုဿရတိ သဇ္ဇနော" တည်း။

အချို့သောဓာတ်သည် ဘူဝါဒိဂိုဏ်းနှင့် ယှဉ်သောအခါ **ဧကကမ္မက**ဓာတ် ဖြစ်လျက် ဒိဝါဒိဂိုဏ်းနှင့် ယှဉ်သောအခါ **အကမ္မက**ဓာတ် ဖြစ်၏။ ပြယုဂ်ကား "ပစတိ သြဒနံ သူဒေါ၊ နရော ပစ္စတိ နိရယေ"တည်း။

အချို့သောဓာတ်သည် ရုဓာဒိဂိုဏ်းနှင့် ယှဉ်သောအခါ **ဧကကမ္မက**ဓာတ် ဖြစ်လျက် ဒိဝါဒိဂိုဏ်းနှင့် ယှဉ်သောအခါ **အကမ္မက**ဓာတ် ဖြစ်၏။ ပြယုဂ်ကား "ပါကာရံ ဘိန္ဒတိ ဝေရီ၊ ဘိတ္တိ ဘိဇ္ဇတိ တခ်ဏေ"တည်း။

အချို့သောဓာတ်သည် အာရုံထူးသောအားဖြင့် **အကမ္မကဧကကမ္မက**ဓာတ် ဖြစ်၏။ ပြယုဂ်ကား "ဂါမေ စရန္တိ မုနယော၊ စရန္တိ သဇ္ဇနာ ဓမ္မံ"တည်း။

အချို့သောဓာတ်သည် အနက်ထူးသောအားဖြင့် **ဧကကမ္မက အကမ္မက**ဓာတ်ဖြစ်၏။ ပြယုဂ်ကား "သုရာ ဒိဗ္ဗန္တိ ဝေရိနံ၊ ဒိဗ္ဗန္တိ ကာမဂုဏေဟိ" အစရှိသည်တည်း။

အချို့သောဓာတ်သည် နိပါတ်ပုဒ် ဥပသာရပုဒ်နှင့် မယှဉ်သော်ငင်း၊ ယှဉ်သော်ငင်း **ဧကကမ္မက**ဓာတ် ဖြစ်၏။ ပြယုဂ်ကား "မတံ ဝါ အမ္မ ရောဒန္တိ၊ ယော ဝါ ဇီဝံ န ဒိဿတိ"တည်း။

အချို့သောဓာတ်သည် နိပါတ်ပုဒ် ဥပသာရပုဒ်နှင့် မယှဉ်သော်ငင်း၊ ယှဉ်သော်ငင်း **အကမ္မက**ဓာတ် ဖြစ်၏။ ပြယုဂ်ကား "ဣဓ နန္ဒတိ ပေစ္စ နန္ဒတိ"တည်း။

အချို့သောဓာတ်သည် ဥပသာရန္ဒင့် မယှဉ်သောအခါ **ဧကကမ္မက**ဓာတ် ဖြစ်လျက် ဥပသာရန္ဒင့် ယှဉ်သောအခါ **ဒွိကမ္မက**ဓာတ် ဖြစ်၏။ ပြယုဂ်ကား "ဘိရတိ မာတရံ ပုတ္တော၊ အာဘတာ ဝဏ္ဏနာယိမံ"တည်း။

အချို့သောဓာတ်သည် ကိယာဒိဂိုဏ်းနှင့် ယှဉ်သောအခါ **ဧကကမ္မက**

http://www.dhammadownload.com

ဓာတ်ဖြစ်လျက် သွာဒိဂိုဏ်းနှင့် ယှဉ်သောအခါ **ဒွိကမ္မက**ဓာတ် ဖြစ်၏။ ပြယုဂ်ကား "ပုညံ စိနာတိ ပုရိသော၊ ပါကာရံ ဣဋ္ဌကံ စိနောတိ ဝမ္မုကီ"တည်း။

အချို့သောဓာတ်သည် အနက်ထူးသောအားဖြင့် **ဧကကမ္မကဒွိကမ္မက**ဓာတ် ဖြစ်၏။ ပြယုဂ်ကား "ဟိတံ နာထတိ ဘိက္ခူနံ၊ ဘိက္ခူ ပဋိပတ္တိံ နာထတိ"တည်း။

အချို့သောဓာတ်သည် ပယောဂထူးသောအားဖြင့် **ဧကကမ္မကဒွိကမ္မက**ဓာတ်ဖြစ်၏။ ပြယုဂ်ကား "ဘဏတိ ဓမ္မံ ဘိက္ခူနံ၊ ယံ မံ ဘဏတိ သာရထိ" အစရှိသည်တည်း။

ဧကဂဏိကစသော ဓာတ် ၄-ပါး

တစ်နည်းကား ဧကဂဏိကဓာတ်, ဒွိဂဏိကဓာတ်, တိဂဏိကဓာတ်, စတုဂ္ဂဏိကဓာတ် အားဖြင့် လေးပါးအပြားရှိ၏။ ထိုတွင်–

တစ်ဂိုဏ်းနှင့်ယှဉ်သောဓာတ်သည် **ဧကဂဏိက**ဓာတ် မည်၏။ ပြယုဂ်ကား "ဘဝတိ" အစရှိသည်၌ ဘူဓာတ် အစရှိသည်တည်း။ နှစ်ဂိုဏ်းနှင့်ယှဉ်သော ဓာတ်သည် **ဒွိဂဏိက**ဓာတ် မည်၏။ ပြယုဂ်ကား "သောဘတိ၊ သုမ္ဘတိ" အစရှိသည်၌ သုဘဓာတ် အစရှိသည်တည်း။ သုံးဂိုဏ်းနှင့်ယှဉ်သော ဓာတ်သည် **တိဂဏိက**ဓာတ် မည်၏။ ပြယုဂ်ကား "ဟိံသတိ၊ ဟိံသေတိ၊ ဟိံသယတိ" အစရှိသည်၌ ဟိံသဓာတ် အစရှိသည်တည်း။ လေးဂိုဏ်းနှင့်ယှဉ်သော ဓာတ်သည် **စတုဂ္ဂဏိက**ဓာတ် မည်၏။ ပြယုဂ်ကား "ဝိဒတိ၊ ဝိန္ဒတိ၊ ဝိဇ္ဇတိ၊ ဝေဒေတိ၊ ဝေဒယတိ" အစရှိသည်၌ ဝိဒဓာတ် အစရှိသည်တည်း။

ဧကဂဏိကဓာတ် ၈-ပါး

ထိုဓာတ်လေးပါးတို့တွင် ဧကဂဏိကဓာတ်သည်လည်း ဘူဝါဒိဂဏိကဓာတ်, ရုဓာဒိ, ဒိဝါဒိ, သွာဒိ, ကိယာဒိ, ဂဟာဒိ, တနာဒိ, စုရာဒိဂဏိကဓာတ်အားဖြင့် ရှစ်ပါးအပြားရှိ၏။ ထိုတွင်–

http://www.dhammadownload.com

၁။ "ဘူဝါဒိတော အ"ဟူသော သုတ်ဖြင့် 'အ'ပစ္စည်း သက်၍ ပြီးကောင်းသော ဘဝတိ အစရှိသည်၌ 'ဘူ'ဓာတ် အစရှိသည်ကား **ဘူဝါဒိဂဏိကဓာတ်** မည်၏။

၂။ "ရုဓာဒိတော နိဂ္ဂဟီတပုဗ္ဗဉ္စ"ဟူသောသုတ်ဖြင့် 'အ'ပစ္စည်းလည်းသက်၊ ရှေ့၌လည်း နိဂ္ဂဟိတ်လာ၍ ပြီးကောင်းသော 'ရုန္ဓတိ' အစရှိသည်၌ 'ရုဓ'ဓာတ် အစရှိသည်ကား **ရုဓာဒိဂဏိကဓာတ်** မည်၏။

၃။ "ဒိဝါဒိတော ယော"ဟူသောသုတ်ဖြင့် 'ယ'ပစ္စည်း သက်၍ ပြီးကောင်းသော 'ဒိဗ္ဗတိ' အစရှိသည်၌ 'ဒိဝု'ဓာတ် အစရှိသည်ကား **ဒိဝါဒိဂဏိကဓာတ်** မည်၏။

၄။ "သွာဒိတော ဏုဏာဥဏာ စ"ဟူသော သုတ်ဖြင့် 'ဏု'ပစ္စည်း 'ဏာ'ပစ္စည်း 'ဥဏာ'ပစ္စည်းသက်၍ ပြီးကောင်းသော 'အဘိသုဏောတိ'အစရှိသည်၌ 'သု'ဓာတ် အစရှိသည်ကား **သွာဒိဂဏိကဓာတ်** မည်၏။

၅။ "ကိယာဒိတော နာ"ဟူသော သုတ်ဖြင့် 'နာ'ပစ္စည်းသက်၍ ပြီးကောင်းသော 'ကိဏာတိ' အစရှိသည်၌ 'ကီ'ဓာတ် အစရှိသည်ကား **ကိယာဒိဂဏိကဓာတ်** မည်၏။

၆။ 'ဂဟာဒိတော ပွဏာ"ဟူသောသုတ်ဖြင့် 'ပွ'ပစ္စည်း, 'ဏာ'ပစ္စည်း သက်၍ ပြီးကောင်းသော 'ယေပွတိ, ဂဏာတိ' အစရှိသည်၌ 'ဂဟ'ဓာတ် အစရှိသည်ကား **ဂဟာဒိဂဏိကဓာတ်** မည်၏။

၇။ "တနာဒိတော ဩယိရာ" ဟူသော သုတ်ဖြင့် 'ဩ'ပစ္စည်း 'ယိရ'ပစ္စည်းသက်၍ ပြီးကောင်းသော 'တနောတိ' အစရှိသည်၌ 'တနု'ဓာတ် အစရှိသည်ကား **တနာဒိဂဏိကဓာတ်** မည်၏။

၈။ "စုရာဒိတော ဏော ဏယာ"ဟူသော သုတ်ဖြင့် 'ဏော'ပစ္စည်း 'ဏယ'ပစ္စည်းသက်၍ ပြီးကောင်းသော 'စောရေတိ, စောရယတိ' အစရှိသည်၌ 'စုရ'ဓာတ် အစရှိသည်ကား **စုရာဒိဂဏိကဓာတ်** မည်၏။

http://www.dhammadownload.com

ဒွိဂဏိကဓာတ် ၁၁-ပါး

ဒွိဂဏိကဓာတ်သည်လည်း ဘူဝါဒိရူဓာဒိဂဏိကဓာတ်, ဘူဝါဒိဒိဝါဒိဂဏိကဓာတ်, ဘူဝါဒိသွာဒိဂဏိကဓာတ်, ဘူဝါဒိကိယာဒိဂဏိကဓာတ်, ဘူဝါဒိဂဟာဒိဂဏိကဓာတ်, ဘူဝါဒိတနာဒိဂဏိကဓာတ်, ဘူဝါဒိစုရာဒိဂဏိကဓာတ်, ရုဓာဒိ-ဒိဝါဒိဂဏိကဓာတ်, ဒိဝါဒိစုရာဒိဂဏိကဓာတ်, သွာဒိကိယာဒိဂဏိကဓာတ်, သွာဒိတနာဒိဂဏိကဓာတ်အားဖြင့် တစ်ဆယ့်တစ်ပါးအပြားရှိ၏။ ထိုတွင်–

၁။ "ဘူဝါဒိတော အ"ဟူသောသုတ်ဖြင့် 'အ'ပစ္စည်း သက်၍ 'သောဘတိ' ဟူ၍ငင်း၊ 'ရုဓာဒိတော နိဂ္ဂဟီတပုဗ္ဗဒ္ဓ' ဟူသော သုတ်ဖြင့် 'အ'ပစ္စည်း လည်း သက်၊ ရှေ့၌လည်း နိဂ္ဂဟိတ်လာ၍ 'သုမ္ဘတိ'ဟူ၍ငင်း ပြီးကောင်းသော 'သုဘ' ဓာတ် အစရှိသည်ကား **ဘူဝါဒိရူဓာဒိဂဏိက**ဓာတ် မည်၏။

၂။ ဤအတူ နှစ်သုတ် နှစ်သုတ်တို့ဖြင့် ပစ္စည်းသက်၍ နှစ်ရုပ်နှစ်ရုပ်တို့ဖြင့် ပြီးကောင်းသော 'ဗောဓတိ၊ ဗုဇ္ဈတိ' အစရှိသည်၌ 'ဗုဓ'ဓာတ် အစရှိသည်ကား **ဘူဝါဒိ ဒိဝါဒိဂဏိက**ဓာတ် မည်၏။

၃။ 'ဂါယတိ၊ ဂိနောတိ၊ ဂိနာတိ' အစရှိသည်၌ 'ဂေ'ဓာတ် အစရှိသည်ကား **ဘူဝါဒိသွာဒိဂဏိက**ဓာတ် မည်၏။

၄။ 'ဇယတိ၊ ဇိနာတိ'အစရှိသည်၌ 'ဇိ'ဓာတ်အစရှိသည်ကား **ဘူဝါဒိကိယာဒိဂဏိက**ဓာတ် မည်၏။

၅။ 'ဂဟတိ၊ ဃေပ္ပတိ၊ ဂဏှာတိ'အစရှိသည်၌ 'ဂဟ'ဓာတ်အစရှိသည်ကား **ဘူဝါဒိဂဟာဒိဂဏိက**ဓာတ် မည်၏။

၆။ 'ဇာဂရတိ၊ ဇာဂရောတိ' အစရှိသည်၌ 'ဇာဂရ' ဓာတ် အစရှိသည်ကား **ဘူဝါဒိတနာဒိဂဏိက**ဓာတ် မည်၏။

၇။'တေဇတိ၊ တေဇေတိ၊ တေဇယတိ'အစရှိသည်၌ 'တိဇ'ဓာတ်အစရှိသည်ကား **ဘူဝါဒိစုရာဒိဂဏိက**ဓာတ် မည်၏။

http://www.dhammadownload.com

၈။ 'မုဋ္ဌတိ၊ မုစ္ဆတိ' အစရှိသည်၌ 'မုစ'ဓာတ် အစရှိသည်ကား **ရုဓာဒိဒိဝါဒိဂဏိကဓာတ်မည်၏**။

၉။ 'ရုပ္ပတိ၊ ရူပေတိ၊ ရူပယတိ' အစရှိသည်၌ 'ရူပ'ဓာတ် အစရှိသည်ကား **ဒိဝါဒိစုရာဒိဂဏိကဓာတ် မည်၏**။

၁၀။ 'ကိဏောတိ၊ ကိဏာတိ' အစရှိသည်၌ 'ကီ'ဓာတ် အစရှိသည်ကား **သ္ဓာဒိကိယာဒိဂဏိကဓာတ် မည်၏**။

၁၁။ 'သက္ကုဏောတိ၊ သက္ကောတိ' အစရှိသည်၌ 'သက'ဓာတ် အစရှိသည်ကား **သ္ဓာဒိတနာဒိဂဏိကဓာတ် မည်၏**။

တိဂဏိကဓာတ် ၇-ပါး

တိဂဏိကဓာတ်သည်လည်း ဘူဝါဒိရုဓာဒိစုရာဒိဂဏိကဓာတ်, ဘူဝါဒိ ဒိဝါဒိသ္ဓာဒိ, ဘူဝါဒိ ဒိဝါဒိကိယာဒိ, ဘူဝါဒိ ဒိဝါဒိစုရာဒိ, ဘူဝါဒိ သ္ဓာဒိ ကိယာဒိ, ဘူဝါဒိ ကိယာဒိစုရာဒိ, ရုဓာဒိ ဒိဝါဒိ စုရာဒိဂဏိကဓာတ် အားဖြင့် ခုနစ်ပါး အပြားရှိ၏။ ထိုတွင်–

၁။ "ဘူဝါဒိတော အ" ဟူသောသုတ်ဖြင့် 'အ'ပစ္စည်းသက်၍ 'ဟိ'သတိ'ဟူ၍ဂင်း၊ "ရုဓာဒိတော နိဂ္ဂဟီတပုဗ္ဗဉ္စ" ဟူသောသုတ်ဖြင့် 'အ'ပစ္စည်းလည်းသက်, ရှေ့၌လည်း နိဂ္ဂဟိတ်လာ၍ 'ဟိ'သတိ'ဟူ၍ဂင်း၊ "စုရာဒိတော ဏေဏယာ"ဟူသောသုတ်ဖြင့် 'ဏေ'ပစ္စည်း 'ဏယ'ပစ္စည်းသက်၍ 'ဟိ'သေတိ၊ ဟိ'သယတိ'ဟူ၍ဂင်း ပြီးကောင်းသော 'ဟိ'သ'ဓာတ် အစရှိသည်ကား **ဘူဝါဒိရုဓာဒိစုရာဒိဂဏိကဓာတ်မည်၏**။

၂။ ဤအတူ သုံးသုတ် သုံးသုတ်တို့ဖြင့် ပစ္စည်းသက်၍ သုံးရုပ် သုံးရုပ်တို့ဖြင့် ပြီးကောင်းသော "သဝတိ၊ သုယျတိ၊ သုဏောတိ၊ သုဏာတိ'အစရှိသည်၌ 'သု'ဓာတ် အစရှိသည်ကား **ဘူဝါဒိဒိဝါဒိသ္ဓာဒိဂဏိကဓာတ် မည်၏**။

၃။ 'ကိလိသတိ၊ ကိလိဿတိ၊ ကိလိသ္နာတိ' အစရှိသည်၌ 'ကိလိသ'ဓာတ် အစရှိသည်ကား **ဘူဝါဒိ ဒိဝါဒိကိယာဒိဂဏိကဓာတ် မည်၏**။

http://www.dhammadownload.com

၄။ 'ရောစတိ၊ ရုစ္စတိ၊ ရောစေတိ၊ ရောစယတိ' အစရှိသည်၌ 'ရုစ'ဓာတ် အစရှိသည်ကား **ဘူဝါဒိ ဒိဝါဒိ စုရာဒိဂဏိကဓာတ်** မည်၏။

၅။ 'သယတိ၊ သိဏောတိ၊ သိနာတိ' အစရှိသည်၌ 'သိ'ဓာတ် အစရှိသည်ကား **ဘူဝါဒိ သွာဒိ ကိယာဒိဂဏိကဓာတ်** မည်၏။

၆။ 'ပေါသတိ၊ ပုသ္ဆာတိ၊ ပေါသေတိ၊ ပေါသယတိ'အစရှိသည်၌ 'ပုသ' ဓာတ် အစရှိသည်ကား **ဘူဝါဒိ ကိယာဒိ စုရာဒိဂဏိက**ဓာတ် မည်၏။

၇။ 'ဆိန္ဒတိ၊ ဆိဒ္ဓတိ၊ ဆေဒေတိ၊ ဆေဒယတိ' အစရှိသည်၌ 'ဆိဒိ'ဓာတ် အစရှိသည်ကား **ရုဓာဒိ ဒိဝါဒိစုရာဒိဂဏိက**ဓာတ် မည်၏။

စတုဂ္ဂဏိကဓာတ် ၂-ပါး

စတုဂ္ဂဏိကဓာတ်သည်လည်း ဘူဝါဒိ ရုဓာဒိ ဒိဝါဒိ စုရာဒိဂဏိကဓာတ်, ဘူဝါဒိ ဒိဝါဒိ သွာဒိကိယာဒိဂဏိကဓာတ်အားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုတွင်–

၁။ "ဘူဝါဒိတော အ"ဟူသောသုတ်ဖြင့် 'အ'ပစ္စည်း သက်၍ 'ဝိဒတိ' ဟူ၍ ၄င်း၊ "ရုဓာဒိတော နိဂ္ဂဟီတပုဗ္ဗဿ" ဟူသောသုတ်ဖြင့် 'အ' ပစ္စည်းလည်း သက်, ရှေ့၌လည်း နိဂ္ဂဟိတ်လာ၍ ဝိန္ဒတိဟူ၍၄င်း၊ "ဒိဝါဒိတော ယော"ဟူသောသုတ် ဖြင့် 'ယ' ပစ္စည်းသက်၍ 'ဝိဒ္ဓတိ' ဟူ၍၄င်း၊ 'စုရာဒိတော ဏောဏယာ" ဟူသော သုတ်ဖြင့် 'ဏော'ပစ္စည်း 'ဏယ' ပစ္စည်း သက်၍ 'ဝေဒေတိ၊ ဝေဒယတိ'ဟူ၍၄င်း ပြီးကောင်းသော 'ဝိဒ'ဓာတ် စသည်ကား **ဘူဝါဒိ ရုဓာဒိ ဒိဝါဒိစုရာဒိ ဂဏိက**ဓာတ် မည်၏။

၂။ ဤအတူ လေးသုတ်လေးသုတ်တို့ဖြင့် သက်၍ လေးရုပ်လေးရုပ်တို့ဖြင့် ပြီးကောင်းသော 'ဒဝတိ၊ ဒုယျတိ၊ ဒုနောတိ၊ ဒုနာတိ' အစရှိသည်၌ 'ဒု'ဓာတ် အစရှိသည်ကား **ဘူဝါဒိဒိဝါဒိသွာဒိကိယာဒိဂဏိက**ဓာတ် မည်၏။

အာချာတ်ပုဒ်စစ် ပြီး၏။ ။

http://www.dhammadownload.com

၇-ကိတ်ပုဒ်စစ်

ကိတ်

"သိဿာနံ ကဒ် ကိရတိ အပနေတီတိ ကိတံ" ဟူသော ဝစနတ္ထနှင့်အညီ တပည့်သားတို့၏ ယုံမှားခြင်းကို ဖျောက်တတ်သောဓာတ်နှင့် ပစ္စည်းချဉ်း၍ ကိတ်ပြီးလတ်သော် ဝါကျအနက်အတွင်း ငုပ်, မငုပ်သောနာမ်သည် **ကိတ်နာမ်** မည်၏။

ကိတ် ၂-ပါး

ထိုကိတ်နာမ်သည်လည်း "သိဿာနံ ကဒ် ကိရတိ အပနေတီတိ ကိတံ" ဟူသော ဝစနတ္ထနှင့်အညီ ငုပ်, မငုပ်သော သာမညလက္ခဏာအားဖြင့် တစ်ပါးသာ၊ ဝိသေသလက္ခဏာ အားဖြင့်သော်ကား ကိစ္စကိတ်, ကိတကိတ် အားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုတွင်–

ကိစ္စကိတ်

တဗ္ဗ, အနီယ, ဏ္ဍ, တေယျ, ရိစ္စ ဤငါးပစ္စည်း အဆုံးရှိသော ကိတ်သည် **ကိစ္စကိတ်** မည်၏။ ပြယုဂ်ကား "ကတ္တဗ္ဗံ၊ ကရဏီယံ၊ ကာရိယံ၊ ဉာတေယျံ၊ ကိစ္စံ" အစရှိသည်တည်း။

ကိတကိတ်

တဗ္ဗ, အနီယ, ဏ္ဍ, တေယျ, ရိစ္စ ဤငါးပစ္စည်းမှ ကြွင်းသော 'ဏ' အစရှိသော ပစ္စည်းအဆုံးရှိသော ကိတ်သည် **ကိတကိတ်** မည်၏။ ပြယုဂ်ကား "ကမ္မံ ကရောတီတိ ကမ္မကာရော"အစရှိသည်တည်း။

ကိတ် ၃-ပါး

တစ်နည်းကား ကိစ္စကိတ်, ကိတကိတ်, ကိစ္စကိတကိတ် အားဖြင့် သုံးပါးအပြားရှိ၏။ ထိုတွင်–

http://www.dhammadownload.com

ကိစ္စကိတ်

၁။ ဘော, ကံအနက်ကို ဟောသော တဗ္ဗ, အနီယ, ဏ္ဍ, တေယျ, ရိစ္စ ဤငါးပစ္စည်း အဆုံးရှိသော ကိတ်သည် **ကိစ္စကိတ်**မည်၏။ ပြယုဂ်ကား "ကတ္တဗ္ဗံ၊ ကရဏီယံ၊ ကာရိယံ၊ ဉာတေယျံ၊ ကိစ္စံ"တည်း။

ကိတကိတ်

၂။ ကတ္တားအနက်ကို ဟောသော တဗ္ဗ, အနီယ, ဏ္ဍ, တေယျ, ရိစ္စ ဤငါးပစ္စည်းမှ ကြွင်းသော 'ဏ' အစရှိသော ပစ္စည်းအဆုံးရှိသော ကိတ်သည် **ကိတကိတ်** မည်၏။ ပြယုဂ်ကား "ကမ္မံ ကရောတီတိ ကမ္မကာရော"တည်း။

ကိစ္စကိတကိတ်

၃။ ဘော, ကံအနက်ကိုလည်း ဟော၊ ကတ္တားအနက်ကိုလည်း ဟောသော တဗ္ဗ, အနီယ, ဏ္ဍ, တေယျ, ရိစ္စ ဤငါးပစ္စည်းမှ ကြွင်းသော 'တ' အစရှိသော ပစ္စည်းအဆုံးရှိသော ကိတ်သည် **ကိစ္စကိတကိတ်** မည်၏။ ပြယုဂ်ကား "ဗုဇ္ဈနံ ဗုဒ္ဓံ, ဗုဇ္ဈိတဗ္ဗန္တိ ဗုဒ္ဓံ, ဗုဇ္ဈတီတိ ဗုဒ္ဓေါ" အစရှိသည်တည်း။

သာဓန ၇-ပါး

တစ်နည်းကား ကတ္တုသာဓန, ကမ္မ, ကရဏ, သမ္ပဒါန, အပါဒါန, အဓိကရဏ, ဘာဝသာဓနအားဖြင့် ခုနစ်ပါးအပြားရှိ၏။ ထိုတွင်–

ကတ္တုသာဓန

၁။ 'တတ်'ဟူ၍ ပေးအပ်သော ကိတ်ပြီးလတ်သော် ဝါကျအခိုက်၌ရှိသော ကတ္တားကို ဟောသောသာဓနသည် **ကတ္တုသာဓန** မည်၏။ ပြယုဂ်ကား "ဗုဇ္ဈတီတိ ဗုဒ္ဓေါ၊ ဗျဉ္ဇီယတိ အတ္ထော ဧတေဟီတိ ဗျဉ္ဇနာ"တည်း။ ယော ဘဂဝါ၊ သည်။ သဗ္ဗဓမ္မေ၊ ခပ်သိမ်းကုန်သော တရားတို့ကို။ ဗုဇ္ဈတိ၊ သိတော်မူတတ်၏။ ဣတိ တသ္မာ၊ ထိုသို့သိတော်မူတတ်သောကြောင့်။ သောဘဂဝါ၊ ထိုမြတ်စွာဘုရား

http://www.dhammadownload.com

သည်။ ဗုဒ္ဓေါ၊ ဗုဒ္ဓမည်တော်မူ၏။ ဧတေဟိ အက္ခရေဟိ၊ ထိုအက္ခရာတို့သည်။ အတ္ထော၊ အနက်ကို။ ဗျဉ္ဇီယတိ၊ ပြအပ်၏။ ဣတိတသ္မာ၊ ထိုသို့ပြတတ်သော သတ္တိကြောင့်။ တေအက္ခရာ၊ တို့သည်။ ဗျဉ္ဇနာ၊ ဗျည်းမည်ကုန်၏။

ဤပြယုဂ်တို့၌ 'ဗုဒ္ဓေါ'ဟူသော သာဓနသည် ဗုဓဓာတ် တပစ္စည်း၊ ထို 'တ' ပစ္စည်းသည် 'ဗုဒ္ဓေါ'ဟု ကိတ်ပြီးလတ်သော် ဗုဇ္ဈတိဟူသော ဝါကျအခိုက်၌ ရှိသော 'ယော ဘဂဝါ'ဟူသော ကတ္တားကိုဟောသောကြောင့် ကတ္တုသာဓန မည်၏။ ဗျဉ္ဇနာဟူသော သာဓနသည် ဝိ ရှေ့ရှိသော အဉ္ဇုဓာတ် ယုပစ္စည်း၊ ထိုယုပစ္စည်းသည် ဗျဉ္ဇနာဟု ကိတ်ပြီးလတ်သော် ဗျဉ္ဇီယတိဟူသော ဝါကျအခိုက်၌ရှိသော 'ဧတေဟိ'ဟူသောကတ္တားကို ဟောသောကြောင့် ကတ္တုသာဓန မည်၏။

ကမ္မသာဓန

၂။ 'အပ်'ဟူ၍ ပေးအပ်သော ကိတ်ပြီးလတ်သော် ဝါကျအခိုက်၌ရှိသော ကံကို ဟောသော သာဓနသည် **ကမ္မသာဓန** မည်၏။ ပြယုဂ်ကား "ဗုဇ္ဈိတဗ္ဗံ ဉာတဗ္ဗန္တိ ဗုဒ္ဓံ၊ နိဿာယ နံ ဝသတီတိ နိဿယော"တည်း။ ယံဉာဏံ၊ အကြင်သဗ္ဗညုတဉာဏ်တော်ကို။ ဗုဇ္ဈိတဗ္ဗံ ဉာတဗ္ဗံ၊ သိအပ်၏။ ဣတိတသ္မာ၊ ထိုသို့သိအပ်သော သတ္တိကြောင့်။ တံဉာဏံ၊ သည်။ ဗုဒ္ဓံ၊ ၏။ နံ အာစရိယံ၊ ထိုဆရာကို။ နိဿာယ၊ မှီ၍။ ဝသတိ၊ နေတတ်၏။ ဣတိတသ္မာ၊ ထိုသို့မှီ၍ နေအပ်သော သတ္တိကြောင့်။ သော အာစရိယော၊ သည်။ နိဿယော၊ မည်၏။

ဤပြယုဂ်တို့၌ 'ဗုဒ္ဓံ'ဟူသော သာဓနသည် ဗုဓဓာတ် တပစ္စည်း၊ ထို 'တ' ပစ္စည်းသည် 'ဗုဒ္ဓံ'ဟု ကိတ်ပြီးလတ်သော် ဗုဇ္ဈိတဗ္ဗံဟူသော ဝါကျအခိုက်၌ရှိသော 'ယံ ဉာဏံ'ဟူသောကံကို ဟောသောကြောင့် ကမ္မသာဓန မည်၏။ နိဿယော ဟူသော သာဓနသည် နိ၌ရှိသော သိဓာတ် အပစ္စည်း၊ ထိုအပစ္စည်းသည် နိဿယောဟု ကိတ်ပြီးလတ်သော် ဝသတိဟူသော ဝါကျအခိုက်၌ရှိသော 'နံ အာစရိယံ' ဟူသော ကံကို ဟောသောကြောင့် ကမ္မသာဓန မည်၏။

http://www.dhammadownload.com

ကရဏသာဓန

၃။ 'ကြောင်း'ဟူ၍ပေးအပ်သော ကိတ်ပြီးလတ်သော် ဝါကျအခိုက်၌ရှိသော ကရိဏ်းကို ဟောသော သာဓနသည် **ကရဏသာဓန** မည်၏။ ပြယုဂ်ကား "ဝိနေတိ ဧတေနာတိ ဝိနယော"တည်း။ ဧတေန သိက္ခာပဒသမူဟေန၊ ဤ သိက္ခာပုဒ် အပေါင်းဖြင့်။ ဝိနေတိ၊ ဆုံးမတတ်၏။ ကွတိတသ္မာ၊ ထိုသို့ဆုံးမ ကြောင်းဖြစ်သောသတ္တိကြောင့်။ သော သိက္ခာပဒသမူဟော၊ သည်။ ဝိနယော၊ မည်၏။

ဤ 'ဝိနယော' ဟူသော သာဓနသည် ဝိရှေးရှိသောနီဓာတ် အပစ္စည်း၊ ထို 'အ' ပစ္စည်းသည် 'ဝိနယော'ဟု ကိတ်ပြီးလတ်သော် ဝိနေတိဟူသော ဝါကျ အခိုက်၌ရှိသော 'ဧတေန'ဟူသော ကရိဏ်းကို ဟောသောကြောင့် ကရဏ သာဓန မည်၏။

သမ္ပဒါနသာဓန

၄။ 'ရာ' ဟူ၍ ပေးအပ်သော ကိတ်ပြီးလတ်သော် ဝါကျအခိုက်၌ရှိသော သမ္ပဒါန်ကို ဟောသော သာဓနသည် **သမ္ပဒါနသာဓန** မည်၏။ ပြယုဂ်ကား "ဒါတဗ္ဗော အဿာတိ ဒါနီယော"တည်း။ အဿဘိက္ခုဿ၊ ထိုရဟန်းအား။ ဒါတဗ္ဗော၊ ၏။ ကွတိတသ္မာ၊ ထိုသို့ပေးရာဖြစ်သော သတ္တိကြောင့်။ သောဘိက္ခု၊ သည်။ ဒါနီယော၊ မည်၏။

ဤ 'ဒါနီယော' ဟူသော သာဓနသည် ဒါဓာတ် အနီယပစ္စည်း၊ ထိုအနီယ ပစ္စည်းသည် ဒါနီယောဟု ကိတ်ပြီးလတ်သော် ဒါတဗ္ဗောဟူသော ဝါကျအခိုက် ၌ရှိသော 'အဿ' ဟူသော သမ္ပဒါန်ကို ဟောသောကြောင့် သမ္ပဒါနသာဓန မည်၏။

အပါဒါနသာဓန

၅။ 'ရာ' ဟူ၍ ပေးအပ်သော ကိတ်ပြီးလတ်သော် ဝါကျအခိုက်၌ရှိသော အပါဒါန်ကိုဟောသော သာဓနသည် **အပါဒါနသာဓန** မည်၏။ ပြယုဂ်ကား

http://www.dhammadownload.com

"ပဘဝတိ ဧတသ္မာတိ ပဘဝေါ"တည်း။ ဧတသ္မာ ဟိမဝါဒိကာ၊ ထိုဟိမဝန္တာ အစရှိသည်မှ။ ပဘဝတိ၊ စီးတတ်၏။ ကွက်တိတသ္မာ၊ ထိုသို့စီးရာဖြစ်သော သတ္တိကြောင့်။ သော ဟိမဝါဒိကော၊ ထိုဟိမဝန္တာ အစရှိသည်သည်။ ပဘဝေါ၊ ပဘဝ မည်၏။

ဤ 'ပဘဝ' ဟူသော သာဓနသည် ပ ရှေ့ရှိသော ဘူဓာတ် အပစ္စည်း၊ ထိုအပစ္စည်းသည် ပဘဝေါဟု ကိတ်ပြီးလတ်သော် ပဘဝတိဟူသော ဝါကျ အခိုက်၌ရှိသော 'ဧတသ္မာ' ဟူသော အပါဒါန်ကို ဟောသောကြောင့် အပါဒါန သာဓန မည်၏။

အဓိကရဏသာဓန

၆။ 'ရာ' ဟူ၍ ပေးအပ်သော ကိတ်ပြီးလတ်သော် ဝါကျအခိုက်၌ရှိသော အဓိကရဏကို ဟောသော သာဓနသည် **အဓိကရဏသာဓန** မည်၏။ ပြယုဂ်ကား "ဝိနေတိ ဧတ္ထာတိ ဝိနယော"တည်း။ ဧတ္ထသိက္ခာပဒသမူဟော၊ ဤသိက္ခာပုဒ် အပေါင်း၌။ ဝိနေတိ၊ ဆုံးမတတ်၏။ ကွက်တိတသ္မာ၊ ထိုသို့ဆုံးမရာဖြစ်သော သတ္တိကြောင့်။ သော သိက္ခာပဒသမူဟော၊ သည်။ ဝိနယော၊ ၏။

ဤ 'ဝိနယော' ဟူသော သာဓနသည် ဝိ ရှေ့ရှိသော နီဓာတ် အပစ္စည်း။ ထိုအပစ္စည်းသည် ဝိနယောဟု ကိတ်ပြီးလတ်သော် ဝိနေတိဟူသော ဝါကျ အခိုက်၌ရှိသော 'ဧတ္ထ'ဟူသော အဓိကရဏကို ဟောသောကြောင့် အဓိကရဏ သာဓန မည်၏။

ဘာဝသာဓန

၇။ 'ခြင်း'ဟူ၍ ပေးအပ်သော ကိတ်ပြီးလတ်သော် ကြိယာဟုဆိုအပ်သော ဘောကို ဟောသော သာဓနသည် **ဘာဝသာဓန** မည်၏။ ပြယုဂ်ကား "ဗုဇ္ဈနံ ဗုဒ္ဓံ"တည်း။ ဗုဇ္ဈနံ၊ သိခြင်း။ ဗုဒ္ဓံ၊ သိခြင်း။ ဤ 'ဗုဒ္ဓံ'ဟူသော သာဓနသည် ဗုဓ ဓာတ်၊ တပစ္စည်း၊ ထိုတပစ္စည်းသည် ဗုဒ္ဓံဟု ကိတ်ပြီးလတ်သော် 'သိခြင်းကြိယာ' ဟုဆိုအပ်သော ဘောကို ဟောသောကြောင့် ဘာဝသာဓန မည်၏။

http://www.dhammadownload.com

ဝုတ္ထ, အဝုတ္ထ ကတ္ထုသာဓန ၂-ပါး

ထိုခုနစ်ပါးသော သာဓနတို့တွင် ကတ္တုသာဓနသည်လည်း ဝုတ္ထကတ္တုသာဓန, အဝုတ္ထကတ္တုသာဓနအားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုတွင်–

၁။ ဝါကျအခိုက်၌လည်း ကတ္တားကို ဟောသော ကတ္တုသာဓနသည် **ဝုတ္ထကတ္တုသာဓန** မည်၏။ ပြယုဂ်ကား "ဗုဇ္ဈတိတိ ဗုဒ္ဓေါ" တည်း။ ဤ 'ဗုဒ္ဓေါ' ဟူသော ကတ္တုသာဓနသည် ဗုဇ္ဈတိဟူသော ဝါကျအခိုက်၌လည်း 'ယော ဘဂဝါ' ဟူသောကတ္တားကို ဟောသောကြောင့် ဝုတ္ထကတ္တုသာဓန မည်၏။

၂။ ဝါကျအခိုက်၌ ကတ္တားကို မဟောသော ကတ္တုသာဓနသည် **အဝုတ္ထကတ္တုသာဓန** မည်၏။ ပြယုဂ်ကား "ဗျဉ္ဇီယတိ အတ္ထော ဧတေဟိတိ ဗျဉ္ဇနာ" တည်း။ ဤ 'ဗျဉ္ဇနာ' ဟူသော ကတ္တုသာဓနသည် ဗျဉ္ဇီယတိဟူသော ဝါကျအခိုက်၌ 'ဧတေဟိ' ဟူသော ကတ္တားကို မဟောသောကြောင့် အဝုတ္ထကတ္တုသာဓန မည်၏။

သုဒ္ဓ, ဟေတုကတ္တုသာဓန ၂-ပါး

တစ်နည်းကား သုဒ္ဓကတ္တုသာဓန, ဟေတုကတ္တုသာဓနအားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုတွင်–

၁။ ဝါကျအခိုက်၌ ကာရိုက်ပစ္စည်းနှင့် မယှဉ်သော ကတ္တုသာဓနသည် **သုဒ္ဓကတ္တုသာဓန** မည်၏။ ပြယုဂ်ကား "ဗုဇ္ဈိတာ သစ္စာနီတိ ဗုဒ္ဓေါ"တည်း။ ဤ 'ဗုဒ္ဓေါ' ဟူသော ကတ္တုသာဓနသည် ဗုဇ္ဈိတာဟူသော ဝါကျအခိုက်၌ ကာရိုက်ပစ္စည်းနှင့် မယှဉ်သောကြောင့် သုဒ္ဓကတ္တုသာဓန မည်၏။

၂။ ဝါကျအခိုက်၌ ကာရိုက်ပစ္စည်းနှင့် ယှဉ်သောကတ္တုသာဓနသည် **ဟေတုကတ္တုသာဓန** မည်၏။ ပြယုဂ်ကား "ဗောဓေတာ ပဇာယာတိ ဗုဒ္ဓေါ" တည်း။ ဤ 'ဗုဒ္ဓေါ'ဟူသော ကတ္တုသာဓနသည် ဗောဓေတာဟူသော ဝါကျအခိုက်၌ ကာရိုက်ပစ္စည်းနှင့် ယှဉ်သောကြောင့် ဟေတုကတ္တုသာဓန မည်၏။

http://www.dhammadownload.com

ဝုတ္တ, အဝုတ္တ ကမ္မသာဓန ၂-ပါး

ကမ္မသာဓနသည်လည်း ဝုတ္တကမ္မသာဓန, အဝုတ္တကမ္မသာဓနအားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုတွင်–

၁။ ဝါကျအခိုက်၌ ကံကို ဟောသော ကမ္မသာဓနသည် **ဝုတ္တကမ္မသာဓန** မည်၏။ ပြယုဂ်ကား "ဗုဇ္ဈိတဗ္ဗံ ဉာတဗ္ဗန္တိ ဗုဒ္ဓံ"တည်း။ ဤ 'ဗုဒ္ဓံ' ဟူသော ကမ္မသာဓနသည် ဗုဇ္ဈိတဗ္ဗံ ဟူသော ဝါကျအခိုက်၌ 'ယံ ဉာဏံ' ဟူသော ကံကို ဟောသောကြောင့် ဝုတ္တကမ္မသာဓန မည်၏။

၂။ ဝါကျအခိုက်၌ ကံကို မဟောသော ကမ္မသာဓနသည် **အဝုတ္တကမ္မသာဓန** မည်၏။ ပြယုဂ်ကား "နိဿာယ နံ ဝသတီတိ နိဿယော"တည်း။ ဤ 'နိဿယော' ဟူသော ကမ္မသာဓနသည် ဝသတိ ဟူသော ဝါကျအခိုက်၌ 'နံ အာစရိယံ'ဟူသောကံကို မဟောသောကြောင့် အဝုတ္တကမ္မသာဓန မည်၏။

သုဒ္ဓ, ဟေတု ကမ္မသာဓန ၂-ပါး

တစ်နည်းကား သုဒ္ဓကမ္မသာဓန, ဟေတုကမ္မသာဓနအားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုတွင်–

၁။ ဝါကျအခိုက်၌ ကာရိုက်ပစ္စည်းနှင့် မယှဉ်သော ကမ္မသာဓနသည် **သုဒ္ဓကမ္မသာဓန** မည်၏။ ပြယုဂ်ကား "ဗုဇ္ဈိတဗ္ဗံ ဉာတဗ္ဗန္တိ ဗုဒ္ဓံ"တည်း။ ဤ 'ဗုဒ္ဓံ' ဟူသော ကမ္မသာဓနသည် ဗုဇ္ဈိတဗ္ဗံဟူသော ဝါကျအခိုက်၌ ကာရိုက်ပစ္စည်းနှင့် မယှဉ်သောကြောင့် သုဒ္ဓကမ္မသာဓန မည်၏။

၂။ ဝါကျအခိုက်၌ ကာရိုက်ပစ္စည်းနှင့် ယှဉ်သော ကမ္မသာဓနသည် **ဟေတုကမ္မသာဓန** မည်၏။ ပြယုဂ်ကား "နိပ္ဖါဒေတဗ္ဗန္တိ နိပ္ဖါဒိတံ"တည်း။ ဤ 'နိပ္ဖါဒိတံ' ဟူသော ကမ္မသာဓနသည် နိပ္ဖါဒေတဗ္ဗံဟူသော ဝါကျအခိုက်၌ ကာရိုက်ပစ္စည်းနှင့် ယှဉ်သောကြောင့် ဟေတုကမ္မသာဓန မည်၏။

http://www.dhammadownload.com

ဝိဂြိုဟ်

"ပုဗ္ဗတိတိ ပုဒ္ဓေါ" ဟူသော ပြယုဂ်၌ 'ပုဗ္ဗတိ' ဟူသော ဝါကျသည် "ဝိသေသေန ဂယျတိ နိပ္ဖန္နသ အတ္ထော ဧတေနာတိ ဝိဂ္ဂဟော" ဟူသော ဝစနတ္ထနှင့်အညီ 'ပုဒ္ဓေါ'ဟူသော နိပ္ဖန္နပုဒ်၏အနက်ကို အထူးသဖြင့် ယူကြောင်း ဖြစ်သော သတ္တိကြောင့် **ဝိဂ္ဂဟ** မည်၏။

ဝိဂြိုဟ် ၂-ပါး

ထိုဝိဂ္ဂဟသည်လည်း ဓာတုဝိဂ္ဂဟ, ဓာတ္ဝတ္ထဝိဂ္ဂဟအားဖြင့် နှစ်ပါးအပြား ရှိ၏။ ထိုတွင်–

၁။ မိမိဓာတ်ရင်းဖြင့် ပြုအပ်သော ဝိဂ္ဂဟသည် **ဓာတုဝိဂ္ဂဟ** မည်၏။ ပြယုဂ်ကား "ပုဗ္ဗတိတိ ပုဒ္ဓေါ"တည်း။ ဤ၌ 'ပုဗ္ဗတိ'ဟူသော ဝိဂ္ဂဟသည် 'ပုဓ' ဟူသော မိမိဓာတ်ရင်းဖြင့် ပြုအပ်သောကြောင့် ဓာတုဝိဂ္ဂဟ မည်၏။

၂။ မိမိဓာတ်၏အနက်ရှိသော ဓာတ်တစ်ပါးဖြင့် ပြုအပ်သောဝိဂ္ဂဟသည် **ဓာတ္ဝတ္ထဝိဂ္ဂဟ** မည်၏။ ပြယုဂ်ကား "ဇာနာတိတိ ပုဒ္ဓေါ"တည်း။ ဤ၌ 'ဇာနာတိ' ဟူသောဝိဂ္ဂဟသည် 'ပုဓ'ဟူသော မိမိဓာတ်၏အနက်ရှိသော ဉာဟူသောဓာတ် တစ်ပါးဖြင့် ပြုအပ်သောကြောင့် ဓာတ္ဝတ္ထဝိဂ္ဂဟ မည်၏။

တစ်နည်း ဝိဂြိုဟ် ၂-ပါး

တစ်နည်းကား သပဒဝိဂ္ဂဟ, အသပဒဝိဂ္ဂဟအားဖြင့် နှစ်ပါးအပြား ရှိ၏။ ထိုတွင်–

၁။ ကိတ်ပုဒ်ဖြင့် ပြုအပ်သော ဝိဂ္ဂဟသည် **သပဒဝိဂ္ဂဟ** မည်၏။ ပြယုဂ်ကား ပုဗ္ဗန္တောတိ ပုဒ္ဓေါ" တည်း။ ဤ၌ 'ပုဗ္ဗန္တော' ဟူသော ဝိဂ္ဂဟသည် 'အန္တ' ပစ္စည်း တည်းဟူသော ကိတ်ပုဒ်ဖြင့် ပြုအပ်သောကြောင့် သပဒဝိဂ္ဂဟ မည်၏။

http://www.dhammadownload.com

၂။ အာချာတ်ပုဒ်ဖြင့် ပြုအပ်သော ဝိဂ္ဂဟသည် **အသပဒဝိဂ္ဂဟ** မည်၏။ ပြယုဂ်ကား "ဗုဇ္ဈတီတိ ဗုဒ္ဓေါ"တည်း။ ဤ၌ 'ဗုဇ္ဈတိ' ဟူသော ဝိဂ္ဂဟသည် 'တိ' ဝိဘတ်တည်းဟူသော အာချာတ်ပုဒ်ဖြင့် ပြုအပ်သောကြောင့် အသပဒဝိဂ္ဂဟ မည်၏။

တစ်နည်း ဝိဂြိုဟ် ၂-ပါး

တစ်နည်းကား သပရိယာယဝိဂ္ဂဟ, နိပ္ပရိယာယဝိဂ္ဂဟအားဖြင့် နှစ်ပါး အပြားရှိ၏။ ထိုတွင်–

၁။ 'သံ, အဘိ' စသော ဥပသာရ လျော်က်၍ပြုအပ်သော ဝိဂ္ဂဟသည် **သပရိယာယဝိဂ္ဂဟ** မည်၏။ ပြယုဂ်ကား "သမ္မဇ္ဈတိတိ ဗုဒ္ဓေါ" တည်း။ ဤ၌ 'သမ္မဇ္ဈတိ' ဟူသော ဝိဂ္ဂဟသည် 'သံ'ဟူသော ဥပသာရ လျော်က်၍ပြုအပ်သော ကြောင့် သပရိယာယဝိဂ္ဂဟ မည်၏။

၂။ 'သံ, အဘိ' စသော ဥပသာရ မလျော်က်မူ၍ ပြုအပ်သော ဝိဂ္ဂဟသည် **နိပ္ပရိယာယဝိဂ္ဂဟ** မည်၏။ ပြယုဂ်ကား "ဗုဇ္ဈတိတိ ဗုဒ္ဓေါ"တည်း။ ဤ၌ 'ဗုဇ္ဈတိ' ဟူသော ဝိဂ္ဂဟသည် 'သံ အဘိ' စသော ဥပသာရ မလျော်က်မူ၍ ပြုအပ်သော ကြောင့် နိပ္ပရိယာယဝိဂ္ဂဟ မည်၏။

ကိတ်ပုဒ်စစ်ပြီး၏။ ။

http://www.dhammadownload.com

သဒ္ဒါကြီးသုတ်စစ်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

သုတ်

"သေယျတ္ထိကော ပဒမတော ဝိဝိဓံ သုဏောယျ" ဟူသော ဥယျောဇဉ်နှင့် အညီ "အတ္ထော အက္ခရသညာတော"အစရှိသော သုတ်တို့ဖြင့် အက္ခရာ အဆုံးအဖြတ်ကို ပြုပြီး၍ သုတ်အဆုံးအဖြတ်ကို ပြအံ့သောငှါ "ဇိနဝစနယုတ္တံ ဟိ" အစရှိသောသုတ်ကို မိန့်သတည်း။ ဤ "ဇိနဝစနယုတ္တံ ဟိ" အစရှိသော သုတ်သည် "အတ္ထေ သူစေတီတိ သုတ္တံ' 'ဟူသော ဝစနတ္ထနှင့်အညီ ကွယ်ဝှက်သော အနက်တို့ကို ပြတတ်သောကြောင့် **သုတ်**မည်၏။

သုတ် ၄-ပါး

ထိုသုတ်သည်လည်း "အတ္ထေ သူစေတီတိ သုတ္တံ" ဟူသော ဝစနတ္ထနှင့် အညီ ကွယ်ဝှက်သော အနက်တို့ကို ပြတတ်သော သာမညလက္ခဏာအားဖြင့် တစ်ပါးသာ၊ ဝိသေသလက္ခဏာအားဖြင့်သော်ကား သညာသုတ်, အဓိကာရသုတ်, ပရိဘာသာသုတ်, ဝိဓိသုတ်အားဖြင့် လေးပါးအပြားရှိ၏။ ထိုလေးပါးတို့တွင်–

၁။ အမည်ကို ပြတတ်သောသုတ်သည် **သညာသုတ်** မည်၏။ ပြယုဂ်ကား "အက္ခရာပါဒယော ဧကစတ္တာလီသံ" အစရှိသည်တည်း။

၂။ ဝုတ္တိဒ္ဓ 'အဓိကာရတ္ထံ 'ပါသော လိုက်သောသုတ်သည် **အဓိကာရသုတ်** မည်၏။ ပြယုဂ်ကား "ဇိနဝစနယုတ္တံ ဟိ" အစရှိသည်တည်း။

၃။ ပရိဘာသာပြုသော သုတ်သည် **ပရိဘာသာသုတ်** မည်၏။ ပြယုဂ်ကား "အတ္ထော အက္ခရသညာတော" အစရှိသည်တည်း။

http://www.dhammadownload.com

၄။ ချေခြင်းအစရှိသည်ကို စီရင်သောသုတ်သည် **ဝိဓိသုတ်** မည်၏။ ပြယုဂ်ကား "သရာ သရေ လောပံ"အစရှိသည်တည်း။

သညာသုတ် ၂-ပါး

ထိုလေးပါးသော သုတ်တို့တွင် သညာသုတ်သည်လည်း အန္တတ္ထသညာသုတ်, ရုဠ္ဍီသညာသုတ်အားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတို့တွင်–

၁။ အနက်သို့ အစဉ်လိုက်သော အမည်ကို ပြသောသုတ်သည် **အန္တတ္ထသညာသုတ်** မည်၏။ ပြယုဂ်ကား "အက္ခရာပါဒယော ဧကစတ္တာလီသံ" အစရှိသည်တည်း။

၂။ အနက်သို့ အစဉ်မလိုက်သောအမည်ကို ပြသောသုတ်သည် **ရုဠ္ဍီသညာသုတ်** မည်၏။ ပြယုဂ်ကား "ဣဝဏ္ဏုဝဏ္ဏာ စျလာ" အစရှိသည်တည်း။

တစ်နည်း သညာသုတ် ၂-ပါး

တစ်နည်းကား ဂရုသညာသုတ်, လဟုသညာသုတ်အားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတို့တွင်–

၁။ အန္တတ္ထသညာသုတ်သည် **ဂရုသညာသုတ်** မည်၏။
၂။ ရုဠ္ဍီသညာသုတ်သည် **လဟုသညာသုတ်** မည်၏။

တစ်နည်း သညာသုတ် ၂-ပါး

တစ်နည်းကား သကသညာသုတ်, ပရသညာသုတ်အားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတို့တွင်–

၁။ မိမိအမည်ကို ပြသောသုတ်သည် **သကသညာသုတ်** မည်၏။ ပြယုဂ်ကား "အက္ခရာပါဒယော ဧကစတ္တာလီသံ" အစရှိသည်တည်း။

၂။ သူတစ်ပါးအမည်ကို ပြသောသုတ်သည် **ပရသညာသုတ်** မည်၏။ ပြယုဂ်ကား "ပရသမညာ ပယောဂေ" အစရှိသည်တည်း။

http://www.dhammadownload.com

အဓိကာရသုတ် ၃-ပါး

အဓိကာရသုတ်သည်လည်း ယထာနုပုဗ္ဗိက အဓိကာရသုတ်, သီဟဝတိက အဓိကာရသုတ်, မဏ္ဍူကဝတိကအဓိကာရသုတ်အားဖြင့် သုံးပါးအပြား ရှိ၏။ ထိုသုံးပါးတို့တွင်–

၁။ အစဉ်အတိုင်း လိုက်သောသုတ်သည် **ယထာနုပုဗ္ဗိကအဓိကာရသုတ်** မည်၏။ ပြယုဂ်ကား "ကာလေ" အစရှိသည်တည်း။

၂။ ရှေ့နောက်လိုက်သောသုတ်သည် **သီဟဝတိကအဓိကာရသုတ်** မည်၏။ ပြယုဂ်ကား "ဇိနဝစနယုတ္တံ ဟိ" အစရှိသည်တည်း။

၃။ ခုန်၍လိုက်သော သုတ်သည် **မဏ္ဍူကဝတိကအဓိကာရသုတ်** မည်၏။ ပြယုဂ်ကား "သရာ ပကတိ ဗျဉ္ဇနေ"သုတ်၌ ဗျဉ္ဇနေ သဒ္ဒါ အစရှိသည်တည်း။

တစ်နည်း အဓိကာရသုတ် ၃-ပါး

တစ်နည်းကား နဒီသောတအဓိကာရသုတ်, သီဟဝိလောကနအဓိကာရသုတ်, မဏ္ဍူကဝတိကအဓိကာရသုတ်အားဖြင့် သုံးပါးအပြား ရှိ၏။ ထိုသုံးပါးတို့တွင်–

၁။ အစဉ်အတိုင်း လိုက်သောသုတ်သည် **နဒီသောတအဓိကာရသုတ်** မည်၏။ ပြယုဂ်ကား "ကာလေ" အစရှိသည်တည်း။။

၂။ ရှေ့နောက်လိုက်သော သုတ်သည် **သီဟဝိလောကနအဓိကာရသုတ်** မည်၏။ ပြယုဂ်ကား "ဇိနဝစနယုတ္တံ ဟိ" အစရှိသည်တည်း။

၃။ ခုန်၍လိုက်သော သုတ်သည် **မဏ္ဍူကဝတိကအဓိကာရသုတ်** မည်၏။ ပြယုဂ်ကား "သရာ ပကတိဗျဉ္ဇနေ"သုတ်၌ ဗျဉ္ဇနေ သဒ္ဒါ အစရှိသည်တည်း။

ပရိဘာသာသုတ် ၂-ပါး

ပရိဘာသာသုတ်သည်လည်း ပရိဘာသာသုတ်, ဥပရိဘာသာသုတ်အားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတို့တွင်–

http://www.dhammadownload.com

၁။ မမြစ်မူ၍ ပရိဘာသာပြုသောသုတ်သည် **ပရိဘာသာသုတ်** မည်၏။ ပြယုဂ်ကား "အတ္ထော အက္ခရသညာတော" အစရှိသည်တည်း။

၂။ မြစ်၍ ပရိဘာသာပြုသော သုတ်သည် **ဥပရိဘာသာသုတ်** မည်၏။ ပြယုဂ်ကား "တဒနုပရောဓေန" အစရှိသည်တည်း။ ဤ "တဒနုပရောဓေန" ဟူသောသုတ်သည် ဒွိဝုစ်ကိုမြစ်၍ ပရိဘာသာပြုသောကြောင့် ဥပရိဘာသာသုတ် မည်၏။

ပရိဘာသာသုတ် ၃-ပါး

တစ်နည်းကား သညဂ်ပရိဘာသာသုတ်, ဝိဓျဂ်ပရိဘာသာသုတ်, အနျဂ် ပရိဘာသာသုတ်အားဖြင့် သုံပါးအပြားရှိ၏။ ထိုသုံးပါးတို့တွင်–

၁။ အမည်ကို ပရိဘာသာပြုသောသုတ်သည် **သညဂ်ပရိဘာသာသုတ်** မည်၏။ ပြယုဂ်ကား "အတ္ထော အက္ခရသညာတော" အစရှိသည်တည်း။

၂။ အစီအရင်ကို ပရိဘာသာပြုသောသုတ်သည် **ဝိဓျဂ်ပရိဘာသာသုတ်** မည်၏။ ပြယုဂ်ကား "တတော စ ဝိဘတ္တိယော" အစရှိသည်တည်း။

၃။ မြစ်၍ပရိဘာသာပြုသောသုတ်သည် **အနျဂ်ပရိဘာသာသုတ်** မည်၏။ ပြယုဂ်ကား "တဒနုပရောဓေန" အစရှိသည်တည်း။ ဤ "တဒနုပရောဓေန" ဟူသောသုတ်သည် ဒွိဝုစ်ကိုမြစ်၍ ပရိဘာသာပြုသောကြောင့် အနျဂ်ပရိဘာသာသုတ်မည်၏။

ဝိဓိသုတ် ၈-ပါး

ဝိဓိသုတ်သည်လည်း လောပဝိဓိသုတ်, အာဒေသဝိဓိသုတ်, အာဂမဝိဓိသုတ်, ဒီယဝိဓိသုတ်, ရဿဝိဓိသုတ်, ပစ္စယဝိဓိသုတ်, ပဋိသေဓဝိဓိသုတ်, ဝိဘတ္တိဝိဓိသုတ်အားဖြင့် ရှစ်ပါးအပြားရှိ၏။ ထိုရှစ်ပါးတို့တွင်–

၁။ ချေခြင်းကို စီရင်သောသုတ်သည် **လောပဝိဓိသုတ်** မည်၏။ ပြယုဂ်ကား "သရာ သရေ လောပံ" အစရှိသည်တည်း။

http://www.dhammadownload.com

၂။ အပြုကို စီရင်သောသုတ်သည် **အာဒေသဝိဓိသုတ်** မည်၏။ ပြယုဂ်ကား "ယမေ ဒန္တသာဒေသော" အစရှိသည်တည်း။

၃။ လာခြင်းကို စီရင်သောသုတ်သည် **အာဂမဝိဓိသုတ်** မည်၏။ ပြယုဂ်ကား "ယဝမဒနတရလာစာဂမာ" အစရှိသည်တည်း။

၄။ ဒီဃအပြုကို စီရင်သောသုတ်သည် **ဒီဃဝိဓိသုတ်** မည်၏။ ပြယုဂ်ကား "ဒီဃံ" အစရှိသည်တည်း။

၅။ ရဿအပြုကို စီရင်သောသုတ်သည် **ရဿဝိဓိသုတ်** မည်၏။ ပြယုဂ်ကား "ရဿံ" အစရှိသည်တည်း။

၆။ ပကတိပြု၍ငင်း, မြစ်၍ငင်း စီရင်သောသုတ်သည် **ပဋိသေဓဝိဓိသုတ်** မည်၏။ ပြယုဂ်ကား "သရာ ပကတိ ဗျဥ္ဇနေ"၊ "တေန ဝါ ဣဝဏ္ဏော" အစရှိသည်တည်း။

၇။ ပစ္စည်းကို စီရင်သောသုတ်သည် **ပစ္စယဝိဓိသုတ်** မည်၏။ ပြယုဂ်ကား "ဣတ္ထိယမတော အာပစ္စယော" အစရှိသည်တည်း။

၈။ ဝိဘတ်ကို စီရင်သောသုတ်သည် **ဝိဘတ္တိဝိဓိသုတ်** မည်၏။ ပြယုဂ်ကား "ကမ္မတ္ထေ ဒုတိယာ" အစရှိသည်တည်း။

ဝိဓိသုတ် ၂-ပါး

တစ်နည်းကား သာဝကာသဝိဓိသုတ်, အနဝကာသဝိဓိသုတ်အားဖြင့် နှစ်ပါး အပြားရှိ၏။ ထိုနှစ်ပါးတို့တွင်–

၁။ အရာကျယ်သောသုတ်သည် **သာဝကာသဝိဓိသုတ်** မည်၏။ ပြယုဂ်ကား "သရာ သရေ လောပံ"အစရှိသည်တည်း။

၂။ အရာကျဉ်းသောသုတ်သည် **အနဝကာသဝိဓိသုတ်** မည်၏။ ပြယုဂ်ကား "ဝါ ပရော အသရူပါ"အစရှိသည်တည်း။ စတ္တာရောမေ အစရှိသောပြယုဂ်၌

http://www.dhammadownload.com

နှစ်ပါးသောအစီအရင် ရောက်လုလတ်သော် သာဝကာသ, အနဝကာသ နှစ်ပါးတို့တွင် အနဝကာသ အစီအရင်အားကြီးသည် ဖြစ်သောကြောင့် အနဝကာသ အစီအရင်သည် ဖြစ်၏။

တစ်နည်း ဝိဓိသုတ် ၂-ပါး

တစ်နည်းကား ပုဗ္ဗဝိဓိသုတ်, ပရဝိဓိသုတ်အားဖြင့် နှစ်ပါးအပြား ရှိ၏။ ထိုနှစ်ပါးတို့တွင်–

၁။ ရှေ့စီရင်သော သုတ်သည် **ပုဗ္ဗဝိဓိသုတ်** မည်၏။ ပြယုဂ်ကား "သုနံဟိသုစ" အစရှိသည်တည်း။

၂။ နောက်စီရင်သော သုတ်သည် **ပရဝိဓိသုတ်** မည်၏။ ပြယုဂ်ကား "သုဟိသွ ကာရော ဧ" အစရှိသည်တည်း။ ပုရိသေသု အစရှိသောပြယုဂ်၌ ထိုနှစ်ပါးသော အစီအရင်ရောက်လုလတ်သော် ပုဗ္ဗဝိဓိ, ပရဝိဓိနှစ်ပါးတို့တွင် ပရဝိဓိအစီအရင် အားကြီးသည်ဖြစ်သောကြောင့် ပရဝိဓိ အစီအရင်သည်ဖြစ်၏။

တစ်နည်း ဝိဓိသုတ် ၂-ပါး

တစ်နည်းကား အန္တရဂ်ဝိဓိသုတ်, ဗာဟိရဂ်ဝိဓိသုတ်အားဖြင့် နှစ်ပါးအပြား ရှိ၏။ ထိုနှစ်ပါးတို့တွင်–

၁။ ပုဒ်ကို စီရင်သောသုတ်သည် **အန္တရဂ်ဝိဓိသုတ်** မည်၏။ ပြယုဂ်ကား "ဝေဝေါသု လော စ"အစရှိသည်တည်း။

၂။ ဝိဘတ် စီရင်သောသုတ်သည် **ဗာဟိရဂ်ဝိဓိသုတ်** မည်၏။ ပြယုဂ်ကား "လတော ဝေါကာရော စ"အစရှိသည်တည်း။

သဒ္ဒါကြီးသုတ်စစ် ပြီး၏။ ။

http://www.dhammadownload.com

သဒ္ဒါကြီး သဒ္ဒါစစ်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

သဒ္ဒါ

ခပ်သိမ်းသော သဒ္ဒါသည် "သပ္ပတိ သောတဝိညာဏာလမ္ဗဏာဘာဝံ ဂစ္ဆတီတိ သဒ္ဒေါ" ဟူသော ဝစနတ္ထနှင့်အညီ သောတဝိညာဏ်၏ အာရုံအဖြစ်သို့ ရောက်တတ်သောကြောင့် **သဒ္ဒါ**မည်၏။

စိတ္တဇသဒ္ဒါနှင့် ဥတုဇသဒ္ဒါ

ထိုသဒ္ဒါသည်လည်း "သပ္ပတိ သောတဝိညာဏာလမ္ဗဏာဘာဝံ ဂစ္ဆတီတိ သဒ္ဒေါ"ဟူသော ဝစနတ္ထနှင့်အညီ သောတဝိညာဏ်၏ အာရုံအဖြစ်သို့ ရောက်တတ်သော သာမညလက္ခဏာအားဖြင့် တစ်ပါးသာ၊ ဝိသေသလက္ခဏာအားဖြင့် သော်ကား စိတ္တဇသဒ္ဒါ, ဥတုဇသဒ္ဒါဟူ၍ နှစ်ပါးအပြားရှိ၏။ ထိုတွင် အကုသလာ အစရှိသော စိတ်ကြောင့်ဖြစ်သော သဒ္ဒါသည် **စိတ္တဇသဒ္ဒါ** မည်၏။ ဝမ်းရုတ်သံ အစရှိသော ဥတုကြောင့်ဖြစ်သော သဒ္ဒါသည် **ဥတုဇသဒ္ဒါ** မည်၏။

စိတ္တဇသဒ္ဒါ ၁၀၁-ပါး

ထိုနှစ်ပါးတို့တွင် စိတ္တဇသဒ္ဒါသည်လည်း မဂဓသဒ္ဒါ, သက္ကတသဒ္ဒါ အစရှိသောအားဖြင့် တစ်ရာ့တစ်ပါး အပြားရှိ၏။ ထိုတစ်ရာ့တစ်ပါးတို့တွင် မဂဓဘာသာဖြင့် ရွတ်အပ်သော သဒ္ဒါသည် မဂဓသဒ္ဒါ မည်၏။ ပြယုဂ်ကား "သဋ္ဌံ" အစရှိသည်တည်း။ သင်္ကြိုက်ဘာသာ အစရှိသည်ဖြင့် ရွတ်အပ်သောသဒ္ဒါသည် သက္ကတသဒ္ဒါ အစရှိသည်မည်၏။ ပြယုဂ်ကား "သျွဋ္ဌံ"အစရှိသည်တည်း။ (သျွရဇံ ဟူလိုသည်။)

ပရမတ္ထသဒ္ဒါနှင့် ပညတ္တိသဒ္ဒါ

ထိုတစ်ရာ့တစ်ပါးသော သဒ္ဒါတို့တွင် မဂဓသဒ္ဒါသည်လည်း ပရမတ္ထသဒ္ဒါ, ပညတ္တိသဒ္ဒါအားဖြင့် နှစ်ပါးအပြား ရှိ၏။ ထိုတွင် များသောအကုသလာရှိသော ပုရိသော အစရှိသော ပြယုဂ်၌ ပုသဒ္ဒါ, ရိသဒ္ဒါ, သောသဒ္ဒါဟု ဆိုအပ်သော

http://www.dhammadownload.com

အစိတ်စိတ်သောသဒ္ဒါသည် **ပရမတ္ထ**သဒ္ဒါ မည်၏။ ပုရိသောအစရှိသော အပေါင်းဖြစ်သောသဒ္ဒါသည် **ပညတ္တိ**သဒ္ဒါ မည်၏။ တစ်လုံးသော အက္ခရာရှိသော ဂေါ အစရှိသော ပြယုဂ်၌ ပထမဝိဘတ်၊ ဒုတိယဝိဘတ်၏ အာရုံဖြစ်သော ဂေါသဒ္ဒါသည် **ပရမတ္ထ**သဒ္ဒါ မည်၏။ တတိယဝိဘတ်၏ အာရုံဖြစ်သော ဂေါသဒ္ဒါသည် **ပညတ္တိ**သဒ္ဒါ မည်၏။

မုချသဒ္ဒါနှင့် ဥပစာသဒ္ဒါ

တစ်နည်းကား မုချသဒ္ဒါ, ဥပစာသဒ္ဒါအားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုတွင် သဘောဖြစ်သောအနက်ကို ဟောသောသဒ္ဒါသည် **မုချ**သဒ္ဒါ မည်၏။ တင်စားအပ်သောအနက်ကို ဟောသောသဒ္ဒါသည် **ဥပစာ**သဒ္ဒါ မည်၏။

မုချသဒ္ဒါ ၅-ပါး

ထိုနှစ်ပါးတို့တွင် မုချသဒ္ဒါသည်လည်း ဒဗ္ဗသဒ္ဒါ, ဂုဏသဒ္ဒါ, ကြိယာသဒ္ဒါ, နာမသဒ္ဒါ, ဇာတိသဒ္ဒါအားဖြင့် ငါးပါးအပြားရှိ၏။ ထိုတွင်–

ဒဗ္ဗသဒ္ဒါ

ဒြဗ်ကို အကြောင်းပဝတ္တနိမိတ်ပြု၍ ဒြဗ်ကို ဟောသောသဒ္ဒါသည် **ဒဗ္ဗ**သဒ္ဒါ မည်၏။ ပြယုဂ်ကား "ဝိသာဏီ ဂစ္ဆတိ၊ ဝိသာဏိံ ပဿန္တိ၊ ဝိသာဏိနာ ယာတိ၊ ဝိသာဏိဿ ဒီယတေ၊ ဝိသာဏိမှာ ပတန္တိ၊ ဝိသာဏိဿ ဝိသာဏံ၊ ဝိသာဏိမှိ ဥပဝိဒ္ဓော" အစရှိသည်တည်း။ ဤပြယုဂ်၌ 'ဝိသာဏီ' သဒ္ဒါသည် ဦးချိုဒြဗ်ကို အကြောင်းပဝတ္တနိမိတ်ပြု၍ နွားဒြဗ်ကို ဟောသောကြောင့် ဒဗ္ဗသဒ္ဒါ မည်၏။

ဂုဏသဒ္ဒါ

ဂုဏ်ကို အကြောင်းပဝတ္တနိမိတ်ပြု၍ ဒြဗ်ကို ဟောသော သဒ္ဒါသည် **ဂုဏ**သဒ္ဒါ မည်၏။ ပြယုဂ်ကား 'သုက္ကော ဂစ္ဆတိ၊ သုက္ကံ ပဿန္တိ၊ သုက္ကေန ယာတိ၊ သုက္ကဿ ဒီယတေ၊ သုက္ကမှာ ပတန္တိ၊ သုက္ကဿ ဝိသာဏံ၊ သုက္ကမှိ ဥပဝိဒ္ဓော" အစရှိသည်တည်း။ ဤပြယုဂ်၌ 'သုက္က'သဒ္ဒါသည် ဖြူသောဂုဏ်ကို အကြောင်းပဝတ္တနိမိတ်ပြု၍ နွားဒြဗ်ကို ဟောသောကြောင့် ဂုဏသဒ္ဒါ မည်၏။

http://www.dhammadownload.com

ကြိယာသဒ္ဒါ

ကြိယာကို အကြောင်း ပဝတ္တနိမိတ်ပြု၍ ဒြဗ်ကိုဟောသော သဒ္ဒါသည် **ကြိယာ**သဒ္ဒါ မည်၏။ ပြယုဂ်ကား "ဂန္ဆာ ဂစ္ဆတိ၊ ဂန္ဆာရံ ပဿန္တိ၊ ဂန္ဆနာ ယာတိ၊ ဂန္ဆဿ ဒီယတေ၊ ဂန္ဆမှာ ပတန္တိ၊ ဂန္ဆဿ ဝိသာဏံ၊ ဂန္ဆမှိ ဥပဝိဒ္ဒေါ" အစရှိသည်တည်း။ ဤပြယုဂ်၌ 'ဂန္ဆ'သဒ္ဒါသည် သွားခြင်းကြိယာကို အကြောင်း ပဝတ္တနိမိတ်ပြု၍ နွားဒြဗ်ကို ဟောသောကြောင့် ကြိယာသဒ္ဒါ မည်၏။

နာမသဒ္ဒါ

အမည်နာမပညတ်ကို အကြောင်းပဝတ္တနိမိတ်ပြု၍ ဒြဗ်ကိုဟောသော သဒ္ဒါသည် **နာမ**သဒ္ဒါ မည်၏။ ပြယုဂ်ကား "စိတ္တော ဂစ္ဆတိ၊ စိတ္တံ ပဿန္တိ၊ စိတ္တေန ယာတိ၊ စိတ္တဿ ဒီယတေ၊ စိတ္တမှာ ပတန္တိ၊ စိတ္တဿ ဝိသာဏံ၊ စိတ္တမှိ ဥပဝိဒ္ဒေါ" အစရှိသည်တည်း။ ဤပြယုဂ်၌ 'စိတ္တ' သဒ္ဒါသည် စိတ္တဟူသော အမည်နာမပညတ်ကို အကြောင်းပဝတ္တနိမိတ်ပြု၍ နွားဒြဗ်ကို ဟောသော ကြောင့် နာမသဒ္ဒါ မည်၏။

ဇာတိသဒ္ဒါ

ဇာတ်ကို အကြောင်းပဝတ္တနိမိတ်ပြု၍ ဒြဗ်ကိုဟောသော သဒ္ဒါသည် **ဇာတိ** သဒ္ဒါ မည်၏။ ပြယုဂ်ကား "ဂေါ ဂစ္ဆတိ၊ ဂဝံ ပဿန္တိ၊ ဂေါဏော ယာတိ၊ ဂေါဏဿ ဒီယတေ၊ ဂေါဏမှာ ပတန္တိ၊ ဂေါဏဿ ဝိသာဏံ၊ ဂေါဏမှိ ဥပဝိဒ္ဒေါ"အစရှိသည်တည်း။ ဤပြယုဂ်၌ 'ဂေါ'သဒ္ဒါသည် နွားတို့၏ တစ်ခုသည် တစ်ခုနှင့်တူသော အခြင်းအရာဟုဆိုအပ်သောဇာတ်ကို အကြောင်းပဝတ္တနိမိတ် ပြု၍ နွားဒြဗ်ကို ဟောသောကြောင့် ဇာတိသဒ္ဒါ မည်၏။

ဥပစာသဒ္ဒါ ၁၀-ပါး

ဥပစာသဒ္ဒါသည်လည်း ကာရကဖူပစာ, ဖလူပစာ, သဒိသူပစာ,ဌာနူပစာ, ဌာနျူပစာ, ဂုဏူပစာ, ဧကဒေသူပစာ, သမီပူပစာ, တဒ္ဓမ္မူပစာ, ဘေဒူပစာ အားဖြင့် ဆယ်ပါးအပြားရှိ၏။

http://www.dhammadownload.com

၁-ကာရဏူပစာ

"ကာရဏာသ နာမံ ဖလမှိ ဥပစာရော ဝေါဟာရော ကာရဏူပစာရော" ဟူသော ဝစနတ္ထနှင့်အညီ အကြောင်း၏ အမည်ကို အကျိုးဌ် တင်စား၍ ခေါ်ဝေါ်ခြင်းသည် **ကာရဏူပစာ**သဒ္ဒါ မည်၏။ ပြယုဂ်ကား "စက္ခုနာ ရူပံ ပဿတိ" အစရှိသည်တည်း။ ဤပြယုဂ်၌ 'စက္ခု' သဒ္ဒါသည် အကြောင်းဖြစ်သော စက္ခုပသာဒဖြစ်၏ စက္ခုဟူသောအမည်ကို အကျိုးဖြစ်သော စက္ခုဝိညာဏ်ဖြစ်၌ တင်စား၍အကျိုးဖြစ်သော စက္ခုဝိညာဏ်ဖြစ်ကို စက္ခုဟု ခေါ်ဝေါ်ခြင်းကြောင့် ကာရဏူပစာသဒ္ဒါ မည်၏။

၂-ဖလူပစာ

"ဖလဿ နာမံ ကာရဏာမှိ ဥပစာရော ဝေါဟာရော ဖလူပစာရော"ဟူသော ဝစနတ္ထနှင့်အညီ အကျိုး၏အမည်ကို အကြောင်းဌ် တင်စား၍ ခေါ်ဝေါ်ခြင်းသည် **ဖလူပစာ**သဒ္ဒါ မည်၏။ ပြယုဂ်ကား "သြဒနော ပစ္စတေ"အစရှိသည်တည်း။ ဤပြယုဂ်၌ 'သြဒန'သဒ္ဒါသည် အကျိုးဖြစ်သော ထမင်းဖြစ်၏ သြဒနဟူသော အမည်ကို အကြောင်းဖြစ်သော ဆန်ဖြစ်၌ တင်စား၍ အကြောင်းဖြစ်သော ဆန်ဖြစ်ကို သြဒနဟု ခေါ်ဝေါ်ခြင်းကြောင့် ဖလူပစာသဒ္ဒါ မည်၏။

၃-သဒိသူပစာ

"သဒိသဿ နာမံ သဒိသိမှိ ဥပစာရော ဝေါဟာရော သဒိသူပစာရော" ဟူသော ဝစနတ္ထနှင့်အညီ အတူဖြစ်သောအနက်၏ အမည်ကို အတူရှိသော အနက်၌ တင်စား၍ ခေါ်ဝေါ်ခြင်းသည် **သဒိသူပစာ**သဒ္ဒါ မည်၏။ ပြယုဂ်ကား "သီဟော ဂါယတိ"အစရှိသည်တည်း။ ဤပြယုဂ်၌ 'သီဟ'သဒ္ဒါသည် အတူဖြစ်သော ခြင်္သေ့ဖြစ်၏ သီဟဟူသော အမည်ကို အတူရှိသော လုလင်ဖြစ်၌ တင်စား၍အတူရှိသော လုလင်ဖြစ်ကို သီဟဟု ခေါ်ဝေါ်ခြင်းကြောင့် သဒိသူပစာသဒ္ဒါမည်၏။

http://www.dhammadownload.com

၄-ဌာနူပစာ

"ဌာနသ နာမံ ဌာနိမှိ ဥပစာရော ဝေါဟာရော ဌာနူပစာရော"ဟူသော ဝစနတ္ထနှင့်အညီ ဌာန၏အမည်ကို ဌာနီ၌ တင်စား၍ ခေါ်ဝေါ်ခြင်းသည် **ဌာနူပစာ**သဒ္ဒါ မည်၏။ ပြယုဂ်ကား "မဋ္ဌာ ယောသန္တိ" အစရှိသည်တည်း။ ဤပြယုဂ်၌ 'မဋ္ဌ'သဒ္ဒါသည် ဌာနဖြစ်သော ညောင်စောင်းဒြပ်၏ မဋ္ဌဟူသောအမည်ကို ဌာနီဖြစ်သော လူဒြပ်၌ တင်စား၍ဌာနီဖြစ်သော လူဒြပ်ကို မဋ္ဌဟု ခေါ်ဝေါ်ခြင်းကြောင့် ဌာနူပစာသဒ္ဒါ မည်၏။

၅-ဌာန္နူပစာ

"ဌာနိနော နာမံ ဌာနမှိ ဥပစာရော ဝေါဟာရော ဌာန္နူပစာရော" ဟူသော ဝစနတ္ထနှင့်အညီ ဌာနီ၏အမည်ကို ဌာန၌ တင်စား၍ ခေါ်ဝေါ်ခြင်းသည် **ဌာန္နူပစာ**သဒ္ဒါ မည်၏။ ပြယုဂ်ကား "ကုန္တာ ပစရန္တိ" အစရှိသည်တည်း။ ဤပြယုဂ်၌ 'ကုန္တ'သဒ္ဒါသည် ဌာနီဖြစ်သော လှံဒြပ်၏ ကုန္တဟူသော အမည်ကို ဌာနဖြစ်သော လူဒြပ်၌ တင်စား၍ ဌာနဖြစ်သော လူဒြပ်ကို ကုန္တဟု ခေါ်ဝေါ်ခြင်းကြောင့် ဌာန္နူပစာသဒ္ဒါ မည်၏။

၆-ဝုဏ္ဏူပစာ

"ဝုဏ္ဏသ နာမံ ဝုဏ္ဏိမှိ ဥပစာရော ဝေါဟာရော ဝုဏ္ဏူပစာရော"ဟူသော ဝစနတ္ထနှင့်အညီ ဝုဏ္ဏ်၏အမည်ကို ဝုဏ္ဏား၌ တင်စား၍ ခေါ်ဝေါ်ခြင်းသည် **ဝုဏ္ဏူပစာ**သဒ္ဒါ မည်၏။ ပြယုဂ်ကား "နီလော ပဋော" အစရှိသည်တည်း။ ဤပြယုဂ်၌ 'နီလ'သဒ္ဒါသည် အညိုဟူသောဝုဏ္ဏ်၏ နီလဟူသောအမည်ကို ဝုဏ္ဏားဖြစ်သော ပုဆိုးဒြပ်၌တင်စား၍ ဝုဏ္ဏားဖြစ်သော ပုဆိုးဒြပ်ကို နီလဟု ခေါ်ဝေါ်ခြင်းကြောင့် ဝုဏ္ဏူပစာသဒ္ဒါ မည်၏။

၇-ဧကဒေသူပစာ

"ဧကဒေသိနော နာမံ ဧကဒေသမှိ ဥပစာရော ဝေါဟာရော ဧကဒေသူပစာရော"ဟူသော ဝစနတ္ထနှင့်အညီ အပေါင်းဖြစ်သော ဒြပ်၏အမည်ကို အစိတ်

http://www.dhammadownload.com

ဖြစ်သောဖြင့်၌ တင်စား၍ ခေါ်ဝေါ်ခြင်းသည် **ကေဒေသူပစာ**သဒ္ဒါ မည်၏။ ပြယုဂ်ကား "သမုဒ္ဒါ မယာ ဒိဋ္ဌော" အစရှိသည်တည်း။ ဤပြယုဂ်၌ 'သမုဒ္ဒ' သဒ္ဒါသည် အပေါင်းဖြစ်သော သမုဒ္ဒရာတစ်စင်းလုံးဖြင်၏ သမုဒ္ဒဟူသောအမည်ကို အစိတ်ဖြစ်သော မျက်စိဖြင့် မြင်ကောင်းသော သမုဒ္ဒရာတစ်စိတ်ဖြင်၌ တင်စား၍ အစိတ်ဖြစ်သောမျက်စိဖြင့် မြင်ကောင်းသော သမုဒ္ဒရာတစ်စိတ်ဖြင်ကို သမုဒ္ဒါဟု ခေါ်ဝေါ်ခြင်းကြောင့် ကေဒေသူပစာသဒ္ဒါ မည်၏။

၈-သမီပူပစာ

"သမီပိနော နာမံ သမီပမှိ ဥပစာရော ဝေါဟာရော သမီပူပစာရော" ဟူသော ဝစနတ္ထနှင့်အညီ အနီးရှိသော ဝတ္ထု၏အမည်ကို အနီးဖြစ်သောဝတ္ထု၌ တင်စား၍ ခေါ်ဝေါ်ခြင်းသည် **သမီပူပစာ**သဒ္ဒါ မည်၏။ ပြယုဂ်ကား "ဂင်္ဂါယံ သဿံ တိဋ္ဌတိ" အစရှိသည်တည်း။ ဤပြယုဂ်၌ 'ဂင်္ဂါ'သဒ္ဒါသည် အနီးရှိသော ဂင်္ဂါမြစ်၏ ဂင်္ဂါဟူသော အမည်ကို အနီးဖြစ်သော ကမ်းနားဖြင်၌ တင်စား၍ အနီးဖြစ်သော ကမ်းနားဖြင်ကို ဂင်္ဂါဟု ခေါ်ဝေါ်ခြင်းကြောင့် သမီပူပစာသဒ္ဒါမည်၏။

၉-တဒ္ဓမ္မူပစာ

"တဒ္ဓမ္မသ္မာ နာမံ တဒ္ဓမ္မမှိ ဥပစာရော ဝေါဟာရော တဒ္ဓမ္မူပစာရော" ဟူသော ဝစနတ္ထနှင့်အညီ ထင်ရှားသောဝတ္ထု၏ အမည်ကို ထင်ရှားမရှိသော ဝတ္ထု၌ တင်စား၍ ခေါ်ဝေါ်ခြင်းသည် **တဒ္ဓမ္မူပစာ**သဒ္ဒါ မည်၏။ ပြယုဂ်ကား "သသဝိသာဏံ" အစရှိသည်တည်း။ ဤပြယုဂ်၌ 'ဝိသာဏ'သဒ္ဒါသည် ထင်ရှားရှိသော ကျွဲနွား အစရှိသော သတ္တဝါတို့၏ ဦးချို့ဖြင်၏ ဝိသာဏဟူသော အမည်ကို ထင်ရှားမရှိသော ယုန်၏ ဦးချို့ဖြင်၌ တင်စား၍ ထင်ရှားမရှိသော ယုန်၏ ဦးချို့ဖြင်ကို ဝိသာဏဟု ခေါ်ဝေါ်ခြင်းကြောင့် တဒ္ဓမ္မူပစာသဒ္ဒါ မည်၏။

၁၀-ဘေဒူပစာ

"အဘေဒံပိ ဘေဒံ ဝိယ ဥပစာရော ဝေါဟာရော ဘေဒူပစာရော"ဟူသော ဝစနတ္ထနှင့်အညီ မပြားဘဲကို ပြားသကဲ့သို့ ခေါ်ဝေါ်ခြင်းသည် **ဘေဒူပစာ**

http://www.dhammadownload.com

သဒ္ဒါ မည်၏။ ပြယုဂ်ကား "သိလာပုတ္တကဿ သရီရံ" အစရှိသည်တည်း။ ဤ ပြယုဂ်၌ 'သိလာပုတ္တကဿ' သဒ္ဒါသည် ကိုယ်မှကျောက်သား မပြားဘဲကို ပြား သကဲ့သို့ ခေါ်ဝေါ်ခြင်းကြောင့် ဘေဒူပစာသဒ္ဒါ မည်၏။

နိပ္ပန္နပုဒ်၏အနက် ၅-ပါး

ဝိသာဏီ ဂစ္ဆတိ ဟူသော ပြယုဂ်၌ 'ဝိသာဏီ'ဟူသော နိပ္ပန္နပုဒ်လုံး၏ အနက်သည် သကတ်, ဒြဗ်, လိင်, သင်္ချာ, ကာရကအားဖြင့် ငါးပါးအပြား ရှိ၏။ ထိုတွင် ဦးချို့ဒြဗ်သည် သကတ်မည်၏။ နွားဒြဗ်သည် ဒြဗ်မည်၏။ သန့်ရှင်းသော အခြင်းအရာဟု ဆိုအပ်သော ဝိသဒါကာရသည် ပုလ္လိင် မည်၏။ ဒြဗ်၌ မှီသော တစ်ခုတည်း၏ အဖြစ်ဟုဆိုအပ်သော အာကာရပညတ်သည် ဧကဝုစ် သင်္ချာမည်၏။ သွားခြင်းကြိယာကို ပြီးစေတတ်သော ကြိယာနိပ္ဖါဒနသတ္တိသည် ကတ္တုကာရက မည်၏။

ဝိသာဏီ ပဿန္တီဟူသော ပြယုဂ်၌ 'ဝိသာဏီ' ဟူသော နိပ္ပန္နပုဒ်လုံး၏ အနက်သည် သကတ်, ဒြဗ်, လိင်, သင်္ချာ, ကာရကအားဖြင့် ငါးပါးအပြား ရှိ၏။ ထိုတွင် ဦးချို့ဒြဗ်သည် သကတ်မည်၏။ နွားဒြဗ်သည် ဒြဗ်မည်၏။ သန့်ရှင်းသော အခြင်းအရာဟု ဆိုအပ်သော ဝိသဒါကာရသည် ပုလ္လိင်မည်၏။ ဒြဗ်၌မှီသော တစ်ခုတည်း၏အဖြစ်ဟု ဆိုအပ်သော အာကာရပညတ်သည် ဧကဝုစ် သင်္ချာ မည်၏။ မြင်ခြင်းကြိယာဖြင့် ရောက်အပ်သော ကြိယာပါပုဏန သတ္တိသည် ကမ္မကာရက မည်၏။

ဝိသာဏီနာ ယာတိ ဟူသော ပြယုဂ်၌ (သကတ်, ဒြဗ်, လိင်, သင်္ချာ, တို့ကို ရှေးနည်း အတူထုတ်။) သွားခြင်းကြိယာကို အထူးသဖြင့် ပြီးစေတတ်သော ကြိယာသာဓက တမသတ္တိသည် ကရဏကာရက မည်၏။

ဝိသာဏိဿ ဒီယတေ ဟူသောပြယုဂ်၌ (သကတ်, ဒြဗ်, လိင်, သင်္ချာတို့ကို ရှေးနည်း အတူထုတ်။) မြက်တည်းဟူသောဝတ္ထုကို ခံတတ်သော ဝတ္ထုပဋိဂ္ဂါဟက သတ္တိသည် သမ္ပဒါနကာရက မည်၏။

http://www.dhammadownload.com

ဝိသာဏိမှာ ပတန္ဆိ ဟူသောပြယုဂ်၌ (သကတ်, ဒြဗ်, လိင်, သခ်္ဂါတို့ကို ရှေးနည်း အတူထုတ်။) ကျခြင်းကြိယာဖြင့် နွားဒြဗ်မှ ကင်းသောကြိယာ အပဂမန သတ္တိသည် အပါဒါနကာရက မည်၏။

ဝိသာဏိဿ ဝိသာဏံ ဟူသောပြယုဂ်၌ (သကတ်, ဒြဗ်, လိင်, သခ်္ဂါတို့ကို ရှေးနည်း အတူထုတ်။) နွားဒြဗ်၏ ဦးချို့ဒြဗ်နှင့် အပေါင်းအစိတ်၏ အဖြစ်ဖြင့် စပ်ခြင်းဟူ ဆိုအပ်သော သမ္ဗန်သည် အကာရက မည်၏။

ဝိသာဏိမှိ ဥပဝိဋ္ဌော ဟူသောပြယုဂ်၌ (သကတ်, ဒြဗ်, လိင်, သခ်္ဂါတို့ကို ရှေးနည်း အတူထုတ်။) စီးခြင်းကြိယာ၏ တည်ရာဖြစ်သော ကြိယာပတိဋ္ဌာပန သတ္တိသည် ဩကာသကာရက မည်၏။

သုက္ကော ဂစ္ဆတိ အစရှိသော ဂုဏသဒ္ဒါ၌ (ဒြဗ်, လိင်, သခ်္ဂါ, ကာရကတို့ကို ဒဗ္ဗသဒ္ဒါနှင့် နည်းတူထုတ်။) သကတ်မူကား ဖြူသောဂုဏ်သည် သကတ်မည်၏။

ဂန္တာ ဂစ္ဆတိ အစရှိသော ကြိယာသဒ္ဒါ၌ (ဒြဗ်, လိင်, သခ်္ဂါ, ကာရကတို့ကို ဒဗ္ဗသဒ္ဒါနှင့် နည်းတူထုတ်။) သကတ်မူကား သွားခြင်းကြိယာသည် သကတ် မည်၏။

စိတ္တော ဂစ္ဆတိ အစရှိသော နာမသဒ္ဒါ၌ (ဒြဗ်, လိင်, သခ်္ဂါ, ကာရကတို့ကို ဒဗ္ဗသဒ္ဒါနှင့် နည်းတူထုတ်။) သကတ်မူကား စိတ္တအမည်နာမပညတ်သည် သကတ် မည်၏။

ဂေါ ဂစ္ဆတိ အစရှိသော ဇာတိသဒ္ဒါ၌ (ဒြဗ်, လိင်, သခ်္ဂါ, ကာရကတို့ကို ဒဗ္ဗသဒ္ဒါနှင့် နည်းတူထုတ်။) သကတ်မူကား နွားတို့၏ တစ်ခုသည်တစ်ခုနှင့်တူ သော အခြင်းအရာဟု ဆိုအပ်သောဇာတ်သည် သကတ် မည်၏။ (သကတ်မှ သာ ထူးသည်၊ ကာရကခြောက်ပါး, အကာရကတစ်ပါးတို့ကို နည်းတူခွဲလေ။)

စက္ခုနာ ရူပံ ပဿတိ ဟူသောပြယုဂ်၌ စက္ခုဟူသော နိပ္ဖန္နပုဒ်လုံး၏အနက် သည် သကတ်, ဒြဗ်, လိင်, သခ်္ဂါ, ကာရကအားဖြင့် ငါးပါးအပြားရှိ၏။ ထိုတွင် စက္ခုပသာဒဒြဗ်သည် သကတ် မည်၏။ စက္ခုဝိညာဏ်ဒြဗ်သည် ဒြဗ် မည်၏။

http://www.dhammadownload.com

သန့်ရှင်းသည် မသန့်ရှင်းသည် မဟုတ်သော အခြင်းအရာဟု ဆိုအပ်သော နေဝဝိသဒနာဝိသဒါကာရသည် နပုံလိင် မည်၏။ ဖြစ်၌မှီသော တစ်ခုတည်း၏ အဖြစ်ဟု ဆိုအပ်သော အာကာရပညတ်သည် ဧကဝုစ်သခ်္ဂါ မည်၏။ မြင်ခြင်း ကြိယာကို အထူးသဖြင့် ပြီးစေတတ်သော ကြိယာသာဓကတမသတ္တိသည် ကရဏကာရက မည်၏။

သြဒနော ပစ္စတေ ဟူသောပြယုဂ်၌ ထမင်းဖြစ်သည် သကတ်၊ ဆန်ဖြစ်သည် ဖြစ်၊ သန့်ရှင်းသော အခြင်းအရာဟု ဆိုအပ်သော ဝိသဒါကာရသည် ပုလ္လိင် မည်၏။ ဧကဝုစ်သခ်္ဂါ၊ ချက်ခြင်းကြိယာဖြင့် ရောက်အပ်သော ကြိယာ ပါပုဏနသတ္တိသည် ကမ္မကာရက မည်၏။

သီဟော ဂါယတိ ဟူသောပြယုဂ်၌ ခြသေ့ဖြစ်သည် သကတ်၊ လုလင်ဖြစ်သည် ဖြစ်၊ ပုလ္လိင်၊ ဧကဝုစ်သခ်္ဂါ၊ သီခြင်းကြိယာကို ပြီးစေတတ်သော ကြိယာနိပ္ဖါဒနသတ္တိသည် ကတ္တုကာရက မည်၏။

မဏ္ဍော ယောသန္တိ ဟူသောပြယုဂ်၌ ညောင်စောင်းဖြစ်သည် သကတ်၊ လုလင်ဖြစ်သည် ဖြစ်၊ ပုလ္လိင်၊ ဖြစ်၌မှီသော များသောအဖြစ်ဟုဆိုအပ်သော အာကာရ ပညတ်သည် ဗဟုဝုစ်သခ်္ဂါ မည်၏။ ကြွေးကြော်ခြင်းကြိယာကို ပြီးစေတတ် သော ကြိယာနိပ္ဖါဒနသတ္တိသည် ကတ္တုကာရက မည်၏။

ကုန္တော ပစရန္တိ ဟူသောပြယုဂ်၌ လုံ့ဖြစ်သည် သကတ်၊ လုလင်ဖြစ်သည် ဖြစ်၊ ပုလ္လိင်၊ ဗဟုဝုစ်သခ်္ဂါ၊ သွားခြင်းကြိယာကို ပြီးစေတတ်သောကြိယာ နိပ္ဖါဒနသတ္တိသည် ကတ္တုကာရက မည်၏။

နီလော ပဋော ဟူသောပြယုဂ်၌ အညိုဟုဆိုအပ်သောဂုဏ်သည် သကတ်၊ ပုဆိုးဖြစ်သည် ဖြစ်၊ ပုလ္လိင်၊ ဧကဝုစ်၊ သခ်္ဂါ ဖြစ်ခြင်းကြိယာကို ပြီးစေတတ်သော ကြိယာနိပ္ဖါဒနသတ္တိသည် ကတ္တုကာရက မည်၏။

သမုဒ္ဒေါ မယာ ဒိဋ္ဌော ဟူသောပြယုဂ်၌ အပေါင်းဖြစ်သော သမုဒ္ဒြာဖြစ် သည် သကတ်၊ မျက်စိဖြင့် မြင်ကောင်းသော တစ်စိတ်ဖြစ်သော သမုဒ္ဒြာသည်

http://www.dhammadownload.com

ဖြစ်၊ ပုလ္လိင်၊ ဧကဝုစ်သချာ်၊ မြင်ခြင်းကြိယာဖြင့် ရောက်အပ်သော ကြိယာပါပုဏ်နသတ္တိသည် ကမ္မကာရက မည်၏။

ဂဂီယဲ သဿဲ တိဋ္ဌတိ ဟူသောပြယုဂ်၌ ဂဂီမြစ်သည် သကတ်၊ ကမ်းနားဖြစ်သည် ဖြစ်၊ မသန့်ရှင်းသော အခြင်းအရာဟု ဆိုအပ်သော အဝိသဒါကာရသည် ဣတ္ထိလိင်၊ ဧကဝုစ်သချာ်၊ တည်ခြင်းကြိယာ၏ တည်ရာဖြစ်သော ကမ်းနားဖြစ်၏ ကြိယာပတိဋ္ဌာပနသတ္တိသည် ဩကာသကာရက မည်၏။

သသဝိသာဏဲ ဟူသောပြယုဂ်၌ ထင်ရှားသောကွဲနွားအစရှိသော သတ္တဝါတို့၏ ဦးချိုဖြစ်သည် သကတ်၊ ထင်ရှားမရှိသော ယုန်၏ဦးချိုဖြစ်သည် ဖြစ်၊ နပုံလိင်၊ ဧကဝုစ်သချာ်၊ ဖြစ်ခြင်းကြိယာကို ပြီးစေတတ်သော ကြိယာနိပ္ဖါဒနသတ္တိသည် ကတ္တုကာရက မည်၏။

သိလာပုတ္တကဿ သရီရံ ဟူသောပြယုဂ်၌ ကိုယ်ဖြစ်သည် သကတ်၊ ကျောက်သားဖြစ်သည် ဖြစ်၊ ပုလ္လိင်၊ ဧကဝုစ်သချာ်၊ ကိုယ်ဖြစ်၏ ကျောက်သားဖြစ်နှင့် အဘေဒ, ဘေဒ အဖြစ်ဖြင့် စပ်ခြင်းဟု ဆိုအပ်သော သမ္ဗန်သည် အကာရက မည်၏။

မုချသဒ္ဒါ၌ ဗျဂ်္ဂနယ ၉-ပါး

ဒဗ္ဗသဒ္ဒါ

မုချသဒ္ဒါ ငါးပါးတို့တွင် ဒဗ္ဗသဒ္ဒါ၌ ဝါစကသဒ္ဒါ, လက္ခဏိကသဒ္ဒါ, ဗျဥ္ဇကသဒ္ဒါဟု ဆိုအပ်သော သဒ္ဒါသုံးပါး၊ မုချဗျာပါရ, လက္ခဏဗျာပါရ, ဗျဥ္ဇကဗျာပါရဟု ဆိုအပ်သော ဗျာပါရသုံးပါး၊ ဝါစ္စတ္ထ, လက္ခဏီယတ္ထ, ဗျဂ်္ဂတ္ထဟုဆိုအပ်သော အတ္ထသုံးပါး ဤကိုးပါးသော ဗျဂ်္ဂနယတို့သည် ဖြစ်ကုန်၏။

ပြယုဂ်ကား "ဝိသာဏီ ဂစ္ဆတိ" အစရှိသည်တည်း။ ဤပြယုဂ်၌ ဦးချိုဖြစ်ဟု ဆိုအပ်သော အနက်သည် **ဝါစ္စတ္ထ** မည်၏။ ထိုဝါစ္စတ္ထကို ဟောတတ်သော ဝိသာဏီသဒ္ဒါသည် **ဝါစက**သဒ္ဒါ မည်၏။ ထိုဝါစ္စတ္ထကို ဟောစမ်းနိုင်သော

http://www.dhammadownload.com

ဝိသာဏီသဒ္ဒါ၏သတ္တိသည် **မုချဗျာပါရ** မည်၏။ နွားဖြစ်ဟု ဆိုအပ်သောအနက်သည် **လက္ခဏီယတ္ထ** မည်၏။ ထိုလက္ခဏီယတ္ထကို ဟောတတ်သော ဝိသာဏီသဒ္ဒါသည် **လက္ခဏိက**သဒ္ဒါ မည်၏။ ထိုလက္ခဏီယတ္ထကို ဟောစွမ်းနိုင်သော ဝိသာဏီသဒ္ဒါ၏သတ္တိသည် **လက္ခဏဗျာပါရ** မည်၏။

ဝိသာဏီ ဂစ္ဆတိဟူသော ဝါကျ၏ အစွမ်းဖြင့်ရအပ်သော လိုရာအရပ်သို့ ရောက်ခြင်းအစရှိသော တောင့်တအပ်သောအနက်သည် **ဗျဂ်္ဂတ္ထ** မည်၏။ ထိုဗျဂ်္ဂတ္ထကို ဟောတတ်သော ဝိသာဏီသဒ္ဒါသည် **ဗျဂ်္ဂက**သဒ္ဒါ မည်၏။ ထိုဗျဂ်္ဂတ္ထကို ဟောစွမ်းနိုင်သော ဝိသာဏီသဒ္ဒါ၏သတ္တိသည် **ဗျဂ်္ဂကဗျာပါရ** မည်၏။

ဂုဏသဒ္ဒါ

ဂုဏသဒ္ဒါ၌ ဝါစကသဒ္ဒါ၊ လက္ခဏိကသဒ္ဒါ၊ ဗျဂ်္ဂကသဒ္ဒါဟု ဆိုအပ်သော သဒ္ဒါသုံးပါး၊ မုချဗျာပါရ၊ လက္ခဏဗျာပါရ၊ ဗျဂ်္ဂကဗျာပါရ ဟုဆိုအပ်သော ဗျာပါရသုံးပါး၊ ဝါစ္စတ္ထ, လက္ခဏီယတ္ထ၊ ဗျဂ်္ဂတ္ထဟုဆိုအပ်သော အတ္ထသုံးပါး၊ ဤကိုးပါးသော ဗျဂ်္ဂနယတို့သည် ဖြစ်ကုန်၏။ ပြယုဂ်ကား သုက္ကော ဂစ္ဆတိတည်း။ ဤ၌ ဖြူသောဂုဏ်ဟု ဆိုအပ်သောအနက်သည် **ဝါစ္စတ္ထ** မည်၏။ ထိုဝါစ္စတ္ထကို ဟောသော သုက္ကသဒ္ဒါသည် **ဝါစကသဒ္ဒါ** မည်၏။ ထိုဝါစ္စတ္ထကို ဟောစွမ်းနိုင်သော သုက္ကသဒ္ဒါ၏ သတ္တိသည် **မုချဗျာပါရ** မည်၏။ နွားဖြစ်ဟု ဆိုအပ်သောအနက်သည် **လက္ခဏီယတ္ထ** မည်၏။ ထိုလက္ခဏီယတ္ထကို ဟောတတ်သော သုက္ကသဒ္ဒါသည် **လက္ခဏိကသဒ္ဒါ** မည်၏။ ထိုလက္ခဏီယတ္ထကို ဟောစွမ်းနိုင်သော သုက္ကသဒ္ဒါ၏သတ္တိသည် **လက္ခဏဗျာပါရ** မည်၏။

သုက္ကော ဂစ္ဆတိ ဟူသောဝါကျ၏ အစွမ်းဖြင့် ရအပ်သော လိုရာအရပ်သို့ ရောက်ခြင်း အစရှိသော တောင့်တအပ်သောအနက်သည် **ဗျဂ်္ဂတ္ထ** မည်၏။ ထိုဗျဂ်္ဂတ္ထကို ဟောတတ်သော သုက္ကသဒ္ဒါသည် **ဗျဂ်္ဂကသဒ္ဒါ** မည်၏။ ထိုဗျဂ်္ဂတ္ထကို ဟောစွမ်းနိုင်သော သုက္ကသဒ္ဒါ၏သတ္တိသည် **ဗျဂ်္ဂကဗျာပါရ** မည်၏။

http://www.dhammadownload.com

ကြိယာသဒ္ဒါ

ကြိယာသဒ္ဒါ၌ သွားခြင်းကြိယာဟု ဆိုအပ်သောအနက်သည် ဝါစ္စတ္ထ မည်၏။ (ကြွင်းရှေးနည်းကို မှီလေ။)

နာမသဒ္ဒါ

နာမသဒ္ဒါ၌ စိတ္တအမည်နာမပညတ်ဟု ဆိုအပ်သော အနက်သည် ဝါစ္စတ္ထ မည်၏။(အကြွင်း ရှေးနည်းတူ။)

ဇာတိသဒ္ဒါ

ဇာတိသဒ္ဒါ၌ နွားတို့၏ တစ်ခုသည်တစ်ခုနှင့် တူသော အခြင်းအရာဟု ဆိုအပ်သော ဇာတ်သည် ဝါစ္စတ္ထ မည်၏။(အကြွင်း ရှေးနည်းကို မှီလေ)။

မုချသဒ္ဒါငါးပါး၌ ဗျဂ်္ဂနယကိုးပါး ပြီး၏။

ဥပစာသဒ္ဒါ၌ ဗျဂ်္ဂနယ ၉-ပါး

ကာရကပုစာ

ဥပစာသဒ္ဒါဆယ်ပါးတို့တွင် ကာရကပုစာ သဒ္ဒါ၌ (ဗျဂ်္ဂနယ ကိုးပါး ခွဲမြဲ)။ ပြယုဂ်ကား "စက္ခုနာ ရူပံ ပဿတိ"အစရှိသည်တည်း။ ဤပြယုဂ်၌ အကြောင်းဖြစ်သော စက္ခုပသာဒဟု ဆိုအပ်သောအနက်သည် ဝါစ္စတ္ထ မည်၏။ ထိုဝါစ္စတ္ထကို ဟောတတ်သော စက္ခုသဒ္ဒါသည် ဝါစကသဒ္ဒါ မည်၏။ ထိုဝါစ္စတ္ထကို ဟောစွမ်းနိုင်သော စက္ခုသဒ္ဒါ၏သတ္တိသည် မုချဗျာပါရ မည်၏။ စက္ခုဝိညာဏ်ဒြဗ်ဟု ဆိုအပ်သော အနက်သည် လက္ခဏီယတ္ထ မည်၏။ ထိုလက္ခဏီယတ္ထကို ဟောတတ်သော စက္ခုသဒ္ဒါသည် လက္ခဏိကသဒ္ဒါ မည်၏။ ထိုလက္ခဏီယတ္ထကို ဟောစွမ်းနိုင်သော စက္ခုသဒ္ဒါ၏သတ္တိသည် လက္ခဏဗျာပါရ မည်၏။

စက္ခုနာ ရူပံ ပဿတိ ဟူသောဝါကျ၏အစွမ်းဖြင့် ရအပ်သော အဖြူ အနီ အစရှိသည်ကို မြင်ရခြင်းတည်းဟူသော တောင့်တအပ်သော အနက်သည် ဗျဂ်္ဂတ္ထ မည်၏။ ထိုဗျဂ်္ဂတ္ထကို ဟောတတ်သော စက္ခုသဒ္ဒါသည် ဗျဉ္ဇကသဒ္ဒါ

http://www.dhammadownload.com

မည်၏။ ထိုဗျဂ်္ဂတ္ထကို ဟောစွမ်းနိုင်သော စက္ခုသဒ္ဒါ၏သတ္တိသည် ဗျဥ္ဇကဗျာပါရ မည်၏။

ဖလူပစာ

ဖလူပစာသဒ္ဒါ၌ (ခွဲမြဲ)။ ပြယုဂ်ကား "ဩဒနော ပစ္စတေ"အစရှိသည်တည်း။ ဤ၌ အကျိုးဖြစ်သော ထမင်းဩဒဗ်ဟု ဆိုအပ်သောအနက်သည် ဝါစ္စတ္ထ မည်၏။ ထိုဝါစ္စတ္ထကို ဟောတတ်သော ဩဒနသဒ္ဒါသည် ဝါစကသဒ္ဒါ မည်၏။ ထို ဝါစ္စတ္ထကို ဟောစွမ်းနိုင်သော ဩဒနသဒ္ဒါ၏သတ္တိသည် မုချဗျာပါရ မည်၏။ အကြောင်းဖြစ်သော ဆန်ဩဒဗ်ဟု ဆိုအပ်သောအနက်သည် လက္ခဏီယတ္ထ မည်၏။ ထိုလက္ခဏီယတ္ထကို ဟောတတ်သော ဩဒနသဒ္ဒါသည် လက္ခဏိကသဒ္ဒါ မည်၏။ ထိုလက္ခဏီယတ္ထကို ဟောစွမ်းနိုင်သော ဩဒနသဒ္ဒါ၏ သတ္တိသည် လက္ခဏဗျာပါရ မည်၏။

ဩဒနော ပစ္စတေ ဟူသောဝါကျ၏အစွမ်းဖြင့် ရအပ်သော စားရခြင်းအစ ရှိသော တောင့်တအပ်သော အနက်သည် ဗျဂ်္ဂတ္ထ မည်၏။ ထိုဗျဂ်္ဂတ္ထကို ဟော တတ်သော ဩဒနသဒ္ဒါသည် ဗျဥ္ဇကသဒ္ဒါ မည်၏။ ထိုဗျဂ်္ဂတ္ထကို ဟောစွမ်းနိုင် သော ဩဒနသဒ္ဒါ၏သတ္တိသည် ဗျဥ္ဇကဗျာပါရ မည်၏။

သဒိသူပစာ

သဒိသူပစာသဒ္ဒါ (ခွဲမြဲ)။ ပြယုဂ်ကား "သီဟော ဂါယတိ"အစရှိသည်တည်း။ ဤ၌အတူဖြစ်သော ခြင်္သေ့ဩဒဗ်ဟု ဆိုအပ်သော အနက်သည် ဝါစ္စတ္ထ မည်၏။ ထိုဝါစ္စတ္ထကိုဟောတတ်သော သီဟသဒ္ဒါသည် ဝါစကသဒ္ဒါမည်၏။ ထိုဝါစ္စတ္ထကို ဟောစွမ်းနိုင်သော သီဟသဒ္ဒါ၏သတ္တိသည် မုချဗျာပါရ မည်၏။ အတူရှိသော လုလင်ဩဒဗ်ဟု ဆိုအပ်သောအနက်သည် လက္ခဏီယတ္ထမည်၏။ ထိုလက္ခဏီယတ္ထ ကို ဟောတတ်သော သီဟသဒ္ဒါသည် လက္ခဏိကသဒ္ဒါ မည်၏။ ထိုလက္ခဏီ-ယတ္ထကို ဟောစွမ်းနိုင်သော သီဟသဒ္ဒါ၏သတ္တိသည် လက္ခဏဗျာပါရ မည်၏။

သီဟော ဂါယတိ ဟူသောဝါကျ၏ အစွမ်းဖြင့် ရအပ်သော တောင့်တအပ်

http://www.dhammadownload.com

သော အနက်သည် ဗျဂ်္ဂတ္ထ မည်၏။ ထိုဗျဂ်္ဂတ္ထကို ဟောတတ်သော သီဟသဒ္ဒါသည် ဗျဥ္ဇကသဒ္ဒါ မည်၏။ ထိုဗျဂ်္ဂတ္ထကို ဟောစမ်းနိုင်သော သီဟသဒ္ဒါ၏သတ္တိသည် ဗျဥ္ဇကဗျာပါရ မည်၏။

ဌာနူပစာ

ဌာနူပစာသဒ္ဒါ၌ (ခွဲမြဲ)။ ပြယုဂ်ကား "မဠာ ယောသန္တိ" အစရှိသည်တည်း။ ဤ၌ဌာနဖြစ်သော ညောင်စောင်းဒြဗ်ဟု ဆိုအပ်သောအနက်သည် ဝါစ္စတ္ထ မည်၏။ (အကြွင်း ရှေးနည်းကို မှီ၍ခွဲလေ။ ဗျဂ်္ဂတ္ထမူကား ဖလူပစာသဒ္ဒါ, သဒိသူပစာသဒ္ဒါနှင့် အလုံးစုံ တူသည်ချည်းတည်း။)

ဌာန္နူပစာ

ဌာန္နူပစာသဒ္ဒါ၌ (ခွဲမြဲ)။ ပြယုဂ်ကား "ကုန္တာ ပစရန္တိ" အစရှိသည်တည်း။ ဤ၌ ဌာနီဖြစ်သော လုံဒြဗ်ဟု ဆိုအပ်သောအနက်သည် ဝါစ္စတ္ထ မည်၏။ (အကြွင်း ရှေးနည်းကို မှီ၍ခွဲလေ။)

ဂုဏူပစာ

ဂုဏူပစာသဒ္ဒါ၌ (ခွဲမြဲ)။ ပြယုဂ်ကား "နီလော ပဋော" အစရှိသည်တည်း။ ဤ၌အညိုဟူသော ဂုဏ်အနက်သည် ဝါစ္စတ္ထ မည်၏။ (အကြွင်း ရှေးနည်းကို မှီ၍ခွဲလေ။)

ဧကဒေသူပစာ

ဧကဒေသူပစာသဒ္ဒါ၌ (ခွဲမြဲ)။ ပြယုဂ်ကား "သမုဒ္ဒေါ မယာ ဒိဋ္ဌော" အစရှိသည်တည်း။ ဤ၌ အပေါင်းဖြစ်သော သမုဒ္ဒါဟူသောအနက်သည် ဝါစ္စတ္ထ မည်၏။ (အကြွင်း ရှေးနည်းကို မှီ၍ခွဲလေ။)

သမီပူပစာ

သမီပူပစာသဒ္ဒါ၌ (ခွဲမြဲ)။ ပြယုဂ်ကား "ဂင်္ဂါယံ သဿံ တိဋ္ဌတိ"အစရှိသည်တည်း။ ဤ၌ အနီးဖြစ်သော ဂင်္ဂါမြစ်ဟူသော အနက်သည် ဝါစ္စတ္ထ မည်၏။ (အကြွင်း ရှေးနည်းကို မှီ၍ခွဲလေ။)

http://www.dhammadownload.com

တဒ္ဓမ္မူပစာ

တဒ္ဓမ္မူပစာသဒ္ဒါ၌ (ခွဲမြဲ)။ ပြယုဂ်ကား "သသဝိသာဏံ"အစရှိသည်တည်း။ ဤ၌ထင်ရှားရှိသော ကျွဲ, နွား အစရှိသည်တို့၏ ဦးချိုဖြစ်ဟု ဆိုအပ်သောအနက်သည် ဝါစ္စတ္ထ မည်၏။ (အကြွင်း ရှေးနည်းကို မှီ၍ခွဲလေ။)

ဘေဒူပစာ

ဘေဒူပစာသဒ္ဒါ၌ (ခွဲမြဲ)။ ပြယုဂ်ကား "သိလာပုတ္တကဿ သရီရံ" အစရှိသည်တည်း။ ဤ၌ ကိုယ်ဖြစ်ဟုဆိုအပ်သော အနက်သည် ဝါစ္စတ္ထ မည်၏။ (အကြွင်း ရှေးနည်းကို မှီ၍ခွဲလေ။) အောက်က ဥပစာသဒ္ဒါခွဲရာ၌ အနက်တို့ကို နှလုံးသွင်း၍ ဝါစ္စတ္ထလက္ခဏာယတ္ထရသင့်သည်ကို ဆင်ခြင်လေ။ ဉာဏ်သက်လျှင် လွယ်၏။

ဥပစာသဒ္ဒါဆယ်ပါး၌ ဗျဂ်္ဂနယ ကိုးပါးပြီး၏။

မုချသဒ္ဒါ၌ သကတ်ကောက်ပုံ

ဒဗ္ဗသဒ္ဒါ

မုချသဒ္ဒါ ငါးပါးတို့တွင် ဒဗ္ဗသဒ္ဒါသည် ဇာတ်ကို ဟောသည်ဖြစ်အံ့၊ သုတိသည် အကြောင်းပဝတ္ထုနိမိတ်ဖြစ်၏။ ဖြစ်ကို ဟောသည်ဖြစ်အံ့၊ ဇာတ်သည်ဌင်း, ဖြစ်သည်ဌင်း, သမ္မန်သည်ဌင်း အကြောင်းပဝတ္ထုနိမိတ်ဖြစ်၏။ ပြယုဂ်ကား "ဝိသာဏီ"အစရှိသည်တည်း။

ဤ၌ ဝိသာဏီသဒ္ဒါသည် ဦးချိုရှိသော နွားသာမည်ဟု ဆိုအပ်သောဇာတ်ကို ဟောသည်ဖြစ်အံ့၊ 'ဝိ'ဟူသော 'သာ'ဟူသော 'ဏီ'ဟူသော အစိတ်စိတ်သော သဒ္ဒါဟုဆိုအပ်သော သုတိသည် အကြောင်းပဝတ္ထုနိမိတ် မည်၏။ ဦးချိုရှိသော နွားဖြစ်ကို ဟောသည်ဖြစ်အံ့၊ ဦးချိုရှိသော နွားသာမည်ဟု ဆိုအပ်သောဇာတ်သည်ဌင်း, ဦးချိုဖြစ်သည်ဌင်း, ဦးချိုဖြစ်၏ နွားဖြစ်နှင့် အစိတ်အပေါင်း၏အဖြစ်ဖြင့် စပ်ခြင်းဟုဆိုအပ်သော သမ္မန်သည်ဌင်း အကြောင်းပဝတ္ထုနိမိတ် ဖြစ်၏။

http://www.dhammadownload.com

တစ်နည်းကား ရှိခြင်းကြိယာနှင့် ဦးချိုဖြစ်, နွားဖြစ်ဟု ဆိုအပ်သော ကာရက ၏ သာဓန, သာဓေတဗ္ဗ၏ အဖြစ်ဖြင့် စပ်ခြင်းဟု ဆိုအပ်သော ကြိယာ ကာရက ဖလ သမ္ဗန်သည်၄င်း အကြောင်းပဝတ္တာနိမိတ် ဖြစ်၏။

ဂုဏသဒ္ဒါ

ဂုဏသဒ္ဒါသည် ဂုဏ်ဇာတ်ကို ဟောသည်ဖြစ်အံ့၊ သုတိသည် အကြောင်း ပဝတ္တာနိမိတ် ဖြစ်၏။ ဂုဏ်ဝိသေသကို ဟောသည်ဖြစ်အံ့၊ ဂုဏ်ဇာတ်သည် အကြောင်းပဝတ္တာနိမိတ် ဖြစ်၏။ ဒြဗ်ကို ဟောသည်ဖြစ်အံ့၊ ဂုဏ်ဝိသေသသည် အကြောင်းပဝတ္တာနိမိတ်ဖြစ်၏။ပြယုဂ်ကား "သုက္ကော ဂေါဿ သုက္ကော၊ သုက္ကော ဂေါ"အစရှိသည်တည်း။ ဤ'သုက္ကော'ဟူသော ပြယုဂ်၌ သုက္ကသဒ္ဒါသည် အဖြူသာမညဟု ဆိုအပ်သော ဂုဏ်ဇာတ်ကို ဟောသည်ဖြစ်အံ့၊ 'သုက်'ဟူသော 'က'ဟူသော အစိတ်စိတ်သော သဒ္ဒါဟုဆိုအပ်သော သုတိသည် အကြောင်း ပဝတ္တာနိမိတ် မည်၏။ 'ဂေါဿ သုက္ကော' ဟူသော ပြယုဂ်၌ နွား၏အဖြူဟုဆို အပ်သော ဂုဏ်ဝိသေသကို ဟောသည်ဖြစ်အံ့၊ အဖြူသာမညဟု ဆိုအပ်သော ဂုဏ်ဇာတ်သည် အကြောင်းပဝတ္တာနိမိတ်ဖြစ်၏။ 'သုက္ကော ဂေါ'ဟူသော ပြယုဂ်၌ သုက္ကသဒ္ဒါသည် ဖြူသောနွားဒြဗ်ကို ဟောသည်ဖြစ်အံ့၊ နွား၏အဖြူဟုဆိုအပ် သော ဂုဏ်ဝိသေသသည် အကြောင်းပဝတ္တာနိမိတ် ဖြစ်၏။

ကြိယာသဒ္ဒါ

ကြိယာသဒ္ဒါသည် ကြိယာဇာတ်ကို ဟောသည်ဖြစ်အံ့၊ သုတိသည် အကြောင်း ပဝတ္တာနိမိတ် ဖြစ်၏။ ကြိယာဝိသေသကို ဟောသည်ဖြစ်အံ့၊ ကြိယာ ဇာတ်သည် အကြောင်းပဝတ္တာနိမိတ်ဖြစ်၏။ ဒြဗ်ကို ဟောသည်ဖြစ်အံ့၊ ကြိယာ ဝိသေသသည် အကြောင်းပဝတ္တာနိမိတ်ဖြစ်၏။ ပြယုဂ်ကား "ဂမနံ၊ ဂေါဿ ဂမနံ၊ ဂန္တာ ဂေါ" အစရှိသည်တည်း။ ဤ 'ဂမနံ' ဟူသော ပြယုဂ်၌ ဂမနသဒ္ဒါသည် သွားခြင်းသာမည ဟုဆိုအပ်သော ကြိယာဇာတ်ကို ဟောသည်ဖြစ်အံ့၊ 'ဂ' ဟူ သော 'မ'ဟူသော 'နံ'ဟူသော အစိတ်စိတ်သော သဒ္ဒါဟုဆိုအပ်သော သုတိ

http://www.dhammadownload.com

သည် အကြောင်းပဝတ္တာနိမိတ် မည်၏။ 'ဂေါဿ ဂမနံ' ဟူသော ပြယုဂ်၌ ဂမန သဒ္ဒါသည် နွားဇ၏သွားခြင်းဟု ဆိုအပ်သော ကြိယာဝိသေသကို ဟောသည် ဖြစ်အံ့၊ သွားခြင်းသာမည်ဟု ဆိုအပ်သော ကြိယာဇာတ်သည် အကြောင်းပဝတ္တာ နိမိတ် ဖြစ်၏။ 'ဂန္တာ ဂေါ' ဟူသောပြယုဂ်၌ ဂန္တာသဒ္ဒါသည် သွားတတ်သော နွားဖြစ်ကို ဟောသည်ဖြစ်အံ့၊ နွားဇ၏သွားခြင်းဟုဆိုအပ်သော ကြိယာဝိသေသ သည် အကြောင်းပဝတ္တာနိမိတ် ဖြစ်၏။

နာမသဒ္ဒါ

နာမသဒ္ဒါသည် နာမ်ဇာတ်ကို ဟောသည်ဖြစ်အံ့၊ သုတိသည် အကြောင်း ပဝတ္တာနိမိတ် ဖြစ်၏။ နာမ်ဝိသေသကို ဟောသည်ဖြစ်အံ့၊ နာမ်ဇာတ်သည် အကြောင်းပဝတ္တာနိမိတ် ဖြစ်၏။ ဒြဗ်ကို ဟောသည်ဖြစ်အံ့၊ နာမ်ဝိသေသသည် အကြောင်းပဝတ္တာနိမိတ် ဖြစ်၏။ပြယုဂ်ကား "စိတ္တော၊ ဂေါဿ စိတ္တော၊ စိတ္တော ဂေါ" အစရှိသည်တည်း။

ဤ 'စိတ္တော'ဟူသော ပြယုဂ်၌ စိတ္တသဒ္ဒါသည် စိတ္တအမည်သာမည်ဟု ဆို အပ်သော နာမ်ဇာတ်ကို ဟောသည်ဖြစ်အံ့၊ 'စိတ်'ဟူသော 'တ'ဟူသော အစိတ် စိတ်သောသဒ္ဒါဟု ဆိုအပ်သော သုတိသည် အကြောင်းပဝတ္တာနိမိတ် မည်၏။ 'ဂေါဿ စိတ္တော'ဟူသော ပြယုဂ်၌ နွားဇ၏စိတ္တအမည်ဟု ဆိုအပ်သော နာမ် ဝိသေသကို ဟောသည်ဖြစ်အံ့၊ စိတ္တအမည်သာမည်ဟု ဆိုအပ်သော နာမ်ဇာတ် သည် အကြောင်းပဝတ္တာနိမိတ် ဖြစ်၏။ 'စိတ္တော ဂေါ'ဟူသောပြယုဂ်၌ စိတ္တသဒ္ဒါ သည် စိတ္တအမည်ရှိသော နွားဖြစ်ကို ဟောသည်ဖြစ်အံ့၊ နွားဇ၏ စိတ္တအမည်ဟု ဆိုအပ်သော နာမ်ဝိသေသသည် အကြောင်းပဝတ္တာနိမိတ် ဖြစ်၏။

ဇာတိသဒ္ဒါ

ဇာတိသဒ္ဒါသည် ဇာတ်ကို ဟောသည်ဖြစ်အံ့၊ သုတိသည် အကြောင်း ပဝတ္တာနိမိတ်ဖြစ်၏။ ဒြဗ်ကို ဟောသည်ဖြစ်အံ့၊ ဇာတ်သည် အကြောင်းပဝတ္တာ နိမိတ်ဖြစ်၏။ ပြယုဂ်ကား "ဂေါ" အစရှိသည်တည်း။ ဤပြယုဂ်၌ ဂေါသဒ္ဒါသည်

http://www.dhammadownload.com

နွားတို့၏ တစ်ခုသည်တစ်ခုနှင့် တူသောအခြင်းအရာဟု ဆိုအပ်သော ဇာတ်ကို ဟောသည်ဖြစ်အံ့၊ ပထမဝိဘတ်၊ ဒုတိယဝိဘတ်၏ အာရုံဖြစ်သော 'ဂေါ်'သဒ္ဒါဟု ဆိုအပ်သော သုတိသည် အကြောင်းပဝတ္ထုနိမိတ်ဖြစ်၏။ နွားဒြဗ်ကို ဟောသည်ဖြစ်အံ့၊ နွားတို့၏ တစ်ခုသည် တစ်ခုနှင့်တူသော အခြင်းအရာဟု ဆိုအပ်သော ဇာတ်သည် အကြောင်းပဝတ္ထုနိမိတ် မည်၏။

မုချသဒ္ဒါ ပြီး၏။

ဥပစာသဒ္ဒါ၌ သကတ်ကောက်ပုံ

ကာရကူပစာသဒ္ဒါ

ဥပစာသဒ္ဒါဆယ်ပါးတို့တွင် ကာရကူပစာသဒ္ဒါသည် သမ္ဗန်ကို ဟောသည်ဖြစ်အံ့၊ သုတိသည် အကြောင်းပဝတ္ထုနိမိတ် ဖြစ်၏။ ဒြဗ်ကို ဟောသည်ဖြစ်အံ့၊ သမ္ဗန်သည်၄င်း, ဒြဗ်သည်၄င်း အကြောင်းပဝတ္ထုနိမိတ် ဖြစ်၏။ ပြယုဂ်ကား "စက္ခုနာ ရူပံ ပဿတိ" အစရှိသည်တည်း။ ဤပြယုဂ်၌ 'စက္ခု' သဒ္ဒါသည် အကြောင်းဖြစ်သော စက္ခုပသာဒဒြဗ်၏ အကျိုးဖြစ်သော စက္ခုဝိညာဏ်ဒြဗ်နှင့် အကြောင်းအကျိုး၏အဖြစ်ဖြင့် စပ်ခြင်းဟုဆိုအပ်သော သမ္ဗန်ကိုဟောသည်ဖြစ်အံ့၊ 'စက်' ဟူသော 'ခု'ဟူသော အစိတ်စိတ်သော သဒ္ဒါဟုဆိုအပ်သော သုတိသည် အကြောင်းပဝတ္ထုနိမိတ် ဖြစ်၏။ စက္ခုဝိညာဏ်ဒြဗ်ကို ဟောသည်ဖြစ်အံ့၊ အကြောင်းဖြစ်သော စက္ခုပသာဒဒြဗ်၏ အကျိုးဖြစ်သော စက္ခုဝိညာဏ်ဒြဗ်နှင့် အကြောင်းအကျိုး၏အဖြစ်ဖြင့် စပ်ခြင်းဟုဆိုအပ်သော သမ္ဗန်သည်၄င်း, စက္ခုပသာဒဒြဗ်သည်၄င်း အကြောင်းပဝတ္ထုနိမိတ် ဖြစ်၏။

ဖလူပစာသဒ္ဒါ

ဖလူပစာသဒ္ဒါသည် သမ္ဗန်ကို ဟောသည်ဖြစ်အံ့၊ သုတိသည် အကြောင်းပဝတ္ထုနိမိတ် ဖြစ်၏။ ဒြဗ်ကို ဟောသည်ဖြစ်အံ့၊ သမ္ဗန်သည်၄င်း, ဒြဗ်သည်၄င်း အကြောင်းပဝတ္ထုနိမိတ်ဖြစ်၏။ ပြယုဂ်ကား "သြဒနော ပစ္စတေ"အစရှိသည်တည်း။

http://www.dhammadownload.com

ဤပြယုဂ်၌ 'ဩဒန'သဒ္ဒါသည် အကျိုးဖြစ်သော ထမင်းဖြင်၏ အကြောင်းဖြစ်သော ဆန်ဖြင်နှင့် အကျိုးအကြောင်း၏ အဖြစ်ဖြင့် စပ်ခြင်းဟု ဆိုအပ်သော သမ္ဗန်ကို ဟောသည်ဖြစ်အံ့၊ 'ဩ'ဟူသော 'ဒ'ဟူသော 'န'ဟူသော အစိတ်စိတ်သော သဒ္ဒါဟုဆိုအပ်သော သုတိသည် အကြောင်းပဝတ္ထုနိမိတ် ဖြစ်၏။ ဆန်ဖြင်ကို ဟောသည်ဖြစ်အံ့၊ အကျိုးဖြစ်သော ထမင်းဖြင်၏ အကြောင်းဖြစ်သော ဆန်ဖြင်နှင့် အကျိုးအကြောင်း၏အဖြစ်ဖြင့် စပ်ခြင်းဟုဆိုအပ်သော သမ္ဗန်သည်ဌင်း, ထမင်းဖြင်သည်ဌင်း အကြောင်းပဝတ္ထုနိမိတ် ဖြစ်၏။

သဒိသူပစာသဒ္ဒါ

သဒိသူပစာသဒ္ဒါသည် သဒိသဘောကိုဌင်း, သမ္ဗန်ကိုဌင်း ဟောသည်ဖြစ်အံ့၊ သုတိသည် အကြောင်းပဝတ္ထုနိမိတ် ဖြစ်၏။ ဖြင်ကို ဟောသည်ဖြစ်အံ့၊ သဒိသဘောသည်ဌင်း, သမ္ဗန်သည်ဌင်း, ဖြင်သည်ဌင်း အကြောင်းပဝတ္ထုနိမိတ် ဖြစ်၏။ ပြယုဂ်ကား "သီဟော ဂါယတိ"အစရှိသည်တည်း။ ဤပြယုဂ်၌ 'သီဟ' သဒ္ဒါသည် အတူဖြစ်သော ခြင်္သေ့ဖြင်၏ အတူရှိသော လုလင်ဖြင်နှင့် ရဲရင့်ခြင်းအစရှိသောအားဖြင့် တူသော သဒိသဘောကိုဌင်း, အတူ ဖြစ်သော ခြင်္သေ့ဖြင်၏ အတူရှိသော လုလင်ဖြင်နှင့် သဒိသ-သဒိသီ၏ အဖြစ်ဖြင့် စပ်ခြင်းဟု ဆိုအပ်သော သမ္ဗန်ကိုဌင်း ဟောသည်ဖြစ်အံ့၊ 'သီ'ဟူသော 'ဟ'ဟူသော အစိတ်စိတ်သော သဒ္ဒါဟုဆိုအပ်သော သုတိသည် အကြောင်းပဝတ္ထုနိမိတ် ဖြစ်၏။ လုလင်ဖြင်ကို ဟောသည်ဖြစ်အံ့၊ အတူဖြစ်သော ခြင်္သေ့ဖြင်၏ အတူရှိသော လုလင်ဖြင်နှင့် ရဲရင့်ခြင်းအစရှိသော အားဖြင့်တူသော သဒိသဘောသည်ဌင်း, အတူဖြစ်သော ခြင်္သေ့ဖြင်၏ အတူရှိသော လုလင်ဖြင်နှင့် သဒိသ-သဒိသီ၏ အဖြစ်ဖြင့် စပ်ခြင်းဟုဆိုအပ်သော သမ္ဗန်သည်ဌင်း, ခြင်္သေ့ဖြင်သည်ဌင်း အကြောင်းပဝတ္ထုနိမိတ် ဖြစ်၏။

ဌာနူပစာသဒ္ဒါ

ဌာနူပစာသဒ္ဒါသည် သမ္ဗန်ကို ဟောသည်ဖြစ်အံ့၊ သုတိသည် အကြောင်း

http://www.dhammadownload.com

ပဝတ္တာနိမိတ် ဖြစ်၏။ ဒြဗ်ကို ဟောသည်ဖြစ်အံ့၊ သမ္မန်သည်၄င်း, ဒြဗ်သည်၄င်း အကြောင်းပဝတ္တာနိမိတ် ဖြစ်၏။ ပြယုဂ်ကား "မဉ္စာ ယောသန္တိ" အစရှိသည်တည်း။ ဤပြယုဂ်၌ 'မဉ္စ'သဒ္ဒါသည် ဌာနဖြစ်သော ညောင်စောင်းဒြဗ်၏ ဌာနီဖြစ်သော လူဒြဗ်နှင့် ဌာန-ဌာနီ၏ အဖြစ်ဖြင့် စပ်ခြင်းဟုဆိုအပ်သော သမ္မန်ကို ဟောသည် ဖြစ်အံ့၊ 'မဉ်'ဟူသော 'စ'ဟူသော အစိတ်စိတ်သော သဒ္ဒါဟုဆိုအပ်သော သုတိသည် အကြောင်းပဝတ္တာနိမိတ်ဖြစ်၏။ လူဒြဗ်ကို ဟောသည်ဖြစ်အံ့၊ ဌာနဖြစ်သော ညောင်စောင်းဒြဗ်၏ ဌာနီဖြစ်သော လူဒြဗ်နှင့် ဌာန-ဌာနီ အဖြစ်ဖြင့် စပ်ခြင်းဟုဆိုအပ်သော သမ္မန်သည်၄င်း, ညောင်စောင်းဒြဗ်သည်၄င်း အကြောင်းပဝတ္တာနိမိတ် ဖြစ်၏။

ဌာနျူပစာသဒ္ဒါ

ဌာနျူပစာသဒ္ဒါသည် သမ္မန်ကို ဟောသည်ဖြစ်အံ့၊ သုတိသည် အကြောင်းပဝတ္တာနိမိတ် ဖြစ်၏။ ဒြဗ်ကို ဟောသည်ဖြစ်အံ့၊ သမ္မန်သည်၄င်း, ဒြဗ်သည်၄င်း အကြောင်းပဝတ္တာနိမိတ် ဖြစ်၏။ ပြယုဂ်ကား "ကုန္တာ ပစရန္တိ"အစရှိသည်တည်း။

ဤပြယုဂ်၌ 'ကုန္တာ'သဒ္ဒါသည် ဌာနီဖြစ်သော လုံဒြဗ်၏ဌာနဖြစ်သော လူဒြဗ်နှင့် ဌာနီဌာန၏အဖြစ်ဖြင့် စပ်ခြင်းဟုဆိုအပ်သော သမ္မန်ကို ဟောသည်ဖြစ်အံ့၊ 'ကုန်'ဟူသော 'တ'ဟူသော အစိတ်စိတ်သော သဒ္ဒါဟုဆိုအပ်သော သုတိသည် အကြောင်းပဝတ္တာနိမိတ် ဖြစ်၏။ လူဒြဗ်ကို ဟောသည်ဖြစ်အံ့၊ ဌာနီဖြစ်သော လုံဒြဗ်၏ ဌာနဖြစ်သော လူဒြဗ်နှင့် ဌာနီ-ဌာနအဖြစ်ဖြင့် စပ်ခြင်းဟုဆိုအပ်သော သမ္မန်သည်၄င်း, လုံဒြဗ်သည်၄င်း အကြောင်းပဝတ္တာနိမိတ်ဖြစ်၏။

ဂုဏ္ဏူပစာသဒ္ဒါ

ဂုဏ္ဏူပစာသဒ္ဒါသည် သမ္မန်ကို ဟောသည်ဖြစ်အံ့၊ သုတိသည် အကြောင်းပဝတ္တာနိမိတ် ဖြစ်၏။ ဒြဗ်ကို ဟောသည်ဖြစ်အံ့၊ သမ္မန်သည်၄င်း, ဒြဗ်သည်၄င်း အကြောင်းပဝတ္တာနိမိတ် ဖြစ်၏။ ပြယုဂ်ကား 'နီလော ပဋော"အစရှိသည်တည်း။

ဤပြယုဂ်၌ 'နီလ'သဒ္ဒါသည် အည်ိဟူသောဂုဏ်၏ ဂုဏ်းဖြစ်သော ပုဆိုး

http://www.dhammadownload.com

ဒြဗ်နှင့် ဂုဏ်-ဂုဏေး အဖြစ်ဖြင့် စပ်ခြင်းဟုဆိုအပ်သော သမ္ဗန်ကိုဟောသည်ဖြစ်အံ့၊ 'နိ'ဟူသော 'လ'ဟူသော အစိတ်စိတ်သော သဒ္ဒါဟုဆိုအပ်သော သုတိသည် အကြောင်းပဝတ္တာနိမိတ် ဖြစ်၏။ ပုဆိုးဒြဗ်ကို ဟောသည်ဖြစ်အံ့၊ အညိုဟူသောဂုဏ်၏ ဂုဏေးဖြစ်သော ပုဆိုးဒြဗ်နှင့် ဂုဏ်-ဂုဏေး၏အဖြစ်ဖြင့် စပ်ခြင်းဟုဆိုအပ်သော သမ္ဗန်သည်၄င်း, အညိုဟူသော ဂုဏ်ဒြဗ်သည်၄င်း အကြောင်းပဝတ္တာနိမိတ် ဖြစ်၏။

ကေဒေသူပစာသဒ္ဒါ

ကေဒေသူပစာသဒ္ဒါသည် သမ္ဗန်ကို ဟောသည်ဖြစ်အံ့၊ သုတိသည် အကြောင်းပဝတ္တာနိမိတ် ဖြစ်၏။ ဒြဗ်ကို ဟောသည်ဖြစ်အံ့၊ သမ္ဗန်သည်၄င်း, ဒြဗ်သည်၄င်း အကြောင်းပဝတ္တာနိမိတ် ဖြစ်၏။ ပြယုဂ်ကား "သမုဒ္ဒါ မယာ ဒိဋ္ဌော" အစရှိသည်တည်း။

ဤပြယုဂ်၌ 'သမုဒ္ဒ' သဒ္ဒါသည် အပေါင်းဖြစ်သော သမုဒ္ဒရာတစ်စင်းလုံး ဒြဗ်၏ မျက်စိဖြင့် မြင်ကောင်းသော သမုဒြာတစ်စိတ်နှင့် အပေါင်းအစိတ်၏ အဖြစ်ဖြင့် စပ်ခြင်းဟု ဆိုအပ်သော သမ္ဗန်ကို ဟောသည်ဖြစ်အံ့၊ 'သ'ဟူသော 'မုဒ်' ဟူသော 'ဒ' ဟူသော အစိတ်စိတ်သော သဒ္ဒါဟုဆိုအပ်သော သုတိသည် အကြောင်းပဝတ္တာနိမိတ် ဖြစ်၏။ အစိတ်ဖြစ်သော သမုဒြာတစ်စင်းလုံးဒြဗ်၏ မျက်စိဖြင့်မြင်ကောင်းသော သမုဒြာတစ်စိတ်နှင့် အပေါင်း-အစိတ်၏ အဖြစ်ဖြင့် စပ်ခြင်းဟုဆိုအပ်သော သမ္ဗန်သည်၄င်း, အပေါင်းဖြစ်သော သမုဒြာသည်၄င်း အကြောင်းပဝတ္တာနိမိတ် ဖြစ်၏။

သမီပူပစာသဒ္ဒါ

သမီပူပစာသဒ္ဒါသည် သမ္ဗန်ကို ဟောသည်ဖြစ်အံ့၊ သုတိသည် အကြောင်းပဝတ္တာနိမိတ် ဖြစ်၏။ ဒြဗ်ကို ဟောသည်ဖြစ်အံ့၊ သမ္ဗန်သည်၄င်း, ဒြဗ်သည်၄င်း အကြောင်းပဝတ္တာနိမိတ် ဖြစ်၏။ ပြယုဂ်ကား "ဂင်္ဂါယံ သဿံ တိဋ္ဌတိ" အစရှိသည်တည်း။

http://www.dhammadownload.com

ဤပြယုဂ်၌ 'ဂဂီ'သဒ္ဒါသည် အနီးရှိသော ဂဂီမြစ်၏အနီးဖြစ်သော ကမ်းနား ဒြပ်နှင့် သမီပီ-သမီပ အဖြစ်ဖြင့် စပ်ခြင်းဟုဆိုအပ်သော သမ္ဗန်ကိုဟောသည် ဖြစ်အံ့၊ 'ဂင်'ဟူသော 'ဂါ'ဟူသော အစိတ်စိတ်သော သဒ္ဒါဟု ဆိုအပ်သော သုတိသည် အကြောင်းပဝတ္တာနိမိတ် ဖြစ်၏။ ကမ်းနားဒြပ်ကို ဟောသည်ဖြစ်အံ့၊ အနီးရှိသော ဂဂီမြစ်၏အနီးဖြစ်သော ကမ်းနားဒြပ်နှင့် သမီပီ-သမီပ၏ အဖြစ်ဖြင့် စပ်ခြင်းဟုဆိုအပ်သော သမ္ဗန်သည်၄င်း, ဂဂီမြစ်ဒြပ်သည်၄င်း အကြောင်းပဝတ္တာနိမိတ် ဖြစ်၏။

တဒ္ဓမ္မူပစာသဒ္ဒါ

တဒ္ဓမ္မူပစာသဒ္ဒါသည် သမ္ဗန်ကို ဟောသည်ဖြစ်အံ့၊ သုတိသည် အကြောင်းပဝတ္တာနိမိတ် ဖြစ်၏။ ဒြပ်ကို ဟောသည်ဖြစ်အံ့၊ သမ္ဗန်သည်၄င်း, ဒြပ်သည်၄င်း အကြောင်းပဝတ္တာနိမိတ်ဖြစ်၏။ ပြယုဂ်ကား "သသဝိသာဏံ "အစရှိသည်တည်း။

ဤပြယုဂ်၌ 'ဝိသာဏ' သဒ္ဒါသည် ထင်ရှားရှိသော ကျွဲနွား အစရှိသော သတ္တဝါတို့၏ ဦးချို့ဒြပ်၏ ထင်ရှားမရှိသော ယုန်၏ဦးချို့ဒြပ်နှင့် ဘာဝ-အဘာဝ ၏အဖြစ်ဖြင့် စပ်ခြင်းဟု ဆိုအပ်သော သမ္ဗန်ကို ဟောသည်ဖြစ်အံ့၊ 'ဝိ'ဟူသော 'သာ'ဟူသော 'ဏ'ဟူသော အစိတ်စိတ်သော သဒ္ဒါဟုဆိုအပ်သော သုတိသည် အကြောင်းပဝတ္တာနိမိတ် ဖြစ်၏။ ယုန်၏ဦးချို့ဒြပ်ကို ဟောသည်ဖြစ်အံ့၊ ထင်ရှားရှိသော ကျွဲနွားအစရှိသော သတ္တဝါတို့၏ ဦးချို့ဒြပ်၏ ထင်ရှားမရှိသော ယုန်၏ ဦးချို့ဒြပ်နှင့် ဘာဝ-အဘာဝ၏ အဖြစ်ဖြင့် စပ်ခြင်းဟု ဆိုအပ်သော သမ္ဗန်သည်၄င်း, ထင်ရှားရှိသော ကျွဲနွား အစရှိသော သတ္တဝါတို့၏ ဦးချို့ဒြပ်သည်၄င်း အကြောင်းပဝတ္တာနိမိတ် ဖြစ်၏။

ဘေဒူပစာသဒ္ဒါ

ဘေဒူပစာသဒ္ဒါသည် သမ္ဗန်ကို ဟောသည်ဖြစ်အံ့၊ သုတိသည် အကြောင်းပဝတ္တာနိမိတ် ဖြစ်၏။ ဒြပ်ကို ဟောသည်ဖြစ်အံ့၊ သမ္ဗန်သည်၄င်း, ဒြပ်သည်၄င်း အကြောင်းပဝတ္တာနိမိတ် ဖြစ်၏။ ပြယုဂ်ကား "သိလာပုတ္တကဿ သရီရံ" အစရှိသည်တည်း။

http://www.dhammadownload.com

ဤပြယုဂ်၌ 'သိလာပုတ္တကဿ'သဒ္ဒါသည် ကိုယ်ဒြဗ်၏ ကျောက်သားဒြဗ် နှင့် အဘေဒ-ဘေဒ၏ အဖြစ်ဖြင့် စပ်ခြင်းဟုဆိုအပ်သော သမ္ဗန်ကို ဟောသည်ဖြစ်အံ့၊ 'သိ'ဟူသော 'လာ'ဟူသော 'ပုတ်'ဟူသော 'တ'ဟူသော 'က'ဟူသော အစိတ်စိတ်သော သဒ္ဒါဟု ဆိုအပ်သော သုတိသည် အကြောင်းပဝတ္တာနိမိတ် ဖြစ်၏။ ကျောက်သားဒြဗ်ကို ဟောသည်ဖြစ်အံ့၊ ကိုယ်ဒြဗ်၏ ကျောက်သားဒြဗ် နှင့် အဘေဒ-ဘေဒ၏ အဖြစ်ဖြင့် စပ်ခြင်းဟုဆိုအပ်သော သမ္ဗန်သည်၄င်း, ကိုယ်ဒြဗ်သည်၄င်း အကြောင်းပဝတ္တာနိမိတ် ဖြစ်၏။

အနွတ္ထသဒ္ဒါနှင့် ရုဠှိသဒ္ဒါ

တစ်နည်းကား အနွတ္ထသဒ္ဒါ, ရုဠှိသဒ္ဒါအားဖြင့် နှစ်ပါးအပြားရှိ၏။

အနွတ္ထသဒ္ဒါ

ထိုနှစ်ပါးတို့တွင် ဝါကျအနက်သို့ အစဉ်လိုက်တတ်သော သဒ္ဒါသည် **အနွတ္ထသဒ္ဒါ** မည်၏။ ပြယုဂ်ကား "ဗုဇ္ဈတီတိ ဗုဒ္ဓေါ" အစရှိသည်တည်း။ ဤပြယုဂ်၌ 'ဗုဒ္ဓေါ' ဟူသော သဒ္ဒါသည် သိတတ်၏ဟူသော ဝါကျအနက်သို့ အစဉ်လိုက်တတ်သောကြောင့် အနွတ္ထသဒ္ဒါ မည်၏။

ရုဠှိသဒ္ဒါ

အထင်အားဖြင့် ဆိုအပ်သောသဒ္ဒါသည် **ရုဠှိ**သဒ္ဒါ မည်၏။ ပြယုဂ်ကား "တိဿော"အစရှိသည်တည်း။ ဤပြယုဂ်၌ 'တိဿော'ဟူသောသဒ္ဒါသည် တိဿအမည်ရှိသော သူ၌သာ အထင်အားဖြင့် ဆိုအပ်သောကြောင့် ရုဠှိသဒ္ဒါ မည်၏။

အနွတ္ထသဒ္ဒါ ၂-ပါး

ထိုနှစ်ပါးတို့တွင် အနွတ္ထသဒ္ဒါသည်လည်း အတ္ထဝါကျအနက်သို့ အစဉ်လိုက်တတ်သော အနွတ္ထသဒ္ဒါ, ဝိဂ္ဂဟဝါကျအနက်သို့ အစဉ်လိုက်တတ်သော အနွတ္ထသဒ္ဒါအားဖြင့် နှစ်ပါးအပြား ရှိ၏။ ထိုတွင်–

ကိလေသေဟိ အာရကာတိ အရဟံ" အစရှိသည်၌ 'အရဟံ' အစရှိသော

http://www.dhammadownload.com

သဒ္ဒါသည် အတ္ထဝါကျအနက်သို့ အစဉ်လိုက်တတ်သောကြောင့် **အန္ဓတ္ထသဒ္ဒါ** မည်၏။ "ပူဇာဝိသေသံ အရဟာတီတိ အရဟံ" အစရှိသော သဒ္ဒါသည် ဝိဂ္ဂဟ ဝါကျအနက်သို့ အစဉ်လိုက်တတ်သောကြောင့် **အန္ဓတ္ထသဒ္ဒါ** မည်၏။

ရုဠှိသဒ္ဒါ ၂-ပါး

ရုဠှိသဒ္ဒါသည်လည်း ပသိဒ္ဓရုဠှိ, ဥပစာရရုဠှိအားဖြင့် နှစ်ပါးအပြား ရှိ၏။ ထိုတွင်-

ပသိဒ္ဓရုဠှိ

ဝါကျအနက်သို့ အစဉ်မလိုက်ဘဲလျက် အထင်အားဖြင့် ဆိုအပ်သော သဒ္ဒါသည်၄င်း, ဝါကျအနက် အားလျော်သော တစ်ပါးသော အနက်ရှိလျက် အထင်အားဖြင့် ဆိုအပ်သော သဒ္ဒါသည်၄င်း, ဝါကျအနက်ကင်းလျက် အထင်အားဖြင့် ဆိုအပ်သော သဒ္ဒါသည်၄င်း **ပသိဒ္ဓရုဠှိ** မည်၏။ ပြယုဂ်ကား "သိရိံ ဝမေုတီတိ သိရီဝမုကော၊ ဂစ္ဆတီတိ ဂေါ၊ တိဿော" အစရှိသည်တည်း။

ဤပြယုဂ်တို့၌ 'သိရီဝမုက'သဒ္ဒါသည် အသရေကို ပွားစေတတ်၏ဟူသော ဝါကျအနက်သို့ အစဉ်မလိုက်ဘဲလျက် သူဆင်းရဲ၌သာ အထင်အားဖြင့် ဆိုအပ်သောကြောင့် ပသိဒ္ဓရုဠှိ မည်၏။

ဂေါသဒ္ဒါသည် သွားခြင်းတည်းဟူသော အနက်အားလျော်သော ဆင်မြင်း အစရှိသော တစ်ပါးသော အနက်သည်ရှိလျက် နွားဠ၌သာ အထင်အားဖြင့် ဆိုအပ်သောကြောင့် ပသိဒ္ဓရုဠှိ မည်၏။ 'တိဿ' သဒ္ဒါသည် ဝါကျအနက် ကင်းလျက် တိဿအမည်ရှိသော သူဠ၌သာ အထင်အားဖြင့် ဆိုအပ်သောကြောင့် ပသိဒ္ဓရုဠှိ မည်၏။

ဥပစာရရုဠှိ

ဥပစာသဒ္ဒါဆယ်ပါးသည် **ဥပစာရရုဠှိ** မည်၏။

သဒ္ဒါကြီး သဒ္ဒါစစ်ပြီး၏။ ။

http://www.dhammadownload.com

သဒ္ဒါကြီးနည်းစစ်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ပစ္စာသန္နစသော နည်း ၅-ပါး

သာသနဝရ ဟုဆိုအပ်သော ပိဋကတ်သုံးပုံသည် "နာနာနယနိပုဏဂမ္ဘီရံ" ဟူသော အဋ္ဌကထာပါဠိနှင့်အညီ အထူးထူးသောနည်းတို့ဖြင့် သိမ်မွေ့နက်နဲ၏။ ထိုသိမ်မွေ့နက်နဲကြောင်းဖြစ်သော နည်းတို့သည် ပစ္စာသန္နနည်း, ပစ္စာသတ္တိနည်း, ပဓာနနည်း, ဥပလက္ခဏနည်း, နိဒဿနနည်းအားဖြင့် ငါးပါးအပြားရှိ၏။ ထိုငါးပါးတို့တွင်–

၁။ ပစ္စာသန္နနည်း

အနီးကိုဆိုသဖြင့် အဝေးကိုလည်း ရသောနည်းသည် **ပစ္စာသန္နနည်း** မည်၏။ ပြယုဂ်ကား "ကာကေ ဝါရယမစ္ဆမှာ" အစရှိသည်တည်း။ ဤပြယုဂ်၌ 'ကာကေ' ဟူသောနည်းသည် ကျိုးတည်းဟူသော အနီးကို ဆိုသဖြင့် သိမ်းစွန် အစရှိသော အဝေးကိုလည်း ရသောကြောင့် ပစ္စာသန္နနည်း မည်၏။

ဝစနတ္ထကား အာသန္နံ ပဋိစ္စ ပဝတ္တာတီတိ ပစ္စာသန္နံ။ ယံ နယဇာတံ၊ အကြင်နည်းသည်။ အာသန္နံ၊ အနီးကို။ ပဋိစ္စ၊ စွဲ၍။ ပဝတ္တာတိ၊ ဖြစ်တတ်၏။ ဣတိတသ္မာ၊ ထိုသို့အနီးကိုစွဲ၍ ဖြစ်တတ်သော သတ္တိကြောင့်။ တံနယဇာတံ၊ ထိုနည်းသည်။ ပစ္စာသန္နံ၊ ပစ္စာသန္န မည်၏။ (ပဋိသဒ္ဒါ, အာသန္နသဒ္ဒါ, အဗျယီဘော သမာသ်ဝိဂြိဟ်)။

နီယတိ ဉာယတိ အတ္ထော ဧတေနာတိ နယော။ ဧတေန သဒ္ဒဉာယ အတ္ထဉာယေန၊ ထိုသဒ္ဒါနည်း, အတ္ထနည်းဖြင့်။ အတ္ထော၊ အနက်ကို။ နီယတိ ဉာယတိ၊ သိအပ်၏။ ဣတိတသ္မာ၊ ထိုသို့သိကြောင်းဖြစ်သော သတ္တိကြောင့်။ သော သဒ္ဒဉာယ အတ္ထဉာယော။ ထိုသဒ္ဒါနည်း, အတ္ထနည်းသည်။ နယော၊ နယ မည်၏။ 'နီယတိ ဉာယတိ ဧတေနာတိ'ကား ကရဏ

http://www.dhammadownload.com

သာဓန ကိတ်ဝိဂြိုဟ်၊ နယောကား ကိတ်ပုဒ်၊ နီဓာတ်, ဏပစ္စည်း။

တစ်နည်းကား နီယတိ ဉာယတိ ဧတေနာတိ နယော။ ဧတေန ဉပါယေန၊ ထိုအကြောင်းဖြင့်။ နီယတိ ဉာယတိ၊ သိအပ်၏။ ကွတိတသ္မာ၊ ထိုသို့သိကြောင်းဖြစ်သော သတ္တိကြောင့်။ နယော၊ မည်၏။ (ဤမှတပါး နယသဒ္ဒါ၏ ဝိဂြိုဟ်ကို မဆိုပြီ။ ဤနည်းကိုမှီ၍ နောက်နည်းတို့၌ နယသဒ္ဒါ၏ ဝစနတ္ထကို သိလေ။)

ပစ္စာသန္နဉ္စ တံ နယော စာတိ ပစ္စာသန္နနယော။ ပစ္စာသန္နဉ္စ၊ အနီးကို စွဲ၍ ဖြစ်သည်လည်း ဟုတ်၏။ တံ၊ ထိုအနီးကိုစွဲ၍ ဖြစ်သည်ဟုတ်၏ ဟူသည်။ နယော စ၊ သိကြောင်းသည်လည်း ဟုတ်၏။ ကွတိတသ္မာ၊ ထိုနှစ်ပါးသော သတ္တိကြောင့်။ ပစ္စာသန္နနယော၊ ပစ္စာသန္နနယ မည်၏။ (တုလျာဓိကရဏာ ကမ္မဓာရယ သမာသ် ဝိဂြိုဟ်)

ဘာဇနာဒီသု ကုစ္ဆိတေ ဝစ္စာဒိကေ ကရောတီတိ ကာကော။ ယော သကုဏော၊ အကြင်ငှက်သည်။ ဘာဇနာဒီသု၊ ခွက်အစရှိသည်တို့၌။ ကုစ္ဆိတေ၊ စက်ဆုပ်အပ်ကုန်သော။ ဝစ္စာဒိကေ၊ ကျင်ကြီးအစရှိသည်တို့ကို။ ကရောတိ၊ ပြုတတ်၏။ ကွတိတသ္မာ၊ ထိုသို့ပြုတတ်သော သတ္တိကြောင့်။ သော သကုဏော၊ သည်။ ကာကော၊ ကာက မည်၏။ (ကတ္တုသာဓန ကိတ်ဝိဂြိုဟ်။ ကုရ္ဓေ့ရှိသော ကရဓာတ်၊ ကွိပစ္စည်း)

၂-ပစ္စာသတ္တိနည်း

အစဉ်အတိုင်း မဆိုမူ၍ အနီးမှစ၍ ဆိုသောနည်းသည် **ပစ္စာသတ္တိနည်း** မည်၏။ ပြယုဂ်ကား "တတော သဿ ဿာယ" ဟူသောသုတ်၏ ဝုတ္တိ၌ "တတော တာ ဧတော ဏ္ဍမာတော" အစရှိသည်တည်း။ ဤပြယုဂ်၌ 'တတော တာ ဧတော ဏ္ဍမာတောဟူသောနည်းသည် တတော ဧတော ဏ္ဍမာတာတောဟု အစဉ်အတိုင်း မဆိုမူ၍ တတော တာ ဧတော ဏ္ဍမာတောဟု အနီးမှစ၍ဆိုသောကြောင့် ပစ္စာသတ္တိနည်း မည်၏။ တစ်နည်းကား ရသင့်တိုင်းကို မယူမူ၍ အနီး

http://www.dhammadownload.com

ကိုသာ ယူရသောနည်းသည် ပစ္စာသတ္တိနည်း မည်၏။ ပြယုဂ်ကား "သော ဣမံ လောကံ သဒေဝကံ သမာရကံ"အစရှိသည်တည်း။ ဤ၌ 'သမာရကံ' ဟူသော နည်းသည် နတ်ပြည်ခြောက်ထပ်တည်းဟူသော ရသင့်တိုင်းကိုမယူမူ၍ ဝသဝတ္တီ နတ်ပြည်တည်းဟူသော အနီးကိုသာ ယူရသောကြောင့် ပစ္စာသတ္တိနည်း မည်၏။

ဝစနတ္ထကား ပဋိလောမတော အသတိ ပဝတ္တတီတိ ပစ္စာသတ္တိ။ ယော နယော၊ အကြင်နည်းသည်။ ပဋိလောမတော၊ ပြန်သောအားဖြင့်။ အသတိ ပဝတ္တတိ၊ ဖြစ်တတ်၏။ ဣတိတသ္မာ၊ ကြောင့်။ သောနယော၊ ထိုနည်းသည်။ ပစ္စာသတ္တိ၊ ပစ္စာသတ္တိ မည်၏။ (ကတ္တုသာဓန ကိတ်ဝိဂြိုဟ်။ ပဋိပုဗ္ဗ အသဓာတ် တိပစ္စည်း)

ပဋိလောမသခ်ိတံ မရိယာဒံ အနတိက္ကမိတ္မာ သယတိ ပဝတ္တတီတိ ဝါ ပစ္စာသတ္တိ။ ဝါ၊ တနည်းကား။ ယော နယော၊ သည်။ ပဋိလောမသခ်ိတံ၊ ပဋိလောမဟု ဆိုအပ်သော။ မရိယာဒံ၊ အပိုင်းအခြားကို။ အနတိက္ကမိတ္မာ၊ မလွန်မူ၍။ သယတိ ပဝတ္တတိ၊ ၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ သော နယော၊ သည်။ ပစ္စာသတ္တိ၊ မည်၏။ (ဂ္ဂင်းဝိဂြိုဟ်၊ ပဋိအာပုဗ္ဗ သိဓာတ်)။ အာသတ္တိ အာသန္နတော ပဌာယ ဣယတိ ဉာယတီတိ ပစ္စာသတ္တိ။ ယောနယော၊ ကို။ အာသတ္တိအာသန္နတော၊ အနီးမှ။ ပဌာယ၊ စ၍။ ဣယတိ ဉာယတိ၊ သိအပ်၏။ ဣတိတသ္မာ၊ ကြောင့်။ သော နယော၊ သည်။ ပစ္စာသတ္တိ၊ မည်၏။ (ကမ္မသာဓန ကိတ်ဝိဂြိုဟ်။ အာသတ္တိ, ပပုဗ္ဗ ဣဓာတ် တိပစ္စည်း။ အာသတ္တိပတိ ဆိုလိုလျက် နိရုတ္တိနည်း ထားသည်။ အာသတ္တိ+ပ+ဣတိ ပုဒ်ဖြတ်။)

ပစ္စာသတ္တိ စ သော နယော စာတိ ပစ္စာသတ္တိနယော၊ ပစ္စာသတ္တိ စ၊ အစဉ်အတိုင်း မဆိုမူ၍ အနီးမှ ဆိုရသည်လည်းဟုတ်၏။ ဝါ၊ ရသင့်တိုင်းကို မယူမူ၍ အနီးကိုသာ ယူသည်လည်းဟုတ်၏။ သော၊ ထိုဟုတ်၏ ဟူသည်ကား။ နယော စ၊ သိကြောင်းဖြစ်သော နည်းလည်းဟုတ်၏။

http://www.dhammadownload.com

ကျွတိတသ္မာ၊ ထိုနှစ်ပါးသော သတ္တိကြောင့်။ ပစ္စာသတ္တိနယော၊ မည်၏။ (ကမ္မမာရယ် သမာသ်ဝိဂြိုဟ်)။

ဒေဝေန သဟ ယော ဝတ္တာတီတိ သဒေဝကော။ ယောသတ္တာ လောကော၊ အကြင်သတ္တာလောကသည်။ ဒေဝေန၊ နတ်နှင့်။ သဟ၊ တကွ။ ဝတ္တာတိ၊ ဖြစ်တတ်၏။ ကျွတိတသ္မာ၊ ထို့ကြောင့်။ သော သတ္တာလောကော၊ ထိုသတ္တာလောကသည်။ သဒေဝကော၊ သဒေဝက မည်၏ ။ (ပထမာ ဗဟုဗ္ဗိဟိ သမာသ်ဝိဂြိုဟ်၊ 'သမာရက်'ကိုလည်း ၎င်းနည်းပြုလေ)

၃-ပဓာနနည်း

ပြဋ္ဌာန်းသည်ကို ဆိုသဖြင့် မပြဋ္ဌာန်းသည်ကိုလည်း ရသောနည်းသည် **ပဓာန နည်း** မည်၏။ ပြယုဂ်ကား "ရာဇာ အာဂစ္ဆတိ" အစရှိသည်တည်း။ ဤပြယုဂ်၌ 'ရာဇာ' ဟူသော နည်းသည် မင်းတည်းဟူသော ပြဋ္ဌာန်းသည်ကို ဆိုသဖြင့် ခြွေရံ မျှူးမတ် ပရိသတ်တည်းဟူသော မပြဋ္ဌာန်းသည်ကိုလည်း ရသောကြောင့် ပဓာနနည်း မည်၏။

ဝစနတ္ထကား နာနာ ပကာရေသု ကိစ္စေသု ပဓာနေ ဓာတိ ဌပေတီတိ ပဓာနော။ ယောရာဇာ၊ အကြင်မင်းသည်။ နာနာ ပကာရေသု၊ အထူးထူး အပြားပြား ရှိကုန်သော။ ကိစ္စေသု၊ ကိစ္စတို့၌။ ပဓာနေ၊ မိမိပြဋ္ဌာန်းသည်တို့ကို။ ဓာတိ ဌပေတိ၊ ထားတတ်၏။ ကျွတိတသ္မာ၊ ထို့ကြောင့်။ သော ရာဇာ၊ ထိုမင်းသည်။ ပဓာနော၊ ပဓာန မည်၏။ (ကတ္တုသာဓန ကိတ် ဝိဂြိုဟ်၊ ပပုဗ္ဗဓာဓာတ်၊ ယုပစ္စည်း)

တနည်းကား နာနာ ပကာရေသု ကိစ္စေသု အတ္တာပဓာနော ဟုတ္ဝာ ဓာတိ ပဝတ္တာတီတိ ပဓာနော။ ယောရာဇာ၊ အကြင်မင်းသည်။ နာနာ ပကာရေသု၊ အထူးထူး အပြားပြား ရှိကုန်သော။ ကိစ္စေသု၊ ကိစ္စတို့၌။ အတ္တာပဓာနော၊ မိမိပြဋ္ဌာန်းသည်။ ဟုတ္ဝာ၊ ဖြစ်၍။ ဓာတိ ပဝတ္တာတိ၊ ဖြစ်တတ်၏။ ကျွတိတသ္မာ၊ ထို့ကြောင့်။ သော ရာဇာ၊ သည်။ ပဓာနော၊ မည်၏။

http://www.dhammadownload.com

ဓာတိ ဓာရေတိ အတ္ထာနန္တိ ဝါ ဓာနော။ ဝါ၊ ကား။ အတ္ထာနံ၊ မိမိကိုယ်ကို။ ဓာရေတိ၊ ဆောင်တတ်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ ဓာနော၊ ဓာနမည်၏။ ပကဋ္ဌော ဟုတ္တာ ဓာနော ပဓာနော။ ပကဋ္ဌော၊ မိမိပြဋ္ဌာန်းသည်။ ဟုတ္တာ၊ ဖြစ်၍။ ဓာနော၊ ဆောင်တတ်သည်တည်း။ ပဓာနော၊ ပြဋ္ဌာန်းသည်ဖြစ်၍ ဆောင်တတ်သည်။ (ကမ္မဓာရယ် သမာသ်ဝိဂြိုဟ်)

ပဓာနော စ သော နယော စာတိ ပဓာနနယော။ ပဓာနော စ၊ မိမိပြဋ္ဌာန်းသည်လည်း ဟုတ်၏။ သော၊ ထိုဟုတ်၏ဟူသည်ကား။ နယော စ၊ သိကြောင်း ဖြစ်သောနည်းလည်း ဟုတ်၏။ ဣတိတသ္မာ၊ ထိုနှစ်ပါးသော သတ္တိကြောင့်။ ပဓာန နယော၊ မည်၏။ (ကမ္မဓာရယ်သမာသ်ဝိဂြိုဟ်)

၄-ဥပလက္ခဏနည်း

အစိတ်ကို မှတ်၍ဆိုသဖြင့် အပေါင်းကိုလည်း ရသောနည်းသည် **ဥပလက္ခဏနည်း** မည်၏။ ပြယုဂ်ကား "လဒ္ဓါတပတ္တော ရာဇကုမာရော" အစရှိသည်တည်း။ ဤပြယုဂ်၌ 'လဒ္ဓါတပတ္တော' ဟူသောနည်းသည် ထီးဖြူတည်းဟူသော အစိတ်ကိုဆိုသဖြင့် မင်းမြောက်တန်ဆာ ငါးပါးတည်းဟူသော အပေါင်းကိုလည်း ရသောကြောင့် ဥပလက္ခဏနည်း မည်၏။

ဝစနတ္ထကား ဥပလက္ခိတဗ္ဗံ ဥပလက္ခီယတေ အနေနာတိ ဥပလက္ခဏံ။ အနေန အဝယဝေန၊ ဤထီးဖြူတည်းဟူသော အစိတ်ဖြင့်။ ဥပလက္ခိတဗ္ဗံ၊ မှတ်အပ်သော မင်းမြောက်တန်ဆာ ငါးပါးတည်းဟူသော အပေါင်းကို။ ဥပလက္ခီယတေ၊ မှတ်အပ်၏။ ဣတိတသ္မာ၊ ထိုသို့မှတ်ကြောင်းဖြစ်သော သတ္တိကြောင့်။ တံ အဝယဝဇာတံ၊ ထိုထီးဖြူတည်းဟူသော အစိတ်သည်။ ဥပလက္ခဏံ၊ ဥပလက္ခဏ မည်၏။ (နယနှင့် ကမ္မဓာရယ် တွဲမြဲ။ နောက်နောက်သော နည်းတို့၌လည်း ရှေးနည်းကိုမှီ၍ နယပုဒ်နှင့် ကမ္မဓာရယ်တွဲလေ။ တွဲ၍ မပြပြီ)။

အာဘုသော တပံ သူရိယတပံ တာယတိ ရက္ခတီတိ အာတပတ္တော။

http://www.dhammadownload.com

ယော ဒဗ္ဗသမ္ဘာရော၊ အကြင်အဆောက်အဦသည်။ အာဘုသော၊ လွန်စွာ။ တပံ သူရိယတပံ၊ နေပူကို။ တာယတိ ရက္ခတိ၊ စောင့်တတ်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ သော ဒဗ္ဗသမ္ဘာရော၊ ထိုအဆောက်အဦသည်။ အာတပတ္တော၊ အာတပတ္တ မည်၏။ (ကတ္တုသာဓန ကိတ်ဝိဂြိုဟ်။ အာပုဗ္ဗ တပရွှေ့ရှိသော တာဓာတ်။)

လဒ္ဓေါ အာတပတ္တော ယေနာတိ လဒ္ဓါတပတ္တော။ ယေနရာဇ ကုမာရေန၊ အကြင်မင်းသားသည်။ အာတပတ္တော၊ ထီးဖြူကို။ လဒ္ဓေါ၊ ရအပ်၏။ ဣတိ တသ္မာ၊ ထိုသို့ထီးဖြူကိုရသော သတ္တိကြောင့်။ သောရာဇ ကုမာရော၊ ထိုမင်းသားသည်။ လဒ္ဓါတပတ္တော၊ မည်၏။ (တတိယာ ဗဟုဗ္ဗိဟိ သမာသ်ဝိဂြိုဟ်။ လဒ္ဓပုဒ်၊ အာတပတ္တပုဒ်၊ ယပုဒ်။)

၅-နိဒဿနနည်း

အထင်ကိုဆိုသဖြင့် အလုံးစုံကို ရသောနည်းသည် **နိဒဿနနည်း** မည်၏။ ပြယုဂ်ကား "သဒ္ဒါဒေယျာနိ ဘောဇနာနိ ဘုဉ်တွာ" အစရှိသည်တည်း။ ဤ ပြယုဂ်၌ 'ဘောဇနာနိ' ဟူသော နည်းသည် ထမင်းတည်းဟူသော အထင်ကို ဆိုသဖြင့် ပစ္စည်းလေးပါးတည်းဟူသော အလုံးစုံကိုလည်း ရသောကြောင့် နိဒဿနနည်းမည်၏။

ဝစနတ္ထကား အတ္တနော ဂုဏံ နိဿေသံ ဒဿေတိ ပကာသေတီတိ နိဒဿနံ၊ ယံနယဇာတံ၊ အကြင်နည်းသည်။ အတ္တနော၊ မိမိ၏။ ဂုဏံ၊ ဂုဏ်ကို။ နိဿေသံ၊ အကြွင်းမဲ့။ ဒဿေတိပကာသေတိ၊ ပြတတ်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ တံ နယဇာတံ၊ ထိုနည်းသည်။ နိဒဿနံ၊ မည်၏။ (အတ္တနော ဂုဏံ နိဿေသံ ဒဿေတိ ပကာသေတိ' ကား ကတ္တုသာဓန ကိတ်ဝိဂြိုဟ်။ နိဒဿနံကား ကိတ်ပုဒ်၊ နိရွှေ့ရှိသော ဒိသဓာတ် ယုပစ္စည်း) သဒ္ဒဟိတွာ ဒါတဗ္ဗာနီတိ သဒ္ဒါဒေယျာနိ။ ယာနိ ဘောဇနာနိ၊ အကြင် ဘောဇဉ်တို့ကို။ သဒ္ဒဟိတွာ၊ ယုံကြည်၍။ ဒါတဗ္ဗာနိ၊ ပေးအပ်ကုန်၏။

http://www.dhammadownload.com

ကွတိတသ္မာ၊ ထို့ကြောင့်။ တာနိဘောဇနာနိ၊ ထိုဘောဇဉ်တို့သည်။ သဒ္ဓါဒေယျာနိ၊ မည်ကုန်၏။ (ကမ္မသာဓန ကိတ်ဝိဂြိုဟ်၊ သဒ္ဓါရှေ့ရှိသော ဒါဓာတ်၊ ဏျပစ္စည်း။)

ယေဘုယျစသော နည်း ၅-ပါး

တစ်နည်းကား ယေဘုယျနည်း, တဗ္ဗဟုလနည်း, နာနန္တရိကနည်း, အဝိနာဘာဝနည်း, အသာမာရဏာနည်းအားဖြင့် ငါးပါးအပြားရှိ၏။ ထိုငါးပါးတို့တွင်–

၆-ယေဘုယျနည်း(က)

ဌာနီဖြင့် ဌာနကိုမှတ်၍ အများကိုဆိုသဖြင့် အနည်းကိုလည်း ရသောနည်းသည် **ယေဘုယျနည်း** မည်၏။ ပြယုဂ်ကား "ခဒိရဝနံ"အစရှိသည်တည်း။ ဤ၌ 'ခဒိရဝနံ' ဟူသောနည်းသည် ရှားပင်တည်းဟူသော ဌာနီဖြင့် တောတည်းဟူသော ဌာနကိုမှတ်၍ ရှားပင်တည်းဟူသော အများကိုဆိုသဖြင့် ထိုတော၌ရှိသော သစ်ဆိမ့် သျှိသျှား သဖန်းခါး အစရှိသော အနည်းကိုလည်း ရသောကြောင့် ယေဘုယျနည်း မည်၏။

၇-တဗ္ဗဟုလနည်း (ခ)

ဌာနဖြင့် ဌာနီကိုမှတ်၍ အများကိုဆိုသဖြင့် အနည်းကိုလည်း ရသောနည်းသည် **တဗ္ဗဟုလနည်း** မည်၏။ ပြယုဂ်ကား "ဝနစရကော" အစရှိသည်တည်း။ ဤ၌ 'ဝနစရကော' ဟူသောနည်းသည် တောတည်းဟူသော ဌာနဖြင့် မုဆိုးတည်းဟူသော ဌာနီကိုမှတ်၍ တော၌ကျင်လည်ခြင်းတည်းဟူသော အများကိုဆိုသဖြင့် ရွာ၌ကျင်လည်ခြင်းတည်းဟူသော အနည်းကိုလည်း ရသောကြောင့် တဗ္ဗဟုလနည်း မည်၏။

၈-နာနန္တရိကနည်း (ဂ)

မကင်းရာကို ဆိုသဖြင့် မကင်းတတ်သည်ကိုလည်း ရသောနည်းသည် **နာနန္တရိကနည်း** မည်၏။ ပြယုဂ်ကား "ဃတတ္ထိကဿ ဃဋ္ဋမာနယ"အစရှိသည်တည်း။ ဤ၌ 'ဃဋ္ဋ'ဟူသောနည်းသည် အိုးတည်းဟူသော မကင်းရာကိုဆို

http://www.dhammadownload.com

သဖြင့် ထောပတ်တည်းဟူသော မကင်းတတ်သည်ကိုလည်း ရသောကြောင့် နာနန္တရိကနည်း မည်၏။

၉-အဝိနာဘာဝနည်း (ဃ)

မကင်းတတ်သည်ကို ဆိုသဖြင့် မကင်းရာကိုလည်း ရသောနည်းသည် **အဝိနာဘာဝနည်း** မည်၏။ ပြယုဂ်ကား "အာတာပီ နိပကော ဘိက္ခု"တည်း။ ဤ၌ 'နိပကော' ဟူသော နည်းသည် ပညာတည်းဟူသော မကင်းတတ်သည်ကိုဆိုသဖြင့် သတိတည်းဟူသော မကင်းရာကိုလည်း ရသောကြောင့် အဝိနာဘာဝနည်း မည်၏။

နည်းနှစ်ပါးအထူး

ထိုနှစ်ပါးတို့၏အထူးကား ဌာနကိုဆိုသဖြင့် ဌာနီကိုလည်း ရသောနည်းသည် နာနန္တရိကနည်း မည်၏။ ဌာနီကိုဆိုသဖြင့် ဌာနကိုလည်း ရသောနည်းသည် အဝိနာဘာဝနည်း မည်၏။ တနည်းကား အကြောင်းကိုဆိုသဖြင့် အကျိုးကိုလည်း ရသောနည်းသည် နာနန္တရိကနည်း မည်၏။ အကျိုးကိုဆိုသဖြင့် အကြောင်းကိုလည်း ရသောနည်းသည် အဝိနာဘာဝနည်း မည်၏။

၁၀-အသာမာရဏာနည်း (ငဝ)

ဆက်ဆံသဖြင့် မမှတ်မူ၍ မဆက်ဆံသဖြင့် မှတ်၍ ဆိုသောနည်းသည် **အသာမာရဏာနည်း** မည်၏။ ပြယုဂ်ကား "ဘေရိသဒ္ဒေါ" အစရှိသည်တည်း။ ဤ၌ 'ဘေရိသဒ္ဒေါ' ဟူသောနည်းသည် လက်ခတ်တည်းဟူသော တူရိယာမျိုးနှင့် ဆက်ဆံသဖြင့် မမှတ်မူ၍ စည်ကြိုးတည်းဟူသော တူရိယာမျိုးနှင့် မဆက်ဆံသဖြင့် မှတ်၍ဆိုသောကြောင့် အသာမာရဏာနည်း မည်၏။

(က)

ဝစနတ္ထကား ယေဘုယျသဒ္ဒါကား- ဗဟုလတ္ထဝါစကအနိပ္ပန္နပါဠိပဒိကပုဒ် ဖြစ်သောကြောင့် ဝိဂြိုဟ် မပြုကောင်း၊ ပြုလိုမူကား-

http://www.dhammadownload.com

အပ္ပကံ ဝတ္ထုံ အဘိဘဝနဝသေန ဘဝတီတိ ယေဘုယျ။

ယံနယဇာတံ၊ အကြင်နည်းသည်။ အပ္ပကံ၊ နည်းသော။ ဝတ္ထုံ၊ ဝတ္ထုကို။ အဘိဘဝနဝသေန၊ နှိပ်စက်သည်၏ အစွမ်းဖြင့်။ ဘဝတိ၊ ဖြစ်တတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ တံနယဇာတံ၊ ထိုနည်းသည်။ ယေဘုယျ၊ မည်၏။ (ဤဝစနတ္ထ၌ ယေဘုယျ သဒ္ဒါကို အဘိဘဝန အနက်ဟော နိပါတ်ကြံသည်)

တနည်းကား - ဗဟုကဝသေန ဘဝတိ ပဝတ္တတီတိ ယေဘုယျ။ ယံနယဇာတံ၊ အကြင်နည်းသည်။ ဗဟုကဝသေန၊ များသည်၏ အစွမ်းအားဖြင့်။ ဘဝတိ ပဝတ္တတိ၊ ဖြစ်တတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ တံနယဇာတံ၊ ထိုနည်းသည်။ ယေဘုယျ၊ ယေဘုယျ မည်၏။ ဤဝစနတ္ထ၌ ယေဘုယျသဒ္ဒါကို ဗဟုက အနက်ဟော နိပါတ်ကြံသည်။ (ယေသဒ္ဒါ ရှေ့ရှိသော ဘူဓာတ်၊ ယပစ္စည်း)

"ခဒိရံ ဧဝ ဝနံ ခဒိရဝနံ" ခဒိရံ ဧဝ၊ ရှားပင်သည်သာလျှင်။ ဝနံ၊ တော တည်း။ ခဒိရဝနံ၊ ရှားပင်သည်သာလျှင် တော။(အဝဓာရဏာ ကမ္မဓာရယ်)။

"ခဒိရသခ်ီတံ ဝနံ ခဒိရဝနံ" ခဒိရသခ်ီတံ၊ ရှားပင်ဟု ဆိုအပ်သော။ ဝနံ၊ တောသည်။ ခဒိရဝနံ၊ ရှားပင်ဟုဆိုအပ်သော တော။ (သမ္ဘာဝနာ ကမ္မဓာရယ်သမာသ်)။

(ခ)

ဝစနတ္ထကား- တဗ္ဗဟုလဒ္ဓ၌ တသဒ္ဒါကား သဗ္ဗနာမ်ပုဒ်၊ ဗဟုလသဒ္ဒါကား ယေဘုယျအနက်ကို ဟောသော နိပါတ်ပုဒ်ဖြစ်သောကြောင့် ဝိဂြိုဟ် မပြုကောင်း။ ပြုသော်ကား "ဗဟတိ ဝမ္ဟုတိတိ ဗဟုလော' ယောနယော၊ အကြင်နည်းသည်။ ဗဟတိ ဝမ္ဟုတိ၊ များတတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ သောနယော၊ ထိုနည်းသည်။ ဗဟုလော၊ ဗဟုလ မည်၏။ (ကတ္တုသာဓန ကိတ်ဝိဂြိုဟ်၊ ဗဟုဓာတ်၊ အလပစ္စည်း။)

http://www.dhammadownload.com

"ဗဟုလံ ဝတ္တတီတိ ဝါ ဗဟုလော၊ ဝါ၊ ကား။ ယောနယော၊ အကြင်နည်းသည်။ ဗဟုလံ၊ များစွာ။ ဝတ္တတိ၊ ဖြစ်တတ်၏။ ကွတိတသ္မာ၊ ထို့ကြောင့်။ သောနယော၊ ထိုနည်းသည်။ ဗဟုလော၊ မည်၏။ (ဝတ္တတိတဒ္ဓိတ်၊ ဗဟုလသဒ္ဒါ၊ ဝတ္တတိသဒ္ဒါ၊ ဏာပစ္စည်း။)

"တမ္မိ ဝနာဒိဌာနေ ဗဟုလံ တဗ္ဗဟုလံ၊ တမ္မိ ဝနာဒိဌာနေ၊ ထိုတော အစရှိသော အရပ်၌။ ဗဟုလံ၊ များစွာဖြစ်တတ်သည်တည်း။ တဗ္ဗဟုလံ၊ ထိုတောစသောအရပ်၌ များစွာဖြစ်တတ်သည်။ (တပ္ပုရိသ်သမာသ်)

"ဝနေ စရတီတိ ဝနစရကော။ ယောလုဒ္ဒကော၊ သည်။ ဝနေ၊ တော၌။ စရတိ၊ ကျက်စားတတ်၏။ ကွတိတသ္မာ၊ ထို့ကြောင့်။ သောလုဒ္ဒကော၊ သည်။ ဝနစရကော၊ မည်၏။ (ကတ္တုသာဓန ကိတ်ဝိဂြိုဟ်။ ဝနပုဗ္ဗ စရဓာတ်၊ ဏွုပစ္စည်း။)

(၈)

ဝစနတ္ထကား - နာနာပကာရာနံ ဝတ္ထူနံ အန္တရိကံ နာနန္တရိကံ။

နာနာပကာရာနံ၊ အထူးထူးအပြားပြားရှိကုန်သော။ ဝတ္ထူနံ၊ ဝတ္ထုတို့၏။ အန္တရိကံ၊ ဖြစ်ရာတည်း။ နာနန္တရိကံ၊ အထူးထူးသော ဝတ္ထုတို့၏ဖြစ်ရာ။ (တပ္ပုရိသ်သမာသ်ဝိဂြိုဟ်)

နာနာပကာရာနိ ဝတ္ထူနိ အတ္တနော အန္တရေ အဿန္တရေ ကရောတီတိ ဝါ နာနန္တရိကံ။ ဝါ၊ ကား။ ယံနယဇာတံ၊ အကြင်နည်းသည်။ နာနာ ပကာရာနိ၊ အထူးထူးအပြားပြား ရှိကုန်သော။ ဝတ္ထူနိ၊ ဝတ္ထုတို့ကို။ အတ္တနော၊ မိမိ၏။ အန္တရေ အဿန္တရေ၊ အတွင်း၌။ ကရောတိ၊ ပြုတတ်၏။ ကွတိတသ္မာ၊ ထို့ကြောင့်။ တံနယဇာတံ၊ သည်။ နာနန္တရိကံ၊ နာနန္တရိကနည်းမည်၏။ (နာနာသဒ္ဒါ, အန္တရိကသဒ္ဒါရှေ့ရှိသော ကရဓာတ်၊ ကွိပစ္စည်း။)

http://www.dhammadownload.com

"အတ္ထော အဿ အတ္ထိတိ အတ္ထိကော"။

အဿ၊ ထိုသူအား။ အတ္ထော၊ အလိုသည်။ အတ္ထိ၊ ရှိ၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ သော၊ ထိုသူသည်။ အတ္ထိကော၊ အတ္ထိက မည်၏။

"ယတေန သပ္ပိနာ အတ္ထိကော ယတတ္ထိကော။ ယတေန သပ္ပိနာ၊ ထောပတ်ဖြင့်။ အတ္ထိကော၊ အလိုရှိသည်တည်း။ ယတတ္ထိကော၊ ထောပတ်ဖြင့် အလိုရှိသည်။ (တတိယတပ္ပုရိသ်သမာသ်)

ထို့ကြောင့် နိယံ၌–

"အတ္ထိကသဒ္ဒါ၊ ယှဉ်လေရာ၊ တတိယာ တပ္ပုရိသ် နေစေ"ဟု မိန့်၏။ တသ္မ ယတတ္ထိကသ္မ ဟု ဝိဘတ္တန်ခံ။

(ယ)

ဝစနတ္ထကား- ဘဝတီတိ ဘာဝေါ။ ယောသဘာဝေါ၊ အကြင်သဘော သည်။ ဘဝတိ၊ ဖြစ်တတ်၏။ ဣတိတသ္မာ၊ ကြောင့်။ သောသဘာဝေါ၊ သည်။ ဘာဝေါ၊ ဘာဝမည်၏။ ဝိနာ ဝဇ္ဇနေန ဘာဝေါ ဝိနာဘာဝေါ။ ဝိနာ ဝဇ္ဇနေန၊ ကင်း၍။ ဘာဝေါ၊ ဖြစ်တတ်သည်တည်း။ ဝိနာဘာဝေါ။ ကင်း၍ဖြစ်တတ်သည်။ (အဗျယီဘောသမာသ်)

"န ဝိနာဘာဝေါ အဝိနာဘာဝေါ။ ဝိနာဘာဝေါ၊ ကင်း၍ဖြစ်တတ် သည်။ န၊ မဟုတ်။ အဝိနာဘာဝေါ၊ ကင်း၍ဖြစ်တတ်သည် မဟုတ်။ (ဥဘောတပ္ပုရိသ် သမာသ်)

"ကိလေသေ အာတာပေတီတိ အာတာပီ။ ယောပုဂ္ဂလော၊ အကြင် ပုဂ္ဂိုလ်သည်။ ကိလေသေ၊ ကိလေသာတို့ကို။ အာတာပေတိ။ လွန်စွာ ပူပန်စေတတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ သောပုဂ္ဂလော၊ သည်။ အာတာပီ၊ အာတာပီ မည်၏။ (ဟေတုကတ္တုသာဓနကိတ်ဝိဂြိဟ်၊ အာရှေ့ ရှိသော တပမာတ်, ဏီပစ္စည်း)

http://www.dhammadownload.com

"နေပက္ကံ ဝုစ္စတိ ပညာ၊ တာယ သမန္နာဂတောတိ နိပကော"။ ပညာ၊ ပညာကို။ နေပက္ကံ၊ နေပက္ကဟူ၍၊ ဝုစ္စတိ၊ ဆိုအပ်၏။ တာယ၊ ထိုပညာနှင့်။ သမန္နာဂတော၊ ပြည့်စုံသည်တည်း။ ကွတိတသ္မာ၊ ထို့ကြောင့်။ နိပကော၊ မည်၏။ (သမန္နာဂတတဒ္ဓိတ်။ လဟုကနည်း ပြုသည်။)

(ဂ)

ဝစနတ္ထကား- သမံ သမဘာဝံ ကတ္တာ ဓာရေတီတိ သာဓာရဏံ။ ယံနယဇာတံ၊ အကြောင်နည်းသည်။ သမံ သမဘာဝံ၊ ဆက်ဆံသည်၏ အဖြစ်ကို။ ကတ္တာ၊ ပြု၍။ ဓာရေတိ၊ ဆောင်တတ်၏။ ကွတိတသ္မာ၊ ထို့ကြောင့်။ တံနယဇာတံ၊ သည်။ သာဓာရဏံ၊ မည်၏။ (ကတ္တုသာဓနကိတ်ဝိဂြိုဟ်၊ သံရှေ့ရှိသောဓရဓာတ်၊ ယုပစ္စည်း။)

"န သာဓာရဏံ အသာဓာရဏံ။ သာဓာရဏံ၊ ဆက်ဆံသည်။ န၊ မဟုတ်။ အသာဓာရဏံ၊ ဆက်ဆံသည်မဟုတ်။(ဥဘောတပ္ပုရိသ်သမာသ်။)

မိဂပဒဝဋ္ဋနစသောနည်း ၅-ပါး

တစ်နည်းကား မိဂပဒဝဋ္ဋနနည်း, ဘိန္နသတ္တိသမဝေတနည်း, သိလေသနည်း, ပဒီပနည်း, တန္တနည်းအားဖြင့် ငါးပါးအပြားရှိ၏။ ထိုတွင်-

၁၁-မိဂပဒဝဋ္ဋနနည်း (က)

တက်ရာသက်ရာ၌ သားတို့၏ ခြေရာကိုမြင်သဖြင့် ကျောက်ဖျာ၌ သားတို့၏ခြေရာကို သိရသကဲ့သို့ အစအဆုံးကိုဆိုသဖြင့် အလယ်ကိုလည်း သိရသောနည်းသည် **မိဂပဒဝဋ္ဋနနည်း** မည်၏။ ပြယုဂ်ကား "ကရုဏာ ဝိယ သတ္တေသု၊ ပညာ ယဿ မဟေသိနော"အစရှိသည်တည်း။

ဤ၌ 'ကရုဏာ ပညာ'ဟူသောနည်းသည် ကရုဏာလျှင် အကြောင်းရှိသော သီလတည်းဟူသော အစ, ပညာတည်းဟူသော အဆုံးကို ဆိုသဖြင့် သမာဓိတည်းဟူသော အလယ်ကိုလည်း သိရသောကြောင့် မိဂပဒဝဋ္ဋနနည်း မည်၏။

http://www.dhammadownload.com

၁၂-ဘိန္နသတ္တိသမဝေတနည်း (ခ)

တစ်ပုဒ်တည်းဖြစ်လျက် သတ္တိပြားသဖြင့် နှစ်နက် ရကောင်းသောနည်းသည် **ဘိန္နသတ္တိသမဝေတနည်း** မည်၏။ ပြယုဂ်ကား "သေတော ဓာဝတိ"အစရှိသည်တည်း။

ဤ၌ 'သေတော' ဟူသောနည်းသည် တစ်ပုဒ်တည်းဖြစ်လျက် ဖြူသော ဂုဏ်ဟု ဆိုအပ်သောအနက်ကို ဟောစွမ်းနိုင်သော သတ္တိ, ခွေးဟူသော အနက်, အစွန္တသမီပအနက်ကို ဟောစွမ်းနိုင်သော သတ္တိပြားသဖြင့် သေတော၊ ဖြူသော သတ္တဝါသည်။ ဓာဝတိ၊ ပြေး၏ဟူ၍၄င်း၊ သာ၊ ခွေးသည်။ ဣတော၊ ဤအရပ်မှ။ ဓာဝတိ၊ ပြေး၏ဟူ၍၄င်း၊ ဤသို့ နှစ်နက်ရကောင်းသောကြောင့် ဘိန္နသတ္တိသမဝေတနည်း မည်၏။

၁၃-သိလေသနည်း (ဂ)

တစ်ပုဒ်တည်းဖြစ်လျက် အချင်းချင်း စပ်သဖြင့် များသောအနက်ကို ဟောစွမ်းနိုင်သောနည်းသည် **သိလေသနည်း** မည်၏။ ပြယုဂ်ကား "ပိဏ္ဍောတိ ဇနတံ သုဓိ" အစရှိသည်တည်း။

ဤ၌ 'သုဓိ'ဟူသော နည်းသည် တစ်ပုဒ်တည်းဖြစ်လျက် သုဓိ၊ လမင်းသည်။ ဇနတံ၊ သတ္တဝါအပေါင်းကို။ ပိဏ္ဍောတိ၊ ပျို့စေတတ်၏။ ဟူ၍၄င်း။ သုဓိ၊ မြတ်စွာဘုရားသည်။ ဇနတံ၊ ကို။ ပိဏ္ဍောတိ၊ ပျို့စေတတ်၏။ ဟူ၍၄င်း။ ဤသို့များသော အနက်ကို ဟောစွမ်းနိုင်သောကြောင့် သိလေသနည်း မည်၏။

၁၄-ပဒီပနည်း (ဃ)

ဆီမီးသည် တပြိုင်နက် အမိုက်ကိုဖျောက်ခြင်း အလင်းကိုပြုခြင်း, ဆီကို ခန်းစေခြင်း, ဆီမီးစာကို ကုန်စေခြင်းကိစ္စကို ပြီးစေနိုင်သကဲ့သို့ တစ်ပုဒ်တည်းဖြစ်လျက် များသောအနက်ကို ဟောစွမ်းနိုင်သော နည်းသည် **ပဒီပနည်း** မည်၏။ ပြယုဂ်ကား "ဥပဇ္ဈာဓိကိဿရဝစနေ" အစရှိသည်တည်း။

http://www.dhammadownload.com

ဤ၌ 'ကွာသရ'ဟူသော နည်းသည် တစ်ပုဒ်တည်းဖြစ်လျက် အဓိကိသရ ဝစနေ၊ လွန်သောအနက် အစိုးရခြင်းတည်းဟူသော အနက်ကို ဟောသည်။ သတိ၊ ရှိသော်ဟူ၍ငင်း၊ အဓိကိသရဝစနေ၊ လွန်သောအနက် အစိုးရသော သူရှိ၏ ဟူသောအနက်ကို ဟောသည်။ သတိ၊ ရှိသော်ဟူ၍ငင်း။ ဤသို့မျှား သောအနက်ကို ဟောစွမ်းနိုင်သောကြောင့် ပဒီပနည်း မည်၏။

၁၅-တန္တနည်း (ဂ)

တစ်ခုသော ယကွာန်းသားသည် နှစ်ထပ်သော ချည်ဖြစ်သကဲ့သို့ တစ်ပုဒ် တည်းဖြစ်လျက် နှစ်နက်ကို ဟောစွမ်းနိုင်သောနည်းသည် **တန္တ**နည်း မည်၏။ ပြယုဂ်ကား "ဝသဝါဝု" အစရှိသည်တည်း။

ဤ၌ 'ဝသ'ဟူသော နည်းသည် တပုဒ်တည်းဖြစ်လျက် ဝသ ဝသဓာတ် ဝအကွဓာ၏။ ဤသို့ နှစ်နက်ကို ဟောစွမ်းနိုင်သောကြောင့် တန္တနည်း မည်၏။

ဧကသေသစသော နည်း ၅-ပါး

တစ်နည်းကား ဧကသေသနည်း, သာမညနိဒ္ဒေသနည်း, မဟိရူဟနည်း, စန္ဒြကန္တနည်း, သူရိယကန္တနည်းအားဖြင့် ငါးပါးအပြားရှိ၏။ ထိုတွင်–

၁၆-ဧကသေသနည်း (က)

တစ်ခုကိုချေ၍ တစ်ခုကြွင်းပြုသောနည်းသည် **ဧကသေသနည်း** မည်၏။ ပြယုဂ်ကား "ပုရိသော စ ပုရိသော စ ပုရိသာ" အစရှိသည်တည်း။

ဤ၌ 'ပုရိသာ'ဟူသော နည်းသည် ပုရိသသဒ္ဒါတစ်ခုကိုချေ၍ ပုရိသသဒ္ဒါ တစ်ခုကြွင်းပြုသောကြောင့် ဧကသေသနည်း မည်၏။

၁၇-သာမညနိဒ္ဒေသနည်း (ခ)

အနက်ပြားလျက် သဒ္ဒါချင်း တူသည်၏အဖြစ်ဖြင့် တစ်ခုတည်းညွှန်ပြသော နည်းသည် **သာမညနိဒ္ဒေသနည်း** မည်၏။ ပြယုဂ်ကား "သဟသေယျံ ကပ္ပေယျ" အစရှိသည်တည်း။

http://www.dhammadownload.com

ဤ၌ 'သေယျံ'ဟူသော နည်းသည် သဟ၊ တက္ခ။ သေယျံ၊ တမိုးတရံ တည်းသော ကျောင်းအိပ်ရာနေရာ၌ အိပ်ခြင်းကို။ ကပ္ပေယျ၊ ပြုပြောအံ့။ ဤသို့ အနက်ပြားလျက် သေယျသဒ္ဒါခြင်း တူသည်၏အဖြစ်ဖြင့် တစ်ခုတည်း ညွှန်ပြသောကြောင့် သာမည နိဒ္ဒေသနည်း မည်၏။

၁၈-မဟိရူဟနည်း (ဂ)

ပရဝါဒအားဖြင့် သစ်ပင် မရှိသည်ရှိသော် သစ်ပင်ရိပ် ပျောက်သကဲ့သို့ နိမိတ်မရှိသော် ကာရိယ ပျောက်ရာသောနည်းသည် **မဟိရူဟနည်း** မည်၏။ ပြယုဂ်ကား "သတ္ထာ" အစရှိသည်တည်း။

ဤ၌ 'သတ္ထာ' ဟူသော နည်းသည် သိဝိဘတ်တည်းဟူသော နိမိတ်မရှိသော် အာ, အပြုတည်းဟူသော ကာရိယ ပျောက်သောကြောင့် မဟိရူဟနည်း မည်၏။

၁၉-စန္ဒြကန္တနည်း (ဃ)

သကဝါဒအားဖြင့် စန္ဒြကန် ကျောက်ကြောင့် ဖြစ်သောရေသည် စန္ဒြကန်ကျောက် မရှိသော်လည်း မပျောက်သကဲ့သို့ နိမိတ်မရှိသော်လည်း ကာရိယ မပျောက်သောနည်းသည် **စန္ဒြကန္တနည်း** မည်၏။ ပြယုဂ်ကား "သတ္ထာ"အစရှိသည်တည်း။

ဤ၌ 'သတ္ထာ'ဟူသော နည်းသည် သိဝိဘတ်တည်းဟူသော နိမိတ်မရှိသော်လည်း အာ, အပြုတည်းဟူသော ကာရိယ မပျောက်သောကြောင့် စန္ဒြကန္တနည်း မည်၏။

၂၀-သူရိယကန္တနည်း (ဃ)

သူရိယကန်ကျောက်ကြောင့် ဖြစ်သော မီးသည် သူရိယကန်ကျောက် မရှိသော်လည်း မပျောက်သကဲ့သို့ နိမိတ်မရှိသော်လည်း ကာရိယ မပျောက်သောနည်းသည် **သူရိယကန္တနည်း** မည်၏။ ပြယုဂ်ကား "သတ္ထာ"အစရှိသည်တည်း။

http://www.dhammadownload.com

ဤ၌ ‘သတ္ထာ’ဟူသော နည်းသည် သိဝိဘတ်တည်းဟူသော နိမိတ်မရှိသော်လည်း အာ, အပြုတည်းဟူသော ကာရိယ မပျောက်သောကြောင့် သူရိယကန္တနည်း မည်၏။

အမွဿေစန စသောနည်း ၅-ပါး

တစ်နည်းကား အမွဿေစနဂရုသိနာနနည်း, ဂေါဗလီဗဒ္ဓနည်း, ပုညဉာသမ္ဘာရနည်း, အဓိကာရနည်း, အာဝုတ္တိနည်းအားဖြင့် ငါးပါးအပြားရှိ၏။ ထိုတွင်–

၂၁-အမွဿေစနဂရုသိနာနနည်း (က)

သရက်ပင်ရင်း၌ ချိုးရေတည်ခြင်းဟူသော ကြိယာတစ်ခုတည်းဖြင့် သရက်ပင်ကို ရေသွန်းခြင်း၊ ဆရာကို ရေချိုးစေခြင်းတည်းဟူသော နှစ်ကိစ္စ ပြီးသကဲ့သို့ တချက်တည်း ပြသဖြင့် နှစ်နက် ပြီးသောနည်းသည် **အမွဿေစနဂရုသိနာနနည်း** မည်၏။ ပြယုဂ်ကား သေသေသု စ သုတ်၏ ဥဒါဟရုဏ်၌ “ကော ပကာရော ကထံ” အစရှိသည်တည်း။

ဤ၌ ‘ကော ပကာရော’ ဟူသောနည်းသည် တစ်ချက်တည်း ပြသဖြင့် သုတ်၏ ဥဒါဟရုဏ် ကိစ္စ, ကထံဟူသော နိပ္ပန္နပုဒ်၏ ဝါကျကိစ္စတည်းဟူသော နှစ်နက် ပြီးသောကြောင့် အမွဿေစနဂရုသိနာနနည်း မည်၏။

၂၂-ဂေါဗလီဗဒ္ဓနည်း (ခ)

ဂေါသဒ္ဒါသည် ယှဉ်ဖက် ဗလီဗဒ္ဓသဒ္ဒါ၏ အနက်ကိုချန်၍ နွားငယ်နွားလတ် တည်းဟူသောအနက်ကို ဟောသကဲ့သို့ ယှဉ်ဖက်သဒ္ဒါ၏ အနက်ကို ချန်၍ ဟောသောနည်းသည် **ဂေါဗလီဗဒ္ဓနည်း** မည်၏။ ပြယုဂ်ကား “ဓမ္မော စ ဝိနယော စ ဒေသိတော ပညတ္တော” အစရှိသည်တည်း။

ဤ၌ ‘ဓမ္မော’ဟူသော နည်းသည် ဝိနည်းပိဋကတ်တည်းဟူသော ယှဉ်ဖက် ဝိနယ သဒ္ဒါ၏အနက်ကိုချန်၍ သုတ္တန်ပိဋကတ်, အဘိဓမ္မာပိဋကတ်တည်း ဟူ

http://www.dhammadownload.com

သောအနက်ကို ဟောသောကြောင့် ဂေါဗလီဗဒ္ဓနည်း မည်၏။

၂၃-ပုညဉ္ဇာသမ္ဘာရနည်း (ဂ)

ပုညသဒ္ဒါသည် ယှဉ်ဖက် ဉာဏသမ္ဘာရသဒ္ဒါ၏ အနက်ကိုချန်၍ ဉာဏ်၏ အဆောက်အဦမှတစ်ပါး ကောင်းမှုကိုသာ ဟောသကဲ့သို့ ယှဉ်ဖက်သဒ္ဒါ၏ အနက်ကိုချန်၍ ဟောသောနည်းသည် **ပုညဉ္ဇာသမ္ဘာရနည်း** မည်၏။ ပြယုဂ်ကား "ဓမ္မော စ ဝိနယော စ ဒေသိတော ပညတ္တော" အစရှိသည်တည်း။

ဤ၌ 'ဓမ္မော'ဟူသော နည်းသည် ဝိနည်းပိဋကတ်တည်းဟူသော ယှဉ်ဖက် ဝိနယ သဒ္ဒါ၏အနက်ကို ချန်၍ သုတ္တန်ပိဋကတ်, အဘိဓမ္မာပိဋကတ်ကိုသာ ဟောသောကြောင့် ပုညဉ္ဇာသမ္ဘာရနည်း မည်၏။

၂၄-အဓိကာရနည်း (ဃ)

လိုက်သဖြင့် သိအပ်သော အနက်ရှိသောနည်းသည် **အဓိကာရနည်း** မည်၏။ ပြယုဂ်ကား "ပုဗ္ဗော စ" အစရှိသည်တည်း။ ဤ၌ 'ပုဗ္ဗော စ' ဟူသောနည်းသည် ပုဗ္ဗော စ၊ ရှေ့သရသည်လည်း။ ဒီဃံ၊ သို့။ ပပ္ပေါတိ၊ ၏။ ဤသို့ ဒီဃသဒ္ဒါ လိုက်သဖြင့် သိအပ်သော အနက်ရှိသောကြောင့် အဓိကာရနည်း မည်၏။

၂၅-အာဝုတ္တိနည်း (င)

လည်၍ယူသဖြင့် သိအပ်သောနည်းသည် **အာဝုတ္တိနည်း** မည်၏။ ပြယုဂ်ကား "ပုဗ္ဗော စ" အစရှိသည်တည်း။ ဤ၌ 'ပုဗ္ဗော စ' ဟူသောနည်းသည် ပုဗ္ဗော စ၊ ရှေ့သရသည်လည်း။ ဒီဃံ၊ သို့။ ပပ္ပေါတိ၊ ၏။ ဤသို့ ဒီဃသဒ္ဒါကို လည်၍ယူသဖြင့် သိအပ်သောအနက်ရှိသောကြောင့် အာဝုတ္တိနည်း မည်၏။

အာဝဋ္ဋစသော နည်း ၅-ပါး

တစ်နည်းကား အာဝဋ္ဋနည်း, နာဝါသကဋ္ဌနည်း, ယထာသန်နည်း, ယထာဂ္ဂမနည်း, ယထာလာဘနည်းအားဖြင့် ငါးပါးအပြားရှိ၏။ ထိုတွင်–

http://www.dhammadownload.com

၂၆-အာဝဋ္ဋနည်း (က)

ဝဲသည် အထပ်ထပ်လည်သကဲ့သို့ တစ်ရုပ်တည်း၌ များစွာသော သုတ်တို့ဖြင့် စီရင်ရသောနည်းသည် **အာဝဋ္ဋနည်း** မည်၏။ ပြယုဂ်ကား "ပုရိသော" အစရှိသည်တည်း။ ဤ၌ ပုရိသောဟူသော နည်းသည် တစ်ရုပ်တည်း၌ သော, သရလောပေါ် အစရှိသော များစွာသော သုတ်တို့ဖြင့် စီရင်ရသောကြောင့် အာဝဋ္ဋနည်း မည်၏။

၂၇-နာဝါသကဋ္ဌနည်း (ခ)

တစ်လှေဖြင့် တင်သောဝန်ကို တစ်လှေဖြင့် တစ်လှည်းဖြင့် တင်သောဝန်ကို တစ်လှည်းဖြင့် တင်ဆောင်သကဲ့သို့ တစ်ရုပ်တည်း၌ များစွာသော သုတ်တို့ဖြင့် စီရင်ရသောနည်းသည် **နာဝါသကဋ္ဌနည်း** မည်၏။ ပြယုဂ်ကား "ပုရိသော" အစရှိသည်တည်း။ ဤ၌ ပုရိသောဟူသော နည်းသည် တစ်ရုပ်တည်း၌ သော, သရလောပေါ် အစရှိသော များစွာသောသုတ်တို့ဖြင့် စီရင်ရသောကြောင့် နာဝါသကဋ္ဌနည်း မည်၏။

၂၈-ယထာသခ္ခိနည်း (ဂ)

အရေအတွက်အားလျော်စွာ ယူရသောနည်းသည် **ယထာသခ္ခိနည်း** မည်၏။ ပြယုဂ်ကား "ကွဝဏ္ဏဝဏ္ဏာစ္ဆလာ"အစရှိသည်တည်း။ ဤ၌ 'ကွဝဏ္ဏဝဏ္ဏာ' ဟူသောနည်းသည် ကွဝဏ်သည် စ္ဆ-မည်၏။ ဥဝဏ်သည် လ-မည်၏။ ဟု အရေအတွက် အားလျော်စွာ ယူရသောကြောင့် ယထာသခ္ခိနည်း မည်၏။

၂၉-ယထာကမ္မနည်း (ဃ)

ထိုယထာသခ္ခိနည်းသည် အစဉ်အတိုင်း ယူရသောကြောင့် **ယထာကမ္မ**နည်း မည်၏။

၃၀-ယထာလာဘနည်း (င)

ရသင့်သည့် အားလျော်စွာ ယူရသောနည်းသည် **ယထာလာဘ**နည်း မည်

http://www.dhammadownload.com

၏။ ပြယုဂ်ကား "သက္ခရကထလိကမွိ မစ္ဆကုမ္မမွိ တိဋ္ဌန္တိပိ စရန္တိပိ ပဿတိ"အစ ရှိသည်တည်း။ ဤ၌ 'သက္ခရကထလိကမွိ' အစရှိသောနည်းသည် ကျောက်စရစ် အိုးခြမ်းရပ်သည်ကို မြင်၏ ငါးလိပ်ရပ်သည်ကိုငှင်း သွားသည်ကိုငှင်း မြင်၏ဟု ရသင့်သည့် အားလျော်စွာ ယူရသောကြောင့် ယထာလာဘနည်း မည်၏။

ဒီပက စသော နည်း၅-ပါး

တစ်နည်းကား ဒီပကနည်း, ပါရိသေသနည်း, ဂေါဂဏ္ဍနည်း, ကာကော လောကနနည်း, ရုက္ခသကုဏ္ဍနည်းအားဖြင့် ငါးပါးအပြားရှိ၏။ ထိုတွင်–

၃၁-ဒီပကနည်း

တစ်ခုတည်း၌တည်လျက် အလုံးစုံသော ဝါကျအား ကျေးဇူးပြုတတ်သော နည်းသည် **ဒီပကနည်း** မည်၏။ ပြယုဂ်ကား "အကာသိ အတ္တနော အတ္ထံ၊ ပရတ္ထမွိ စ သော ဇိနော" အစရှိသည်တည်း။ ဤ၌ 'အကာသိ' ဟူသောနည်း သည် သော ဇိနော၊ သည်။ အတ္တနော၊ ကိုယ်တော်၏။ အတ္ထံ၊ အကျိုးစီးပွားကို။ အကာသိ၊ ပြု၏ဟူ၍ငှင်း၊ ပရတ္ထမွိစ၊ သူတပါးတို့၏ အကျိုးစီးပွားကိုလည်း။ အကာသိ၊ ပြု၏ဟူ၍ငှင်း ဤသို့ အလုံးစုံသောဝါကျအား ကျေးဇူးပြုတတ်သော ကြောင့် ဒီပကနည်း မည်၏။

ဒီပကနည်း ၃-ပါး

ထိုဒီပကနည်းသည်လည်း အာဒိဒီပကနည်း, မဇ္ဈေဒီပကနည်း, အန္တဒီပက နည်းအားဖြင့် သုံးပါးအပြား ရှိ၏။ ထိုတွင် အစ၌တည်လျက် အလုံးစုံသော ဝါကျအား ကျေးဇူးပြုတတ်သော ဒီပကနည်းသည် **အာဒိဒီပကနည်း** မည်၏။ ပြယုဂ်ကား "အကာသိ အတ္တနော အတ္ထံ၊ ပရတ္ထမွိ စ သော ဇိနော" အစရှိ သည်တည်း။ ဤ၌ 'အကာသိ'ဟူသော ဒီပကနည်းသည် အစ၌တည်လျက် အလုံးစုံသော ဝါကျအား ကျေးဇူးပြုတတ်သောကြောင့် အာဒိဒီပကနည်း မည် ၏။ (အလယ်၌ တည်လျက် အဆုံး၌ တည်လျက် ဆိုရုံသည်သာ ထူးသည်။) ပြယုဂ်ကား "အတ္တနော အတ္ထံ အကာသိ၊ ပရတ္ထမွိ စ သော ဇိနော" အစ

http://www.dhammadownload.com

ရှိသည်တည်း။ သော ဇနော အတ္တနော အတ္ထံ၊ ပရတ္ထမွိစ အကာသိ၊ တည်း။ (အစဉ်အတိုင်းဟပ်)။

အာဒိဒီပကနည်း ၃-ပါး

ထိုသုံးပါးတို့တွင် အာဒိဒီပကနည်းသည်လည်း ဂုဏအာဒိဒီပကနည်း, ဒဗ္ဗ အာဒိဒီပကနည်း, ကြိယာအာဒိဒီပကနည်းအားဖြင့် သုံးပါးအပြားရှိ၏။ ထိုတွင်–

၁။ ဂုဏ်ဟုဆိုအပ်သော အနက်အားဖြင့် အစဉ်တည်လျက် အလုံးစုံသော ဝါကျအား ကျေးဇူးပြုတတ်သော အာဒိဒီပကနည်းသည် **ဂုဏ**အာဒိဒီပကနည်း မည်၏။

၂။ ဒြဗ်ဟုဆိုအပ်သော အနက်အားဖြင့် အစဉ်တည်လျက် အလုံးစုံသော ဝါကျအား ကျေးဇူးပြုတတ်သော အာဒိဒီပကနည်းသည် **ဒဗ္ဗ**အာဒိဒီပကနည်း မည်၏။

၃။ ကြိယာဟုဆိုအပ်သော အနက်အားဖြင့် အစဉ်တည်လျက် အလုံးစုံသော ဝါကျအား ကျေးဇူးပြုတတ်သော အာဒိဒီပကနည်းသည် **ကြိယာ**အာဒိဒီပက နည်းမည်၏။

မဇ္ဈေဒီပကနည်း ၃-ပါး

မဇ္ဈေဒီပကနည်းသည်လည်း ဂုဏမဇ္ဈေဒီပကနည်း, ဒဗ္ဗမဇ္ဈေဒီပကနည်း, ကြိယာမဇ္ဈေဒီပကနည်းအားဖြင့် သုံးပါးအပြား ရှိ၏။ (ခွဲလေ)

အန္တဒီပကနည်း ၃-ပါး

အန္တဒီပကနည်းသည်လည်း ဂုဏအန္တဒီပကနည်း, ဒဗ္ဗအန္တဒီပကနည်း, ကြိယာအန္တဒီပကနည်းအားဖြင့် သုံးပါးအပြား ရှိ၏။ (ခွဲလေ)။

ဤသို့အားဖြင့် ဒီပကနည်းသည် ကိုးပါးအပြား ရှိ၏။

၃၂-ပါရိသေသနည်း

ဆိုခဲ့ပြီးသည်မှ၄င်း, ဆိုလတ့ံသည်မှ၄င်း အကြွင်းကို ယူရသော နည်းသည်

http://www.dhammadownload.com

ပါရိသေသနည်း မည်၏။ ပြယုဂ်ကား "သော ဂ္ဂမံ လောကံ သဒေဝကံ သမာရကံ"အစရှိသည်တည်း။ ဤ၌ 'သဒေဝကံ' ဟူသော နည်းသည် ဆိုလတံ့သော ဝသဝတ္တီနတ်ပြည်မှ အကြွင်းဖြစ်သော နတ်ပြည်ငါးထပ်ကို ယူရသောကြောင့် ပါရိသေသနည်း မည်၏။

၃၃-ဂေါဂဏ္ဌနည်း

ယဉ်သောနွားဖြင့် ရိုင်းသောနွားကို ဖမ်းသကဲ့သို့ ထင်သဖြင့် မထင်သည်ကို သိစေတတ်သော နည်းသည် **ဂေါဂဏ္ဌ**နည်း မည်၏။ ပြယုဂ်ကား "သေဋ္ဌန္တိ ပသတ္ထတရံ" အစရှိသည်တည်း။ ဤ၌ 'ပသတ္ထတရံ' ဟူသော နည်းသည် ထင်သော တရပစ္စည်းဖြင့် မထင်သော ဂ္ဂဒ္ဒပစ္စည်းကို သိစေတတ်သောကြောင့် ဂေါဂဏ္ဌနည်း မည်၏။

၃၄-ကာကောလောကနနည်း

ကျီးသည် မျက်စိတဖက်ဖြင့် အစာ, ရန်သူ နှစ်ပါးကို ကြည့်သကဲ့သို့ နှစ်ပုဒ်ကို ငဲ့သောနည်းသည် **ကာကောလောကန**နည်း မည်၏။ ပြယုဂ်ကား "ရညော ပဟိတော ဒူတော" အစရှိသည်တည်း။ ဤ၌ 'ရညော' ဟူသော နည်းသည် ရညော၊ သည်။ ပဟိတော၊ သော။ ဒူတော၊ တမန်ဟူ၍ငင်း။ ပဟိတော၊ သော။ ရညော၊ ၏။ ဒူတော၊ တမန်ဟူ၍ငင်း ပဟိတော, ဒူတောဟူသော နှစ်ပုဒ်ကို ငဲ့သောကြောင့် ကာကောလောကနနည်း မည်၏။

၃၅-ရုက္ခသကုဏနည်း

ငှက်သည် သစ်ပင်သို့ အလိုလို ကပ်သကဲ့သို့ သုတ်ဖြင့် မကပ်ဘဲ အလိုလို ကပ်သော နည်းသည် **ရုက္ခသကုဏ**နည်း မည်၏။ ပြယုဂ်ကား "အဂ်ိ" အစရှိသည်တည်း။ ဤ၌ 'အံမော နိဂ္ဂဟီတံ စျလပေဟိ" ဟူသောသုတ်ဖြင့် ပြုအပ်သော နိဂ္ဂဟိတ်သည် သုတ်ဖြင့်မကပ်ဘဲ ရှေ့သရသို့ အလိုလိုကပ်သောကြောင့် ရုက္ခသကုဏနည်း မည်၏။

http://www.dhammadownload.com

၃၆-ဒန္တစ္ဆေဒန စသောနည်း ၅-ပါး

တစ်နည်းကား ဒန္တစ္ဆေဒနနည်း, ဒန္တသောဓနနည်း, တစောသဇ္ဇနည်း, ဘိက္ခာစရိယနည်း, အတိသယနည်းအားဖြင့် ငါးပါးအပြားရှိ၏။

ဒန္တစ္ဆေဒနနည်း (က)

ထိုတွင် ဆင်စွယ်ကိုဖြတ်သကဲ့သို့ သံဝဏ္ဏောတဗ္ဗပုဒ်ကို ဖြတ်၍ထားသောနည်းသည် **ဒန္တစ္ဆေဒန**နည်း မည်၏။ ပြယုဂ်ကား "ဝစနတ္ထော စ သော ဝရော စာတိ ဝစနတ္ထဝရော" အစရှိသည်တည်း။ ဤ၌ 'ဝစနတ္ထဝရော' ဟူသောနည်းသည် ဝစနတ္ထဝရံဟူသော သံဝဏ္ဏောတဗ္ဗပုဒ်ကို ဖြတ်၍ထားသောကြောင့် ဒန္တစ္ဆေဒနနည်း မည်၏။

၃၇-ဒန္တသောဓနနည်း (ခ)

ဆင်စွယ်ကို တဖန်ပွတ်ပြန်သကဲ့သို့ သံဝဏ္ဏောတဗ္ဗအတိုင်း တဖန်ထားပြန်သောနည်းသည် **ဒန္တသောဓန**နည်း မည်၏။ ပြယုဂ်ကား "တံဝစနတ္ထဝရံ" အစရှိသည်တည်း။ ဤ၌ 'ဝစနတ္ထဝရံ'ဟူသောနည်းသည် ဝစနတ္ထဝရံဟူသော သံဝဏ္ဏောတဗ္ဗပုဒ်အတိုင်း တဖန်ပြန်၍ ထားပြန်သောကြောင့် ဒန္တသောဓနနည်း မည်၏။

၃၈-တစောသဇ္ဇနည်း (ဂ)

မြွေသည် အရေသစ်ကိုရသဖြင့် အရေဟောင်းကို စွန့်သကဲ့သို့ အနက်သစ်ကို ဟောသဖြင့် အနက်ဟောင်းကို စွန့်သောနည်းသည် **တစောသဇ္ဇ**နည်း မည်၏။ ပြယုဂ်ကား "ရညော ပုတ္တော ရာဇပုတ္တော" အစရှိသည်တည်း။ ဤ၌ 'ရာဇပုတ္တော' ဟူသောနည်းသည် သမာသ်ပြီးလတ်သော် သားဖြစ်တည်းဟူသော အနက်သစ်ကို ဟောသဖြင့် မင်းဖြစ်တည်းဟူသော အနက်ဟောင်းကို စွန့်သောကြောင့် တစောသဇ္ဇနည်း မည်၏။

၃၉-ဘိက္ခာစရိယနည်း (ဃ)

တစ်အိမ်၌ရသော ဆွမ်း၌ ထပ်၍ တစ်အိမ်၌ ဆွမ်းကို ခံသကဲ့သို့ အနက်

http://www.dhammadownload.com

ဟောင်း၌ ထပ်၍ အနက်သစ်ကို ဟောသောနည်းသည် **ဘိက္ခာစရိယနည်း** မည်၏။ ပြယုဂ်ကား "ရညော ပုတ္တော ရာဇပုတ္တော" အစရှိသည်တည်း။ ဤ၌ 'ရာဇပုတ္တော' ဟူသောနည်းသည် မင်းဖြစ်၏ သားဖြစ်နှင့် ဇနကဇည အဖြစ်ဖြင့် စပ်ခြင်း သမ္ဗန္ဓ သကတ်တည်းဟူသော အနက်ဟောင်း၌ ထပ်၍သားဖြစ်တည်း ဟူသော အနက်သစ်ကို ဟောသောကြောင့် ဘိက္ခာစရိယနည်း မည်၏။

၄၀-အတီသယနည်း (ခ)

ရသင့်တိုင်းကို မယူမူ၍ အလွန်ကိုသာ ယူရသောနည်းသည် **အတီသယ** နည်း မည်၏။ ပြယုဂ်ကား "အဘိရူပဿ ကညာ ဒါတဗ္ဗာ" အစရှိသည်တည်း။ ဤ၌ 'အဘိရူပဿ' ဟူသောနည်းသည် အဆင်းလှသော ယောကျ်ားတည်းဟူသော ရသင့်တိုင်းကိုမယူမူ၍ အဆင်းလှသော ယောကျ်ားအပေါင်းတို့တွင် အထူးအားဖြင့် အဆင်းလှသော ယောကျ်ားတည်းဟူသော အလွန်ကိုသာ ယူရသောကြောင့် အတီသယနည်း မည်၏။

ရုက္ခာရုဠှ စသော နည်း ၅-ပါး

တစ်နည်းကား ရုက္ခာရုဠှနည်း, မဂ္ဂဂ္ဂမနည်း, အဝုတ္ထသိဒ္ဓိနည်း, အတ္ထာပန္နနည်း, ဗျတိရေကနည်းအားဖြင့် ငါးပါးအပြားရှိ၏။ ထိုတွင်–

၄၁-ရုက္ခာရုဠှနည်း (က)

သစ်ပင်တက်ရာ၌ အထက်အောက်ခေါ်ဝေါ်သကဲ့သို့ အထက်အောက်မရကောင်းသော အနက်၌ အထက်အောက် ခေါ်ဝေါ်သော နည်းသည် **ရုက္ခာရုဠှ** နည်း မည်၏။ ပြယုဂ်ကား "ပုဗ္ဗမဓေဌိတမဿရံ သရေန ဝိယောဇယေ" အစရှိသည်တည်း။ ဤ၌ 'အဓေဌိတံ' ဟူသောနည်းသည် အထက်အောက် မရကောင်းသော ဗျည်းဟူသောအနက်၌ အထက်အောက်ဟူ၍ ခေါ်ဝေါ်သောကြောင့် ရုက္ခာရုဠှနည်း မည်၏။

၄၂-မဂ္ဂဂ္ဂမနည်း (ခ)

ခရီးသွားရာ၌ ရောက်ပြီးသည်ကို နောက်, မရောက်သေးသည်ကို ရှေ့

http://www.dhammadownload.com

ခေါ်ဝေါ်သကဲ့သို့ ရှေ့ ခေါ်ဝေါ်မြဲ အတိတ်ကို နောက်, နောက် ခေါ်ဝေါ်မြဲဖြစ်သော အနာဂတ်ကို ရှေ့ ခေါ်ဝေါ်သောနည်းသည် **မဂ္ဂဂ္ဗမနည်း** မည်၏။ ပြယုဂ်ကား "ပုရေ အဓမ္မော ဒိဗ္ဗတိ" အစရှိသည်တည်း။ ဤ၌ 'ပုရေ' ဟူသော နည်းသည် အဓမ္မော၊ မသူတော် တရားသည်။ ပုရေဒိဗ္ဗတိ၊ မတောက်ပမီ ဟူ၍ငင်း၊ ပုရေ ဒိဗ္ဗတိ၊ တောက်ပမည်လည်း မသိဟူ၍ငင်း၊ ပုရေ၊ ရှေ့၌။ ဒိဗ္ဗတိ၊ တောက်ပလတ့်ဟူ၍ငင်း ဤသုံးပါးသော အနက်တို့တွင် နောက်အနက်၌ အနာဂတ်ကို ရှေ့ဟု ခေါ်ဝေါ်သောကြောင့် မဂ္ဂဂ္ဗမနည်း မည်၏။

၄၃-အဝုတ္ထသိဒ္ဓိနည်း (၈)

မဆိုသော်လည်း လိုအပ်သော အနက်ပြီးသောနည်းသည် **အဝုတ္ထသိဒ္ဓိ**နည်း မည်၏။ ပြယုဂ်ကား "ပဿေယျ တံ ဝဿသတံ အာရောဂျံ"အစရှိသည်တည်း။ ဤ၌ 'ပဿေယျ တံ ဝဿသတံ အာရောဂျံ' ဟူသော နည်းသည် သင် အနှစ်တစ်ရာ အနာကင်းသောအဖြစ်ကို ငါမြင်လို၏ဟု ဆိုသဖြင့် မဆိုသော်လည်း ငါအသက်တစ်ရာ ရှင်လို၏ဟူသော လိုအပ်သော အနက်သည် ပြီးသောကြောင့် အဝုတ္ထသိဒ္ဓိနည်း မည်၏။

၄၄-အတ္ထာပန္နနည်း (ဃ)

မကင်းရာသည်ဖြစ်၍ အနက်ရောက်သောအားဖြင့် ယူရသောနည်းသည် **အတ္ထာပန္နနည်း** မည်၏။ ပြယုဂ်ကား "ဒေဝဒတ္တော ဒိဝါ နဘုတ္တော ထူလော" အစရှိသည်တည်း။ ဤ၌ 'ဒေဝဒတ္တော ဒိဝါ န ဘုတ္တော ထူလော'ဟူသောနည်းသည် အစာနှင့် မကင်းရာသည်ဖြစ်၍ ညဉ့်၌စား၏ဟု အနက်ရောက်သောအားဖြင့် ယူရသောကြောင့် အတ္ထာပန္နနည်း မည်၏။

၄၅-ဗျတိရေကနည်း (ဇ)

ပြန်သောအားဖြင့် ယူရသောနည်းသည် **ဗျတိရေက**နည်း မည်၏။ ပြယုဂ်ကား "ဟိယျတ္တနီ သတ္တမီ ပဉ္စမီ ဝတ္တမာနာ သဗ္ဗဓာတုကံ" အစရှိသည်တည်း။ ဤ၌ 'ဟိယျတ္တနီ သတ္တမီ ပဉ္စမီ ဝတ္တမာနာ သဗ္ဗဓာတုကံ' ဟူသောနည်းသည်

http://www.dhammadownload.com

ပရောက္ခာ, အဇ္ဇတနီ, ဘဝိဿန္တိ, ကာလာတိပတ္တိဝိဘတ်တို့သည် အသဗ္ဗဓာတ်မည်ကုန်၏ဟု ပြန်သောအားဖြင့် ယူရသောကြောင့် ဗျတိရေကနည်း မည်၏။

နီတတ္ထ စသောနည်း ၅-ပါး

တစ်နည်းကား နီတတ္ထနည်း, နေယျတ္ထနည်း, အနုတ္ထနည်း, ရုဠှိနည်း, ဘူတပုဗ္ဗဂတိကနည်းအားဖြင့် ငါးပါးအပြားရှိ၏။ ထိုတွင်–

၄၆-နီတတ္ထနည်း (က)

တိုက်ရိုက်ဆိုတိုင်း ယူအပ်သော အနက်ရှိသောနည်းသည် **နီတတ္ထ**နည်း မည်၏။ ပြယုဂ်ကား "ပါဏော န ဟန္တဗ္ဗော"အစရှိသည်တည်း။ ဤ၌ 'ပါဏော န ဟန္တဗ္ဗော' ဟူသောနည်းသည် သတ္တဝါအပေါင်းကိုပင် မသတ်အပ်ဟု တိုက်ရိုက်ဆိုတိုင်းယူအပ်သော အနက်ရှိသောကြောင့် နီတတ္ထနည်း မည်၏။

၄၇-နေယျတ္ထနည်း (ခ)

ဆောင်၍ယူအပ်သော အနက်ရှိသောနည်းသည် **နေယျတ္ထ**နည်း မည်၏။ ပြယုဂ်ကား "သဗ္ဗေ တသန္တိ ဒဏ္ဍဿ" အစရှိသည်တည်း။ ဤ၌ 'သဗ္ဗေ တသန္တိ ဒဏ္ဍဿ' ဟူသောနည်းသည် အနာဂါမ် ရဟန္တာပုဂ္ဂိုလ်ကို ထား၍ ခပ်သိမ်းသော သတ္တဝါတို့သည် ဒဏ်မှလန့်ကုန်၏ဟု ဆောင်၍ယူအပ်သော အနက်ရှိသောကြောင့် နေယျတ္ထနည်း မည်၏

၄၈-အနုတ္ထနည်း (ဂ)

ဝါကျအနက်သို့ အစဉ်လိုက်တတ်သော အနက်၌ ခေါ်ဝေါ်အပ်သောနည်းသည် **အနုတ္ထ**နည်း မည်၏။ ပြယုဂ်ကား "ဂစ္ဆတီတိ ဂေါ"အစရှိသည်တည်း။ ဤ၌ 'ဂေါ' ဟူသောနည်းသည် သွားတတ်၏ဟူသော ဝါကျအနက်သို့ အစဉ်လိုက်တတ်သော နွားဟူသောအနက်၌ ခေါ်ဝေါ်တတ်သောကြောင့် အနုတ္ထမည်၏။

၄၉-ရုဠှိနည်း (ဃ)

ထို၌ထင်သောအားဖြင့် ဤ၌ခေါ်ဝေါ်အပ်သောနည်းသည် **ရုဠှိ**နည်း မည်၏။

http://www.dhammadownload.com

ပြယုဂ်ကား "ရူပါဒီသု သဒ္ဓတိတိ သတ္တော" အစရှိသည်တည်း။ ဤ၌ 'သတ္တော' ဟူသောနည်းသည် သစ္ဆန္ဒရာဂ ပုဂ္ဂိုလ်တည်းဟူသော ထို၌ထင်သော အားဖြင့် နိစ္ဆန္ဒရာဂ ပုဂ္ဂိုလ်တည်းဟူသော ဤ၌ခေါ် ဝေါ်အပ်သောကြောင့် ရုဋ္ဌိနည်း မည်၏။

တစ်နည်း-ရုဋ္ဌိနည်း

တစ်နည်းကား ဤ၌ထင်သောအားဖြင့် ဤ၌ခေါ် ဝေါ်အပ်သော နည်းသည် **ရုဋ္ဌိ**နည်း မည်၏။ ပြယုဂ်ကား "သတ္တော"အစရှိသည်တည်း။ ဤ၌ 'သတ္တော'ဟူသောနည်းသည် နိစ္ဆန္ဒရာဂ ပုဂ္ဂိုလ်တည်းဟူသော ဤ၌ထင်သောအားဖြင့် နိစ္ဆန္ဒရာဂ ပုဂ္ဂိုလ်တည်းဟူသော ဤ၌ခေါ် ဝေါ်အပ်သောကြောင့် ရုဋ္ဌိနည်း မည်၏။

တစ်နည်း-ရုဋ္ဌိနည်း

တစ်နည်းကား အကြောင်းနိမိတ်ဖြစ်သော အနက်၌ အကြောင်းနိမိတ်ကင်းသော်လည်း ခေါ် ဝေါ်အပ်သော နည်းသည် **ရုဋ္ဌိ**နည်း မည်၏။ ပြယုဂ်ကား "ဂစ္ဆတိတိ ဂေါ" အစရှိသည်တည်း။ ဤ၌ 'ဂေါ' ဟူသောနည်းသည် သွားခြင်းဟူသော အကြောင်းနိမိတ်ဖြင့်ဖြစ်သော နွားတည်းဟူသော အနက်၌ သွားခြင်းဟူသောနိမိတ် ကင်းသော်လည်း ခေါ် ဝေါ်အပ်သောကြောင့် ရုဋ္ဌိနည်း မည်၏။

၅၀-ဘူတပုဗ္ဗဂတိကနည်း (၀)

ရှေး၌ဖြစ်ဖူးသော အလားအားဖြင့် ထို၌ ခေါ် ဝေါ်အပ်သော နည်းသည် **ဘူတပုဗ္ဗဂတိက**နည်း မည်၏။ ပြယုဂ်ကား "ရူပါဒီသု သဒ္ဓတိတိ သတ္တော"အစရှိသည်တည်း။ ဤ၌ 'သတ္တော' ဟူသောနည်းသည် တပ်ခြင်းဟူသော ရှေး၌ဖြစ်ဖူးသော အလားအားဖြင့် နိစ္ဆန္ဒရာဂပုဂ္ဂိုလ်တည်းဟူသော ထို၌ခေါ် ဝေါ်အပ်သောကြောင့် ဘူတပုဗ္ဗဂတိကနည်း မည်၏။

ဥက္ကဋ္ဌ စသော နည်း ၅-ပါး

တစ်နည်းကား ဥက္ကဋ္ဌနည်း, အဘေဒနည်း, ဧကဒေသဝေါဟာရနည်း, နိရုတ္တိနည်း, ဝိပလ္လာသနည်းအားဖြင့် ငါးပါးအပြားရှိ၏။ ထိုတွင်–

http://www.dhammadownload.com

၅၁-ဥက္ကဋ္ဌနည်း

ပြီးပြီးလျက် အလွန်အားဖြင့် ဆိုအပ်သောနည်းသည် **ဥက္ကဋ္ဌနည်း** မည်၏။ ပြယုဂ်ကား "ဧကုပ္ပါဒနိရောဓာ စ၊ ဧကာလမ္မဏဝတ္ထုကာ" အစရှိသည်တည်း။ ဤ၌ 'ဧကဝတ္ထုကာ' ဟူသောနည်းသည် ဧကုပ္ပါဒနိရောဓာ စ ဧကာလမ္မဏ ဟူ၍ဆိုက စေတောယုတ္တ အဖြစ်သည် ပြီးပြီးလျက် အလွန်အားဖြင့် ဆိုအပ်သောကြောင့် ဥက္ကဋ္ဌနည်း မည်၏။

၅၂-အဘေဒနည်း

အပြားမဲ့အားဖြင့် ဆိုအပ်သောနည်းသည် **အဘေဒနည်း** မည်၏။ ပြယုဂ်ကား "သဗ္ဗော ဂါမော အာဂတော" အစရှိသည်တည်း။ ဤ၌ 'သဗ္ဗော ဂါမော' ဟူသောနည်းသည် ရွာနှင့် ရွာနေလူကို အပြားမဲ့အားဖြင့် ဆိုအပ်သောကြောင့် အဘေဒနည်း မည်၏။

၅၃-ဧကဒေသဝေါဟာရနည်း

တစိတ်အားဖြင့် ခေါ်ဝေါ်အပ်သော နည်းသည် **ဧကဒေသဝေါဟာရနည်း** မည်၏။ ပြယုဂ်ကား "ဒတ္တော" အစရှိသည်တည်း။ ဤ၌ 'ဒတ္တော'ဟူသောနည်းသည် ဒေဝဒတ်ဟူသောအမည်ကို တစ်စိတ်အားဖြင့် ခေါ်ဝေါ်အပ်သောကြောင့် ဧကဒေသဝေါဟာရနည်း မည်၏။

၅၄-နိရုတ္တိနည်း ၅-ပါး

အက္ခရာလာခြင်း အစရှိသည်ကို စီရင်သောနည်းသည် **နိရုတ္တိ** မည်၏။ ထိုနိရုတ္တိနည်းသည်လည်း ဝဏ္ဏာဂမနည်း, ဝဏ္ဏဝိပရိယာယနည်း, ဝဏ္ဏဝိကာရနည်း, ဝဏ္ဏလောပနည်း, အတ္ထာတိသယနည်းအားဖြင့် ငါးပါးအပြား ရှိ၏။ ထိုတွင်–

ဝဏ္ဏာဂမနည်း

အက္ခရာလာခြင်းကို စီရင်သောနည်းသည် **ဝဏ္ဏာဂမနည်း** မည်၏။ ပြယုဂ်ကား "နက္ခတ္တရာဇာရိဝ တာရကာနံ"အစရှိသည်တည်း။ ဤ၌ 'နက္ခတ္တရာဇာရိဝ'

http://www.dhammadownload.com

ဟူသောနည်းသည် ရ-အက္ခရာလာခြင်းကို စီရင်သောကြောင့် ဝဏ္ဏာဂမနည်း မည်၏။

ဝဏ္ဏဝိပရိယာယနည်း

အက္ခရာရှေ့နောက် ပြန်သောနည်းသည် **ဝဏ္ဏဝိပရိယာယနည်း** မည်၏။ ပြယုဂ်ကား "ဟိသတီတိ သီဟော"အစရှိသည်တည်း။ ဤ၌ 'သီဟော'ဟူသောနည်းသည် 'ဟ' အက္ခရာကို နောက် 'သ'အက္ခရာကို ရှေ့အားဖြင့် ပြန်သောကြောင့် ဝဏ္ဏဝိပရိယာယနည်း မည်၏။

ဝဏ္ဏဝိကာရနည်း

အက္ခရာ ဖောက်ပြန်သောနည်းသည် **ဝဏ္ဏဝိကာရနည်း** မည်၏။ ပြယုဂ်ကား "နိယကော" အစရှိသည်တည်း။ ဤ၌ 'နိယကော' ဟူသောနည်းသည် 'တ'အက္ခရာသည် 'က' အက္ခရာအားဖြင့် ဖောက်ပြန်သောကြောင့် ဝဏ္ဏဝိကာရနည်း မည်၏။

ဝဏ္ဏလောပနည်း

အက္ခရာကို ချေသောနည်းသည် **ဝဏ္ဏလောပနည်း** မည်၏။ ပြယုဂ်ကား 'မေဟနဿ ခဿ မာလာ မေခလာ" အစရှိသည်တည်း။ ဤ၌ 'မေခလာ' ဟူသောနည်းသည် 'ဟ'အက္ခရာ 'နဿ'အက္ခရာ 'မာ'အက္ခရာတို့ကို ချေသောကြောင့် ဝဏ္ဏလောပနည်း မည်၏။

အတ္ထာတိသယနည်း

ဓာတ်၏ဟောမြွေသောအနက်မှ လွန်သောအနက်နှင့် ယှဉ်သောနည်းသည် **အတ္ထာတိသယ**နည်း မည်၏။ ပြယုဂ်ကား "မဟိယံ ရဝတီတိ မယူရော"အစရှိသည်တည်း။ ဤ၌ 'မယူရော' ဟူသောနည်းသည် မယဓာတ်၏ ဂတိတည်းဟူသော ဟောမြွေသောအနက်မှ သဒ္ဒတည်းဟူသော လွန်သောအနက်နှင့် ယှဉ်သောကြောင့် အတ္ထာတိသယနည်း မည်၏။

http://www.dhammadownload.com

၅၅-ဝိပလ္လာသနည်း ၆-ပါး

လိင် အစရှိသည်ကို ပြန်သောနည်းသည် **ဝိပလ္လာသ**နည်း မည်၏။ ထို ဝိပလ္လာသနည်းသည်လည်း လိင်္ဂဝိပလ္လာသနည်း, ဝိဘတ္တိဝိပလ္လာသနည်း, ဝစန ဝိပလ္လာသနည်း, ကာလဝိပလ္လာသနည်း, ပုရိသဝိပလ္လာသနည်း, အကမ္မရဝိပလ္လာသ နည်းအားဖြင့် ခြောက်ပါးအပြားရှိ၏။ ထိုတွင်–

လိင်္ဂဝိပလ္လာသနည်း

ကွက္ထိလိင်ကို ပုလ္လိင်နပုလ္လိင်အားဖြင့်, ပုလ္လိင်ကို ကွက္ထိလိင် နပုံလိင်အားဖြင့်, နပုံလိင်ကို ကွက္ထိလိင် ပုလ္လိင်အားဖြင့် ပြန်သောနည်းသည် **လိင်္ဂဝိပလ္လာသ**နည်း မည်၏။ ပြယုဂ်ကား "သိဝိပုတ္တာနိ အဝှယ" အစရှိသည်တည်း။ ဤ၌ 'ပုတ္တာနိ' ဟူသောနည်းသည် ပုတ္တေဟုဆိုအပ်သော ပုလ္လိင်ကို နပုံလိင်အားဖြင့် ပြန်သော ကြောင့် လိင်္ဂဝိပလ္လာသနည်း မည်၏။

ဝိဘတ္တိဝိပလ္လာသနည်း

ပထမာဝိဘတ် အစရှိသည်ကို ဒုတိယာဝိဘတ် အစရှိသောအားဖြင့် ပြန် သောနည်းသည် **ဝိဘတ္တိဝိပလ္လာသ**နည်း မည်၏။ ပြယုဂ်ကား "ဟောတိ ကွဒံပိ သီလသ္မိ" အစရှိသည်တည်း။ ဤ၌ 'သီလသ္မိ' ဟူသောနည်းသည် သီလံဟုဆို အပ်သော ပထမာဝိဘတ်ကို သတ္တမီဝိဘတ်အားဖြင့် ပြန်သောကြောင့် ဝိဘတ္တိ ဝိပလ္လာသနည်း မည်၏။

ဝစနဝိပလ္လာသနည်း

ဧကဝုစ်ကို ဗဟုဝုစ်အားဖြင့်, ဗဟုဝုစ်ကို ဧကဝုစ်အားဖြင့် ပြန်သောနည်း သည် **ဝစနဝိပလ္လာသ**နည်း မည်၏။ ပြယုဂ်ကား "နဇ္ဇော အနုပရိယာယတိ"အစ ရှိသည်တည်း။ ဤ၌ 'နဇ္ဇော'ဟူသောနည်းသည် နဒီ ဟု ဆိုအပ်သော ဧကဝုစ် ကို ဗဟုဝုစ်အားဖြင့် ပြန်သောကြောင့် ဝစနဝိပလ္လာသနည်း မည်၏။

http://www.dhammadownload.com

ကာလဝိပလ္လာသနည်း

ပစ္စုပ္ပန်ကာလကို အတိတ် အနာဂတ်ကာလအားဖြင့်, အတိတ်ကာလကို ပစ္စုပ္ပန် အနာဂတ်ကာလအားဖြင့်, အနာဂတ်ကာလကို ပစ္စုပ္ပန် အတိတ်ကာလ အားဖြင့် ပြန်သောနည်းသည် **ကာလဝိပလ္လာသ**နည်း မည်၏။ ပြယုဂ်ကား "ဆဗ္ဗဿာနိ ယာပေဿတိ" အစရှိသည်တည်း။ ဤ၌ 'ယာပေဿတိ' ဟူသော နည်းသည် ယာပေတိဟု ဆိုအပ်သော ပစ္စုပ္ပန်ကာလကို အနာဂတ်ကာလအား ဖြင့် ပြန်သောကြောင့် ကာလဝိပလ္လာသနည်း မည်၏။

ပုရိသဝိပလ္လာသနည်း

ပထမပုရိသ်ကို မဇ္ဈိမပုရိသ် ဥတ္တမပုရိသ်အားဖြင့်, မဇ္ဈိမပုရိသ်ကို ပထမ ပုရိသ် ဥတ္တမပုရိသ်အားဖြင့်, ဥတ္တမပုရိသ်ကို ပထမပုရိသ် မဇ္ဈိမပုရိသ်အားဖြင့် ပြန်သောနည်းသည် **ပုရိသဝိပလ္လာသ**နည်း မည်၏။ ပြယုဂ်ကား "ပုတ္တံ လဘေထ ဝရဒံ" အစရှိသည်တည်း။ ဤ၌ 'လဘေထ' ဟူသောနည်းသည် လဘေယျံဟူ၍ ဆိုအပ်သော ဥတ္တမပုရိသ်ကို ပထမပုရိသ်အားဖြင့် ပြန်သောကြောင့် ပုရိသ ဝိပလ္လာသနည်း မည်၏။

အက္ခရဝိပလ္လာသနည်း

အက္ခရာတစ်ပါးကို အက္ခရာတစ်ပါးအားဖြင့် ပြန်သောနည်းသည် **အက္ခရ ဝိပလ္လာသ**နည်း မည်၏။ ပြယုဂ်ကား "သုဂတော" အစရှိသည်တည်း။ ဤ၌ 'သုဂတော'ဟူသောနည်းသည် 'ဒ'ဟုဆိုအပ်သော အက္ခရာတစ်ပါးကို 'တ'ဟု ဆိုအပ်သော အက္ခရာတစ်ပါးအားဖြင့် ပြန်သောကြောင့် အက္ခရဝိပလ္လာသနည်း မည်၏။

နည်းစစ် ပြီး၏။ ။

* ဤနည်းစစ်၌ အချုပ်အားဖြင့် နည်း ၅၅-ပါးရှိ၏။ အပွားနှင့်တကွ ရေတွက်မူ နည်း ၇၂-ပါး ရှိ၏။ ဆရာတော်ဦးဗုဒ္ဓ၏ နယမုခဒီပနီကျမ်း၌ကား အပွားနှင့် တကွ နည်းတစ်ရာ ရှိ၏။

http://www.dhammadownload.com

သံဝဏ္ဏနာစစ်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

သံဝဏ္ဏနာ

"အဂ္ဂန္တိ ဥတ္တမံ" ဟူသောဝါကျ၌ 'ဥတ္တမံ'ဟူသောပုဒ်သည် သံဝဏ္ဏိယတိ သံဝဏ္ဏေတဗ္ဗဿ အတ္ထော တောယာတိ သံဝဏ္ဏနာ"ဟူသော ဝစနတ္ထနှင့်အညီ အဂ်ံဟူသော သံဝဏ္ဏေတဗ္ဗပုဒ်၏ အနက်ကို ဖွင့်ကြောင်းဖြစ်သောကြောင့် **သံဝဏ္ဏနာ** မည်၏။

ဥလ္လိင်္ဂစသောနည်း ၅-ပါး

ထိုသံဝဏ္ဏနာသည်လည်း ဆိုအပ်ခဲ့ပြီးသော သာမညလက္ခဏာအားဖြင့် တစ်ပါးသာ၊ ဝိသေသလက္ခဏာ အားဖြင့်သော်ကား ဥလ္လိင်္ဂနည်း, ဝုတ္တိနည်း, သမ္မန္ဓနည်း, ဥလ္လိင်္ဂသမ္မန္ဓနည်း, ဝုတ္တသမ္မန္ဓနည်းဟူ၍ ငါးပါးအပြားရှိ၏။ ထိုငါးပါး တို့တွင်–

ဥလ္လိင်္ဂနည်း

၁။ သံဝဏ္ဏေတဗ္ဗဖြစ်သော ပုဒ်ကို ဣတိသဒ္ဒါနှင့် တည်၍ ဖွင့်သောနည်း သည် **ဥလ္လိင်္ဂ**နည်း မည်၏။ ပြယုဂ်ကား "အဂ္ဂန္တိ ဥတ္တမံ" အစရှိသည်တည်း။ ဤပြယုဂ်၌ 'ဥတ္တမံ'ဟူသော သံဝဏ္ဏနာသည် အဂ်ံဟူသော သံဝဏ္ဏေတဗ္ဗပုဒ်ကို ဣတိသဒ္ဒါနှင့် တည်၍ဖွင့်သောကြောင့် ဥလ္လိင်္ဂနည်း မည်၏။

ဝုတ္တိနည်း

၂။ သံဝဏ္ဏေတဗ္ဗဖြစ်သော ပုဒ်ကို ဣတိသဒ္ဒါနှင့် မတည်မူ၍ သုတ်ကို ဝုတ္တိ ဖွင့်သကဲ့သို့ ဖွင့်သောနည်းသည် **ဝုတ္တိ**နည်း မည်၏။ ပြယုဂ်ကား "ဒယာ မေတ္တာ" အစရှိသည်တည်း။ ဤပြယုဂ်၌ 'မေတ္တာ' ဟူသော သံဝဏ္ဏနာသည် ဒယာဟူသော သံဝဏ္ဏေတဗ္ဗပုဒ်ကို ဣတိသဒ္ဒါနှင့် မတည်မူ၍ သုတ်ကို ဝုတ္တိ ဖွင့်သကဲ့သို့ ဖွင့်သောကြောင့် ဝုတ္တိနည်း မည်၏။

http://www.dhammadownload.com

သမ္မန္ဓနည်း

၃။ သံဝဏ္ဏောတဗ္ဗဒ္ဒ် ရှိသောပုဒ်တို့၏အစပ်ကိုငှင်း သံဝဏ္ဏောတဗ္ဗဒ္ဒ် မရှိသော ပုဒ်ဖြင့် သံဝဏ္ဏောတဗ္ဗဒ္ဒ်ရှိသော ပုဒ်၏အစပ်ကိုငှင်း ဖွင့်သောနည်းသည် **သမ္မန္ဓ**နည်း မည်၏။ ပြယုဂ်ကား "ဥတ္တမံ ဂဏ္ဟန္တိ သမ္မန္ဓော" အစရှိသည်တည်း။ ဤပြယုဂ်၌ 'ဥတ္တမံ ဂဏ္ဟန္တိ သမ္မန္ဓော' ဟူသောသံဝဏ္ဏနာသည် သံဝဏ္ဏောတဗ္ဗဒ္ဒ်ရှိသော ဥတ္တမံ ဟူသောပုဒ်ကို ဂဏှံဟူသောပုဒ်နှင့် ဝိသေသန ဝိသေသျအဖြစ်ဖြင့် စပ်အပ်၏ဟု သံဝဏ္ဏောတဗ္ဗဒ္ဒ် ရှိသောပုဒ်၏ အစပ်ကို ဖွင့်သောကြောင့် သမ္မန္ဓနည်း မည်၏။

ဥလ္လိင်္သမ္မန္ဓနည်း

၄။ သံဝဏ္ဏောတဗ္ဗပုဒ်ကို ဣတိသဒ္ဒါနှင့်တည်၍ ဟိတ်စသည်ဖြင့် လောင်း၍ ဖွင့်သောနည်းသည် **ဥလ္လိင်္သမ္မန္ဓ**နည်း မည်၏။ ပြယုဂ်ကား "ဥတ္တမန္တိ ဥဒ္ဓတမတ္တာ" အစရှိသည်တည်း။ ဤပြယုဂ်၌ 'ဥဒ္ဓတမတ္တာ'ဟူသော သံဝဏ္ဏနာသည် ဥတ္တမံဟူသော သံဝဏ္ဏောတဗ္ဗပုဒ်ကို ဣတိသဒ္ဒါနှင့်တည်၍ ဥဒ္ဓတမတ္တာဟု ဟိတ်လောင်း၍ ဖွင့်သောကြောင့် ဥလ္လိင်္သမ္မန္ဓနည်း မည်၏။

ဝုတ္တိသမ္မန္ဓနည်း

၅။ သံဝဏ္ဏောတဗ္ဗပုဒ်ကို ဣတိသဒ္ဒါနှင့် မတည်မူ၍ ဟိတ်စသည်ဖြင့် လောင်း၍ ဖွင့်သောနည်းသည် **ဝုတ္တိသမ္မန္ဓ**နည်း မည်၏။ ပြယုဂ်ကား "ဒယာ မေတ္တာ သိနေဟသဘာဝါ"အစရှိသည်တည်း။ ဤပြယုဂ်၌ 'မေတ္တာ သိနေဟ သဘာဝါ' ဟူသော သံဝဏ္ဏနာသည် ဒယာဟူသော သံဝဏ္ဏောတဗ္ဗပုဒ်ကို ဣတိသဒ္ဒါနှင့် မတည်မူ၍ မေတ္တာသိနေဟသဘာဝါဟု ဟိတ်လောင်း၍ ဖွင့်သောကြောင့် ဝုတ္တိသမ္မန္ဓနည်း မည်၏။

ပဒစသော သံဝဏ္ဏနာ ၃-ပါး

ထိုငါးပါးတို့တွင် တစ်ပါးတစ်ပါး၌ ပဒသံဝဏ္ဏနာ, အတ္ထသံဝဏ္ဏနာ, ပဒတ္ထသံဝဏ္ဏနာဟူ၍ သုံးပါးအပြားရှိ၏။ ထိုသုံးပါးတို့တွင်–

http://www.dhammadownload.com

ပဒသံဝဏ္ဏနာ

၁။ ပုဒ်ကိုဖွင့်သော သံဝဏ္ဏနာသည် **ပဒသံဝဏ္ဏနာ** မည်၏။ ပြယုဂ်ကား "အဿာတိ တဿ"အစရှိသည်တည်း။ ဤ၌ 'တဿ'ဟူသော သံဝဏ္ဏနာသည် အဿ၌ အသဒ္ဒါသည် တသဒ္ဒါ၏ ကာရိယတည်းဟု ပုဒ်ကို ဖွင့်သောကြောင့် ပဒသံဝဏ္ဏနာ မည်၏။

အတ္ထသံဝဏ္ဏနာ

၂။ အနက်ကိုဖွင့်သော သံဝဏ္ဏနာသည် **အတ္ထ**သံဝဏ္ဏနာ မည်၏။ ပြယုဂ်ကား "အဿာတိ ဓမ္မဿ"အစရှိသည်တည်း။ ဤ၌ 'ဓမ္မဿ'ဟူသော သံဝဏ္ဏနာသည် အဿ၌ တသဒ္ဒါသည် ဓမ္မကိုစွဲ၏ဟု အနက်ကိုဖွင့်သောကြောင့် အတ္ထသံဝဏ္ဏနာ မည်၏။

ပဒတ္ထသံဝဏ္ဏနာ

၃။ ပုဒ်အနက်နှစ်ပါးကို ဖွင့်သော သံဝဏ္ဏနာသည် **ပဒတ္ထ**သံဝဏ္ဏနာ မည်၏။ ပြယုဂ်ကား "တိလောကမဟိတန္တိ တိလောကေန ပူဇိတံ" အစရှိသည်တည်း။ ဤ၌ 'တိလောကေန ပူဇိတံ" ဟူသော သံဝဏ္ဏနာသည် တိလောကမဟိတံ ဟူသောပုဒ်သည် တတိယာတပ္ပုရိသ်တည်း။ ထိုတတိယာတပ္ပုရိသ်သမာသ်ပုဒ်သည် ကတ္တားအနက်ကို ဟော၏ဟု ပုဒ်အနက်နှစ်ပါးကို ဖွင့်သောကြောင့် ပဒတ္ထသံဝဏ္ဏနာ မည်၏။

ပဒသံဝဏ္ဏနာ ၈-ပါး

ထိုသုံးပါးတို့တွင် ပဒသံဝဏ္ဏနာသည်လည်း လိင်္ဂပဒသံဝဏ္ဏနာ, ဝိဘတ္တိပဒသံဝဏ္ဏနာ, ဒုတိယလိင်္ဂပဒသံဝဏ္ဏနာ, ပစ္စယပဒသံဝဏ္ဏနာ, ဓာတုပဒသံဝဏ္ဏနာ, ဒုတိယာဝိဘတ္တိပဒသံဝဏ္ဏနာ, ဒုတိယဓာတုပဒသံဝဏ္ဏနာ, ဒုတိယပစ္စယပဒသံဝဏ္ဏနာဟူ၍ ရှစ်ပါးအပြားရှိ၏။ ထိုရှစ်ပါးတို့တွင်–

http://www.dhammadownload.com

လိင်္ဂပဒသံဝဏ္ဏနာ

၁။ သဗ္ဗနာမ်ဖြစ်သော လိင်ပုဒ်ကို ဖွင့်သော သံဝဏ္ဏနာသည် **လိင်္ဂပဒ** သံဝဏ္ဏနာ မည်၏။ ပြယုဂ်ကား "အဿာတိ တဿ" အစရှိသည်တည်း။ ဤ၌ 'တဿ' ဟူသော သံဝဏ္ဏနာသည် အဿ၌ အသဒ္ဒါသည် တ သဒ္ဒါ၏ ကာရိယတည်းဟု သဗ္ဗနာမ်ဖြစ်သော လိင်ပုဒ်ကို ဖွင့်သောကြောင့် လိင်္ဂပဒသံဝဏ္ဏနာ မည်၏။

ဝိဘတ္တိပဒသံဝဏ္ဏနာ

၂။ နာမ်ဝိဘတ်ကိုဖွင့်သော သံဝဏ္ဏနာသည် **ဝိဘတ္တိပဒ**သံဝဏ္ဏနာ မည်၏။ ပြယုဂ်ကား "ပုရိသောတိ ပဌမေကဝစနံ" အစရှိသည်တည်း။ ဤ၌ 'ပဌမေကဝစနံ' ဟူသော သံဝဏ္ဏနာသည် ပုရိသော၌ သြသဒ္ဒါသည် ပထမာဧကဝုစ်သိဝိဘတ်၏ ကာရိယတည်းဟု နာမ်ဝိဘတ်ကို ဖွင့်သောကြောင့် ဝိဘတ္တိပဒသံဝဏ္ဏနာ မည်၏။

ဒုတိယလိင်္ဂပဒသံဝဏ္ဏနာ

၃။ တဒ္ဓိတ်ဖြစ်သော လိင်ပုဒ်ကို ဖွင့်သော သံဝဏ္ဏနာသည် **ဒုတိယလိင်္ဂပဒ** သံဝဏ္ဏနာ မည်၏။ပြယုဂ်ကား "သေဋ္ဌန္တိ ပသတ္ထတရံ"အစရှိသည်တည်း။ ဤ၌ ' ပသတ္ထတရံ' ဟူသော သံဝဏ္ဏနာသည် သေဋ္ဌံ၌ သသည် ပသတ္ထသဒ္ဒါ၏ ကာရိယတည်းဟု တဒ္ဓိတ်ဖြစ်သော လိင်ပုဒ်ကို ဖွင့်သောကြောင့် ဒုတိယလိင်္ဂပဒသံဝဏ္ဏနာ မည်၏။

ပစ္စယပဒသံဝဏ္ဏနာ

၄။ တဒ္ဓိတ်ပစ္စည်းကိုဖွင့်သော သံဝဏ္ဏနာသည် **ပစ္စယပဒ**သံဝဏ္ဏနာ မည်၏။ ပြယုဂ်ကား "ပါပိယောတိ ပါပတရော" အစရှိသည်တည်း။ ဤ၌ 'ပါပတရော' ဟူသော သံဝဏ္ဏနာသည် ပါပိယော၌ ဣယပစ္စည်းသည် ဝိသေသတဒ္ဓိတ်တည်းဟု တဒ္ဓိတ်ပစ္စည်းကို ဖွင့်သောကြောင့် ပစ္စယပဒသံဝဏ္ဏနာ မည်၏။

http://www.dhammadownload.com

ဓာတုပဒသံဝဏ္ဏနာ

၅။ အာချာတ်ဓာတ်ကို ဖွင့်သော သံဝဏ္ဏနာသည် **ဓာတုပဒ** သံဝဏ္ဏနာ မည်၏။ ပြယုဂ်ကား "ကာဟိဿတီတိ ကရိဿတိ" အစရှိသည်တည်း။ ဤ၌ 'ကရိဿတိ' ဟူသော သံဝဏ္ဏနာသည် ကာဟိဿတိ၌ ကာဟသဒ္ဒါသည် ကရဓာတ်၏ ကာရိယတည်းဟု အာချာတ်ဓာတ်ကို ဖွင့်သောကြောင့် ဓာတုပဒ သံဝဏ္ဏနာ မည်၏။

ဒုတိယဝိဘတ္တိပဒသံဝဏ္ဏနာ

၆။ အာချာတ်ဝိဘတ်ကို ဖွင့်သော သံဝဏ္ဏနာသည် **ဒုတိယဝိဘတ္တိပဒ** သံဝဏ္ဏနာ မည်၏။ ပြယုဂ်ကား "ဘာသိဿန္တိ ဘာသိဿာမိ" အစရှိသည်တည်း။ ဤ၌ 'ဘာသိဿာမိ' ဟူသော သံဝဏ္ဏနာသည် ဘာသိဿံ၌ သဿ ဝိဘတ်သည် ကာလာတိပတ္တိဝိဘတ် မဟုတ်၊ ဘဝိဿန္တိဝိဘတ် အတ္ထနောပုဒ် ဥတ္တမပုရိသ်တည်းဟု အာချာတ်ဝိဘတ်ကို ဖွင့်သောကြောင့် ဒုတိယာဝိဘတ္တိ ပဒသံဝဏ္ဏနာ မည်၏။

ဒုတိယဓာတုပဒသံဝဏ္ဏနာ

၇။ ကိတ်ဓာတ်ကို ဖွင့်သော သံဝဏ္ဏနာသည် **ဒုတိယဓာတုပဒသံဝဏ္ဏနာ** မည်၏။ ပြယုဂ်ကား "ယာတကောတိတိ ဟနကော" အစရှိသည်တည်း။ ဤ၌ 'ဟနကော' ဟူသော သံဝဏ္ဏနာသည် ယာတကော၌ ယာတသဒ္ဒါသည် ဟနဓာတ်၏ ကာရိယတည်းဟု ကိတ်ဓာတ်ကို ဖွင့်သောကြောင့် ဒုတိယဓာတု ပဒသံဝဏ္ဏနာ မည်၏။

ဒုတိယပစ္စယပဒသံဝဏ္ဏနာ

၈။ ကိတ်ပစ္စည်းကို ဖွင့်သော သံဝဏ္ဏနာသည် **ဒုတိယပစ္စယပဒသံဝဏ္ဏနာ** မည်၏။ ပြယုဂ်ကား "အဘိဝန္ဒိယာတိ အဘိဝန္ဒိတွာ" အစရှိသည်တည်း။ ဤ၌ 'အဘိဝန္ဒိတွာ' ဟူသော သံဝဏ္ဏနာသည် အဘိဝန္ဒိယ၌ ယသဒ္ဒါသည် တွာ

http://www.dhammadownload.com

ပစ္စည်း၏ ကာရိယတည်းဟု ကိတ်ပစ္စည်းကို ဖွင့်သောကြောင့် ဒုတိယပစ္စယပဒ သံဝဏ္ဏနာ မည်၏။

လိင်္ဂပဒသံဝဏ္ဏနာ ၆-ပါး

ထိုရှစ်ပါးတို့တွင် လိင်္ဂပဒ သံဝဏ္ဏနာသည်လည်း သန္ဓိလိင်္ဂပဒသံဝဏ္ဏနာ, နာမလိင်္ဂပဒသံဝဏ္ဏနာ, ကာရကလိင်္ဂပဒသံဝဏ္ဏနာ, သမာသလိင်္ဂပဒသံဝဏ္ဏနာ, ဥပသဂ္ဂလိင်္ဂပဒသံဝဏ္ဏနာ, နိပါတလိင်္ဂပဒသံဝဏ္ဏနာအားဖြင့် ခြောက်ပါးအပြားရှိ၏။ ထိုခြောက်ပါးတို့တွင်–

သန္ဓိလိင်္ဂပဒသံဝဏ္ဏနာ

၁။ သန္ဓိဖြစ်သော လိင်ပုဒ်ကို ဖွင့်သော သံဝဏ္ဏနာသည် **သန္ဓိလိင်္ဂပဒ** သံဝဏ္ဏနာ မည်၏။ပြယုဂ်ကား “တတြာယန္တိ တတြ အယံ” အစရှိသည်တည်း။ ဤ၌ ‘တတြ အယံ’ ဟူသော သံဝဏ္ဏနာသည် တတြဟူသော အယံဟူသော နှစ်ပုဒ်ကို စပ်သောအားဖြင့် ထားသတည်းဟု သန္ဓိဖြစ်သောလိင်ပုဒ်ကို ဖွင့်သောကြောင့် သန္ဓိလိင်္ဂပဒသံဝဏ္ဏနာ မည်၏။

နာမလိင်္ဂပဒသံဝဏ္ဏနာ

၂။ သဗ္ဗနာမ်ဖြစ်သော လိင်ပုဒ်ကို ဖွင့်သော သံဝဏ္ဏနာသည် **နာမလိင်္ဂပဒ** သံဝဏ္ဏနာ မည်၏။ ပြယုဂ်ကား “အဿာတိ တဿ”အစရှိသည်တည်း။ ဤ၌ ‘တဿ’ ဟူသော သံဝဏ္ဏနာသည် အဿ၌ အသဒ္ဒါသည် တသဒ္ဒါ၏ ကာရိယတည်းဟုသဗ္ဗနာမ်ဖြစ်သော လိင်ပုဒ်ကို ဖွင့်သောကြောင့် နာမလိင်္ဂပဒသံဝဏ္ဏနာ မည်၏။

ကာရကလိင်္ဂပဒသံဝဏ္ဏနာ

၃။ ကာရကဖြစ်သောလိင်ပုဒ်ကို ဖွင့်သောသံဝဏ္ဏနာသည် **ကာရကလိင်္ဂပဒ** သံဝဏ္ဏနာ မည်၏။ ပြယုဂ်ကား “ယဿာတိ သမ္မဒါနဝစနံ” အစရှိသည်တည်း။ ဤ၌ ‘သမ္မဒါနဝစနံ’ ဟူသော သံဝဏ္ဏနာသည် ယဿ၌ ယ-ဟူသောပုဒ်သည်

http://www.dhammadownload.com

ဆဋ္ဌိဝိဘတ် အဆုံးရှိသောပုဒ် မဟုတ်၊ စတုတ္ထိဝိဘတ် အဆုံးရှိသောပုဒ်တည်းဟု ကာရကဖြစ်သော လိင်ပုဒ်ကို ဖွင့်သောကြောင့် ကာရကလိင်္ဂပဒသံဝဏ္ဏနာ မည်၏။

သမာသလိင်္ဂပဒသံဝဏ္ဏနာ

၄။ သမာသ်ဖြစ်သောလိင်ပုဒ်ကို ဖွင့်သောသံဝဏ္ဏနာသည် **သမာသလိင်္ဂပဒ** သံဝဏ္ဏနာ မည်၏။ပြယုဂ်ကား "စတ္တာရိ သစ္စာနိ သမာဟတာနိ စတုသစ္စံ၊ သမာဟာရေ ဒိဂု"အစရှိသည်တည်း။ ဤ၌ 'သမာဟာရေ ဒိဂု' ဟူသော သံဝဏ္ဏနာသည် စတုသစ္စံဟူသောသမာသ်သည် သမာဟာရဒိဂုသမာသ်တည်းဟု သမာသ်ဖြစ်သောလိင်ပုဒ်ကို ဖွင့်သောကြောင့် သမာသလိင်္ဂပဒသံဝဏ္ဏနာ မည်၏။

ဥပသဂ္ဂလိင်္ဂပဒသံဝဏ္ဏနာ

၅။ ဥပသာရဖြစ်သောလိင်ပုဒ်ကို ဖွင့်သောသံဝဏ္ဏနာသည် **ဥပသဂ္ဂလိင်္ဂပဒ** သံဝဏ္ဏနာ မည်၏။ ပြယုဂ်ကား "အဘိတိ ဥပသဂ္ဂေါ"အစရှိသည်တည်း။ ဤ၌ 'ဥပသဂ္ဂေါ'ဟူသော သံဝဏ္ဏနာသည် အဘိဟူသောပုဒ်သည် ဥပသာရပုဒ်တည်းဟု ဥပသာရဖြစ်သော လိင်ပုဒ်ကို ဖွင့်သောကြောင့် ဥပသဂ္ဂလိင်္ဂပဒသံဝဏ္ဏနာ မည်၏။

နိပါတလိင်္ဂပဒသံဝဏ္ဏနာ

၆။ နိပါတ်ဖြစ်သော လိင်ပုဒ်ကို ဖွင့်သောသံဝဏ္ဏနာသည် **နိပါတလိင်္ဂပဒ** သံဝဏ္ဏနာ မည်၏။ ပြယုဂ်ကား "ကွတိတိ နိပါတော"အစရှိသည်တည်း။ ဤ၌ 'နိပါတော'ဟူသော သံဝဏ္ဏနာသည် ကွတိဟူသောပုဒ်သည် နိပါတ်ပုဒ်တည်းဟု နိပါတ်ဖြစ်သောလိင်ပုဒ်ကို ဖွင့်သောကြောင့် နိပါတလိင်္ဂပဒသံဝဏ္ဏနာ မည်၏။

အတ္ထသံဝဏ္ဏနာ ၉-ပါး

အတ္ထသံဝဏ္ဏနာသည်လည်း လိင်္ဂတ္ထသံဝဏ္ဏနာ, ဝိဘတ္တျတ္ထသံဝဏ္ဏနာ, ဒုတိယလိင်္ဂတ္ထသံဝဏ္ဏနာ, ပစ္စယတ္ထသံဝဏ္ဏနာ, ဓာတွတ္ထသံဝဏ္ဏနာ, ဒုတိယ

http://www.dhammadownload.com

ဝိဘတ္တျတ္ထသံဝဏ္ဏနာ, ဒုတိယာဘတ္တျတ္ထသံဝဏ္ဏနာ, ဒုတိယပစ္စယတ္ထသံဝဏ္ဏနာ, အဘိဓေယျတ္ထသံဝဏ္ဏနာအားဖြင့် ကိုးပါးအပြားရှိ၏။ ထိုတွင်-

လိင်္ဂတ္ထသံဝဏ္ဏနာ

၁။ သဗ္ဗနာမ်ဖြစ်သော လိင်အနက်ကို ဖွင့်သောသံဝဏ္ဏနာသည် **လိင်္ဂတ္ထ**သံဝဏ္ဏနာ မည်၏။ပြယုဂ်ကား "အဿာတိ ဓမ္မဿ" အစရှိသည်တည်း။ ဤ၌ '**ဓ**မ္မဿ'ဟူသော သံဝဏ္ဏနာသည် အဿ၌ တသဒ္ဒါသည် ဓမ္မကိုစွဲ၏ဟု သဗ္ဗနာမ်ဖြစ်သော လိင်အနက်ကို ဖွင့်သောကြောင့် လိင်္ဂတ္ထသံဝဏ္ဏနာ မည်၏။

ဝိဘတ္တျတ္ထသံဝဏ္ဏနာ

၂။ နာမ်ဝိဘတ်အနက်ကို ဖွင့်သောသံဝဏ္ဏနာသည် **ဝိဘတ္တျတ္ထ**သံဝဏ္ဏနာ မည်၏။ ပြယုဂ်ကား "**ဧ**ကံသမယန္တိ **ဧ**ကသ္မိံ သမယေ"အစရှိသည်တည်း။ ဤ၌ '**ဧ**ကသ္မိံ သမယေ'ဟူသော သံဝဏ္ဏနာသည် **ဧ**ကံ သမယံ၌ အံဝိဘတ်သည် သတ္တမီအနက်ကို ဟောသတည်းဟု နာမ်ဝိဘတ်အနက်ကို ဖွင့်သောကြောင့် ဝိဘတ္တျတ္ထသံဝဏ္ဏနာ မည်၏။

ဒုတိယလိင်္ဂတ္ထသံဝဏ္ဏနာ

၃။ တဒ္ဓိတ်ဖြစ်သော လိင်အနက်ကို ဖွင့်သောသံဝဏ္ဏနာသည် **ဒုတိယလိင်္ဂတ္ထ**သံဝဏ္ဏနာ မည်၏။ ပြယုဂ်ကား "ပါပတရောတိ လာမကတရော" အစရှိသည်တည်း။ ဤ၌ 'လာမကတရော' ဟူသော သံဝဏ္ဏနာသည် ပါပတရော၌ ပါပသဒ္ဒါသည် လာမကအနက်ကို ဟောသတည်းဟု တဒ္ဓိတ်ဖြစ်သော လိင်အနက်ကို ဖွင့်သောကြောင့် ဒုတိယလိင်္ဂတ္ထသံဝဏ္ဏနာ မည်၏။

ပစ္စယတ္ထသံဝဏ္ဏနာ

၄။ တဒ္ဓိတ်ပစ္စည်းအနက်ကို ဖွင့်သောသံဝဏ္ဏနာသည် **ပစ္စယတ္ထ**သံဝဏ္ဏနာ မည်၏။ ပြယုဂ်ကား "ဝသိဋ္ဌဿ အပစ္စံ ဝါသိဋ္ဌော" အစရှိသည်တည်း။ ဤ၌ 'ဝသိဋ္ဌဿ အပစ္စံ'ဟူသော သံဝဏ္ဏနာသည် ဝါသိဋ္ဌော၌ ဏပစ္စည်းသည် သမ္ဘန်

http://www.dhammadownload.com

အနက်ကရိဏ်းအနက်ကို ဟော၏ဟု တဒ္ဓိတ်ဖြစ်သော ပစ္စည်းအနက်ကို ဖွင့်သောကြောင့် ပစ္စယတ္ထသံဝဏ္ဏနာ မည်၏။

ဓာတွတ္ထသံဝဏ္ဏနာ

၅။ အာချာတ်ဖြစ်သောဓာတ်အနက်ကို ဖွင့်သောသံဝဏ္ဏနာသည် **ဓာတွတ္ထ** သံဝဏ္ဏနာ မည်၏။ ပြယုဂ်ကား "သမ္ဗဝတ္တယီတိ ကထေသိ"အစရှိသည်တည်း။ ဤ၌ 'ကထေသိ' ဟူသော သံဝဏ္ဏနာသည် သမ္ဗဝတ္တယိ၌ သံရှေ့ ပရှေ့ရှိသော ဝတုဓာတ်သည် ကထနအနက်ကို ဟောသတည်းဟု အာချာတ်ဖြစ်သော ဓာတ်အနက်ကို ဖွင့်သောကြောင့် ဓာတွတ္ထသံဝဏ္ဏနာ မည်၏။

ဒုတိယဝိဘတ္တျတ္ထသံဝဏ္ဏနာ

၆။ အာချာတ်ဝိဘတ်အနက်ကိုဖွင့်သော သံဝဏ္ဏနာသည် **ဒုတိယဝိဘတ္တျတ္ထ** သံဝဏ္ဏနာ မည်၏။ ပြယုဂ်ကား "သန္ဓာဝိဿန္တိ သံသရိ" အစရှိသည်တည်း။ ဤ၌ 'သံသရိ'ဟူသော သံဝဏ္ဏနာသည် သန္ဓာဝိဿံ၌ ဿံဝိဘတ်သည် အတိတ်အနက်ကို ဟောသတည်းဟု အာချာတ်ဝိဘတ်အနက်ကို ဖွင့်သောကြောင့် ဒုတိယဝိဘတ္တျတ္ထသံဝဏ္ဏနာ မည်၏။

ဒုတိယဓာတွတ္ထသံဝဏ္ဏနာ

၇။ ကိတ်ဓာတ်အနက်ကို ဖွင့်သော သံဝဏ္ဏနာသည် **ဒုတိယဓာတွတ္ထ** သံဝဏ္ဏနာ မည်၏။ ပြယုဂ်ကား "ဇာနန္တော တိ ပုဒ္ဓေါ" အစရှိသည်တည်း။ ဤ၌ 'ဇာနန္တော'ဟူသော သံဝဏ္ဏနာသည် ပုဒ္ဓေါ၌ ပုဓာတ်သည် ဉာဏ်အနက်ကို ဟောသတည်းဟု ကိတ်ဓာတ်အနက်ကို ဖွင့်သောကြောင့် ဒုတိယဓာတွတ္ထ သံဝဏ္ဏနာ မည်၏။

ဒုတိယပစ္စယတ္ထသံဝဏ္ဏနာ

၈။ ကိတ်ပစ္စည်းအနက်ကို ဖွင့်သော သံဝဏ္ဏနာသည် **ဒုတိယပစ္စယတ္ထ** သံဝဏ္ဏနာ မည်၏။ ပြယုဂ်ကား "ပုဗ္ဗတိတိ ပုဒ္ဓေါ" အစရှိသည်တည်း။ ဤ၌

http://www.dhammadownload.com

'ဗုဇ္ဈတိ' ဟူသော သံဝဏ္ဏနာသည် ဗုဒ္ဓေါဒ်၌ တ-ပစ္စည်းသည် ကတ္တားအနက်ကို ဟောသတည်းဟု ကိတ်ပစ္စည်းအနက်ကို ဖွင့်သောကြောင့် ဒုတိယပစ္စယတ္ထ သံဝဏ္ဏနာ မည်၏။

အဘိဓေယျတ္ထသံဝဏ္ဏနာ

၉။ သရုပ်ကြားအနက်ကို ဖွင့်သော သံဝဏ္ဏနာသည် **အဘိဓေယျတ္ထ** သံဝဏ္ဏနာ မည်၏။ ပြယုဂ်ကား "အရီ ဒမေတီတိ အရိန္ဒမော၊ ရာဇာ"အစရှိသည်တည်း။ ဤ၌ 'ရာဇာ'ဟူသော သံဝဏ္ဏနာသည် အရိန္ဒမောဟူသည် မင်းပင်တည်းဟု သရုပ်ကြားအနက်ကို ဖွင့်သောကြောင့် အဘိဓေယျတ္ထသံဝဏ္ဏနာ မည်၏။

လိင်္ဂတ္ထသံဝဏ္ဏနာ ၅-ပါး

ထိုငါးပါးတို့တွင် လိင်္ဂတ္ထသံဝဏ္ဏနာသည်လည်း နာမလိင်္ဂတ္ထသံဝဏ္ဏနာ, ကာရကလိင်္ဂတ္ထသံဝဏ္ဏနာ, သမာသလိင်္ဂတ္ထသံဝဏ္ဏနာ, ဥပသဂ္ဂလိင်္ဂတ္ထသံဝဏ္ဏနာ, နိပါတလိင်္ဂတ္ထသံဝဏ္ဏနာအားဖြင့် ငါးပါးအပြားရှိ၏။ ထိုတွင်–

နာမလိင်္ဂတ္ထသံဝဏ္ဏနာ

၁။ နာမ်ဖြစ်သော လိင်အနက်ကို ဖွင့်သောသံဝဏ္ဏနာသည် **နာမလိင်္ဂတ္ထ** သံဝဏ္ဏနာ မည်၏။ ပြယုဂ်ကား "အဿာတိ ဓမ္မဿ" အစရှိသည်တည်း။ ဤ၌ ' ဓမ္မဿ' ဟူသော သံဝဏ္ဏနာသည် အဿ၌ တသဒ္ဒါသည် ဓမ္မကို စွဲ၏ဟု နာမ်ဖြစ်သော လိင်အနက်ကို ဖွင့်သောကြောင့် နာမလိင်္ဂတ္ထသံဝဏ္ဏနာ မည်၏။

ကာရကလိင်္ဂတ္ထသံဝဏ္ဏနာ

၂။ ကာရကဖြစ်သော လိင်အနက်ကို ဖွင့်သောသံဝဏ္ဏနာသည် **ကာရက လိင်္ဂတ္ထ**သံဝဏ္ဏနာ မည်၏။ ပြယုဂ်ကား "ဗုဒ္ဓန္တိ ကမ္မတ္ထနိဒ္ဒေသော" အစရှိသည်တည်း။ ဤ၌ 'ကမ္မတ္ထနိဒ္ဒေသော'ဟူသော သံဝဏ္ဏနာသည် ဗုဒ္ဓံ၌ အံဝိဘတ်သည် ကံအနက်ကို ဟောသတည်းဟု ကာရကဖြစ်သော လိင်အနက်ကို ဖွင့်သောကြောင့် ကာရကလိင်္ဂတ္ထသံဝဏ္ဏနာ မည်၏။

http://www.dhammadownload.com

သမာသလိင်္ဂတ္ထသံဝဏ္ဏနာ

၃။ သမာသ်ဖြစ်သော လိင်အနက်ကို ဖွင့်သော သံဝဏ္ဏနာသည် **သမာသလိင်္ဂတ္ထ**သံဝဏ္ဏနာ မည်၏။ ပြယုဂ်ကား "ရညော ပုရိသော ရာဇပုရိသော"အစရှိသည်တည်း။ ဤ၌ 'ရညော ပုရိသော' ဟူသော သံဝဏ္ဏနာသည် ရာဇပုရိသော ဟူသော ဆဋ္ဌီတပ္ပုရိသ်သမာသ်သည် မင်း, အချင်းတို့၏ အချင်းချင်း ငဲ့ခြင်းဟု ဆိုအပ်သော သမ္ဗန်အနက်ကို ဟော၏ဟု သမာသ်ဖြစ်သော လိင်အနက်ကို ဖွင့်သောကြောင့် သမာသလိင်္ဂတ္ထသံဝဏ္ဏနာ မည်၏။

ဥပသဂ္ဂလိင်္ဂတ္ထသံဝဏ္ဏနာ

၄။ ဥပသာရဖြစ်သော လိင်အနက်ကို ဖွင့်သော သံဝဏ္ဏနာသည် **ဥပသဂ္ဂလိင်္ဂတ္ထ**သံဝဏ္ဏနာ မည်၏။ ပြယုဂ်ကား "နဂရဿ သမီပေ ပဝတ္တာတိ ကထာ ဣတိ ဥပနဂရံ"အစရှိသည်တည်း။ ဤ၌ 'သမီပေ ပဝတ္တာတိ'ဟူသော သံဝဏ္ဏနာသည် ဥပသဒ္ဒါသည် သမီပအနက်ကို ဟောသတည်းဟု ဥပသာရဖြစ်သော လိင်အနက်ကို ဖွင့်သောကြောင့် ဥပသဂ္ဂလိင်္ဂတ္ထသံဝဏ္ဏနာ မည်၏။

နိပါတလိင်္ဂတ္ထသံဝဏ္ဏနာ

၅။ နိပါတ်ဖြစ်သောလိင်အနက်ကို ဖွင့်သောသံဝဏ္ဏနာသည် **နိပါတလိင်္ဂတ္ထ**သံဝဏ္ဏနာ မည်၏။ ပြယုဂ်ကား 'ခလူတိ အနုဿဝနတ္ထေ နိပါတော"အစရှိသည်တည်း။ ဤ၌ 'အနုဿဝနတ္ထေ နိပါတော' ဟူသော သံဝဏ္ဏနာသည် ခလုသဒ္ဒါသည် တဆင့်ကြားခြင်းတည်းဟူသော အနက်ကို ဟောသတည်းဟု နိပါတ်ဖြစ်သောလိင်အနက်ကို ဖွင့်သောကြောင့် နိပါတလိင်္ဂတ္ထသံဝဏ္ဏနာ မည်၏။

အမှာ။ ။ ပဒတ္ထသံဝဏ္ဏနာကို, ပဒသံဝဏ္ဏနာ, အတ္ထသံဝဏ္ဏနာနှစ်ပါးကို ပေါင်းသောအားဖြင့် သိအပ်၏။

http://www.dhammadownload.com

နီတတ္ထ နေယျတ္ထသံဝဏ္ဏနာ

တစ်နည်းကား နီတတ္ထသံဝဏ္ဏနာ, နေယျတ္ထသံဝဏ္ဏနာ အားဖြင့် နှစ်ပါး အပြားရှိ၏။ ထိုနှစ်ပါးတို့တွင်–

နီတတ္ထသံဝဏ္ဏနာ

၁။ တိုက်ရိုက်သိအပ်သော အနက်ကို ဖွင့်သော သံဝဏ္ဏနာသည် **နီတတ္ထ** သံဝဏ္ဏနာ မည်၏။ ပြယုဂ်ကား "ပဝတ္တိတ္ထာတိ ဥပ္ပဇ္ဇိတ္ထ" အစရှိသည်တည်း။ ဤပြယုဂ်၌ 'ဥပ္ပဇ္ဇိတ္ထ' ဟူသော သံဝဏ္ဏနာသည် ပဝတ္တိတ္ထ၌ ပရ္ဝေ့ရှိသော ဝတု ဓာတ်သည် ဥပ္ပဇ္ဇနအနက်ကို ဟောသတည်းဟု တိုက်ရိုက်သိအပ်သော အနက် ကို ဖွင့်သောကြောင့် နီတတ္ထသံဝဏ္ဏနာ မည်၏။

နေယျတ္ထသံဝဏ္ဏနာ

၂။ ဆောင်၍ သိအပ်သောအနက်ကို ဖွင့်သောသံဝဏ္ဏနာသည် **နေယျတ္ထ** သံဝဏ္ဏနာ မည်၏။ ပြယုဂ်ကား "အဓိဝါသေတူတိ သမ္မဋ္ဌတူ" အစရှိသည် တည်း။ ဤပြယုဂ်၌ 'သမ္မဋ္ဌတူ' ဟူသော သံဝဏ္ဏနာသည် သာယာ၏ဟူသည် ဝန်ခံခြင်းပင်တည်းဟု အဓိရှေ့ရှိသော ဝသဓာတ်၏ သာဒိယနအနက်ကို ဆောင် ၍ သိအပ်သောကြောင့် နေယျတ္ထသံဝဏ္ဏနာ မည်၏။

ပကတျတ္ထ ပစ္စယတ္ထသံဝဏ္ဏနာ ၂-ပါး

တစ်နည်းကား ပကတျတ္ထသံဝဏ္ဏနာ, ပစ္စယတ္ထသံဝဏ္ဏနာအားဖြင့် နှစ်ပါး အပြားရှိ၏။ ထိုနှစ်ပါးတို့တွင်–

ပကတျတ္ထသံဝဏ္ဏနာ

၁။ လိင်ဓာတ်၏အနက်ကို ဖွင့်သောသံဝဏ္ဏနာသည် **ပကတျတ္ထ**သံဝဏ္ဏနာ မည်၏။ ပြယုဂ်ကား "သမ္ပဝတ္တာတိတိ ကထေသိ"အစရှိသည်တည်း။ ဤပြယုဂ်၌ 'ကထေသိ' ဟူသော သံဝဏ္ဏနာသည် သမ္ပဝတ္တတိ၌ သံရှေ့, ပရ္ဝေ့ရှိသော ဝတု

http://www.dhammadownload.com

ဓာတ်သည် ကထနအနက်ကို ဟောသတည်းဟု ဓာတ်၏အနက်ကို ဖွင့်သော ကြောင့် ပကတျတ္ထသံဝဏ္ဏနာ မည်၏။

ပစ္စယတ္ထသံဝဏ္ဏနာ

၂။ ဝိဘတ်ပစ္စည်း၏ အနက်ကို ဖွင့်သော သံဝဏ္ဏနာသည် **ပစ္စယတ္ထ** သံဝဏ္ဏနာ မည်၏။ ပြယုဂ်ကား "သန္ဓာဝိဿန္တိ သံသရီ" အစရှိသည်တည်း။ ဤပြယုဂ်၌ 'သံသရီ'ဟူသော သံဝဏ္ဏနာသည် သန္ဓာဝိဿံ၌ သံဝိဘတ်သည် အတိတ်ကာလကို ဟော၏ဟု ဝိဘတ်အနက်ကို ဖွင့်သောကြောင့် ပစ္စယတ္ထ သံဝဏ္ဏနာ မည်၏။

သဒ္ဒတ္ထ ဘာဝတ္ထသံဝဏ္ဏနာ ၂-ပါး

တစ်နည်းကား သဒ္ဒတ္ထသံဝဏ္ဏနာ, ဘာဝတ္ထသံဝဏ္ဏနာ အားဖြင့် နှစ်ပါး အပြားရှိ၏။ ထိုနှစ်ပါးတို့တွင်–

သဒ္ဒတ္ထသံဝဏ္ဏနာ

၁။ သဒ္ဒါဟောအနက်ကို ဖွင့်သော သံဝဏ္ဏနာသည် **သဒ္ဒတ္ထ**သံဝဏ္ဏနာ မည်၏။ ပြယုဂ်ကား "အာစိက္ခန္တိတိ ဒေသေန္တိ" အစရှိသည်တည်း။ ဤပြယုဂ်၌ 'ဒေသေန္တိ' ဟူသော သံဝဏ္ဏနာသည် အာစိက္ခန္တိ၌ အာရှေ့ရှိသော စိက္ခဓာတ် သည် ဒေသနအနက်ကို ဟောသတည်းဟု သဒ္ဒါဟောအနက်ကို ဖွင့်သော ကြောင့် သဒ္ဒတ္ထသံဝဏ္ဏနာ မည်၏။

ဘာဝတ္ထသံဝဏ္ဏနာ

၂။ အဓိပ္ပါယ်ရအနက်ကို ဖွင့်သော သံဝဏ္ဏနာသည် **ဘာဝတ္ထ**သံဝဏ္ဏနာ မည်၏။ ပြယုဂ်ကား "အာစိက္ခန္တိတိ ဥတ္တာနိံ ကရောန္တိ" အစရှိသည်တည်း။ ဤပြယုဂ်၌ 'ဥတ္တာနိံ ကရောန္တိ'ဟူသော သံဝဏ္ဏနာသည် ကြား၏ဟူသည် ထင် စွာ ပြုခြင်းကိုပင် ဆိုသည်ဟု အဓိပ္ပါယ်ရ အနက်ကို ဖွင့်သောကြောင့် ဘာဝတ္ထ သံဝဏ္ဏနာ မည်၏။

http://www.dhammadownload.com

အာဘီဓေယျတ္ထ သဘာဝတ္ထသံဝဏ္ဏနာ ၂-ပါး

တစ်နည်းကား အာဘီဓေယျတ္ထသံဝဏ္ဏနာ, သဘာဝတ္ထသံဝဏ္ဏနာအားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတို့တွင်–

အာဘီဓေယျတ္ထသံဝဏ္ဏနာ

၁။ သဒ္ဒါဟော အနက်ကို ဖွင့်သော သံဝဏ္ဏနာသည် **အာဘီဓေယျတ္ထ** သံဝဏ္ဏနာ မည်၏။ ပြယုဂ်ကား "ရတိဇနနတ္ထေန ရတနံ" အစရှိသည်တည်း။ ဤပြယုဂ်၌ 'ရတိဇနနတ္ထေန' ဟူသော သံဝဏ္ဏနာသည် ရတနသဒ္ဒါသည် နှစ်သက်ခြင်းကို ဖြစ်စေခြင်းဟူသော အနက်ကို ဟောသတည်းဟု သဒ္ဒါဟော အနက်ကို ဖွင့်သောကြောင့် အာဘီဓေယျတ္ထသံဝဏ္ဏနာ မည်၏။

တစ်နည်းကား"ရာသဒ္ဒေန ခန္ဓာ"အစရှိသည်တည်း။ ဤပြယုဂ်၌ 'ရာသဒ္ဒေန' ဟူသော သံဝဏ္ဏနာသည် ခန္ဓသဒ္ဒါသည် အစုဟူသောအနက်ကို ဟော၏ဟု သဒ္ဒါဟောအပ်သော အနက်ကို ဖွင့်သောကြောင့် အာဘီဓေယျတ္ထသံဝဏ္ဏနာ မည်၏။

သဘာဝတ္ထသံဝဏ္ဏနာ

၂။ သဘောဖြစ်သော အနက်ကို ဖွင့်သောသံဝဏ္ဏနာသည် **သဘာဝတ္ထ** သံဝဏ္ဏနာ မည်၏။ပြယုဂ်ကား "အတိဒုလ္လဘဒ္ဒေန ရတနံ" အစရှိသည်တည်း။ ဤပြယုဂ်၌ 'အတိဒုလ္လဘဒ္ဒေန' ဟူသော သံဝဏ္ဏနာသည် ရတနာဟူသည် အလွန်ရခဲသော သဘောရှိ၏ဟု သဘောဖြစ်သောအနက်ကို ဖွင့်သောကြောင့် သဘာဝတ္ထသံဝဏ္ဏနာ မည်၏။

သကတ္ထ စသော သံဝဏ္ဏနာ ၅-ပါး

တစ်နည်းကား သကတ္ထသံဝဏ္ဏနာ, ဒဗ္ဗတ္ထသံဝဏ္ဏနာ, လိင်္ဂတ္ထသံဝဏ္ဏနာ, သင်္ချတ္ထသံဝဏ္ဏနာ, ကာရကတ္ထသံဝဏ္ဏနာအားဖြင့် ငါးပါးအပြားရှိ၏။ ထိုငါးပါးတို့တွင်–

http://www.dhammadownload.com

သကတ္ထသံဝဏ္ဏနာ

၁။ သကတ်အနက်ကို ဖွင့်သော သံဝဏ္ဏနာသည် **သကတ္ထ**သံဝဏ္ဏနာ မည်၏။ ပြယုဂ်ကား "ကေနဋ္ဌေန အဘိဓမ္မော၊ ဓမ္မာတိရေကဓမ္မဝိသေသဋ္ဌေနာတိ" အစရှိသည်တည်း။ ဤပြယုဂ်၌ 'ဓမ္မာတိရေကဓမ္မဝိသေသဋ္ဌေန' ဟူသော သံဝဏ္ဏနာသည် လွန်သောထူးသော အဘိဓမ္မသဒ္ဒါ၏ သကတ်အနက်ကို ဖွင့်သောကြောင့် သကတ္ထသံဝဏ္ဏနာ မည်၏။

ဒဗ္ဗတ္ထသံဝဏ္ဏနာ

၂။ ဒြဗ်အနက်ကို ဖွင့်သော သံဝဏ္ဏနာသည် **ဒဗ္ဗတ္ထ**သံဝဏ္ဏနာ မည်၏။ ပြယုဂ်ကား "အဘိဝိသိဋ္ဌာ ဓမ္မာ ဧတ္ထာတိ အဘိဓမ္မော၊ အဘိဓမ္မပိဋကံ" အစရှိသည်တည်း။ ဤပြယုဂ်၌ 'အဘိဓမ္မပိဋကံ'ဟူသော သံဝဏ္ဏနာသည် အဘိဓမ္မော၏အရသည် အဘိဓမ္မာပိဋကတ်တည်းဟူသော အဘိဓမ္မသဒ္ဒါ၏ ဒြဗ်ဖြစ်သော အနက်ကို ဖွင့်သောကြောင့် ဒဗ္ဗတ္ထသံဝဏ္ဏနာ မည်၏။

လိင်္ဂတ္ထသံဝဏ္ဏနာ

၃။ လိင်အနက်ကို ဖွင့်သောသံဝဏ္ဏနာသည် **လိင်္ဂတ္ထ**သံဝဏ္ဏနာ မည်၏။ ပြယုဂ်ကား "ဝေသာလိယန္တိ ဧဝံ နာမကေ ဂ္ဂတ္ထိလိင်္ဂဝသေန ပဝတ္တဝေါဟာရေ နဂရေ" အစရှိသည်တည်း။ ဤပြယုဂ်၌ 'ဧဝံ နာမကေ ဂ္ဂတ္ထိလိင်္ဂဝသေန ပဝတ္တဝေါဟာရေ နဂရေ' ဟူသော သံဝဏ္ဏနာသည် ဝေသာလီသဒ္ဒါ၏ မသန့်ရှင်းသော အခြင်းအရာဟု ဆိုအပ်သော ဂ္ဂတ္ထိလိင်အနက်ကို ဖွင့်သောကြောင့် လိင်္ဂတ္ထသံဝဏ္ဏနာ မည်၏။

သင်္ချတ္ထသံဝဏ္ဏနာ

၄။ သင်္ချာအနက်ကို ဖွင့်သောသံဝဏ္ဏနာသည် **သင်္ချတ္ထ**သံဝဏ္ဏနာ မည်၏။ ပြယုဂ်ကား "ဓမ္မာတိရေကဓမ္မဝိသေသဋ္ဌေနာတိ ဒ္ဝိန္နံပိ အတ္ထာနံ အဘိဓမ္မသဒ္ဒဿ အတ္ထဘာဝေန သာမညတော ဧကဝစနနိဒ္ဒေသော ကတော"အစရှိသည်တည်း။

http://www.dhammadownload.com

ဤပြယုဂ်၌ 'ဒွိန္နံပိ အတ္ထာနံ အဘိဓမ္မသဒ္ဒဿ အတ္ထဘာဝေန သာမညတော ဧကဝစနနိဒ္ဒေသော ကတော' ဟူသော သံဝဏ္ဏနာသည် လွန်သောထူးသော အနက်တို့၏ အဘိဓမ္မသဒ္ဒါ၏ အနက်အဖြစ်ဖြင့် တူသောကြောင့် တခုတည်း၏ အဖြစ် အာကာရပညတ်ဟု ဆိုအပ်သော သန္ဓာအနက်ကို ဖွင့်သောကြောင့် သန္ဓိတ္ထသံဝဏ္ဏနာ မည်၏။

ကာရကတ္ထသံဝဏ္ဏနာ

ကာရကအနက်ကို ဖွင့်သောသံဝဏ္ဏနာသည် **ကာရကတ္ထ**သံဝဏ္ဏနာ မည်၏။ ပြယုဂ်ကား "ဗုဒ္ဓန္တိ ကမ္မတ္ထနိဒ္ဒေသော" အစရှိသည်တည်း။ ဤပြယုဂ်၌ 'ကမ္မတ္ထနိဒ္ဒေသော'ဟူသောသံဝဏ္ဏနာသည် ဗုဒ္ဓံ၌ အံဝိဘတ်သည် ကံအနက်ကို ဟော၏ဟု ကာရကအနက်ကို ဖွင့်သောကြောင့် ကာရကတ္ထသံဝဏ္ဏနာ မည်၏။

အဘိဓာနတ္ထ အဘိဓေယျတ္ထသံဝဏ္ဏနာ ၂-ပါး

တစ်နည်းကား အဘိဓာနတ္ထသံဝဏ္ဏနာ, အဘိဓေယျတ္ထသံဝဏ္ဏနာအားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုတွင် ဝိဂြိုဟ်အနက်ကို ဖွင့်သောသံဝဏ္ဏနာသည် **အဘိဓာနတ္ထ**သံဝဏ္ဏနာ မည်၏။ ပရိယာယ်အနက်ကို ဖွင့်သောသံဝဏ္ဏနာသည် **အဘိဓေယျတ္ထ**သံဝဏ္ဏနာ မည်၏။ ပြယုဂ်ကား "ဗုဇ္ဈတီတိ ဗုဒ္ဓေါ၊ ဘဂဝါ"အစရှိသည်တည်း။ ဤပြယုဂ်၌ 'ဗုဇ္ဈတိ' ဟူသော သံဝဏ္ဏနာသည် 'ဗုဒ္ဓေါ' ဟူသော ပုဒ်၏ ဝိဂြိုဟ်အနက်ကို ဖွင့်သောကြောင့် အဘိဓာနတ္ထသံဝဏ္ဏနာ မည်၏။ 'ဘဂဝါ' ဟူသော သံဝဏ္ဏနာသည် 'ဗုဒ္ဓေါ' ဟူသောပုဒ်၏ ပရိယာယ်အနက်ကို ဖွင့်သောကြောင့် အဘိဓေယျတ္ထသံဝဏ္ဏနာ မည်၏။

အဘိဓာနတ္ထသံဝဏ္ဏနာ ၂-ပါး

ထိုနှစ်ပါးတို့တွင် အဘိဓာနတ္ထသံဝဏ္ဏနာသည်လည်း လဟုကနည်း ဂရုကနည်းအားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတို့တွင်–

http://www.dhammadownload.com

လဟုကနည်း

၁။ ဝိဂြိုဟ်တုအားဖြင့် ဖွင့်သောနည်းသည် **လဟုကနည်း** မည်၏။ ပြယုဂ်ကား "ကိလေသေ မာရေန္တော ဂစ္ဆတီတိ မဂ္ဂေါ" အစရှိသည်တည်း။ ဤပြယုဂ်၌ 'ကိလေသေ မာရေန္တော ဂစ္ဆတီတိ မဂ္ဂေါ' အစရှိသောနည်းသည် ဝိဂြိုဟ်တုအားဖြင့် ဖွင့်သောကြောင့် လဟုကနည်း မည်၏။

ဂရုကနည်း

၂။ ဝိဂြိုဟ်စစ်အားဖြင့် ဖွင့်သောနည်းသည် **ဂရုက**နည်း မည်၏။ ပြယုဂ်ကား "ကိလေသေ မာရေတီတိ မော၊ နိဗ္ဗာနံ ဂစ္ဆတီတိ ဂေါ၊ မော စ သော ဂေါ စာတိ မဂ္ဂေါ" အစရှိသည်တည်း။

ဝိဂြိုဟ် ၃-ပါး

တစ်နည်းကား ဝိဂြိုဟ်ပြ, ဝိဂြိုဟ်တု, ဝိဂြိုဟ်စစ်အားဖြင့် သုံးပါးအပြားရှိ၏။ ထိုသုံးပါးတို့တွင် –

၁။ "သာသနတော သတ္ထာ" အစရှိသည်ကား **ဝိဂြိုဟ်ပြ** မည်၏။

၂။ "ကိလေသေ မာရေန္တော ဂစ္ဆတီတိ မဂ္ဂေါ" အစရှိသည်ကား **ဝိဂြိုဟ်တု** မည်၏။

၃။ "ကိလေသေ မာရေတီတိ မော၊ နိဗ္ဗာနံ ဂစ္ဆတီတိ ဂေါ၊ မော စ သော ဂေါ စာတိ မဂ္ဂေါ" အစရှိသည်ကား **ဝိဂြိုဟ်စစ်** မည်၏။

သံဝဏ္ဏနာစစ်ပြီး၏။ ။

http://www.dhammadownload.com

ဂါထာသံဝဏ္ဏနာ ၆-ပါး

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ရာသ ပဏာမ နှစ်ဂါထာ ပါဠိအနက်

၁။ ဗုဒ္ဓံ ဝိသုဒ္ဓမဝိသုဒ္ဓဇနဿ သုဒ္ဓိ၊
သမ္မာပကံ သကလောကဝိမောဟကဿ။
မောဟဿ ဓံသကမပိဿ သုဝုတ္တဓမ္မံ၊
နတွာန သံယမနယုတ္တမဒက္ခိဏေယျံ။

၂။ ကစ္စာယနဥ္စ မုနိဝဏ္ဏိတဗုဒ္ဓိမဿ၊
ကစ္စာယနဿ မုခမတ္တမဟံ ကရိဿံ။
ပါရမ္ဗရာဘတဝိနိစ္ဆယနိစ္ဆယညူ၊
လဒ္ဓါပဒေသမဝလမ္ဗ ကတဿ တေန။

